ချစ်သူ.... သူ့ကြောင့်



hic Design:Wai Yan

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# ချစ်သူ . . . သူ့ကြောင့်

---

# နွမ်ဂျာသိုင်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၁၉၀၅၀၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၁၃၀၅၀၃

❑

ထုတ်ဝေသူ

ဦးကျော်ဟင်း (မြဲ-၀၉၁၈)

ယုံကြည်ချက်စာပေ

၁၁၁၊ ၃ထပ် (ညာ)၊ ၃၃လမ်း၊ ရန်ကုန်။

❑

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးမောင်မောင်လွင် (မြဲ-၀၂၃၅၀) ကဝိရတနာပုံနှိပ်တိုက်၊

အမှတ်-၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

❑

ပုံနှိပ်ခြင်း

ဒုတိယအကြိမ်၊ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ။

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ချမိကျော်သိုင်း

ချစ်သူ ... သူ့ကြောင့်

၅၂၆၈၉၆

# ၁၀

"ဟဲ့. . . လုပ်တော့လေ မေသွယ်၊ ဘယ်အချိန်ရှိပြီလဲ၊ ဘယ်လိုဖြစ်ပြီး ဒီလောက် ပျင်းကြောဆွဲနေရတာလဲ"

ရေချိုးပြီး၍ အလှပြင်ခြင်းပင် တစ်ဝက်ကျိုးလုနေပြီ ဖြစ်သော ချိုမာက အိပ်ရာပေါ်မှ ခုထိမထသေးသော မေသွယ့်ကို လှမ်း လောသည်။

မေသွယ်မလှုပ်။ အိပ်ပျော်နေတာလည်းမဟုတ်၊ ချိုမာ ရေသွားမချိုးခင်ပင် နိုးပြီးသားဖြစ်သည်။ စင်စစ် ပျင်းကြောဆွဲနေတာလည်း မဟုတ်။ သွားရမှာ စိတ်ကိုမပါသဖြင့် မလှုပ်ရှားခြင်း ဖြစ်သည်။

"မေသွယ်"

ချိုမာက စိတ်မရှည်စွာ လှမ်းခေါ်သည်။

"ဟင်. . ."

သက်ပြင်းနှင့်အတူ ရှုံ့မဲ့ရင်း ပြန်ထူးသည်။

"ထလေကွာ. . ."

"ဟင့်အင်း. . အဲဒီပွဲကို ငါမလိုက်ချင်တော့ဘူးဟာ၊ နင့်ဟာနင်ပဲ သွားတော့"

"ဟာ. . နင်ကလဲ ဘာကြောင်တာလဲ မေသွယ်၊ ဒီပွဲက မသွားလို့ ဖြစ်မလား၊ ဒီပွဲမျိုးဖြစ်လာဖို့ တို့မှာ ဘယ်လောက် ကြိုးစားခဲ့ရလဲ၊ မရဘူးဟာ ထ၊ သွားသွား ရေသွားချိုး"

ချိုမာက အလှပြင်ခြင်းကို ရပ်ဆိုင်းပြီး မေသွယ့်ကို အတင်းဆွဲထူသည်။ မေသွယ်က ရှုန်းရင်း. . .

"ငါ မလိုက်ချင်ဘူး၊ တကယ်ပြောတာ ချိုမာ"

"မလိုက်ချင်လို့ မရဘူးမေသွယ်၊ ငါ့ကိုငြင်းလဲ နင့် ဟိုကောင်တွေ ရောက်လာရင် အတင်းခေါ်လို့ လိုက်ရမှာပဲ၊ သက်သက်မဲ့နောက်ကျတာပဲ အဖတ်တင်မယ်၊ ထ. . ရေသွားချိုး"

"ဟင်. . . စိတ်ဓါတ်ကျရပါလားနော်၊ လောကကြီးမှာ နေချင်စိတ်တောင် မရှိတော့ဘူး"

ချိုမာပြောသလို ဖြစ်လာဖို့ကလည်း သေချာနေသည်မို့ စိတ်မပါသည့်ကြားကပင် ညည်းတွားထလိုက်ပြီး ရေချိုးခန်းဘက်ထွက်လာခဲ့သည်။ လူသာ ရေချိုးခန်းထဲရောက်လာခဲ့သည်။ စိတ်များကတော့ ခုန ခုတင်ပေါ်တွင်ပင် ပိုးလိုးပက်လက်လန်ကျန်နေခဲ့သည်ဟု ထင်နေမိ၏။

\+ + + + + +

ရုပ်ရှင်သရုပ်ဆောင်သင်တန်း
သင်တန်းဆင်းနှုတ်ဆက် ညစာစားပွဲနှင့်
သင်တန်းသူ၊ သင်တန်းသားများ၏ အနုပညာ
လက်တွဲညီညီ အလှမြေဆီ
ရုပ်မြင်သံကြားဇာတ်လမ်း
အထူးပွဲပြသခြင်း
ဖိတ်ကြားလွှာ

သည်ပွဲ၏ ဖိတ်စာမျက်နှာဖုံးမှ ရှည်လျားထွေပြားသော တာသားများကို မေသွယ်မှတ်မိနေသည်။ ရေပန်းမှကျလာသော ရေ



တန်း စူးစူးလေးများကို ငြိမ်သက်စွာခံယူရင်း မေသွယ် သက်ပြင်းချမိသည်။

အမှန်ကတော့ ချိုမာပြောသလိုပင် သည်ပွဲက အောင်မြင်မှုအဆင့်တစ်ခုအဖြစ် အားတက်သရော တက်ရောက်ဖို့ကောင်းသည်။ အတိုင်းအတာတစ်ခုအထိ ကြိုးစားအားထုတ်ခဲ့ခြင်း၏ ရလာဒ်ဟုလည်း ပြောနိုင်ပါသည်။

သို့သော် အခြေအနေအားလုံးကို ရိပ်စားနားလည်နေပြီဖြစ်သော သူမအတွက်ကတော့ ဘာမှအားတက်စရာမရှိ။ အနုပညာခရီး၏ အနာဂတ်လမ်းကြောင်းမြင်ကွင်းက မှုန်ဝါးလွန်းနေသည်။

ချိုမာကတော့ အားတက်နေတာ မဆန်း။ သူမထက် နှစ်နှစ်လောက်ကြီးသော်လည်း ရင်းနှီးလွန်းသော သူငယ်ချင်းမို့ နင်နဲ့ငါနဲ့ပဲ ပြောနေသောချိုမာက ဗွီဒီယိုထုတ်လုပ်သူ ကိုဖုန်းနှင့် မကြာခင် လက်ထပ်ကြတော့မည်။ အလားတူပင် ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ မင်းသားစသဖြင့်တို့နှင့် ဆိုင်ရာဆိုင်ရာ ပတ်သက်သွားသူ သင်တန်းမှ သူငယ်ချင်း မိန်းကလေးတော်တော်များများလည်း သူ့အစီအစဉ်နှင့်သူ လျာထားချက်ကလေးတွေ ရှိကုန်ကြပြီ။

ဘယ်သူ့မှ အကာပ်မခံ၊ ဘယ်သူ့အထိမှ မခံဘဲ မာန်အပြည့်ဖြင့် ခပ်တင်းတင်း၊ ခပ်မာမာ၊ ခပ်အေးအေး၊ ရေခဲတုံး လုပ်နေခဲ့သည့် သူမမှာတော့ အနီးဆုံးမှာ ဝိုင်းဝိုင်းလည်နေရာက အခု နောက်ဆုံး အခြေအနေမှာ ဘာအစီအစဉ်မှ အကောင်အထည် ပေါ်မလာ။

အားလုံးက ဝေ့ဝေ့ဝဲဝဲ လုပ်သွားကြသည်။ အားလုံး၏ အဆုံးသတ်မှတ်ချက်က မာလွန်းသည်၊ တင်းလွန်းသည်ဟုဖြစ်သည်။

သည်လောကအတွင်းမှာ အလိုက်သင့် မနေတတ်ဟု ဖြစ်သည်။

"ဟား. . . ဟား"

မေသွယ် ရေပန်းပွားတွေကြားမှပင် ခပ်မဲ့မဲ့မျက်နှာပေးဖြင့် အသံထွက်အောင် ရယ်လိုက်၏။ နောက်ဆုံးအချိန် သည်စကားများ ပြောကြသော ထိုယောကျ်ားသားများသည် သူတို့ချဉ်းကပ်ဖို့ ကြိုးစားစဉ်က. . .

"မေသွယ် အရမ်းလှတာပဲကွာ. . ."

"မေသွယ်မှ မင်းသမီးမဖြစ်ရင် တခြားဖြစ်စရာ မိန်းကလေး တစ်ယောက်မှ မရှိတော့ဘူး"

"ဘာမှမပူနဲ့ ကိုယ်တာဝန်ယူတယ်၊ မေသွယ့်အလှနဲ့ ဒီ လောကမှာ မေသွယ်အောင်မြင်ဆုံး မင်းသမီး ဖြစ်သွားစေရမယ်"

. . . စသဖြင့် စသဖြင့် ပြောခဲ့ကြသူများပင် မဟုတ်ပါ လား။

+ + + + + +

အပိုင်း - ၁

ရေခဲတုံးမျက်လုံးပိုင်ရှင်

## (၁)

"ဘုရားရေ. . . ရေချိုးပြီးတော့လဲ အလှုပြင်နေမလား အောက်မေ့ဝါယ်၊ မှန်ရှေ့မှာ ငုတ်တုတ်"

အလန့်တကြားဖြစ်သွားသော ချိုမာ့အသံကြောင့် မေသွယ် ရယ်လိုက်မိသည်။ မလုပ်မဖြစ် လုပ်ရတော့မည့်ကိစ္စမို့ လိုက်ဖို့လည်း ဆုံးဖြတ်ပြီးသားကိစ္စတွင် တမင်သက်သက် အချိန်ဆွဲနေတာတော့ မဟုတ်။

မနက်ကတည်းက ဝင်နေသော သည်အတွေးက ဘာတစ်ခု မှ စိတ်ပါလက်ပါ မလုပ်ဖြစ်အောင် ဖန်တီးနေသဖြင့် ရေချိုးလည်း တွေး၊ အလှုပြင်လည်းတွေး၊ ငေးငိုင်သွားမိခြင်း ဖြစ်သည်။

"အေးပါ ချိုမာရယ်၊ လုပ်ပါ့မယ်၊ ဘုရားတလောက်အောင် အလန့်တကြား ဖြစ်မနေပါနဲ့"

"အချိန်မရှိတော့လို့ မေသွယ်ရဲ့၊ ကဲ. . ပြင်ပြီးရင် ဘာဝတ် မှာလဲ ပြော၊ ငါ ကြိုထုတ်ထားလိုက်မယ်"

မေသွယ်က ရယ်ပြန်သည်။

"ဘာဝတ်မလဲ မေးရအောင် အဝတ်တွေက အများကြီး ရွေးစရာရှိနေတာ ကျနေတာပဲ၊ ခါတိုင်းဝတ်တဲ့ အဝတ်ပဲဝတ်ရမှာ



ဒါပဲဝတ်စရာရှိတဲ့ ဒါဝတ်သခင်မ၊ မေးမနေနဲ့"

"အင်း. နင်ကလဲဟာ၊ နည်းနည်းပါးပါး ကြိုချုပ်ထားရော ပေါ့"

"ကြိုချုပ်ရအောင် ဘယ်မလဲပိုက်ဆံ၊ ဝယ်စရာပိုက်ဆံလဲ မရှိဘူး၊ ဒီပွဲသွားဖို့ အထူးတလည်လဲ ဝယ်မနေနိုင်ဘူး၊ ထုံးစံအတိုင်း ရှိတာပဲ ဝတ်မယ်"

"ကဲပါ. . ဒီကိစ္စ ငါထပ်စကားမများတော့ပါဘူး၊ ဝယ်လဲ မဝယ်ပါနဲ့၊ ရှိတာပဲလဲ မဝတ်ပါနဲ့၊ ငါ့မှာ နင်နဲ့လိုက်မယ့် တစ်ထည် ရှိတယ်၊ ကိုဖုန်း ဘန်ကောက်ကဝယ်လာပြီး ငါ့မေးထားတာ၊ ရော့ အဲဒါဝတ်"

"ဟဲ့. . အမယ်လေး နင့်ဥစ္စာ ဘာကြီးလဲ"

ချိုမာကပြောရင်းဆိုရင်းပင် သူ့သေတ္တာထဲမှ အဝတ်တစ် ထည်ထုတ်ယူဖြန့်ပြသည်။ မေသွယ်မျက်လုံးပြူးပြီး အမယ်လေး အဘလေး တသွားမိ၏။

"ဟာ. . . နင်ကလဲ သူတို့နိုင်ငံခြားမှာ ဒီလိုညပွဲမျိုးဝတ်တဲ့ ဂါဝန်ပါဟာ၊ ငါနဲ့ ဘယ်လိုမှမဖြစ်ဘူး၊ နင်နဲ့ကျမှ အရမ်းလှမှာ"

"လှခါမှလှရောဟာ၊ အဲဒါကြီး ဝတ်လိုက်ရင် အကုန်ပေါ် သလို ဖြစ်နေမှာ ငါမဝတ်ရဲဘူး"

"အိုး. . ဘာမှ မဝတ်ရဲစရာမလိုဘူး၊ ဟိုကျ ဒါထက်ဆိုးတာ တွေတောင် ဝတ်လာကြမယ့်လူတွေ အများကြီး၊ နင့်ခန္ဓာကိုယ်မျိုး ငါ့မှာရှိရင် ဆယ်ပြန်တောင် ငါဝတ်ရဲတယ်၊ ငါက နင့်လို ပစ္စည်း ပစ္စယ မပြည့်စုံလို့"

"အော်. . . ငါက ပစ္စည်းပြည့်စုံတာနဲ့ပဲ လူတကာကို ထုတ်

ပြရတော့မှာလား”

“ကုတ်ပြတာမဟုတ်ဘူး မိန်းမ၊ အဝတ်ငါးပါး အုပ်ပြတာ၊ ဘာမှရှက်စရာမရှိဘူး. . ဝတ်”

ချိုမာ့အထည်က ပခုံးပေါ် ကြိုးသေးသေးနှစ်ချောင်းသာ ချိတ်ထားသည့် ကိုယ်ကျပ်ဂါဝန်ရှည်ဖြစ်သည်။ ဆံ့နိုင် ကျုံ့နိုင်သည့် အလတ်စတစ်သား ပျော့ပျော့ချော့ချော့နှင့် လုပ်ထားသည်မို့ ကိုယ်ပေါ်မှာ အထစ်အငေါ့မရှိ ချောကပ်နေမှာ သေချာသည်။ ဝတ်ထား လျှင် ကျောတဝက် လောက်အထိ ဟာလာဟင်းလင်း ဖြစ်နေနိုင် သလို ရှေ့ဘက်မှာလည်း ရင်ညွှန့်သား အတော်များများပေါ်နေမှာ မလွဲ။

သို့သော် ဂါဝန်လေးက အနက်ပြောင်ပြောင်လေး၊ တချို့ နေရာမှာ ငွေရောင်ဆီးကွင့်စ်များ၊ ပုလဲလုံးလေးများနှင့်မို့ လှတော့ အတော်လှသည်။ ခါးမှာလည်း ငွေရောင်လက်လက် ခါးပတ်ပုံစံ သတ္တုကွင်းဆက်ကြိုးသေး ရှေ့ဘက်မှာပါသည်။

မရဲတရဲတော့ ဝတ်ရမှာအမှန်။ သို့သော် သူတို့ချဉ်းကပ်မှု ကို ငြင်းဆန်လိုက်သဖြင့် အလုပ်ကိစ္စများတွင်လည်း လက်ရှောင် သွားသော ပုဂ္ဂိုလ်ကြီးတချို့ကို ဒါလေးဝတ်၍ နည်းနည်းတော့ နှမြောတသ ဝေဒနာဖြစ်အောင် လုပ်လိုက်ချင်စိတ်ပေါ်လာသည်။

“ဘယ်လိုလဲမမ ဝတ်မယ်မဟုတ်လား”

“အင်း. . ပေး. . ဝတ်မယ်”

ချိုမာ့အမေးကို ခေါင်းညိတ်တုံ့ပြန်ရင်း ထိုဂါဝန်လေးကို လှမ်းယူလိုက်သည်။ ခုတော့ လျှောလျှောရှူရှူဖြစ်သွားသည့် မေ သွယ့်ကို ချိုမာက စိတ်ဝင်တစား လှမ်းကြည့်သည်။



မေသွယ်သည် စောစောက မေသွယ် မဟုတ်တော့။

နှုတ်ခမ်းများကို တင်းတင်းစေ့စေ့ထားပြီး မျက်လုံးများက လည်း အေးစက်တင်းမာလျက် ရေခဲတုံးလေးများသဖွယ် ဖြစ်နေ သည်ကို အံ့ဩစွာ တွေ့လိုက်ရ၏။

\+ + + + + +

“ဟာ. . .”

တိုက်ခန်းထဲဝင်လာပြီး မေသွယ့်ကို မြင်မြင်ချင်း ကိုဖုန်း ဖြစ်သွားသည့် အမူအရာမှာ မှတ်တမ်းတင်လောက်သည်။

မျက်လုံးများက မျက်လုံးအိမ်ထဲမှနေ ခုန်ထွက်လာလုမ တတ် ပြူးကျယ်သွားသည်။ ပါးစပ်ကြီးကဆိုရင် ၇၄၇-လေယာဉ် အစင်းနှစ်ဆယ်လောက် ဝင်ရောက်ပျံသန်းလို့ရအောင် ကျယ်ဟ သွားသည်။

အကြည့်ကလည်း သူ့အတွက်အရေးကြီးဆုံးဆိုနိုင်သည့် ဒနီးလောင်းချိုမာ့ထံ တစ်ချက်ကလေးမှပင် မကူးနိုင်ဘဲ မေသွယ့် ကိုယ်ပေါ်တွင်သာ လူးလာခတ်နေသည်။ ချိုမာကရယ်၍. . .

“မေသွယ်. . ငါ့လူ အသက်မှ ရှိသေးရဲ့လား”

မေသွယ်က တစ်ချက်မဲ့၍. . .

“နင့်နေရာမှာ ငါဆိုရင်တော့ အဲဒီယောက်ျားကို ငါမယူ တော့ဘူး ချိုမာ”

“အေး. . ငါလည်း အဲလိုပဲ ဆုံးဖြတ်လိုက်တော့မယ်”

သည်တော့မှ ကိုဖုန်း အမူအယာက ရှက်ကိုးရှက်ကန်း

ဖြစ်သွားသည်။ ချိုမှာ့ထံသို့လည်း အကြည့်များ ရောက်သွားသည်။

"မဟုတ်ပါဘူး ချိုမာရာ၊ ဒီပုံစံနဲ့ မေသွယ့်ကို တစ်ခါမှ မမြင်ဘူးလို့ အံ့ဩသွားတာပါ၊ ပြီးတော့ ဒီအင်္ကျီက. . ."

"အင်း. . ကိုယ် ဘန်ကောက်ကဝယ်လာတဲ့ အင်္ကျီနဲ့တူလို့ ကြည့်တာပါလို့ ပြောမလို့ မဟုတ်လား၊ ဒါပဲနော်၊ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံး အကြိမ် သတိပေးလိုက်မယ်၊ နောက်တစ်ခါ ဒီအကြည့်မျိုးနဲ့ ဒိပြင်မိန်းမတစ်ယောက်ကို ကြည့်တာတွေ့ရင်တော့ ရှင်နဲ့ ကျွန်မအပြတ်ပဲ"

"အေးပါ ချိုမာရာ၊ နောက်မဖြစ်စေရပါဘူး ဒါပေမယ့် ခုတော့လက်စနဲ့ တစ်ခါတည်း ပြောလိုက်ပါရစေဦး၊ ဒီနေ့ မေသွယ် အရမ်းလှနေပါလား၊ ဘာလဲ ချိုမာအလှပြုပြင်ရေးက ပြင်ပေးလိုက်တာလား"

မေသွယ်ကရယ်၍. . .

"အင်း. . လောလောဆယ်တော့ အဲလိုပဲ ယူဆလိုက်ပါတော့၊ အမှန်ကတော့ ကိုယ့်မှာဝတ်စရာမရှိလို့ ချိုမာ မဝတ်ရဲတဲ့ အင်္ကျီယူဝတ်ထားရတာ"

အင်္ကျီကတော့ မေသွယ်နှင့် အရမ်းလိုက် အရမ်းလှနေတာ အမှန်။ ဖြူဝင်းချောမွတ်သော မေသွယ့် ပင်ကိုယ်အသားလေးပေါ်မှာ အနက်ရောင်အင်္ကျီသားလေးက ထင်း၍ တင်းကပ်နေသည်။ အင်္ကျီ အသားနှင့်အပြိုင် နက်မှောင်တောက်ပြောင်နေသည့် ဆံပင်များကိုလည်း မေသွယ်က အားလုံးနောက်သို့လှန်ဖြီး၍ နောက်ဘက်တွင် ခပ်တင်းတင်းစုစည်းလိုက်ပြီး ဆံထုံးမြင့်လေးသဖွယ် ခေါက်ကပ်၍ ကလစ်ဖြင့် တွယ်ထားသည်။



ဖြူဝင်းသောမျက်နှာလေးက ကတ္တီပါအနက်ရောင်ကြားမှာ ဘင်းပေါ်လာလျက် မဲနက်သော မျက်ခုံးတန်းလေးနှစ်ခုက သဘာဝ အတိုင်း ထင်ရှားနေသည်။ ထို့နောက် ဝန်းဝိုင်းသော မျက်လုံးအစုံ၊ ရှည်လျားနက်မှောင်သည့် ပင်ကိုယ် မျက်တောင်ကော့လေးများ၊ ဖြောင့်စင်းသောနှာတံနှင့် ပန်းရောင်လွင်လွင် ဆေးသားတင်ထားသည့် နှုတ်ခမ်းပါးလေး။ ထို့နောက် လည်တံမှနေ ရင်ညွန့်၊ ကျောလည် အထိ မှည့်တစ်ပေါက်မစွန်း ရှင်းလင်းချောမွေ့ဖြူဝင်းနေသည့် အသားလေးများ။

လည်ပင်းနှင့်နားမှာ စိန်စီထားသည့် လက်ဝတ်ရတနာလေး များ ဖြည့်စွက်လိုက်လျှင် ဘယ်လိုနေမလဲတော့မသိ။ လောလော ဆယ်တော့ အဖိုးတန်ရတနာအပြည့် ပစ္စည်းဘာတစ်ခုမှ မပါဘဲ ဂရိကျောက်ဖြူသား ဗီနပ်စ်ရုပ်လေးကို ကိုယ်လက်အင်္ဂါ အပြည့်အစုံ ထုထားသလို လှနေသည်။

စောစောက ထိုအပြင်အဆင်အတိုင်း ဝတ်စားပြီးသည့်အခါ ချိုမာက တစ်ဝကြည့်ရင်း မှတ်ချက်ချခဲ့သည်။

"ဥမ္မာဒန္တီတို့ခေတ်ကလို အရမ်းလှတဲ့ မိန်းကလေးတွေ့တာနဲ့ မူးမေ့သွားတဲ့ ယောကျ်ားတွေသာ ခုခေတ်ရှိသေးရင် ဧည့်ခံပွဲမှာတော့ အလောင်းတွေပုံနေမှာပဲ မေသွယ်၊ ငါ တကယ်ပြောတာပါ၊ နင်အရမ်း လှတာပဲ" ဟု. . .။

ခဏကြာသောအခါ ဗဟန်း ဝင်္ဘာလမ်းရှိ ရုပ်ရှင်အစည်း အရုံး အဆောက်အဦး၌ ကျင်းပသည့် ဧည့်ခံပွဲသို့ ကိုဖုန်း ကားလေးနှင့် ထွက်လာခဲ့ကြ၏။

+ + + + + +

(၂)

"ငါ နင်တို့အခန်းတောင် ဝင်ခဲ့သေးတယ် မေသွယ်၊ တံခါး ပိတ်ထားတာနဲ့ နင်တို့သွားပြီဆိုပြီး . . . ဟာ"

အခမ်းအနားကျင်းပရာ ခန်းမတွင်းသို့ ဝေယံထွန်းက နောက်ကျမှ ရောက်လာသည်။ ရောက်သည်နှင့် စားပွဲဝိုင်းအားလုံးကို ပြူးပြူးပြာပြာ လိုက်ရှာသည်။ မေသွယ့်ကိုလှမ်းမြင်သည်နှင့် ဒိပြင်လူများကိုပင် မနှုတ်ဆက်နိုင်တော့ဘဲ မေသွယ်တို့ဝိုင်းမှ လွတ်နေသော ကုလားထိုင်ဆီ ကမူးရှူးထိုး ပြေးချလာသည်။

ရောက်ရောက်ချင်း အလောသုံးဆယ် ပြောချရာက စကားတစ်ဝက်မှာ မျက်လုံးပြူးမျက်ဆံပြူးနှင့်ရပ်သွားပြီး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ခုမှ သူက မေသွယ့်ကို စေ့စေ့စပ်စပ် ကြည့်လိုက်ခြင်းဖြစ်၏။ ဝေယံ့အမူအရာကိုကြည့်၍ ချိုမာနှင့်ကိုဖုန်းတို့က ဟန်ပင်မဆောင်နိုင်တော့ဘဲ တခစ်ခစ် ရယ်လိုက်ကြသည်။

"ဘယ်လိုများ ဖြစ်သွားတာလဲ ဝေယံရာ ထိုင်စမ်းပါဦး"

ဒီတစ်ခါက သူပြောနိုင်သည့်အလှည့်မို့ ကိုဖုန်းက ရယ်ရင်းပြောလိုက်သည်။ ချိုမာကလည်း "အေးလေ"ဟု ဝင်ပြောသည်။

ဝေယံက ဒါတွေ ဂရုမစိုက်နိုင်အား၊ မေသွယ့်ကိုသာ စားမ



ဘတ်၊ ဝါးမတတ်ကြည့်ရင်း. . .

"လှလိုက်ချည်လား မေသွယ်ရာ"

မေသွယ်က အေးစက်စက်မျက်လုံးများနှင့်ပင် ပြုံးသည်။ ပြီးမှ-

"ကဲပါ ထိုင်ပါ၊ ငါလှတာ အခုမှသိလား"

"မဟုတ်ပါဘူး၊ ဒီနေ့လှချက်က ရက်စက်လွန်းလို့ သေသွားနိုင်တယ်၊ ဒါမျိုး နောက်နှစ်ခါလောက် ထပ်မြင်ရရင် ငါ့ကိုယ်ထဲမှာ အသက်ရှိတော့မှာ မဟုတ်ဘူး"

ပြောရင်းနှင့် ဝေယံက ကုလားထိုင်တွင် ဝင်ထိုင်သည်။ ဝေယံထွန်းဆိုသည်က သည်နေ့ရုပ်ရှင်၊ ဗီဒီယိုလောကထဲသို့ ရုပ်ချောငယ်ရွယ် သရုပ်ဆောင်ကောင်းသည့်ဂုဏ်များဖြင့် တရှိန်ထိုး နာမည်ရပြီး ဝင်လာသူဖြစ်သည်။

စတွေ့ကတည်းက မေသွယ့်ကိုအရမ်းသဘောကျပြီးအတင်းချဉ်းကပ်နေသူအဖြစ် အားလုံးကသိသည်။ မေသွယ်ကလည်း သူငယ်ချင်းအဖြစ်ကလွဲ၍ လုံးဝ အကပ်မခံခဲ့တာလည်း အားလုံးအသိ။

ဝေယံမှဝေယံဖြစ်နေသည့် မိန်းကလေးအားလုံးကလည်း ဝေယံ့ဘက်မှ ဆတ်ဆတ်ခါအောင်နာကြသည်။ ထိုမိန်းကလေးများထဲမှာ ဝေယံ့ကို အသေရရအရှင်ရရဖြစ်နေသည့် မင်းသမီးပေါက်စနှင်းနုရည်က အဆိုးဆုံး။

နှင်းနုရည်နှင့် မေသွယ်က သင်တန်းမှာလည်း အတူတူတက်ပြီး ခင်နေကြသည်မို့ မျက်မြင်ဖြစ်ကာ ပိုဆိုးသည်။ ခုလည်း ဘယ်နေရာကနေ လှမ်းမြင်လိုက်သည်မသိ။ နှင်းနုရည် သူတို့စားပွဲသို့ လျှောက်လာသည်ကို လှမ်းမြင်လိုက်ရသည်။ နှင်းနုရည်က ဝေယံ

ဘေး ကုလားထိုင်တွင် ဝင်ထိုင်ရင်း. . .

"အင်း. . ထင်တော့ထင်သားပဲ၊ မနေ့ညတုန်းကတော့ ကောင်းမိကောင်းရက်နဲ့ ငါ့ကို ဝင်ခေါ်မယ်ဆိုပြီး ခုကျတော့. . ."

ပြောရင်းနှင့် နှင်းနုရည်စကားလည်း တိုးလို့တန်းလန်း ရပ်သွားသည်။ မေသွယ့်ကို ကြည့်သောအကြည့်မှာ အံ့ဩရိပ်ကော၊ ဝန်တိုရိပ်တွေပါ ပေါ်လာသည်။ ဝေယံကပြုံး၍. . .

"အေးပါ. . . ငါမေ့သွားလို့၊ ဒါ့ ခဏနေဦးနော်၊ မေသွယ် ငါနဲ့ ခဏလိုက်ခဲ့စမ်းပါ၊ ငါ နင့်ကို ပြောစရာရှိလို့"

နှင်းနုရည်ကို ခဏနေခိုင်း၍ မေသွယ့်ကို လက်တို့ခေါ်သည်။ မေသွယ်က အေးစက်စက်ပြန်ကြည့်ရင်း. . .

"ဘာပြောမလို့လဲ"

"လာပါဟာ၊ ငါ အရေးတကြီးပြောချင်လို့ပါ၊ ဒီမှာ မပြောချင်ဘူး"

ပုံမှန်အားဖြင့်ကတော့ ဒီလိုထလိုက်သွားဖို့ အစီအစဉ်မရှိ။ သို့သော် သည်နေ့တော့ လောကကြီးကို အချဉ်နည်းနည်းပေါက်နေသဖြင့် အသာသက်ပြင်းချရင်း ထလိုက်သွားမိသည်။ ဝေယံက ခန်းမအပြင်ဘက် ပန်းရုံလေးနားအထိ ခေါ်သွားသည်။ ပြီးမှ. . .

"မေသွယ် နင် ငါနဲ့လက်တွဲပါဟာ၊ အခုဆို ငါ့မှာ ရိုက်စရာကားတွေ တန်းစီထားရတာ နိုင်တောင်မနိုင်ဘူး၊ နင်သာ ငါ့ကို လက်ခံမယ်ဆိုရင် ငါ အဲဒီကား.အားလုံးကို နင်နဲ့လွှဲပြီး ဘယ်သူနဲ့မှ မရိုက်ဘူး၊ ပရိုဂျူဆာတွေ၊ ဒါရိုက်တာတွေကို ငါပြောရင် ပြီးတယ်၊ ကားတိုင်းမှာလည်း နင်ဈေး အမြင့်ဆုံး ရရမယ်"

အမှန်ကတော့ အင်မတန်ပွင့်လင်းသည့် အပေးအယူ တစ်ခု



ပင်။ ဒါမျိုးတွေကလည်း သည်လောကမှာ အင်မတန် မထူးဆန်းလှသော အဖြစ်အပျက်များ။ ဝေယံက အားတက်သရောပြောပြီး၊ မေသွယ့်အဖြေကို စောင့်သည်။ မေသွယ်က မျက်လုံးများထက်ပင် အေးစက်သောလေသံဖြင့်. . .

"ဟင့်အင်း. . . ငါ စိတ်မဝင်စားဘူး"

"ဟာ. . နင်ကလဲဟာ၊ နင့်မှာဖြစ်နိုင်တဲ့ အခြေအနေတွေ အများကြီးရှိရဲ့သားနဲ့ သက်သက်မယ့် လျှောက်ခေါင်းမာနေတယ်၊ ဒီလိုဆို နင် ဘယ်လိုလုပ် တိုးတက်မလဲ၊ ဟိုမှာ ချိုမာတို့ ကိုဖုန်းလုပ်ပေးလို့ နှစ်ကားတောင် ခေါင်းဆောင်နဲ့ ကန်တော့ပွဲပေးပြီးနေပြီ၊ ငါက နှစ်ကားမဟုတ်ဘူး၊ ခုလောလော ဆယ်ကို အနည်းဆုံး ကားနှစ်ဆယ်လောက် အာမခံတယ်၊ နောက် ငါနဲ့ပတ်သက်မှန်းသိရင် ငါ့ကားအားလုံး နင်နဲ့ပဲ စဉ်းစားတော့မှာ"

မေသွယ် သက်ပြင်းချသည်။ ပြီးမှ လေသံလေးလေးဖြင့်.

"အဲဒါ အနုပညာမှု မဟုတ်ဘဲ"

"ဒါပေမယ့် ဒီလောကမှာ တစ်ခုခုအပေးအယူမရှိဘဲ နင် ဘာလုပ်လို့ ရမလဲ"

ဟုတ်တော့လည်း ဟုတ်သည်။ သည်လောကမှာ အနုပညာဝါသနာနှင့် ကြိုးစားမှုသက်သက်ဖြင့် ထိုးဖောက်နိုင်ဖို့က သိပ်ခက်သည်။

အားလုံးက ဆက်နွယ်မှုတွေချည်းဖြစ်သည်။ တစ်ခုပဲရှိသည်။ ကိုယ့်ဖာသာကို ထူထောင်ချင်လျှင်တော့ ငွေကြေးအလုံးအရင်းနှင့် ကိုယ့်ဟာကိုယ် စိုက်ထုတ်မတည်လိုက်၊ အောင်မြင်တာ မအောင်မြင်တာ အပထား၊ ဘယ်သူ့မှမှီခိုအားကိုးစရာမလို။

ဘာထူးလဲ၊ အဲဒါ အပေးအယူတစ်ခုပဲပေါ့။ မနက်ကတည်းက စိတ်ပျက်နေသော ခံစားမှုက ပို၍နက်ရှိုင်းသွားသည်။ သည်လောကမှာ ဆက်လက်ရပ်တည် ကြိုးစားချင်စိတ်ပင် မရှိတော့။

ဝေယံနှင့်ပတ်သက်၍ မေသွယ်တသတ်မတ်တည်း ငြင်းပယ်ခဲ့သည့် အကြောင်းအရင်းတွေမှာ သည်အချက်လည်း ပါဝင်သည်။

သာမာန်အားဖြင့် ဝေယံသည် ဆယ်ကျော်သက်များ တွန့်တွန့်လူး စွဲလန်းနေကြသလို သဘောကျဖွယ် ရုပ်ရည်ရှိသည့် လူငယ်တစ်ယောက်။ ထိုရုပ်ရည်နောက်မှာ မက်မောဖွယ် အောင်မြင်ကျော်ကြားမှုကလည်း ထပ်ချပ်လိုက်နေသည်။ သို့သော် အချစ်ကို အချစ်လိုမတွေးဘဲ အပေးအယူလုပ်ဖို့သာ စဉ်းစားပြီးဆွဲဆောင်နေသည့်ကိစ္စတစ်ခုမှမဟုတ်။ ကနဦးကတည်းက. . .

အောင်မြင်ကျော်ကြားမှုတစ်ခုတည်းသာ မျှော်ကိုးသောမိန်းကလေးများအတွက်တော့ သူ့အပေးအယူက အဆင်ချောချင်ချောမည်။မေသွယ့်အတွက်ကျတော့ စိတ်ပျက်ဖွယ်ကောင်းလှသည်။

“သမီး ဘာမှမပူနဲ့၊ ဆရာ့လက်ထဲရောက်ရင် သမီး လိုချင်တာ အားလုံးပြည့်စုံသွားမယ်၊ သမီးဖြစ်ချင်တဲ့ အတိုင်းအတာ ရောက်တဲ့အထိ ဆရာ တာဝန်ယူတယ်။ ဒါပေမယ့် ရှင်းရှင်းပြောမယ်နော်၊ လောကမှာ တစ်ခုမှတော့ အလကားမရဘူး၊ ဆရာ့ကို ဘယ်လိုနည်းနဲ့ ကျေးဇူးဆပ်မလဲ”

ဒီစကားများက ကြားခဲ့ပြီးဖြစ်သည်။

ထိုစဉ်ကသာ ‘အင်း’ဟု မေသွယ်ဖြေခဲ့လျှင် ခုချိန်မှာ ဝေယံပြောသည့် ကားနှစ်ဆယ်လောက်ကို အမှိုက်ပုံသွားပစ်ထားနိုင်သည့်



အဆင့်ရောက်နေလောက်ပြီ။ သို့သော် ထိုစဉ်ကပင် ရင်တွင်းက နှုံးရှာစက်ဆုတ်စွာဖြင့်. . .

“ဟင့်အင်း. . သမီး အဲဒါတွေ စိတ်မဝင်စားဘူး၊ အနုပညာလောကမှာ အနုပညာစကားပဲ ပြောချင်တယ်”ဟု အဖြေပေးခဲ့သည်။

သူမ အတွေးတွေ ထွေပြားနေဆဲမှာ ဝေယံကတော့ ဘာတွေတွေးလည်းမသိ၊ အနားကနေ တတွတ်တွတ် ပြောနေသည်။ ပြောရင်းနှင့် မေသွယ့်လက်လေးတစ်ဖက်ကိုလည်း ကိုင်ထားသည်။

မေသွယ့်အာရုံက အဲသည်ပေါ်မှာမရှိ။ စိတ်ပျက်ဖွယ်ကောင်းသည့် ပတ်ဝန်းကျင်တစ်ခုလုံးကိုသာ အေးစက်သောအကြည့်ဖြင့် လျှောက်ကြည့်နေမိသည်။ ဘာစကားသံမှလည်း မကြား။

ထိုစဉ် သူမကိုယ်ထဲသို့ ထူးဆန်းသော အာရုံတစ်ခုဝင်လာသည်။ဆဋ္ဌမအာရုံဟုခေါ်မလား၊ တစ်ခုခုကို အလိုလိုသိသောအသိ၊ ထိုအသိအာရုံ၏ ထူးဆန်းမှုကြောင့် ပတ်ဝန်းကျင်ကို သတိထားပြီး ကြည့်လိုက်မိသည်။

“ဟင်”

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ ဟုတ်သည်။ မေသွယ့်ဆဋ္ဌမ အာရုံသည်မမှား။ သူတို့စကားပြောနေသည့်နေရာနှင့် မျက်စောင်းထိုး ခပ်လှမ်းလှမ်း ပန်းရုံတစ်ခုနားမှာ လူသုံးယောက် ရပ်စကားပြောနေသည်။

တစ်ယောက်က အကယ်ဒမီဆုပေါင်းများစွာရထားသည့် နိုင်ငံကျော် အနုပညာရှင် ဒါရိုက်တာကြီး။ နောက်တစ်ယောက်က ပြန်ကြားရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးတစ်ဦး။ နောက်

တစ်ယောက်ကျတော့ မေသွယ်မသိ။

ထိုလူက ထိုသုံးယောက်ထဲတွင် အသက်အငယ်ဆုံးဖြစ်သည်။ ယောကျ်ားပီသခန့်ညားသောဥပမိ၊ မြင့်မားသော အရပ်အမောင်း ကြံ့ခိုင်သော ကိုယ်လုံးကိုယ်ထည်တို့အပြင် ဝတ်စားထားပုံကလည်း ဂုဏ်သရေရှိ အသိုင်းအဝိုင်းကမှန်း သိသာသည်။ ရုပ်ရှင်အနုပညာသည် တစ်ယောက်တော့ မဟုတ်။ အရာရှိတစ်ယောက်လား၊ မေသွယ်မသိသည့် ထုတ်လုပ်သူကစ်ဦးလားတော့ မပြောပတ်။

သည်ပွဲမှာက ရုပ်ရှင်ပိုင်းက သရုပ်ဆောင်၊ ဒါရိုက်တာ ထုတ်လုပ်သူများအပြင် မင်းပိုင်းစိုးပိုင်းမှ ပုဂ္ဂိုလ်ကြီးများ၊ အထူးဧည့်သည်များ ပါဝင်တက်ရောက်ကြသည်။

သို့သော် ထိုလူ ဘာဆိုတာက အရေးမကြီး။ ဒါကြောင့်လည်း သူမ၏ ဆန္ဒအာရုံလှုပ်ရှားသွားတာ မဟုတ်။ အဓိကကသူ့မျက်လုံးများ။ ယောကျ်ားပီသခန့်ညားသည့် သူ့မျက်နှာပေါ်မှာ သူ့ မျက်လုံးများက သိသာစွာ စူးရှအားကောင်းသည်။

ခန်းမတွင်းမှလျှံထွက်လာသော အလင်းရောင်ထဲမှာ သူ့မျက်လုံးအကြည့်တစ်စုံသည် ထူးခြားထက်ရှစွာဖြင့် မေသွယ့်ထံ တန်းတန်းမတ်မတ် ရောက်ရှိနေသည်။ ထိုမျက်လုံး၏ ထက်မြက်စူးရှမှုအရှိန်သည် မေသွယ့်တစ်ကိုယ်လုံးကို ထွင်းဖောက်မွှေနှောက်နေသည်ဟု ထင်ရရုံသာမက ထိုတန်ခိုးအရှိန်က လွင့်မျောနေသော အာရုံကိုပင် တပ်လှန့်နှိုးဆော် ခေါ်ယူလိုက်သည်။

ထိုအကြည့်သည် ကြောက်မက်ဖွယ်ကောင်း၏။ မေသွယ် တစ်ချက်လှမ်းအကြည့်မှာ အကြည့်စွမ်းအင်ချင်း သွားရောက်



တိုက်ဆိုင်သည်။ မေသွယ့်ကျောရိုးထဲတွင် စိမ့်တက်သွားသလို ခံစားလိုက်ရသည်။ တစ်ကိုယ်လုံးပင် သိသိသာသာ လှုပ်သွားသည်။

မေသွယ် ဆက်မနေရဲတော့၊ ဘာတွေမှန်းမသိ တတွတ်တွတ် ပြောဆိုနေသည့် ဝေယံလက်ထဲမှ သူမလက်ကို ဆတ်ခနဲ ဆွဲထုတ်သည်။ ပြီးနောက် အသံတုန်တုန်ဖြင့် ပြောလိုက်သည်။

"တော်ပြီ ဝေယံ၊ မပြောနဲ့တော့၊ ငါတို့ ကိုယ့်နေရာကိုယ် ပြန်ကြရင် ကောင်းမယ်၊ ဒီနားမှာ အကြာကြီး ငါမနေချင်တော့ဘူး"

✦ ✦ ✦ ✦ ✦ ✦

## (၃)

"အမယ်လေး. . တော်သေးတာပေါ့၊ ပြန်လာကြလို့၊ စောင့်ရတာ ကြာလို့ ပြန်တောင် မလာတော့ဘူး အောက်မေ့နေတာ"

မူလနေရာ စားပွဲဝိုင်းထဲ ပြန်ဝင်ဝင်ချင်း နှင်းနုရည်က အငေါ်တူးသည်။ သို့သော် နှစ်ယောက်စလုံး ကိုယ့်အကြောင်းနှင့်ကိုယ်အာရုံ များလာသောကြောင့် သူ့စကားကို ဘယ်သူမှ အရေးတယူလုပ် ပြန်မပြောသလို သူလည်း မကြည့်ဖြစ်ကြ။

ဝေယံကလည်း သူပြောသမျှ အရာမထင်ဖြစ်လာသဖြင့် စိတ်တိုဒေါသထွက်နေသည်။ သည်တစ်ခါလည်း သူ့ဘက်က အလဲအကွဲ အရှုံးနှင့် မအောင်မြင်စွာ တပ်ခေါက် ပြန်လာရပြန်ပြီ။

ဘာဖြစ်တာလဲ သူ စဉ်းစားမရ။ သည်ကမ္ဘာမြေပြင်မှာ သူဒီလောက် စန်းထနေသော မင်းသား ဖြစ်နေသောဘဝကို ခဏထား သူ့ရုပ်သူ့ရည်၊ သူ့စွဲဆောင်မှုနှင့်ပင် မိန်းကလေးအချောအလှ တော်တော်များများကို သူဖမ်းစားနိုင်သည်။

သူ့အောင်မြင်မှုနှင့်သာ ရောစပ်လိုက်ပါက ခုချိန် သူကပင် စစရာမလိုဘဲ သူ့ကိုလိုက်အစပျိုးနေသည့် မိန်းကလေးတွေ ရိုက်သတ်လို့ မကုန်နိုင်အောင် များပြားသည်။



မေသွယ့်ကျတော့ သူဘယ်လို ဖြစ်ရတာလဲ။ စိတ်ထဲမှာ တော်တော် မခံချင်ဖြစ်မိသည်။ သူချခင်းပေးလိုက်သည့် မက်လုံးကလည်း မေသွယ့်ကို လူသစ်တန်း မင်းသမီးလေးများအတွက် ကမ္ဘာ့ရှုးသိုး လိုက်ပါလာရမည့် မက်လုံး။ ဒေါသနှင့်အတူ မေသွယ့်အား သူဒီလောက်ညှံ့သည့် အညံ့ စား ယောကျ်ားတစ်ယောက်မဟုတ်ကြောင်း ပြချင်စိတ်ပေါ်လာသည်။

သည်တော့မှလည်း အနားမှာ ဆွတ်ကိုမဆွတ်ရဘဲ ညွတ်ရုံမက တစ်ပင်လုံးကျိုးကျနေသည့် နှင်းနုရည်ကို သတိရသည်။ သူ့ဘဝအနေအထားကို မေသွယ်သိအောင်ပြဖို့တော့လိုပြီဟု အောက်မေ့သည်။ သို့အတွက် ဘာအထွေအထူးမှ နှုတ်ဆက်စကားတွေ ဆိုမနေတော့ဘဲ နှင်းနုရည်ဘက်ကို လှည့်ကာ. .

"နှင်းနုရည် ငါ ဒီည ပဲခူးသွားမလို့၊ မနက်မှ ပြန်လာမယ် လိုက်ခဲ့မလား"

"ဘယ်တော့သွားမှာလဲ"

"အခု. . ."

"ဟင်. . . ပွဲပြီးအောင်တောင် မနေတော့ဘူးလား"

"မနေဘူး၊ ဒီမှာ ငါ့အလုပ်လည်း မရှိဘူး"

"အဲလိုဆိုလဲ သွားလေ၊ ငါ အိမ်ကိုဖုန်းဆက်ပြီး ကားရိုက်ရှိလို့ လို့ပြောလိုက်မယ်"

"ကဲ. . . ဒါဆို ထ"

"ကောင်းပါပြီရှင်"

နှင်းနုရည်က မဟာကံထူးရှင်အရွေးခံရသလို ရွှင်လန်းဘက်ကြွစွာဖြင့် ဝေယံ့လက်ကိုဆွဲခိုပြီး ထလိုက်သည်။ ပြီးတော့

မေသွယ့်တို့ဘက်လှည့်၍ ဘာတွေပြောသွားမှန်းမသိ ပြောပြီး၊ ဝေယံ့နောက်ကောက်ကောက်ပါအောင် လိုက်သွားသည်။ ကိုဖုန်းနှင့် ချိုမာ တစ်ယောက်နှင့် တစ်ယောက် မျက်ခုံးများပင့်၍ ကြည့်လိုက်ကြသည်။

+ + + + + +

သည့်အပိုင်းကဏ္ဍတွေကို လုံးဝစိတ်မဝင်စားဘဲ ကိုယ့်အတွေးအာရုံနှင့် ကိုယ်နစ်မြောနေသူက မေသွယ်။ ပန်းရုံနားမှာဖြစ်ခဲ့သည့် တုန်လှုပ်မှုက ခုတိုင်မပျောက်ချင်သေး။ ရင်ထဲမှာ ကတုံကရင်ကြီးဖြစ်နေသလို ခံစားရသည်။ ဖျတ်ခနဲ မြင်လိုက်ရသည့်တိုင် ထိုသူ့ရုပ်ပုံကလည်း မျက်ဝန်းထဲမှာ စွဲထင်သွားသည်။

ထိုသူ၏အသက်က ငယ်တော့မငယ်၊ အသက်သုံးဆယ် စွန်းစွန်းတော့ ရှိနိုင်သည်။ သာမာန်အားဖြင့် အကြည့်ရဲတတ်သော ငယ်ငယ်နုနု ချောချောလေးမဟုတ်။ ဒါမျိုးမှာ ရင်ခုန်ရတာက တစ်မျိုး။

အခု သူ့မျက်နှာက ခန့်သည်ဟုပဲ ပြောရမည်လား မဆိုနိုင်။ စကားလုံးအဓိပ္ပါယ်ကို သိပ်နားမလည်သော်လည်း ကြားဖူးနားဝနှင့် ပြောရလျှင် ဥပမိကောင်းသည်ဟုပဲ ဆိုရမည်။

မြင်လိုက်သည်နှင့် သူ့ကို ပေါ့ပျက်ပျက်သဘောထား၍ မရသောရုပ်မျိုး။ ခက်ထန်တင်းမာနေတာမျိုးလည်း မဟုတ်၊ တည်ကြည်ပြီး ရည်မွန်သည်ဟုသာ ပြောရမည်။

အဆင့်အတန်းမနိမ့်သောအလွှာမှ ရုပ်ရည်၊ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်နှင့် အရာရာကို ဦးဆောင်နိုင်သော စွမ်းရည်တစ်



ခု ပိုင်ရှင်ရုပ်မျိုး။ အနိမ့်ဆုံးအားဖြင့်ကတော့ သူ့ကို လိမ်လည် လှည့်ဖြားဖို့ အတော်ခက်ပေလိမ့်မည်။ သူ့အကြည့်က တစ်ဘက်လူ၏ စိတ်ကို ထွင်းဖောက်မြင်နေသော အကြည့်။

"နင်နဲ့ ဝေယံ ဘာဖြစ်တာလဲ မေသွယ်"

ချိုမာက တီးတိုးမေးသည်။

"ဟင်. . . နင်ဘာမေးလိုက်တာလဲ ချိုမာ"

ချိုမာ လက်ကိုကိုင်ပြီး မေးလိုက်၍သာ အိပ်မက်က လန့်နိုးသလို ဖြစ်သွားသည်။ ပြောလိုက်သောစကားများကို သဲကွဲစွာမကြားလိုက်ရ။ ချိုမာက ထပ်၍. . .

"နင်နဲ့ဝေယံ ဘာဖြစ်လာကြတာလဲလို့ မေးတာ"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး၊ ဘာဖြစ်လို့လဲ"

"မသိပါဘူး၊ နင်တို့နှစ်ယောက် ပြန်လာကြတာ မျက်နှာတွေက တစ်မျိုးဖြစ်နေလို့၊ ပြီးတော့ ဟိုကောင်ကလည်း တင်းပြီး ထသွားတယ်"

"ဟုတ်တယ်၊ ဝေယံ ပြန်သွားပြီလား"

"နင် မသိလိုက်ဘူးလား၊ နှင်းနုရည်တောင် သူနဲ့ပါသွားတယ်"

"ဟင့်အင်း. . ငါမသိလိုက်ဘူး"

"ဟင်. . နင့်ရှေ့တင် ထသွားကြတဲ့ဥစ္စာ"

"အဟုတ်ပြောတာ၊ ငါ တကယ်မသိလိုက်ဘူး"

ထိုစဉ် ကိုဖုန်းထံမှ တအံ့တသြထွက်လာသောအသံကြောင့် သူတို့နှစ်ယောက် အာရုံပြောင်းသွားသည်။

"ဟာ. . ဒီပွဲကတော့ ဂရိတ်တွေပါ ဆင်းလာတဲ့ပွဲပဲ၊ ထိပ်သီး

တွေချည်း တွေ့နေရတယ်"

"ဘာဖြစ်လို့လဲ ကိုဖုန်း၊ ဘယ်သူ့တွေလာလို့လဲ"

"အစုံပဲလေ. . မင်းသား မင်းသမီးထိပ်သီးတွေကော၊ ဒါရိုက်တာ၊ ပရိုဂျူဆာ ဒိတ်ဒိတ်ကျဲတွေကော၊ စီးပွားရေးလောကက ခေါင်တွေကော၊ ဟိုမှာမတွေ့ဘူးလား၊ တစ်ကောင်ဘွား ကိုဇော်ထက်တို့တောင် ရောက်နေတာ"

"ဘယ်ဟာလဲ တစ်ကောင်ဘွား ကိုဇော်ထက်ဆိုတာ"

"ဟိုမှာလေ. . မြကေခိုင်ထုတ်လုပ်ရေးက ဒေါ်သီဂီနဲ့တွဲလာတာ၊ ဒီဘက်တောင် လာနေတယ်"

ကိုဖုန်းညွှန်ရာသို့ ချိုမာကော မေသွယ်ပါလှမ်းကြည့်လိုက်သည်။

"ဟင်. . . သူပါလား"

မေသွယ့်ရင်ထဲ ထိတ်ခနဲဖြစ်သွားရင်း၊ မှတ်ချက်ချသည်။

သူမှသူအစစ်၊ သို့သော် ခုန သူစကားပြောနေသည့်ပုဂ္ဂိုလ်များနှင့်တော့မဟုတ်။ မင်းသမီးရှုံးအောင် ပြင်ဆင်လှပနေသော အမျိုးသမီးတစ်ယောက်နှင့် တွဲလာသည်။ အမျိုးသမီးကလည်း တော်တော်ချောသည့် အမျိုးသမီး။ သူတို့စုံတွဲက မေသွယ်တို့နှင့် သိပ်မဝေးတော့

"အို. . ."

သူ့အကြည့်များက မေသွယ့်ထံ စူးစူးစိုက်စိုက်ရောက်ရှိလာပြန်သည်။ သည်တစ်ခါတော့ မေသွယ်က စောစောကလို အငိုက်မိမခံတော့ဘဲ သည်ဘက် သုံးနှစ်လောက်ကာလအတွင်း ယောကျာ်းများကို ကြည့်နေကျပုံစံအတိုင်း အေးအေးတင်းတင်း အကြည့်ဖြင့်ပြန်ကြည့်သည်။



သူ့မျက်နှာပေါ်မှာ ယောင်ယောင်မျှလင်းသွားသော အပြုံးတစ်ခုကို မြင်လိုက်ရသည်။ သူက အကြည့်မလွှဲ။ မလွှဲသည့်အပြင် တိတိလင်းလင်းပင်ကြည့်ရင်း သူတို့ဝိုင်းဆီသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။

"ဘာတွေဖြစ်တော့မှာလဲ"

မေသွယ် ရင်တုန်ပန်းတုန် ဖြစ်လာသည်။

\+ + + + + +

(၄)

"ဟာ. . ပုဂ္ဂိုလ်က ငါတို့ဝိုင်းကို တန်းတန်းမတ်မတ် လာနေတော့တာပဲဟ"

ကိုဖုန်းက ဝိုင်းထဲကမေသွယ်တို့ကြားသာရုံမျှသာ ပြောလိုက်ပြီး ကပျာကယာ ထရပ်သည်။ ဆရာ သို့မဟုတ် အထက်အရာရှိ တစ်ယောက် မထင်ဘဲရောက်လာသဖြင့် တပည့်လက်အောက် ငယ်သားက ကပျာကယာထ အရိုအသေပေး နှုတ်ဆက်သည့်ပုံစံမျိုး။

"အစ်ကိုကြီး ဘယ်တုန်းက ရောက်နေတာလဲ၊ စောစောက မတွေ့လို့ ထနှုတ်မဆက်တာနော်၊ ဘယ်လိုမှ မအောက်မေ့နဲ့"

"ကိုယ် အပြင်မှာရောက်နေတာကြာပြီ ကိုဖုန်းရဲ့၊ အဲဒါ မောင်ရင့်မြင်လို့ လျှောက်လာတာ၊ မင်းတို့ဝိုင်း ခဏထိုင်မယ်နော်"

"ဟာ. . . ထိုင်ပါ အစ်ကိုကြီးရ၊ အစ်ကိုကြီးထိုင်လိုက်တော့ ကျွန်တော်တို့ဝိုင်းက ပိုတောင် ဂုဏ်ရှိသွားသေးတယ်"

ထိုအချိန်မှာ သူနှင့်တွဲလာသော အမျိုးသမီးက စောစောက ဝိုင်းမှာပင် ကျန်နေခဲ့သည်။ ပုဂ္ဂိုလ်က ဝိုင်းထဲက လွတ်သွားသော ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်ရင်း ချိုမာ့ကို တစ်ချက်၊ မေသွယ့်ကို နည်းနည်းကြာကြာလေး ကြည့်ရင်း ပြုံးပြသည်။



"အော်. . အစ်ကိုကြီးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ချိုမာတို့က တော့ အစ်ကိုကြီးကိုသိမှာပါ။ မသိလဲမှတ်ထား၊ အစ်ကိုကြီးက ကိုဇော်ထက်တဲ့၊ တစ်ကောင်ဘွားကိုဇော်ထက်ဆိုတာ မြန်မာပြည် စီးပွားရေးလောကမှာ ထိတ်ထိတ်ကျဲပဲ၊ အစ်ကိုကြီး ဒါက ချိုမာ"

ကိုဇော်ထက်က ခေါင်းကို သိသာရုံညိတ်၍ ပြုံးပြသည်။ ချိုမာက အရိုအသေပေးဟန်ဖြင့် ပြန်ပြုံးပြသည်။

"သူက. . ."

ကိုဖုန်းက မေသွယ့်ကို လက်ညွှန်သည်။ သူ့စကားမဆုံးခင် ကိုဇော်ထက်က ဖြတ်၍. . .

"မေသွယ့်ကို ကိုယ်သိပါတယ်၊ အခု ခဏနေပြမယ့် **TV** ဇာတ်လမ်းကို ကိုယ်ကြည့်ပြီးပြီ၊ မေသွယ် သရုပ်ဆောင်တာ ကောင်းတယ်၊ အခန်းနည်းပေမယ့် ပေါ်လွင်ပါတယ်"

"ဟုတ်. . . ဟုတ်ကဲ့"

သူ ငါနဲ့လည်း သိနေပါလား၊ ပြီးတော့ မပြရသေးတဲ့ကားကို သူ ဘယ်ကနေဘယ်လို ကြည့်ပြီးသား ဖြစ်နေပါလိမ့်၊ မေသွယ့်စိတ်ထဲက တွေးလိုက်မိသည်။

"ဟား. . အစ်ကိုကြီးက ပိုင်လှချည်လား၊ အခုမှ အထူးပွဲပြမှာ၊ ဘယ်လိုလုပ် ကြည့်ပြီးသားဖြစ်နေလဲ"

"မနေ့က မြန်မာ့အသံမှာ လူနည်းနည်းနဲ့ **Try Show** တစ်ခု ပြသေးတယ်၊ အဲဒီမှာ ကြည့်လိုက်တာ"

"ဘာလဲ အစ်ကိုကြီးက ဒီလိုင်းမှာ လုပ်ငန်းတစ်ခုတိုးချဲ့ဦးမလို့လား"

"စဉ်းစားတာပါ။ ဒီသင်တန်းမှာက သေချာလေ့ကျင့်ပေး

ကားတဲ့ လူသစ်တွေဆိုတော့ အလားအလာ ကောင်းတဲ့သူတွေ ပါနိုင်တယ်လေ၊ မေသွယ့်ကိုတော့ ကောင်းကောင်းသတိထားမိ တယ်၊ ဘာမှ အပြစ်ပြောစရာမရှိဘူး။ ကောင်းတယ်"

"ကျေး. . . ကျေးဇူးတင်ပါတယ်"

ခိုးကျူးရင်းနှင့် စူးခနဲရောက်လာသော အကြည့်၏ နက်ရှိုင်းတိုးဝင်မှုကြောင့် မေသွယ် ကတုံကရင်ဖြစ်ရပြန်သည်။ ကျေးဇူးစကားက ထစ်ငေါ့ပြီး မသိမသာ တုံခါနေသည်။

"အော်. . အစ်ကိုကြီး၊ တစ်ခုခုသောက်ဦးလေ"

ကိုဖုန်းက စားပွဲပေါ်မှ အအေးပုလင်းကို လှမ်းပေးသည်။ ကိုဇော်ထက်က လက်ကာရင်းထရပ်၍. . .

"တော်ပြီကိုဖုန်း၊ သွားဦးမယ်၊ ဒိပြင် မိတ်ဆွေတွေကို နှုတ်ဆက်လိုက်ဦးမယ်၊ နောက် တွေ့ကြဦးမှာပါနော့"

နောက်တွေ့ကြဦးမှာပါအထိ အားလုံးကို ခြုံပြောပြီး နောက်ကျမှ မေသွယ်ဘက် လှည့်လိုက်သည်။

မေသွယ် ယောင်ယမ်းပြီး ခေါင်းညိတ်လိုက်သည်။ ပြီးမှကိုဇော်ထက်က အားလုံးကိုခြုံ၍ လက်တစ်ဖက်ပြနှုတ်ဆက်ရင်း ထွက်သွားသည်။

ကိုဖုန်းမျက်နှာတွင် သိမ်ကျေနပ်ပျော်ရွှင်နေသော အရိပ်အယောင်များကို မဖုံးနိုင်မဖိနိုင် မြင်တွေ့နေရ၏။

+ + + + + +



"မေသွယ်. . နင်တော့ ကံဇာတာအမြင့်ဆုံးရောက်နေပြီ၊ ဒီပုဂ္ဂိုယ် ငါတို့ဝိုင်းကိုလာပြီးတမင်သက်သက် နင့်ကိုလာချိတ်တာ"

ကိုဖုန်းက ကိုဇော်ထက်ဆိုသောပုဂ္ဂိုလ် ထွက်ခွာ၍ တစ်လံသာသာ ခရီးလောက်ပဲမရောက်သေး၊ ဘယ်လိုမှမနေနိုင်တော့ပဲ အတင်းချတော့၏။ ချိုမာကလည်း ခေါင်းညိတ်သည်။

"ဟုတ်တယ် မေသွယ်၊ အဲဒါတော့ မယုံမရှိနဲ့၊ ဒီပုဂ္ဂိုယ် မျက်လုံးတွေက နင့်ဆီမှာချည်းပဲ၊ ငါ အစအဆုံးကြည့်နေတာ"

"သွားစမ်းပါဟာ အဲဒါတွေလာပြောမနေနဲ့၊ ငါဘာမှ စိတ်မဝင်စားဘူး"

"အမယ် အဲလိုစကားကို လက်လွတ်စပါယ် မပြောနဲ့ မမ၊ ဒီပုဂ္ဂိုလ်ကို ဘယ်လိုပုဂ္ဂိုလ်မျိုး ထင်လို့လဲ၊ မတစ်ထောင် တစ်ကောင်ဘွား၊ ကျားဆိုမှကျားဆိုတဲ့ပုဂ္ဂိုလ်မျိုး၊ လူနာမည်ကိုက ကြည့်ပါလား၊ တစ်ကောင်ဘွားဇော်ထက်တဲ့၊ နာမည်တစ်လုံးနဲ့နေတာ"

"ဘာလဲ သူက မင်းသားလား၊ ဘာလဲ"

"ဟာ. . ဘာဆိုင်လို့လဲ"

"မသိဘူး၊ ဒီလိုမျိုး နာမည်ရှေ့မှာ တစ်ခုခုပါတာက ရုပ်ရှင်မင်းသားတို့၊ ဇာတ်မင်းသားတို့ပဲ ရှိတဲ့ဥစ္စာ၊ ဝေသာလီမောင်ဖုန်းတို့၊ ဘောလိပ်ဂျင်နေဝင်းတို့၊ အောင်လံတော်ခင်စိန်တို့၊ ဖာတစ်လုံး ခင်မောင်တို့လိုမျိုးပေါ့"

"သေပါဟာ၊ တစ်ကောင်ဘွားဇော်ထက်သာ နင့်စကားကြ
ရင် ရေမရှိတဲ့ချောင်းမှာ နှာခေါင်းဖော် သေလိမ့်မယ်၊ နင့်က
လူလည်း ရေတိမ်နစ်တာပဲ၊ ဒီလောက် ဧရာမပုဂ္ဂိုလ် တစ်ယောက်
နင့်ဆီ တကူးတကလာပြီး နင်တော်တဲ့အကြောင်း၊ နာမည်နဲ့တကွလ
ချီးကျူးဂုဏ်ပြုတယ်၊ နင်က အဲဒီလူကဘာလဲမေးတယ်၊ တရားကျ
မကောင်းဘူးလား"

"အို့ . . မေသွယ်မှ သူ့ကို မသိတာ ကိုဖုန်းရဲ့၊ တစ်ကော
ဘွားတွေ၊ တစ်ကောင်ကြွက်တွေဆိုတာ ခုမှ ကြားဖူးတာ"

"နင် ဓနတို့၊ မြန်မာ့ဓနတို့လို မဂ္ဂဇင်းတွေ၊ ဂျာနယ်
မဖတ်ဘူးလား"

"ဟင့်အင်း၊ ဂျာနယ်တော့ဖတ်တယ်၊ ဒါပေမယ့် မင်းသ
မင်းသမီးအကြောင်းနဲ့ ဗေဒင်ပဲ ဖတ်တယ်"

"ဘာဖတ်ဖတ်ပါဟာ၊ အဲဒါတွေ လှန်ကြည့်ဖူးရင်တော
ဒီနာမည်တွေက ပြုံးပြုံးပြပါနေတာ မတွေ့ဖူးစရာမရှိပါဘူး၊ သတင်း
ဖတ်ရင်းတောင် ဒီနာမည်က ခဏခဏတွေ့နေရတာ"

"မပြောတတ်ဘူး ကိုဖုန်း၊ ကန်းတယ်ပဲပဲပြောပြော၊ ထုံတ
ပဲပြောပြော မြင်လည်းမမြင်ဘူး၊ ကြားလည်းမကြားဘူး၊ သိလည်
သိဘူး"

"ကဲ. . . မသိရင်ပြောပြမယ် မှတ်ထား၊ ပုဂ္ဂိုလ်က တက
ဧရာမ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်၊ စီးပွားရေးလောက
အရမ်းအောင်မြင်တယ်၊ တစ်ကောင်ဘွားဆိုတဲ့ သူ့ကုမ္ပဏီနာမည
စီးပွားရေးလုပ်ငန်းတွေ တစ်နိုင်ငံလုံးမှာ အများကြီးပဲ၊ ဘာချမ်း
လဲ ဆိုတာမမေးနဲ့၊ အဲလိုပဲ စွံတာလဲ ဘာစွံသလဲ မမေးနဲ့၊ ချမ်းလ



ချမ်းသာ၊ ငယ်လည်းငယ်၊ ရုပ်ရည်ဥပဓိကျတော့ ခန့်သန့်နေတာပဲ
ဆိုတော့"

"ဘာဖြစ်လဲ ဆက်ပြောလေ ကိုဖုန်း"

"သူ့နားမှာတွေ့လိုက်ရရင် ပေါ့သေးသေး မိန်းကလေး
တစ်ယောက်မှမရှိဘူး၊ တကယ့်ဒိတ်တွေချည်းပဲ၊ လှရမယ်၊ ထက်ရ
မယ်၊ တကယ့်ခေါင်ဆိုတာတွေနဲ့မှ သူကတွဲတာ၊ သူတို့လောကမှာ
အဲဒီလိုစွံတဲ့ကိစ္စပါ သူကနာမည်ရတာ၊ဘာပဲဖြစ်ဖြစ် အကောင်းဆုံး
တွေပဲ ဖြစ်ရမယ်ဆိုတဲ့မူ သူ့မှာရှိတယ်"

"အဲဒီတော့ "

"အဲဒီတော့ နင့်နားကို သူရောက်လာတယ်ဆိုတာ နည်း
နည်းနောနော နင်ဝမ်းသာရမယ့်ကိစ္စ မဟုတ်တော့ဘူး၊ သူက
'ကောင်းတယ်'လို့ ပြောသွားတဲ့စကားရဲ့ တန်ဖိုးက သေးသေးလေး
မဟုတ်ဘူး၊ အထူးကြီးနဲ့ အကြီးစားကြီး၊ နင် ကံကောင်းတာပဲ"

"ဘာဆိုင်လို့လဲ၊ သူဟာသူ ဘာပဲဖြစ်ဖြစ် မေသွယ်မှ သူ့ကို
စိတ်မဝင်စားတာ"

"မဟုတ်ဘူး၊ စိတ်ဝင်စားရမယ် မေသွယ်၊ စိတ်မဝင်စားလို့
မရဘူး၊ မသိဂီဆိုတာ တို့လောကမှာ ပါချိပါချက်လေး မဟုတ်ဘူး၊
သူတွဲလာတဲ့ မသိဂီလိုမိန်းမမျိုးတောင် ပစ်ထားခဲ့ပြီး နင့်ဆီလာတာ"

"ဘာဖြစ်ဖြစ်၊ စိတ်မဝင်စားတာကတော့ စိတ်မဝင်စားတာ
ပဲ ဂရုကိုမစိုက်ဘူး"

"မဟုတ်ဘူး မေသွယ်၊ ဝေယံထွန်းလိုကောင်မျိုးကို နင်ဂရု
စိုက်လို့ရတယ်၊ ဒီကောင်က သူ့ဟာသူသာ ဆင်လို့ ထင်နေတာ၊
ကိုဇော်ထက်နဲ့ယှဉ်ရင် ကြွက်အဆင့်တောင် မရှိတော့ဘူး၊ ကျွတ်တို့

ပုရွက်ဆိတ်တို့လောက်ဖြစ်သွားတာ၊ ကိုဇော်ထက်ကိုတော့ နင်
စိုက်၊ နင့် အတွက်ပြောတာ"

"ဟင့်အင်း. . . နေပစေ၊ သူ့ဟာသူ ဘာတွေဖြစ်နေ
မေသွယ်အတွက်ကတော့ လောကကြီးမှာရှိတဲ့ ယောကျာ်းအား
အတူတူပဲ၊ ဘယ်ယောကျာ်းမှ ဂရုမစိုက်ဘူး"

"သုံးနှစ်လောက်အတွင်း ပုံသေပြောနေကျ စကားအတို
မေသွယ် ပြောလိုက်ခြင်းဖြစ်သည်။ တကယ်လည်း ထိုသုံးနှစ်အတွ
မှာ ဘယ်ယောကျာ်းတစ်ယောက်ကိုမှ မေသွယ်ဂရုမစိုက်ခဲ့။

သို့သော် တစ်ခုတော့ရှိသည်။ သည်တစ်ခါ ကိုယ်
သည့် စကားကိုတော့ ဟုတ်မှဟုတ်ပါ့မလားဟု၊ ကိုယ့်ဖာသာကို
သံသယ ဝင်မိသည်။ ဒါလည်း သုံးနှစ်အတွင်းမှာ ပထမဆုံးအ
ဖြစ်ဖူးသော သံသယဖြစ်၏။

+ + + + + +



(၅)

'လက်တွဲညီညီအလှဆင်မြေဆီ' ရုပ်မြင်သံကြားဇာတ်လမ်း
က ရှုပ်ရှင် သင်တန်းသူသင်တန်းသားများအားလုံး မိမိတို့အစွမ်း
အစလေးများကို တင်ပြနိုင်ရန်အတွက် စုပေါင်းကြိုးစားထားကြ
ခြင်း ဖြစ်သည်။

သို့အတွက် တစ်ဦးကောင်းတစ်ယောက်ကောင်းတော့ လုပ်
ချင်တိုင်း လုပ်လို့မရ။ အထိုက်အလျောက် လုပ်ကွက်လေးတွေ ဖော်
ပေးထားသော ဇာတ်ညွှန်းကဏ္ဍလေးတွေမှာ ကိုယ့်အပိုင်းနှင့်ကိုယ်
စွမ်းအားရှိသလောက် ကြိုးစားခွင့်သာရှိသည်။

တစ်နည်းအားဖြင့်လည်း သင်တန်းသူ၊ သင်တန်းသား
အားလုံး၏ အနုပညာစွမ်းရည်ကို တစ်ထိုင်တည်းနှင့် လူစုံမြင်တွေ့
နိုင်အောင် စီစဉ်ထားခြင်းဖြစ်သည်။

ယခု အထူးပွဲပြသပေးခြင်းက လက်တွေ့လုပ်ငန်းခွင်တွင်
တကယ်ထုတ်လုပ်ရိုက်ကူးနေကြသော ထုတ်လုပ်သူ၊ ဒါရိုက်တာ
မင်းသား မင်းသမီးစသည့်အနုပညာဖန်တီးထုတ်လုပ်သူများအား
မိမိတို့ သင်တန်းဆင်း အနုပညာရှင်လောင်းများ၏ အနုပညာကို
ပြသ အားကိုးလို၍ဖြစ်ကြောင်း။

သင်တန်းသားများ၏ အနုပညာကို လေ့လာ၍ လက်တွဲ ခေါ်ယူနိုင်လျှင် လက်တွဲခေါ်ယူ၍ အနုပညာလမ်းမပေါ် တင်ပေး နိုင်ရန်ဖြစ်ကြောင်းစသည့်အချက်များကို ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူတစ်ဦးက ဇာတ်ကားမပြမီ ကြိုတင်၍ ရှင်းလင်းပြောပြ နေသည်။

မှန်တာပြောရလျှင် မေသွယ့်ခေါင်းထဲသို့ ဘာတစ်ခုမှ ထိထိမိမိ ဝင်ရောက်မလာ။ စကားများကိုလည်း မကြားတစ်ချက် ကြားတစ်ချက်။

အမှာစကားပြောသူက အားတက်ဖွယ်ရာအကြောင်းများ ပြောနေသော်လည်း မည်သည့်တက်ကြွခြင်းမှ မေသွယ့်ခေါင်းထဲ ပေါ်ထွက်မလာ။ မေသွယ့်စိတ်ကို ကောင်းစွာလွှမ်းမိုး အနှောင့် အယှက်ပေးနေသည်မှာ သူတို့စားပွဲနှင့်သုံးလေးတန်းအကွာ ရှေ့ဆုံး တန်းစားပွဲ တစ်ခုမှ မျက်လုံးအစုံသာဖြစ်၏။

တစ်ကောင်ဘွား ဇော်ထက်ဆိုသည့်ပုဂ္ဂိုလ်၏ မျက်လုံး များ။ စောစောပိုင်းက သည်ဝိုင်းမှနေ နှုတ်ဆက်ထွက်သွားပြီး ခဏ လောက်တော့ ထိုပုဂ္ဂိုလ်မေသွယ့်ရှေ့မှ ခဏပျောက်သွားသည်။ နောက် ဘယ်လောက်မှမကြာ၊ အခု သူထိုင်နေသည့်စားပွဲမှာ ပြန် ပေါ်လာသည်။ခန်းမထိပ်တွင် စင်မြင့်ရှိသည်။ စင်မြင့်အလယ်တည့် တည့်တွင် 'လက်တွဲညီညီ အလှမြေဆီ'ကို ဗွီဒီယိုနှင့်ပြသဖို့ လက်မ ၁၀၀ ပိတ်ကားကြီး ထောင်ထားသည်။

ဇော်ထက်စားပွဲက ထိုပိတ်ကားကြီးတည့်တည့်၊ စင်မြင့် အောက် ထိပ်ဆုံးတန်းစားပွဲ။ ပိတ်ကားဘက် ခပ်စောင်းစောင်း ကျောပေးထိုင်ထားသဖြင့် မေသွယ့်ဘက် တည့်တည့်မျက်နှာမူထား



သလို ဖြစ်နေသည်။

အမှာစကားမပြောခင်နှင့် ပြောနေစဉ်တစ်လျှောက်လုံးမှာ သူ့အကြည့်တွေက ပတ်ဝန်းကျင်လေထုကို ဖူးရဲစွာထိုးဖောက်ပြီး သူမ ဆီရောက်နေသည်။ ပထမတော့ သူမက ထိုအကြည့်ကို ရှောင်ဖယ်ဖို့ ကြိုးစားသည်။ မရ၊ အကြည့်၏စွမ်းအားက မေသွယ့်ကို ပြန်မကြည့် ကြည့်ဖြစ်အောင် ပနံးလာတို့သလို ဖြစ်နေသည်။

သို့အတွက် မေသွယ်၊ ဒေါကန်ကန်နှင့် ထိုမျက်လုံးများကို သူမ၏ ရေခဲပြင်အေးစက်စက်အကြည့်ဖြင့် ပြန်တုံ့ပြန်ကြည့်လိုက် သည်။ မျက်မှောင်ကိုလည်း ခပ်တင်းတင်းပင် ကျုတ်ထားလိုက်သည်။

"ရှင် ကြည့်မနေနဲ့၊ ရှင့်ကိုကျွန်မ လုံးဝစိတ်မဝင်စားဘူး၊ဂရု မစိုက်ဘူး၊ ဒါမျိုးနဲ့ ကျွန်မကို လာစမ်းလို့လည်းမရဘူး" "ပျင်းတောင် ပျင်းသေးတယ်"ဆိုသော စကားများကို အေးစက်နေသော အကြည့် ထဲမှနေ ပြောသည်။ ဇော်ထက်မျက်လုံးများ ပြုံးယောင်ယောင်ဖြစ် သွား၏။ မေသွယ့်ရင်ထဲက ရန်တွေ့စကားများကိုလည်း ကြားသွား ပုံရသည်။ သူ့ မျက်လုံးများထဲမှ စကားသံများ ပြန်ကြားရသလို မေသွယ်ခံစားရသည်။

"ဆောရီးပဲ၊ မင်းစကားတွေကိုလဲ ငါ ဂရုမစိုက်ဘူး၊ မင်း ဘာတွေပဲပြောပြော မင်းငါ့ကို ဂရုမစိုက်ဘဲ နေလို့မရပါဘူး၊ မင်းရင် တွေ လှုပ်ရှားနေတယ်မဟုတ်လား၊ မင်းစိတ်တွေ တုန်လှုပ်နေတာ ငါသိတယ်"ဟု ဖြစ်သည်။

တကယ်လည်း မေသွယ်အနေရကျပ်နေသည်။ သူ့ အကြည့်များက သူမခန္ဓာကိုယ်ကို မြောက်မြားစွာသော ကြိုးခိုင်ခိုင် များဖြင့် လာတုပ်နှောင်ထားသလို ဖြစ်နေ၏။

မေသွယ် မွန်းကျပ်လာသည်။ နဂိုကမှ စိတ်မဝင်စားသည့်ပွဲထဲမှာ ကြာကြာနေချင်စိတ်လည်း မရှိတော့။ လက်မ-၁၀၀၀ ပြောနှင့် လက်မ-၁၀၀၀ ပိတ်ကားကျယ် ဗီဒီယိုနှင့်ပြလည်း သူမကို မဆွဲဆောင်နိုင်တော့။

ချိုမာနှင့် ကိုဖုန်းကတော့ ဘာတွေမှန်းမသိ၊ သူတို့ နှစ်ယောက်တည်း နှစ်ကိုယ်ကြားတွေပြောပြီး တခစ်ခစ်လုပ်နေကြသည်။ မေသွယ်တစ်ခုခုကို ဆုံးဖြတ်၍ ထရပ်လိုက်သည်။ သည်တော့မှ ချိုမာ အရယ်ရပ်ပြီး. . .

"ဘယ်လဲမေသွယ်၊ ဘယ်သွားမလို့လဲ"

"မဟုတ်ပါဘူး၊ အပြင်ခဏသွားမလို့"

"ငါလိုက်ခဲ့ပေးမယ်လေ"

မေသွယ်ခေါင်းခါပြီး. . .

"ရတယ်နေခဲ့၊ ငါ့ဟာငါ သွားလိုက်မယ်"

ပြောပြီး ထွက်လာခဲ့သည်။

သူမ တစ်လှမ်းနှစ်လှမ်းထွက်ချိန်မှာပင် အမှာစကားပြီးဆုံးသွား၍ လက်ခုပ်သံများ ဝေါခနဲဆူညံစွာ ထွက်ပေါ်လာ၏။

\+ + + + + +

ဇာတ်ကားပြလုဆဲဆဲမှာပင် မေသွယ် အပြင်ရောက်လာသည်။

ခန်းမအတွင်းမှ လူရှင်းနေသော အပြင်ဘက်ရောက်သည်နှင့် ညဉ့်ဦး၏ ဆောင်းလေအေးအေးက မျက်နှာကို လာပက်သည်။



သန့်ရှင်းအေးမြသောလေနှင့် လူရှင်းရှင်းမို့ စိတ်ထဲမှ အတော်လေး လွတ်လပ်လန်းဆန်းသွားသည်။ စောစောကရှိနေသည့် တင်းကျပ်မှုများမှ လွတ်မြောက်သွားသလို ခံစားရသည်။ လမ်းမဘက်မှာတော့ အမှောင်ရိပ်အချို့ရှိနေသည်။

"ဘာလုပ်ရရင် ကောင်းမလဲ"

အပြင်ဘက်မှာ ခဏတဖြုတ် လွတ်လပ်စွာနေ၍ ခန်းမထဲပြန်ဝင်ရမလား။ မေသွယ်မဝင်ချင်တော့၊ စောစောကလို ကျဉ်းကျပ်မွန်းကျပ်မှုကြီးကို မုန်းသည်။ ဒါဆို ပွဲပြီးသည်အထိ အပြင်မှာနေပြီး ချိုမာတို့ကို စောင့်မလား။ ဒါလည်း နောက်ထပ်တစ်နာရီခွဲလောက် အပြင်မှာ ဘာလုပ်နေရမည်နည်း။ အကောင်းဆုံးကတော့ ကိုယ့်အခန်း ကိုယ်ပြန်တာပဲဖြစ် သည်။

တစ်ကိုယ်လုံးကို ချုပ်နှောင်စည်းကြပ်ထားသလို ဖြစ်သောအဝတ်အစားများကိုလည်း မိတ်ကပ်တွေဖျက်၊ ပြီးတော့ နွေးနွေးထွေးထွေး အိပ်ရာပေါ် လှဲ၍ကွေးလိုက်ရလျှင် ကမ္ဘာကြီး အရမ်းငြိမ်းချမ်းသွားမည်။

ဒါပေမယ့် ဘယ်လိုပြန်မလဲ။ အလာတုန်းက ကိုဖုန်းကားနှင့်။ သူတို့သွားခေါ်ပြီး ပြန်ပို့ခိုင်းလို့လည်း မဖြစ်၊ သူတို့ကဇာတ်လမ်းကိုကြည့်ရန် စိတ်အားထက်သန်သည့်သူတွေ၊ ပြန်လိုက်ပို့ခိုင်းဖို့ အားနာစရာ၊ ဒါမှမဟုတ် 'နေပါဦး'ဆိုပြီး စိတ်ပျက်ဖွယ် အခန်းကြီးထဲသို့ အတင်းပြန်ခေါ်သွားကြမည်။

သည်နားမှာလည်း ကားငှား၍ရဖို့ မလွယ်။ အစည်းအရုံးအဝင်လမ်းကော၊ ဝင်ဘာလမ်းမှာကော ခုချိန် ပြင်ပကားများ ဝင်ထွက်မှုနည်းသည်။ ကားငှားချင်လျှင် ကန်တော်ကြီးဘက် လမ်းထိပ်

ထွက်ရမည်။

သိပ်တော့မဝေး၊ ဓါတ်တိုင်လေးငါးခြောက်တိုင်စာလောက် လျှောက်လိုက်လျှင် လမ်းမကြီးပေါ် ရောက်မည်။ သည်လောက်တော့ မလျှောက်နိုင်စရာ မရှိ။ အကောင်းဆုံးပဲဟုတွေး၍ အစည်းအရုံး ဂိတ်မှ ဝင်ဘာလမ်းပေါ် ထွက်လိုက်သည်။

အင်း. . အမှောင်ထုတော့ရှိနေသည်။ ဓါတ်တိုင်တွေရှိ သော်လည်း အားနည်းနေသော မီးလုံးအလင်းရောင်က အမှောင် ထုကို မဖြိုခွင်းနိုင်။

ကိစ္စမရှိပါဘူး၊ ဒီနားလေးပဲ လူပြတ်ပြီးမှောင်တာ၊ ထိပ် ရောက်ရင် လင်းရှင်းပြီး လူတွေကော၊ကားတွေကော စည်နေမှာပဲ ဟု တွေး၍ အတန်ငယ်ကြောက်သော်လည်း အရဲစွန့်၍ထွက်လာခဲ့ သည်။

"တီ. . . တီ. . ."

ဓါတ်တိုင်နှစ်တိုင်လောက်အရောက်မှာ နောက်ဘက်မှ ကားတစ်စီး မောင်းလာသံကြားသည်။ ရှေ့မီးကြီးအလင်းရောင်က လည်း သူမလျှောက်နေသည့်လမ်းကို လင်းသွားစေသည်။ ဟွန်းသံ နှစ်ချက်လည်း ကြားရသည်။ တက္ကစီကားများလား မျှော်လင့်၍ရင်း လှည့်ကြည့်လိုက်သည်။ မဟုတ်. . .

တက္ကစီကားများမှာပါနေကျ၊ ညဆိုမီးလင်းနေသော တက္ကစီဆိုင်းဘုတ်အဝါရောင်လေး ခေါင်မိုးပေါ် မှာမပါ။ လှည့်ကြည့် ပြီးမှ ရှေ့ပြန်လှည့်၍ လျှောက်သည်။

"တီ. . . တီ. . ."

"ဟော့. . . အသဲလေး"



လှည့်ကြည့်မိလိုက်သည်ကို ဘာထင်သွားသည် မသိ။ ကား က ဟွန်းနှစ်ချက်ထပ်တီးပြီး အနားကပ်ရပ်သည်။ ကားနောက်ခန်းမှ လူတစ်ယောက် ခေါင်းပြူထွက်၍ လှမ်းခေါ်သည်။

"ဒုက္ခပါပဲ"

မေသွယ် စိတ်ညစ်သွားသည်။ ခပ်သွက်သွက် ဆက်လျှောက် ဖို့ ခြေလှမ်းစဉ်မှာ ကားက သူမရှေ့ကနေ ပိတ်ရပ်လိုက်သည်။ ကား နောက်ခန်းမှ လူနှစ်ယောက် ကားတစ်ဖက်တစ်ချက်မှ ဆင်းလာ သည်။

"ဘယ်သွားမလို့လဲ အသည်းလေးရဲ့၊ ဒုက္ခခံပြီး လမ်းလျှောက် စရာ မလိုပါဘူး၊ ကိုယ်တို့ လိုက်ပို့မှာပေါ့"

"ဟုတ်တယ် ဘယ်သွားချင်လဲပြော၊ ဒါမှမဟုတ်လဲ ကိုယ်တို့ ခေါ်သွားမယ့် အိပ်မက်ကမ္ဘာကြီးထဲလိုက်ခဲ့"

အနားမရောက်ခင်မှာပင် အရက်နံ့တွေက စူးစူးရှရှ ဟောင် လှိုက်လာသည်။ စကားလုံးတွေကိုလည်း ဒေါသဖြစ်သွား၏။

"ရှင်တို့က မနှောင့်ယှက်နဲ့နော်၊ ကိုယ့်လမ်းကိုယ် အေးအေး ဆေးဆေးသွား"

"ဟား. . ဟား. . ဟား၊ ဘယ်လိုဖြစ်ပြီး ဒေါသတွေပေါက်ကွဲ နေရတာလဲ၊ ဒီလောက်လှပတဲ့ရုပ်ရည်လေးမှ အားမနာဘဲ၊ ဒေါသ တွေ ဖြစ်နေတယ်"

"ဟော့ကောင် ကျော်ဦး၊ အပိုတွေပြောမနေနဲ့၊ အချိန်မရှိဘူး၊ အလုပ်စကားပြော"

"အေး အဲဒါပဲကောင်းတယ်၊ ဒီမယ် ငါတို့မှာ သုံးယောက်ပါ တယ်၊ တစ်ညလုံး လိုချင်တယ်၊ ဘယ်လောက်ပေးရမလဲပြော"

"ဘာ. . ဘာပြောတယ်၊ လူကိုဘာအောက်မေ့လို့လဲ၊ ဖယ်ပါ၊ ရှေ့ကဖယ်"

"ဟ. . . မင်းကဘယ်လိုလဲ၊ ဒီမှာဟေ့ မင်း ဘာမှအပိုတွေ ပြောမနေနဲ့၊ ဒီနေရာတပိုက်မှာ ဒီအချိန်၊ မင်းတို့ဘာလုပ်ဖို့ လှုပ်ရှားနေတယ်ဆိုတာ ဘယ်သူ့မှ မေးနေစရာမလိုဘူး၊ လူတိုင်းသိတယ်၊ပြော. . ဈေးပြော"

"ဘာလဲ. . ဘာဈေးပြောရမလဲ၊ ကျွန်မအဲဒါမျိုးလုပ်စားတဲ့ မိန်းမ မဟုတ်ဘူး၊ ရှင်တို့လူပါးမဝနဲ့၊ ဒါ မင်းမဲ့တိုင်းပြည်မဟုတ်ဘူး နားလည်ထား"

"အောင်မာ. . . ဒီကောင်မ တယ်လူပါးဝပါလား၊ ကျော်ဦး လုပ်မနေနဲ့၊ ဈေးပြောလို့မရရင် ကားပေါ်အတင်းခေါ်တင်၊ ငါတို့များ ဘာအောက်မေ့နေလဲ မသိဘူး"

ပြောရင်းနှင့် ထိုလူနှစ်ယောက်က ဆတ်ခနဲရှေ့တိုး၍ မေသွယ့်လက်တစ်ဘက်စီကို ဆုပ်ကိုင်ဖမ်းချုပ်လိုက်သည်။ ပြဿနာတော့ တက်ပြီဟု သဘောပေါက်လိုက်ပြီး၊ မေသွယ် ထိတ်လန့်သွားသည်။

"ရှင်တို့ ဘာလုပ်တာလဲ၊ ဖယ်ပါ၊ လွှတ်ပါ၊ ကျွန်မကို အဲဒါမျိုး မလုပ်နဲ့"

"တိတ်စမ်း. . စကားမများနဲ့၊ ကျော်ဦး ရအောင်တင်၊ ဒါမျိုးလေးက ရခဲတယ်၊ လုံးဝအလွတ်မပေးနဲ့"

တခဏချင်းမှာပင်အခြေအနေက ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ မေသွယ့်လက်ကို ချုပ်ကိုင်ထားသော ယောကျ်ားနှစ်ယောက်၏ လက်ကြမ်းကြီးများကလည်း ခိုင်လွန်းလှသည်။ ဘယ်လိုမှ ရုန်းမရ

"ဖယ်. . . ဖယ်. . . လွှတ်. . . လွှတ်. . ကယ်ကြပါဦး"



မေသွယ် တအားအော်ဖို့ ကြိုးစားသည်။ မရတော့။ အသံထွက်၍ မဆုံးခင်မှာပင် ယောကျ်ားတစ်ယောက်၏ လက်တစ်ဖက်က ပါးစပ်ကို ခပ်ကြမ်းကြမ်း ပိတ်လိုက်သည်။

ထို့နောက် လူနှစ်ယောက်က တစ်ယောက်တစ်ဘက်စီ အတင်းပွေ့၍ ဆွဲယူ ချီမလိုက်ကြသည်။ မေသွယ့်ကိုယ်လေး ဇွေ့ခနဲ ပျောက်ပါသွား၏။ မေသွယ် ဘယ်လိုမှ ရုန်း၍မရတော့။ ခန်းမထဲမှ ထွက်လာခဲ့တာမှားပြီဟု နောင်တရသည်။

သွားပြီ. . . သည်တစ်ခါတော့ ဘဝဆုံးပြီဟုလည်း ကျလာသော မျက်ရည်များနှင့်အတူ ယူကျုံးမရစွာ တွေးလိုက်မိ၏။

(၆)

လူရမ်းကားနှစ်ယောက်က မေသွယ့်ကို ကားထဲရောက်အောင် အတင်းတွန်းထည့်သည်။ တစ်ခုကကောင်းနေသည်က ဆူဝါး အော်ဟစ် ရုန်းကန်ရင်း မေသွယ့် ခြေထောက်များသည် ကားတံခါး ဘောင်များကို သွားသွား တွန်းကန်မိနေခြင်းဖြစ်သည်။ ဗင်ကား၏ နောက်ထိုင်ခုံခန်း အဝမှာတစ်နေသည်။ ရှေ့ခန်းမှ မောင်းသူက ဆင်းလာသည်။

“အဲလောက် အကြမ်းပတမ်းကြီးတွေဖြစ်နေလဲ ထားခဲ့ပါကွာ ပိုက်ဆံပေးခေါ်ရင် အသာတကြည်လိုက်လာတာတွေ အများကြီးရှိ တယ်၊ အလကားနေရင်း ပြဿနာအတက်မခံပါနဲ့”

သူ့စကားက အရာမထင်. . .။

“ဟော့ကောင် သောက်စကားမများနဲ့၊ ကားထဲဝင်၊ အထဲ နေပြီး သူ့ခြေထောက်နှစ်ဖက်ကို ငြိမ်အောင်ချုပ်ထားလိုက်၊ ဒီကောင် ငါတို့နဲ့ ပါကိုပါလာရမယ်”

မောင်းသူက ကားထဲပြန်ဝင်လိုက်သည်။ စောစောက လူ ပင် လှမ်း၍. . .

“နောက်ခန်းကူးလိုက်. နောက်ခန်းကူးလိုက်. ဟုတ်ပြီ၊ ထောက်တွေကိုရအောင်ဖမ်း. . ဖမ်း”



“ဘယ်လိုဖြစ်တာလဲကွာ၊ မင်းတို့ဟာကလဲ လူသတ်နေတာ ကျနေတာပဲ”

ရုတ်တရက်ဆိုသလို စောစောကညွှန်ကြားချက်များပေး နေသည့်လူနောက်မှ ခပ်အေးအေးအသံတစ်ခု ပေါ်လာသည်။

ညွှန်ကြားသူက ဆတ်ခနဲလှည့်ကြည့်ဖို့ ကြိုးစားသည်။ သို့ သော် လှည့်ကြည့်သည့်အဆင့်အထိ ရောက်မလာတော့၊ နောက်မှ အသံရှင်က သူ့ဂုတ်ပိုးအင်္ကျီကော်လံကို စုကိုင်၍ ဆောင့်ဆွဲလိုက် သည်။ ငနဲသား နောက်လန်၍ ကန့်လန့်ကြီးပါသွားသည်။ မေသွယ့် ကို ချုပ်ကိုင်ထားသော လက်များသည် လွတ်သွား၏။

“မင်း. . ဘာလုပ်တာ”

“ဘိတ်ကွာ. . စကားမများနဲ့”

ကန့်လန့်ကြီးပါသွားသူက စကားစမည်အပြု၊ ဆောင့်ဆွဲ လိုက်သူက အပြောမခံဘဲ ဂုတ်စကိုလွှတ်၍ ဘယ်လက်ဖြင့် ပခုံးကို လှည့်ပြီး မျက်နှာချင်းဆိုင် ဖြစ်သွားအောင် လုပ်လိုက်သည်။

သူရမ်းကား ကိုယ်တစ်ပတ်လည်သွားချိန်မှာ နောက်ကလူ က သူ့မေးရိုးတည့်တည့်သို့ ညာလက်သီးတစ်လုံး မိမိရရကြီး ထိုး သည့်လိုက်သည်။

“ခွပ်”

သစ်ကြားသီးအစေ့ကို တူနှင့်ထုလိုက်သည့်အသံမျိုး ပေါ် ထွက်လာပြီး ငနဲသားလူရမ်းကား ကားနောက်မြီးနားမှာ အရုပ်ကြိုး ပြတ် ပုံကျသွားသည်။ ထိုအချိန်မှာ ပွေ့ထားသောလူတစ်ယောက် လျော့သွားသဖြင့် မေသွယ့်ကိုယ်အထက်ပိုင်းက မြေကြီးပေါ်ပြုတ်ကျ မလို ဖြစ်သွားသည်။ ခြေထောက်ဖမ်းကိုင်ဖို့ ကြိုးစားနေသူလည်း

ဆက်မဖမ်းရဲတော့ဘဲ ခေါင်းခန်းဘက် ပြန်ကူးသည်။

ကျန်တစ်ယောက်က မေသွယ့်ကို လွှတ်လိုက်သည်။ မြေကြီးပေါ် ခြေထောက်မိသွားသော မေသွယ်က ကားတံခါးကို လက်တစ်ဖက်ဖြင့် လှမ်းကိုင်ရင်း အဲဒီနားမှာ ဒူးထောက်လျက်လေး ထိုင်ကျသွားသည်။

"ခွေးမသား လူရှုပ်၊ သေပေတော့"

မေသွယ့်ကို လွှတ်လိုက်သူက ဒေါသတကြီးဖြင့်မောင်းရင်းကယ်တင်သူထံ ပြေးသွားသည်။

သို့သော် သူ့ခမျာ ကယ်တင်ရှင်ပုဂ္ဂိုလ်ထံ ဖြောင့်ဖြောင့်မရောက်၊ ကယ်တင်ရှင်ပုဂ္ဂိုလ်က ပြေးလာသောသူ့ကို ခြေတစ်ဖက်နှင့် လှမ်းထောက်လိုက်သည့်အတွက် အရှိုက်ခွက်ဝင်သွားသည်။

'အင့်'ခနဲမြည်ကာ လူငိုက်အကျ နောက်ထပ် ပင့်လက်သီးတစ်လုံးက မေးအောက်မှနေ ဝင်လာသည်။

"ခွပ်"

နောက်ထပ် သစ်ကြားသီးတစ်လုံးကွဲသံ ကြားရပြီး သူလည်းလက်ကားယားနှင့် ပက်လက်လန်ကျသွားသည်။

ကယ်တင်သူက ခြေလှမ်းကျဲကြီးများဖြင့် လှမ်းဝင်၍မေသွယ့်ကိုယ်လေးကို လက်မောင်းရင်းမှ မယူဆွဲထူလိုက်သည်။

မေသွယ် အားကိုးတကြီးနှင့် ထိုသူ့ကို မော့ကြည့်လိုက်သည်။

"ဟင်"

ဇော်ထက်။ ဘယ်အချိန်ကနေ ဘယ်လိုလုပ်သည်နားရောက်လာပြီး ကယ်တင်ရှင်ဖြစ်သွားသည် မသိ။ ဇော်ထက်က ဘာမှ



ပြောဘဲ မေသွယ့်ကိုယ်လေးကို လွတ်လွတ်ကင်းကင်း နေရာအထိဆွဲယူဖယ်လိုက်သည်။ ကားမောင်းသူက ကြောက်ကြောက်လန့်လန့်နှင့်ကျ်နိုးဖို့ ကြိုးစား၏။

"ဟော့ကောင်၊ မမောင်းနဲ့ဦး၊ မင်းကောင်တွေ ခေါ်သွားဦး"

ဇော်ထက်က ရှေ့ခန်းကားပြတင်းမှနေ လက်လျှို၍ သော့ကို ဆွဲဖြုတ်သည်။ ကားသမားအောက်ကို ပြန်ဆင်းလာပြီး တုန်တုန်ရင်ရင် နှင့် သူ့လူနှစ်ယောက်ကို ကားပေါ်ပွေ့တင်သည်။ ပြီးမှ ဇော်ထက်လှမ်းပေးသည့် သော့ကိုယူ၍ စက်နှိုးပြီး တချိုးတည်းမောင်းထွက်သွားသည်။

သည်တော့မှ ဇော်ထက်ကမေသွယ့်ဘက် ပြန်လှည့်လာ၍.

"ဘယ်လိုလဲ မမေသွယ်၊ ဒီအချိန်ကြီးမှာ ဘာစိတ်ကူးနဲ့ဒီ ကျ်လာရတာလဲ၊ ကံကောင်းလို့ပေါ့၊ နို့မို့ မင်းဘဝဘာဖြစ်သွားမလဲ ဆိုတာ တွေးတောင် မတွေးရဲဘူး"

ဒေါသပါသော လေသံတော့မဟုတ်၊ သို့သော် အသံအေးအေးနှင့် တည်တည်ငြိမ်ငြိမ် ပြောလိုက်သောလေသံက စိုးစိုးပိုင်ပိုင်နှင့် ကူတစ်ဖက်သားကို ချုပ်ကိုင်နိုင်စွမ်းရှိသည်။

အကြည့်နှင့်အသံကြောင့် မေသွယ် ကျောရိုးတစ်လျှောက်လုံး စိမ့်တက်သွားသလို ခံစားလိုက်ရ၏။

\+ + + + + +

"ကျေးဇူးတင်ပါတယ်ရှင်"

"ကိုယ် ဒါလိုချင်လို့ပြောတာ မဟုတ်ဘူး မေသွယ်၊ ဒီလို

ထွက်မလာသင့်ဘူးလို့ပဲ ပြောတာ၊ ဒါနဲ့ အခုကော ဘာဖြစ်သွားသေးလဲ၊ ဟိုကောင်တွေ ဆွဲလားရမ်းလားလုပ်တာ နာကျင်သွားသေးလား"

"ဟင့်အင်း. . . နည်းနည်းပါးပါးပဲ ရှန်းရင်းကန်ရင်း ထိမိခိုက်မိတာလောက်ပဲ ရှိပါတယ်"

"နေပါဦး၊ အခုထွက်လာတာက ဘယ်သွားမလို့လဲ"

"မေသွယ် အိမ်ပြန်တော့မလို့ပါ၊ ကိုဖုန်းတို့ကိုလည်း လိုက်မပို့ခိုင်းချင်လို့ တက္ကစီငှားမယ်ဆိုပြီး. . ."

"ဇာတ်ကား မကြည့်တော့ဘူးလား"

"ဟင့်အင်း. . ."

"ကောင်းပြီလေ၊ အဲဒါဆို ကိုယ်လိုက်ပို့ပေးလိုက်မယ်၊ ကိုယ်နဲ့ ခဏတော့ ပြန်လိုက်ခဲ့၊ ကားသွားယူရအောင်"

"အို. . နေပါစေ ဦးဇော်ထက်၊ ကျေးဇူးတင်ပါတယ်၊ မေသွယ့်ဟာ မေသွယ် တက္ကစီပဲငှားပြီး. . ."

"တော်တော့မေသွယ်၊ ဒီအချိန် တက္ကစီကားကို တစ်ယောက်တည်း ငှားမစီးသွားစေချင်လို့ လိုက်ပို့မယ်ပြောတာ၊ တက္ကစီကားပေါ်မှာ တစ်ခုခုဖြစ်ရင် ကိုယ်ဘယ်လိုမှ သိနိုင်မှာမဟုတ်ဘူး"

"ဦးဇော်ထက်ကို အားနာလို့ပါ"

"အားနာရင် ဦးဇော်ထက်ဆိုတဲ့ အခေါ်အဝေါ် အစား တခြားတစ်ခုခုပြောင်းခေါ်၊ ကားနဲ့လိုက်ပို့ခိုင်းတာက အားနာစရာ မဟုတ်ဘူး၊ ကဲ. . . သွားစို့"

"ဟုတ်. . . ဟုတ်ကဲ့ပါ"

ဇော်ထက်ကပြောရင်းဆိုရင်းပင် မေသွယ့်ကို ဖေးမသည့်အနေနှင့် ကျောကို လက်တစ်ဖက်ဖြင့် သိုင်းဖက်ပြီး ခေါ်လာသည်



သူ့ဖေးမမှုကြောင့် စောစောက ကြောက်လန့်တုန်လှုပ်နေသည့်စိတ်များ ငြိမ်သက်အားရှိသော်လည်း ခန္ဓာကိုယ်ပေါ်ရောက်ရှိလာသည့် သူ့ထိတွေ့မှုကြောင့် ရင်ထဲမှာ ကတုန်ကရင်ကြီး လှုပ်ရှားသွားသည်။

ဇော်ထက်က လက်တစ်ဖက်ဖြင့်ကျောကို သိုင်းဖက်ထားရင်း ယုယုယယပင်ခေါ်သည်။ သူ့ပရာဒိုကားကြီးက အစည်းအရုံးဝင်းအဝင် လမ်းကုန်းအတက်လေးမှာ. . .။

သူက မေသွယ်တက်ရမည့် တံခါးကို အရင်ဖွင့်ပေးသည်။

"မေသွယ်. . . တက်"

မေသွယ် အသာလေးဝင်ထိုင်သည်။ သူကကားကို တစ်ဖက်ပတ်၍ ယဉ်မောင်းထိုင်ခုံရှိရာ တက်သွားသည်။ ထိုစဉ် မသိင်္ဂီဆိုသော အမျိုးသမီး ကားနားရောက်လာသည်။

"ကိုဇော် ဘယ်လျှောက်သွားတာလဲ၊ သိင်္ဂီလိုက်ရှာနေတာနဲ့နေပြီ၊ ခုလဲ ဘယ်သွားဦးမလို့လဲ"

"အော်. . . ခဏလေး အပြင်ထွက်မလို့သိင်္ဂီ၊ လာ. . . လာ၊ ဒီမှာ မိတ်ဆက်ပေးရဦးမယ်၊ သိင်္ဂီ ဒါ မေသွယ်၊ ဒီကားထဲမှာပါတဲ့ သင်တန်းဆင်းမင်းသမီးပဲ၊ မေသွယ် ဒါသိင်္ဂီ၊ မြကေခိုင် ထုတ်လုပ်ရေးဘ"

"အော်. . . ဟုတ်လား"

"ဟုတ်ကဲ့. . တွေ့ရတာဝမ်းသာပါတယ်ရှင်"

"အင်း. . အင်း"

သူတို့နှစ်ယောက်က မေသွယ့်ဘက် ပြန်ပတ်လာပြီး မိတ်ဆက်ပေးသဖြင့် မေသွယ်ကားပေါ်ကဆင်းပြီး နှုတ်ဆက်စကား ဆိုရ

သည်။

"ကဲ. . . ကိုယ်သွားမယ် သိင်္ဂီ၊ အထဲပြန်ဝင်ပြီး ဇာတ်လမ်း ဆက်ကြည့်နေ၊ မေသွယ့်အိမ်ပို့ပြီး ပြန်လာခဲ့မယ်၊ မေသွယ်. . တက်"

သည်တော့လည်း မသိင်္ဂီက ခေါင်းညိတ်ပြုံးပြနုတ်ဆက်၍ ကားနားမှာ ရပ်ကျန်နေခဲ့သည်။ ဇော်ထက်က ခပ်အေးအေးပင် ကားမောင်းထွက်လာခဲ့၏။

✦ ✦ ✦ ✦ ✦ ✦



(၇)

မှန်တံခါးတွေပိတ်ထားပြီး လေအေးစက်ဖွင့်ထားသဖြင့် ကားတွင်းမှာ အေးစိမ့်ပြီး ကား၏သစ်လွင်သောရနံ့၊ အဖိုးတန် ရေမွှေးနံ့တို့ ပေါင်း၍ လေထုက သင်းပျံ့နေသည်။

"မေသွယ် ကိုယ့်ကို ဘယ်လိုခေါ်မယ် စိတ်ကူးလဲ"

"ရှင် . . ."

"ကိုယ်ပြောထားတယ်လေ၊ ကိုယ့်ကို ဦးဇော်ထက်လို့မခေါ်နဲ့လို့၊ တစ်ခုခုပြောင်းခေါ်ဖို့ ဘယ်လိုခေါ်ရမလဲ မေးတာ"

"မေသွယ်. . မေသွယ် ဘယ်လိုခေါ်ရမလဲ"

"ဟား. . ဟား"

မေသွယ် ကြောက်ကြောက်လန့်လန့်ထစ်အပြီး ပြန်မေးသည်ကို ဘာသဘောကျသည်မသိ၊ သူက တဟားဟားရယ်သည်။ ပြီးမှ. .

"ခေါ် ချင်သလိုခေါ်ပါ မေသွယ်ရဲ့၊ ရင်းရင်းနှီးနှီး အဓိပ္ပါယ်ဆောင်တဲ့ တစ်ခုခုဖြစ်ရင် ပြီးရောပေါ့၊ ဦးဇော်ထက်ဆိုတာကသာ သိပ်စိမ်းနေလို့ပါ"

"ဦးဇော်လို့ ခေါ်ရမလား"

"အင်း. မဆိုးပါဘူး၊ စောစောကထက်စာရင်တော့ ပို ရင်းနှီးသွားတာပေါ့၊ နေဦးကွ၊ ကားက မောင်းလို့သာ မောင်းနေတာ၊ ဘယ်ပို့ပေးရမလဲ၊မေသွယ်ကဘယ်မှာနေလဲ"

မေသွယ်က လိပ်စာပြောလိုက်သည်။ သူကပြုံး၍ . . .

"အင်း. . ဒါလဲ မဆိုးပါဘူး၊ ဒီလမ်းတည့်တည့်ပဲ ဆက်မောင်းရမှာပဲ"

မေသွယ်ကဇော်ထက်၏လှုပ်ရှားမှု၊ ပြောပုံဆိုပုံ၊ ကားမောင်းပုံစသည်တို့ကို မသိမသာ ခိုးကြည့်နေမိသည်။

သည်ပုဂ္ဂိုလ်၏ ထူးခြားချက်က အစစအရာရာမှာ ရဲရင့်တိကျသေသပ်ခြင်းပင်ဖြစ်သည်။ သူ့တွင် ဘာတစ်ခုကိုမှ မဝံ့မရဲနှင့် တွန့်ဆုတ်ဆုတ်ဖြစ်နေတာမျိုး မရှိ။ အရာရာမှာ အောင်မြင်၊ လိုတာရပြီး ကိုယ်လုပ်ရင် ဘာမဆိုဖြစ်ရမည်ဆိုသော မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုက အပြည့်ရှိနေသဖြင့် သူ့ဟန်ပန်မှာ တိကျသေချာနေသည်။ ပျာယာခတ်တာမျိုး တွေဝေချိန့်နေတာမျိုး လုံးဝမရှိ။

သို့အတွက် သူနှင့်ရင်ဆိုင်ရသူတိုင်းမှာ သူ့ဩဇာကို လွန်ဆန်ဖို့ သိပ်ခက်သွားမှာ အမှန်။ မေသွယ်ကိုယ်တိုင်လည်း သည်အတိုင်းဖြစ်နေသည်။ ရင်ထဲမှာ မခံချိမခံသာတော့ ဖြစ်ရသည်။ ဘာကြောင့် သူ့သဘောဆန္ဒအတိုင်းချည်း ဖြစ်ရမှာလဲ၊ ဘာလို့ သူ့ကို မလွန်ဆန်ရမှာလဲ၊ ဘာအတွက် သူ့လွှမ်းမိုးမှုကို အညံ့ခံလိုက်ရမှာလဲ။

သည်တစ်ခါ တစ်ခုခုပြောလာလျှင် ဆန့်ကျင်ဘက်ပြန်ပြောမည်ဟု စဉ်းစားသည်။ သို့သော် သူက ဘာမှမပြောတော့။ မကြာခင် ကားလေးက မေသွယ်နေသည့် တိုက်ခန်းလေးရှေ့ ရောက်လာသည်။ ဇော်ထက်က ကားလေးညင်သာစွာ ရပ်လိုက်သည်။

"ဒါ. . မေသွယ့် ကိုယ်ပိုင်တိုက်ခန်းလား၊ နေတော့ကော တစ်ယောက်တည်းနေတာလား"

"မဟုတ်ပါဘူး၊ ချို့မာ့အတွက် ကိုဖုန်းက ငှားပေးထားတာ မေသွယ်က ချို့မာနဲ့ ကပ်နေတာ"



"အော် . . ."

တိုက်ခန်းက မြေညီထပ်မဟုတ်၊ ပထမထပ်မှာဖြစ်သည်။ ဇော်ထက်က အပေါ်ထပ်တက်သည့်လှေခါးကို လှမ်းကြည့်ပြီး-

"လှေခါးမှာ မီးမရှိဘူးလား"

"ရှိတော့ရှိတယ်၊ မီးလုံးကျွမ်းနေလားမသိပါဘူး၊ မလင်းတာ သုံးလေးရက်ရှိပြီ"

"အင်း. . . အဲဒါဆို ရှေ့ကသွား၊ အခန်းပေါက်အထိ ကိုယ်လိုက်ပို့မယ်"

"အာ. . နေပါစေ ရပါတယ်၊ ဒီမှာတော့ ဘာမှဖြစ်စရာ မရှိဘူး၊ စိတ်ချ"

ကားပေါ် ထိုင်နေလျက်ကနေ ဇော်ထက်က ခပ်စူးစူး စိုက်စိုက် လှည့်ကြည့်သည်။ အတန်ကြာစိုက်ကြည့်ပြီးမှ. .

"ကိုယ် စိတ်မချဘူး"

"ဟင်. . . ."

မေသွယ် သက်ပြင်းချသည်။ သူ့ကြောင့် သူ့ဆုံးဖြတ်ချက်၊သူ့ပုံစံက ငြင်းနေလဲ အပိုသာဖြစ်မည်ဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

"ကဲ. . လိုက်ချင်လဲ ကိုယ်သဘောနဲ့ကိုယ်သာ လိုက်ခဲ့ပေတော့။ ပင်ပန်းမှာစိုးလို့ ပြောတာတော်ရေ့"ဟု စိတ်ထဲက ပြောလိုက်သည်။

မေသွယ် ကားပေါ်က ဆင်းပြီးချိန်မှာ သူလည်း အောက်ရောက်နေပြီးဖြစ်သည်။ လှေခါးပေါ် တက်ချိန်တွင် မေသွယ်အား ရှေ့တင်၍ သူက နောက်ကလိုက်သည်။

မေသွယ်သံတခါးသော့ကို ဖွင့်နေသည်ကို အစအဆုံးစော
ကြည့်သည်။ မေသွယ်က သော့ဖွင့်၊ သံတခါးဖွင့်ပြီး အထဲက သစ်သား
တံခါးကို တွန်းဖွင့်သည်။ ပြီးမှ နောက်ပြန်လှည့်၍ 'ရပြီ ဦးဇော်
ကျေးဇူးတင်ပါတယ်' ဟုပြောရန် ပြင်လိုက်သည်။

ထိုစဉ် မေသွယ်လုံးဝမျှော်လင့်မထားသော ဖြစ်ရပ်တစ်ခု
လျှပ်တပြက် ဖြစ်ပွားသွားသည်။ မေသွယ် ပြန်လှည့်လိုက်ချိန်မှာ
ဇော်ထက်နှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။ မေသွယ် ကျေး
စကားပြောရန် ပြင်လိုက်ချိန်မှာ ဇော်ထက်လက်ကာ၍ ဘာမှမပြော
ရန် တားလိုက်သည်။ ထို့နောက် ဘာမပြော ညာမပြောနှင့် မေသွ
ပါးလေးနှစ်ဖက်ကို တစ်ချက်စီ သွက်သွက်နမ်းလိုက်သည်။ မေသွ
အံ့အားသင့်လွန်းသဖြင့် ကြောင်ကြည့်နေဆဲ သူက ပြုံး၍..

"မေသွယ့်ကို ကိုယ် အရမ်းသဘောကျတယ်၊ နောက်
တွေ့မယ်နော် ချာတိတ်၊ သွားမယ်"

တကယ့်ကို အပိုင်လုပ်သွားသည့်ပုံစံ၊ သည်လိုလုပ်လို
သည့်အတွက် ဘာမှပြဿနာမရှိဟု လုံးဝတွက်ဆထားသည့် ပုံ

'နောက်မှတွေ့မယ်နော်' ဟု ပြောချိန်မှာ မေသွယ်ခေါ
လေးကို လက်ဖြင့်တောင် 'အသာပုတ်သွားလိုက်သေးသည်။
တော့ ဘာမှမဖြစ်သည့်ပုံစံဖြင့် လှေခါးအတိုင်း ခပ်အေးအေး ဆ
သွားသည်။ မေသွယ်ပါးလေးနှစ်ဖက်မှာသာ နွေးကျန်နေခဲ့၏။

"တောက်"

မေသွယ်အခန်းထဲပြန်ရောက်ပြီး သစ်သားတံခါးကို ဒေါ
ဖြင့် ဆောင့်ပိတ်လိုက်ချိန်မှာ ပါးစပ်ကလည်း တောက်တစ်ချ
ခတ် လိုက်သည်။ ဒေါသက ခုမှ တရိပ်ရိပ်တက်လာခြင်းဖြစ်



ကိုယ့်ကိုကိုယ်လည်း လုံးဝ မကျေနပ်။

"ငါဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ သူနဲ့ကျမှ ငါဒီလောက်
ညံ့သွားရတာလဲ၊ အမှန်က ငါ့ပါးကို သူနမ်းလိုက်တာနဲ့ သူ့ပါးကို
ငါ့လက်ဝါးနဲ့ ဘယ်ပြန်ညာပြန်ရိုက်ထည့်လိုက်မှာ။

ငါ့ကို ဘာမပြောညာမပြောနဲ့ လဲ နမ်းသေးတယ်၊ ပြီးတော့
ခေါင်းပုတ်ပြီး ချာတိတ်တဲ့။ အဲဒါကို ငါက ဘာဖြစ်လို့ ငြိမ်နေလိုက်ရ
တာလဲ၊ သူ့ခေါင်းကို ငါဘာဖြစ်လို့ တစ်ခုခုနဲ့ ရိုက်မခွဲလိုက်ရတာလဲ'

ဒေါသဖြစ်ဖြစ်နှင့် စောစောကကျော့ဖြင့် ဆောင့်ပိတ်ထား
သော တံခါးနားမှာပင် ငုတ်တုတ်ထိုင်ချလိုက်သည်။ ပြီးတော့ သူ
နမ်းသွားသော ပါးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ခပ်ကြမ်းကြမ်း
သုံးလေးငါးခါ ပွတ်ပစ်လိုက်သည်။

ပြီးတော့ စိတ်တိုတိုနှင့် ခေါင်းပေါ်ကဆံပင်တွေ အားလုံးကို
လည်း လက်ဖြင့်ထိုးဖွကုတ်ခြစ်ရင်း 'ဟင်းဟင်း . . ဟီးဟီး' ဟု မကျေ
နပ်နှင့် ငြီးတွားအော်ဟစ်ပစ်လိုက်၏။

+ + + + + +

(၈)

ထိုညမှာ မေသွယ် အိပ်မက်ဆိုးတွေ ပြန်မက်သည်။

သူမ မှတ်မိသလောက် သည်အိပ်မက်တွေ မမက်တော
တာသုံးလေးငါးလရှိပြီးဖြစ်သည်။ လွန်ခဲ့သည့် သုံးနှစ် ပတ်ဝန်းကျ
လောက်ကတော့ မကြာခဏကိုမက်သည်။ မက်ပြီးတိုင်းလည်း တ
လှုပ်ခြောက်ခြားစွာဖြင့် မျက်ရည်ကျရင်း လန့်နိုးလာရစမြဲ။

ခုလည်း အမှောင်ထဲမှာ လန်နိုးလာတော့ ဆောင်းတွင်း
မှာချွေးတွေပြန်နေသည်။ မျက်နှာပေါ်မှာလည်း မျက်ရည်စတွေ

အမှောင်ထဲမှာ ထထိုင်ရင်း ပတ်ဝန်းကျင်၌ သူမကြုံတွေ့
ရသည့် အန္တရာယ်ကို ရှာနေမိသည်။ ခဏကြာမှ အိပ်မက်ပါလား
သတိထားမိသည်။ တစ်ဆက်တည်းမှာလည်း အိပ်မက်တွေ ပြန်မ
နေပါဝကောဟု ထိတ်လန့်သွားသည်။

"ဟူး"

မေသွယ်လေပူတစ်ချက်မှုတ်ထုတ်၍ ခေါင်းရင်းက
လုတ်ကို ဖွင့်လိုက်သည်။ အခန်းထဲမှာ လင်းသွားပြီး ချိုမာ့ဘက်
ခုတင် လွတ်နေသည်ကို တွေ့ရသည်။

ချိုမာ ဘယ်ရောက်နေလဲ။ အိပ်ရာမှ လန့်နိုးစ နဝေ



ောင်ဖြစ်နေသော စိတ်ကို ခဏတည်ငြိမ်အောင်လုပ်ပြီး စဉ်စား
ောာ့မှ ချိုမာ၊ ကိုဖုန်းနှင့်အတူ ညက ဧည့်ခံပွဲမှာ ကျန်နေခဲ့ကြောင်း
အမှတ်ရသည်။

ပြီးတော့ လူရမ်းကားတစ်ခုက သူမအား အကြမ်းဖက်ခဲ့ပုံ၊
ော်ထက် ကယ်တင်ပြီး အိမ်လိုက်ပို့ခဲ့ပုံ၊ ပြီးတော့ အလစ်အငိုက်
မ်း၍ နမ်းပြီးထွက်သွားပုံတို့ကို ရုပ်ရှင်အနှေးပြသလို ပြန်မြင်သည်။

အင်း. . ဒါတွေကြောင့် ဒီအိပ်မက်ဆိုးတွေ ပြန်မက်တာ
ဖြစ်မယ်ဟုတွေးမိသည်။ အိပ်မက်တွေက ဒီလိုပဲ အကြမ်းပတမ်းမှု
တွေနှင့် ဆက်စပ်နေသည်။ လွန်ခဲ့သော သုံးနှစ်လောက်တုန်းကဆို
ျှင် ညစဉ်လိုလို ထပ်ပြန်တလဲလဲ မက်ခဲ့သည်။ ထိုအိပ်မက်ဆိုးများ
၏အန္တရာယ်က လွတ်မြောက်ခဲ့သည်မှာ ဘယ်လောက်မှမကြာသေး။
ုတော့ ဒါတွေနှင့် ပြန်ရင်ဆိုင်ရပြန်ပြီ။

မေသွယ် ဆက်အိပ်ချင်စိတ်မရှိတော့သဖြင့် ဧည့်ခန်းဘက်
ွက်လာခဲ့သည်။ မီးဖွင့်ကြည့်လိုက်သောအခါ သန်းခေါင်ကျော်
စ်နာရီပဲ ရှိသေးသည်ကို တွေ့ရသည်။

မေသွယ် အိမ်ရှေ့တံခါးကို ဖွင့်လိုက်၏။ ညဉ့်လေအေးက
ာန်းဆန်းသွားအောင် မျက်နှာသစ်ပေးလိုက်သလို ဖြစ်သွားသည်။
အမှောင်ထဲမှာ တိတ်ဆိတ်ငြိမ်သက်လျှက်ရှိသော ရန်ကုန်မြို့ကြီးရှိ
နေ၏။ အိမ်နီးနားချင်း ပတ်ဝန်းကျင်မှာလည်း သူမလို ညကြီး
အိပ်မက်ဆိုးတွေမက်၍ ဝရံတာထွက်လာသူ တစ်ယောက်မှမရှိ။

သူမတစ်ယောက်တည်းသာ သည်လိုဖြစ်နေရသည်လေ။

✦ ✦ ✦ ✦ ✦ ✦

မေသွယ်က ပါးနှစ်ဖက်ကို လက်ဖြင့် စမ်းလိုက်သည်။

သူ နမ်းသွားသည့် နေရာတွေက အခြားနေရာများနှင့် မတူဘဲ ခုတိုင် ထူးခြားသိသာနေသေးသည်။

ထို့အတူ လူရမ်းကားတွေ အတင်းအကြမ်းပတမ်းလုပ်ခဲ့စဉ်က ချုပ်ကိုင်ထားခဲ့သော လက်ကောက်ဝတ်များ၊ လက်မောင်းသားများ စသည်တို့ကလည်း ခုတိုင် နာကျင်နေသေးသည်။

မေသွယ် သက်ပြင်းချလိုက်၏။ အိပ်မက်ဆိုး ဆိုသည်များသည် တကယ်တော့ အိပ်မက်များ မဟုတ်ကြ။ တစ်ခါတုန်းက သူမ တကယ် ကြုံတွေ့ခဲ့ရသည့် ခြောက်ခြားဖွယ်အဖြစ်အပျက်တစ်ခုကို ဘယ်လိုမှ မမေ့နိုင်ဘဲ အိပ်မက်အဖြစ် ပြန်လည်မြင်ယောင်ခြင်းသာ ဖြစ်သည်။

ထိုအိပ်မက်များ တကယ်ဖြစ်သွားခဲ့စဉ်က မေသွယ့် အသက် ဆယ့်ရှစ်နှစ်သာသာပဲ ရှိဦးမည်။

တကယ့်ပျိုနုဆဲကာလလောကကြီးမှာ ဒီလိုအနိဋ္ဌာရုံတွေ ဘယ်လိုမှရှိနေမည်မထင်ဘဲ တစ်လောကလုံးကို လှပစွာဖြင့် အကောင်းချည်း မြင်နေသောကာလ . . .။

ခု မေသွယ်အသက်က နှစ်ဆယ့်တစ်ကျော်ခဲ့ပြီ၊ ပြီးခဲ့သည့် လက နှစ်ဆယ့်တစ် ပြည့်ခဲ့၏။ ခုချိန်မှာတော့ လောကကြီးကို အကောင်းချည်း မမြင်တော့။ မရင့်ရော်သေးသော်လည်း ကလေးဆန်သောအတွေးများကိုတော့ ခေါင်းထဲက ဖယ်ထုတ်နိုင်ခဲ့ပြီ။ အထူးသဖြင့် ယောကျာ်းများအပေါ် ထားရှိသော သဘောထားကတော့ လွန်ခဲ့သည့်သုံးနှစ်နှင့် ဘာမှမဆိုင်တော့။



ဘဝဆိုတာ ဒီလိုပဲ၊ ဖြတ်သန်းကျော်လွှားရတာမျိုးပဲလား။
ဆက်၍ မအိပ်ချင်တော့သဖြင့် ဆောင်းလေအေးအေးသန့်သန့်လေးများ တဝရှူနိုင်သော ဝရံတာတံခါးအနီးသို့ ကြိမ်ဆက်တီ ကုလားထိုင်တစ်လုံး ယူချပြီး ထိုင်လိုက်သည်။

ဝရံတာလက်ရမ်းကိုကျော်၍ ကောင်းကင်အမှောင်ကြီးကို မြင်နေရသည်။မှောင်ဆိုသော်လည်း လင်းလက်နေသောကြယ်လေးတွေ ပြိုးပြိုးပြောက်ပြောက်တော့ ရှိနေသည်။

အတွေးများသည် ဖြတ်သန်းခဲ့ရသော အတိတ်ဆီရောက်ရှိများသည်။ နက်မှောင်သောကောင်းကင်ပိတ်ကားကြီးပေါ်မှ ငယ်ဘဝပုံရိပ်များသည် ရုပ်ရှင်ကားတစ်ခုသဖွယ် ပေါ်လာသည်။ ခုဟာကတော့ နိုးလျက်နှင့်မက်သော အိပ်မက်။

\+ + + + + +

(၄)

သူငယ်ချင်းချိုမာကိုအဖော်ပြု၍ မေသွယ်ရန်ကုန်သို့ တစ် ယောက်တည်း ထွက်လာခဲ့သည်မှာ သုံးနှစ်လောက်ရှိပြီဖြစ်သည်။

ခုချိန်မှာ သူမ ပတ်ဝန်းကျင်၌ ချိုမာကလွဲ၍ မေသွယ့်ကို 'မန်းရွှေပြည်ဦးဘသွယ်'၏ မြေးအရင်းဟု သိသူမရှိတော့။

ကြာတော့လည်း ချိုမာပင် ဤကိစ္စကို မေ့နေပြီလား မဆိုနိုင် တစ်ခါမှ စကားစပ်ပြီး ဘိုးဘိုးအကြောင်း မေးလေ့မေးထမရှိတော့။

အင်းလေ. . ချိုမာ မပြောပါနဲ့! မေသွယ်ကပင် တစ်ခါတစ် ကိုယ့်ဖာသာကိုယ် ဦးဘသွယ်မြေးဆိုတာ မေ့နေမိသည်။ မန်းရွှေပြည် ဦးဘသွယ်၏ မြေးဘဝနှင့် အခုတစ်ယောက်တည်း ရုန်းကန်လှုပ်ရှား နေသည့်ဘဝ၊ ဘဝချင်းက ဘာမှ မဆိုင်တော့ဘဲ. . .။

မန်းရွှေပြည်ဦးဘသွယ်ဆိုသည်က အထက်မြန်မာပြည် စီးပွားရေးလောကတွင် နေလိုလို ထင်ရှားသူပုဂ္ဂိုလ်ကြီး။ မန်းရွှေပြ စီးပွားရေး ကုမ္ပဏီလုပ်ငန်းများက မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ မိုးကုတ် လားရှိုး၊ မူဆယ်၊ မိတ္ထီလာ၊ တောင်ကြီး၊ တာချီလိတ်စသဖြင့် နှ ပေါင်းများစွာ ဖြန့်ကျက်ထားသည်။

ပြီးတော့ ခုမှထပြီး ပေါ်လာသည့် ရွှေကြာပင် စီးပွား



သမားမျိုး ဘိုးဘိုးကမဟုတ်၊ ဟိုး လွတ်လပ်ရေးခေတ်ကတည်းက 'မန်းရွှေပြည်' ရှိခဲ့သည်။ နောက်ပိုင်း စီးပွားရေးစနစ်ပြောင်းတော့ လည်း သူ့နည်းသူ့ဟန်ဖြင့် အလိုက်သင့်ရှိနေခဲ့သည်။ ဈေးကွက် စီးပွား ရေးခေတ်ကတော့ အများကြီး ဖွံ့ဖြိုးကျယ်ပြန့်သွားသည်။

ဘိုးဘိုးဦးဘသွယ် အရိပ်အာဝါသမှ ကင်းကွာခဲ့ရသည်မှာ မေသွယ့်အတွက် ခုအကြိမ်သည် ပထမအကြိမ်မဟုတ်။ မေမေ့ လက်ထက်ကတည်းက ဘိုးဘိုးအရိပ်အာဝါသမှနေ တစ်ကြိမ် ခွဲခွာခဲ့ရ သေးသည်။

မေမေ ဒေါ်ပတ္တာမြားသွယ်က ဖေဖေဦးကျော့မောင်ကို ချစ်မိ သွားသောအခါ ဘိုးဘိုးဦးဘသွယ်က အကြီးအကျယ် ကန့်ကွက်ခဲ့ သည်။ ရန်ကုန်မှ မန္တလေးသို့ အလုပ်ကိစ္စတစ်ခုဖြင့် ရောက်လာသော ကိုကျော့မောင်က အနုပညာအရသာ နာမည်ကြီး၍ ပိုက်ဆံမရှိသော န်းချီဆရာတစ်ဦး။

လူထုစာအုပ်တိုက်နှင့် ပန်းချီပေါ်ဦးသက်တို့ကို အကြောင်း ပြု၍ မန္တလေးက ပန်းချီဆွဲရင်း မန်းတောင်ထိပ်မှာ ဦးဘသွယ်သမီး တ္တာမြားသွယ်နှင့် စတင်တွေ့ဆုံချစ်ကြိုးသွယ်ခဲ့သည်။

မန်းရွှေပြည်ဦးဘသွယ်သမီးနှင့် ပန်းချီဆရာလေးတို့ အချစ် တတ်လမ်းက သူ့ခေတ်နှင့်သူတော့ အတော်လှုသိများပြီး ပြောစမှတ် ပြုခဲ့ရသည်ဟု မေမေက မေသွယ့်ကို မကြာခဏပြောပြဖူးသည်။

ထိုစဉ်က မေမေ့မျက်လုံးများမှာ မျက်ရည်စများနှင့်အတူ ကြကွဲရိပ်များ ပြည့်နေခဲ့သည်ကို မေသွယ် သတိထားမိခဲ့သည်။

မေမေနှင့်ဖေဖေ့ကို ဘိုးဘိုးက သဘောမတူသောအခါ မေ က ဘိုးဘိုး၏ အရိပ်အာဝါသကို စွန့်ပြီး ရန်ကုန်သို့ ဖေဖေနှင့်လိုက်

ခဲ့သည်။ ဘိုးဘိုးကလည်း တိုင်းသိပြည်သိပင် အမွေပြတ် စွန့်လွှတ်ခဲ့သည်။ ပတ္တမြားသွယ်က ကိုကျော့မောင်အတွက် သမီးလေး မေသွယ့်ကို မွေးဖွားပေးခဲ့သည်။ သို့သော် ဖေဖေကသမီးလေးမေသွယ့်ကို ကြာရှည်စွာ ချစ်မြတ်နိုး ယုယခြင်း မပြုလိုက်ရ။ မေသွယ် တစ်နှစ်သမီးသာသာမှာ အိမ်ရှေ့တွင် လူနှစ်ယောက် တုတ်ဘပြက်၊ ဓါးဘပြက် ရန်ဖြစ်ကြသည်ကို ဝင်ဖြေရင်း ကြားက ဓားထိုးခံရ၍ ကွယ်လွန်သွားသည်။

ထိုအချိန်တွင် ဘိုးဘိုးက လူလွှတ်၍ ပြန်လာချင်လျှင် လာခဲ့ဖို့ပြောသေးသည်။ မေမေက မပြန်၊ ဖေဖေ့လက်ရာ ဖန်းချီကားလေးများ ရောင်းချ၍ အိမ်ဆိုင်လေးတစ်ခုတည်ပြီး၊ ရန်ကုန်မှာပဲ ချို့ချို့ငဲ့ငဲ့နေခဲ့သည်။ မေသွယ်·၁၀-နှစ်သမီးကျမှ မေမေ ကွယ်လွန်သွားခြင်းဖြစ်၏။

မေမေဆုံးသွားသည်မှာလည်း အိပ်မက်ဆန်၊ မျက်လှည့်ဆန်လှသည်။ ပထမနေ့က မေသွယ် ကျောင်းသွားနေတုန်းမှာ မေမေသံစူးသည်။ မေသွယ် ကျောင်းကပြန်လာချိန်မှာ မေမေ့ခြေထောက်၌ ပတ်တီးစီးထား၍ မေသွယ် သိလိုက်ခြင်းဖြစ်သည်။ သို့သော် မေမေက အကောင်း၊ သည်အတိုင်းပဲ လုပ်စရာရှိတာ လုပ်နေသည်။

ညကျတော့ မေမေဖျားသည်။ နောက်တစ်နေ့ကျတော့ အရမ်းအဖျားကြီးပြီး ကယောင်ကတမ်းတွေပြောဆိုနေရာက သတိလစ် မေ့နိုင်ပြီး ညနေစောင်းမှာ မေမေ ဆုံးသွားသည်။

သို့ဖြင့် မေသွယ် မန္တလေးရောက်သွားပြီး ဦးဘသွယ်၏ မြေးပြန်ဖြစ်သွားခြင်းဖြစ်၏။ ထိုအချိန်မှာ မေသွယ်နှင့် ညီအစ်မ တစ်ဝမ်းကွဲ ချောချောသွယ်ခေါ် ချောချောကလည်း မန္တလေးမှာရှိသည်။



ချောချောကလည်း ဖိုးဖိုးမြေးပင်ဖြစ်သည်။ မေမေ့အစ်ကို ဦးခင်မောင်သွယ်၏ သမီး၊ မေမေတို့မှာ မောင်နှမ နှစ်ယောက်သာရှိရာမှ ဘဘဦးခင်မောင်သွယ်က အရင် အိမ်ထောင်ကျသည်။ မန္တလေးမှာပဲ အိမ်ခွဲနေသည်။

ချောချော ခြောက်နှစ်သမီးလောက်အရောက်မှာ ဦးခင်မောင်သွယ်သည် ဘယ်လို ဘိုးတော်လိုလို၊ ဝိဇ္ဇာလိုင်းလိုလိုဘက်မှာ အားသန်သွားသည်မသိ။ လုပ်လက်စ စီးပွားရေးလုပ်ငန်းအားလုံး ပစ်ထားခဲ့ပြီး ဘိုး တော်တစ်ယောက်နှင့် ရှမ်းပြည်ဘက်ပါသွားသည်။ မိသားစုကိုလည်း သည်အတိုင်း ထားခဲ့သည်။ လေးငါးနှစ်လောက်ဘာသတင်းမှမကြားရဘဲ ပျောက်သွားရာက နောက်ပိုင်းမှာ ကလေးဝမဟာမြိုင်တောဘက်မှာ ငှက်ဖျားမိပြီး ဆုံးသွားသလိုလို ကြားရသည်။ ဘာသတင်းမှတော့ အတိအကျမရ။

ချောချောမိခင်က ဦးခင်မောင်သွယ် ထွက်သွားပြီး တစ်နှစ်မပြည့်မီ နောက်အိမ်ထောင်ပြုလိုက်သည်။ နောက်အိမ်ထောင်ကလည်း မြို့ပေါ်က ပိုက်ဆံရှိ အသိုင်းအဝိုင်းကပဲဖြစ်ရာ ချောချောဘဝက ဘာမှ အချို့အငဲ့မရှိဘဲ အဆင်ပြေသည်။

ချောချောမိခင်က ကိုယ့်အိမ်ထောင်သစ်နှင့်ကိုယ် ချမ်းချမ်းသာသာ နေရသော်လည်း ဦးဘသွယ်မှာ သားထောက်သမီးခံ မရှိတော့ဘဲ အမွေဆက်ခံရေးက မြေးများအတွက်သာရှိတော့သည်မို့ သူမကိုယ်တိုင် ဦးဘသွယ်ဆီ မလာသော်လည်း ချောချောကိုတော့ အဖိုးအိမ် မကြာခဏ ပို့ပို့ထားသည်။ သို့ဖြင့် မေသွယ် ကျောင်းဆက်တက်သောအခါ ချောချောနှင့် အဖော်ပြု၍ တစ်ကျောင်းတည်း တက်ရသည်။ သို့သော် အတန်းချင်းတော့မတူ။ ချောချောက နှစ်နှစ်

လောက် ကြီးသဖြင့် အတန်းကြီးသည်။

ဘိုးဘိုးအိမ်မှာနေစဉ် ချောချောအပြင် နောက်ထပ်အဖော်ပြုရသည့် မေသွယ့်အဖော်က အန်တီမြဖြစ်၏။

+ + + + + +

မေသွယ် ကျောင်းနေစောခဲ့သဖြင့် အသက်ဆယ့်ခြောက်နှစ်ပြည့်သည့်နှစ်မှာပဲ ဆယ်တန်းအောင်သည်။

ဆယ်တန်းကို နှစ်ချင်းပေါက်အောင်ချင်၍သာ အောင်ခဲ့သည်။ မှန်တာပြောရလျှင် မေသွယ် ကျောင်းစာကို စိတ်မဝင်စား။ အဖေက ပန်းချီဆရာမို့ အနုပညာချင်း နှီးနွယ်ပြီး ဝါသနာပါခဲ့သလားတော့ မပြောတတ်။ ကျောင်းစာထက် ဆိုတာ ကတာ သရုပ်ဆောင်ရတာမျိုးတွေကို ပိုဝါသနာပါစိတ်ဝင်စားသည်။

မန္တလေးဆိုတာကလည်း အနုပညာမြို့တော်မို့ ဒါတွေ ဝါသနာပါလျှင် ဝင်လှုပ်ရှားဖို့နေရာကမရှား။ ကျောင်းကပွဲတွေမှာလည်း ကျရာနေရာ ဝင်ကခုန်သီဆို သရုပ်ဆောင်သည်။ သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ သင်္ကြန်ပွဲစသည်တို့မှာလည်း ကျောင်းစင်၊ ရပ်ကွက်စင်၊ ရရာနေရာမှာ ဝင်ကသည်။

ဒါတွေလုပ်နေသည်ကို ကိုယ့်အလုပ်နှင့် ကိုယ်ရှုပ်နေသော ဘိုးဘိုးကတော့ မသိ။ ဘိုးဘိုးမသိအောင် အန်တီမြနှင့် နားလည်မှုယူပြီး မေသွယ် လျှောက်လုပ်နေခြင်းဖြစ်သည်။

ဆယ်တန်းအောင်မြင်ပြီး မန္တလေးတက္ကသိုလ် ဆက်တက်တော့လည်း တက္ကသိုလ်အနုပညာအသင်းမှာ သီချင်းဆို၊ ပြဇာတ်က



ဝင်လုပ်သည်။ သို့သော် တက္ကသိုလ်ရောက်ချိန်မှာတော့ ဆယ်တန်းတက်တုန်းကလောက် မေသွယ် မလွတ်လပ်တော့။

အရွယ်လေးလည်းရောက်၊ လှလည်းလှပသော သူ့မြေးကို ဘိုးဘိုးတစ်ယောက် စိတ်ချလက်ချပစ်မထားတော့။ ဆယ်တန်းဖြေပြီး တက္ကသိုလ်မတက်ခင်စပ်ကြား ခြောက်လခွန်စ်လလောက်ကျောင်းနားနေရချိန်ကတည်းက ဘိုးဘိုးကမေသွယ့်ကို သူ့အလုပ်ထဲ ဆွဲသွင်းသည်။ လုပ်ငန်းကိုင်ငန်း၊ စာရင်းဇယားတွေ ပြပေး သင်ပေးသည်။ လုပ်ငန်းခွဲများရှိရာ နယ်များသို့ ခရီးထွက်လျှင် ခေါ်သွားသည်။ သမီးမှာသင်ခန်းစာရခဲ့သော ဘိုးဘိုးက မြေးမှာ သည်လို ထပ်အဖြစ်မခံနိုင်တော့တာလည်း ပါမည်ထင်သည်။

သွားရင်းလာရင်းလည်း မေသွယ့်ကို သူ့ရည်ရွယ်ချက်တွေ ရှင်းပြသည်။

"တကယ်တမ်းကျတော့ ဘိုးဘိုးမှာ ဒီလုပ်ငန်းတွေလွှဲစရာ အမွေဆက်ခံသူမရှိဘူး မြေး၊ ဘိုးဘိုးဆီက တရားဝင်အမွေရစရာဆိုလို့ ခင်မောင်သွယ့်သမီး ချောချောနဲ့ မြေးပဲရှိတယ်၊ ချောချောလည်း ဘိုးဘိုး တခြားပစ္စည်းဥစ္စာငွေကြေးတွေ ပေးခဲ့မှာပါ၊ ဒါပေမယ့် မန်းရွှေပြည်လုပ်ငန်း အားလုံးကိုတော့ ငါ့မြေးကိုပဲ လွှဲချင်တယ်"

တစ်ခါတလေ ချောချောကို ဘာဖြစ်လို့ လုပ်ငန်းမလွှဲချင်တာလဲ မေးကြည့်သောအခါ. . .

"ချောချောက တစ်မျိုးမြေးရဲ့၊ ခင်မောင်သွယ်နဲ့ သိပ်မတူဘဲ အမေနဲ့ပိုတူတယ်၊ နည်းနည်းလေးမှ အနာမခံနိုင်ဘူး၊ အမြဲတမ်းကိုယ့်ဘက်က အသာစည်း လိုချင်တယ်၊ အဲဒီလိုလူမျိုး ဘိုးဘိုးနေရာမှာ ဝင်လာရင် နာမည်ကောင်းခဲ့တဲ့ မန်းရွှေပြည်လုပ်ငန်းတွေ နာမည်

ပျက်သွားမှာပေါ့။ ဘိုးဘိုးတစ်သက်လုံး စိတ်ကောင်းစေတနာကောင်းနဲ့ သူ့ဘက် ကိုယ့်ဘက်မျှလုပ်ခဲ့လို့ ခုထိ မန်းရွှေပြည် တည်တံ့နေတာပါ"

လုပ်ငန်းပိုင်ဆိုင်ရာ လွှဲချင်သလို မေသွယ်အတွက် အိမ်ထောင်ဖက်ကိုလည်း သူကိုယ်တိုင် ရွေးချယ်ပေးခဲ့ချင်ပုံရသည်။

မေသွယ်တက္ကသိုလ်တက်သောအခါ အချိန်ပြည့်တော့ အလုပ်ထဲ မဝင်နိုင်းတော့။ သို့သော် အချိန်ရ ရသလို ဝင်ပါစေသည်။ မင်းပွဲစိုးပွဲ၊ ညီခံပွဲ စသည်ဖြင့် ဘာပွဲသွားသွား အမြဲခေါ်၍ မေသွယ့်ကို ပွဲထုတ်သည်။ ပြီးလျှင်လည်း မြေးကို ဟိုလူ့ သဘောမကျဘူးလား ဒီလူ့ သဘောမကျဘူးလား၊ ဟိုလူကတော့ လုပ်ငန်းကို ဘယ်လိုလုပ်ပြီး ကြီးပွားနေတာ၊ ဒီလူကတော့ ဘယ်ဘက်က ဘယ်လိုထူးချွန်တာ စသည်ဖြင့် နှစ်ကိုယ်ကြား အမြဲပြောသည်။

ထို့အတူ ဒီလူမျိုးကိုတော့ ဘယ်တော့မှစိတ်မဝင်စားနဲ့ မြေး ဒီလိုလူမျိုးတွေက ဘာဖြစ်တာ ညာဖြစ်တာစသည်ဖြင့် ရှောင်ရန်တွေ လည်း သင်ပေးသည်။ မေသွယ့်ဘဝမှာ ခုချိန်ထိ အိပ်မက်ဆိုးများ ထပ်ချပ်လိုက်ပါနေသော ကိစ္စက ထိုသို့သော ရွေးချယ်ပေးမှုကို အကြောင်းပြု၍ ဖြစ်လာခြင်းဖြစ်သည်။

အံ့ဩစရာကောင်းသည်က ထိုပြဿနာမှာ အဓိကတရား၏ ဖြစ်သည့် 'ဝင်းကျော်'သည် အင်မတန်လူကဲခတ်ကောင်းသည့် စီးပွား ရေးပဂေးကြီး ဘိုးဘိုး ဦးဘသွယ်ကိုယ်တိုင် သဘောကျ၍ ရွေးချယ် ပေးခဲ့သူဖြစ်နေခြင်းပင်၊ ဖြစ်၏။

# အပိုင်း-၂

## နှလုံးသားရေခဲပြင်ကို ထိုးခွဲပိုင်စိုးသူ

(၁)

ဝင်းကျော်က ရန်ကုန်အခြေစိုက် ဘဏ်လီမိတက်တစ်ခု၏ ဥက္ကဋ္ဌသားဖြစ်ပြီး မန္တလေးဘဏ်ခွဲ ကြီးကြပ်အုပ်ချုပ်သူအနေနှင့် မကြာသေးမီကမှ ရောက်လာသူဖြစ်သည်။

ဘဏ်လုပ်ငန်းကြီးကြပ်သူဆိုသော်လည်း လူကသိပ်မကြီး သေး။ ၂၈၊ ၂၉ ပတ်ဝန်းကျင်လောက်ပဲရှိဦးမည်။ သည်ကြားထဲ လူက ဖြူဖြူနုနုချောချောမို့ ရှိရင်းစွဲ အသက်ထက်ဝက် ပိုငယ်ပုံရသေး၏။

ဘဏ်ဖွင့်ပွဲနေ့မှာပင် ဝင်းကျော်နှင့်မေသွယ် စတင်ဆုံတွေ့ သည်။ သည့်နောက်ပိုင်းမှာ ဝင်းကျော်က မန်းရွှေပြည်ကို မကြာ ခဏလာသည်။ ဘိုးဘိုး၏ဖိတ်ကြားချက်အရ အိမ်ကိုလည်း လာလည် တတ်သည်။

မှန်တာပြောရရင် ထိုအချိန်မှာ မေသွယ်က ၁၈ နှစ်ပြည့် သည် ဆိုရုံလေး ပြည့်သေးသည်။ လောကအကြောင်း ဘာမှမသိ ဘဏ်သူဌေးသားတစ်ယောက်အနေနှင့်တော့ မိန်းမချောချောသည် ရုပ်ရည်အလှကြောင့်သာ စိတ်ဝင်စားမိသည်။

အတည်လိုလို၊ လမ်းကြုံသလိုလိုဝင်လာတိုင်း မေသွယ် အတွက် အဖိုးတန်ပစ္စည်းလေးတစ်ခုခုလည်း လက်ဆောင်ဆို



ပါ လာတတ်သည်။ မေသွယ်ကလည်း ကိုယ့်ကို အဖိုးထားမြတ်နိုးလို့ ဒီလို အဖိုးတန်ပစ္စည်းလေးတွေ လက်ဆောင်ပေးတာပဲလေဆိုပြီး တလေးတစား လက်ခံခဲ့သည်။

စိတ်ကူးလေးလည်း ယဉ်ကြည့်မိတာအမှန်။ ထိုအရာကိုပင် 'အချစ်' ဟု အောက်မေ့မှတ်ထင်ခဲ့သည်။ ဒါကို အကဲခတ်မိသော ဘိုးဘိုးက မေသွယ်ကို အတိအလင်းမေးသည်။ မေသွယ်က သူမလည်း သဘောကျသလိုလိုရှိကြောင်း ပြောသည့်အခါ. . .

"အင်း. . အဲဒါဆိုရင်တော့ မောင်ဝင်းကျော်ကို နည်းနည်း ဦးစားပေးပြီး ဆက်ဆံပေါ့မြေး၊ သူ့ကို ဘိုးဘိုးလဲ သဘောကျပါတယ်"

သို့ဖြင့် တစ်ရက်မှာ ဘိုးဘိုးကို ခွင့်တောင်း၍ မေသွယ်နှင့် အတူ ပြင်ဦးလွင်လည်ချင်ကြောင်း ပြောသောအခါ ဘိုးဘိုးကလည်း ခွင့်ပြုခဲ့သည်။ မေသွယ်ကလည်း လိုက်လာခဲ့သည်။

ပြင်ဦးလွင်မှာ မနက်ပိုင်း ကန်တော်ကြီး၊ ရေတံခွန်စသည် ဖြင့် လည်ပတ်ဓာတ်ပုံရိုက်ကြသည်။ မနက်စာကို နန်းမြိုင်ဟိုတယ်မှာ ပင် စားရင်း နေ့လည် ဟိုတယ်မှာပဲ အခန်းငှား၍ ခဏနားရလျှင် ကောင်းမည်ပြောသောအခါ ဘာရယ်မဟုတ် စိတ်လွတ်ပျော်ရွှင်နေ သော မေသွယ်က ခေါင်းညိတ်ခဲ့သည်။

ဝင်းကျော်က သူ့အစီအစဉ်ဖြင့် အခန်းငှားလာပြီး သည် အခန်းမှာ နားမည်ဟု အခန်းပြသောအခါ နှစ်ယောက်ခန်းဖြစ်နေ သဖြင့် မေသွယ် တစ်မျိုးကြီးတော့ ဖြစ်သွားသည်။

သို့သော် ခုတင်ကလည်း တစ်ယောက်အိပ် သီးခြားတစ် ခုတင်စီ၊ အခန်းကလည်း ကျယ်ကျယ်ဝန်းဝန်း၊ စားပွဲတွေ၊ ဆက်တီ ကုလားထိုင်တွေနှင့်မို့ ခဏနားရုံမှ ဘာမှ မဖြစ်လောက်ဟုပင် ထင်ခဲ့

သည်။ မေသွယ့်သဘောက နေ့လည်နေပူချိန်ခဏနားရုံဖြစ်ရာ ခေတ္တ လှဲရုံအပြင် အိပ်စရာလည်းမရှိသဖြင့် ဘာမှထွေထွေထူးထူး မတွက်ခဲ့။

ဝင်းကျော်က ရေခဲသေတ္တာဖွင့်ပြီး ဘီယာသောက်သည်။ မေသွယ့်ကိုလည်း တိုက်သည်။ မေသွယ်က ဒါတော့ လုံးဝငြင်းပယ်၍ စပရိုက်ဗူးပဲသောက်သည်။ ဘီယာသုံးလေးဗူး ဝင်သွားသောအခါ ဝင်းကျော်ပုံစံက တစ်မျိုးပြောင်းလာသည်။

စကားတွေဖောင်လာပြီး မေသွယ့်နားမှာ ပွတ်သီးပွတ်သတ် လုပ်လာသည်။ မေသွယ် ပထမတော့ သည်းခံနိုင်သလောက် သည်းခံ နေသေးသည်။ တဖြည်းဖြည်းနှင့် ဝင်းကျော်က အတင့်ရဲလာပြီး ကိုယ်ထိ လက်ရောက်တွေ စလာသည်။ အမူအရာတွေကလည်း ကြမ်းတမ်း လာသည်။

သည်အဆင့်မှာတော့ မေသွယ် ဘယ်လိုမှသည်းမခံနိုင်တော့။ စိတ်ထဲမှာလည်း တဖြည်းဖြည်းနှင့် ကြောက်လည်းကြောက်၊ မုန်းလည်းမုန်း၊ ရွံလည်းရွံ့ဖြစ်လာသည်။ ထို့ကြောင့် ထိုအခန်းထဲမှာ ကြာရှည်ဆက်မနေတော့ဘဲ ဖွတ်ပြန်ဖို့ လုပ်သောအခါ ဝင်းကျော်၏ ဟန်ဆောင်မျက်နှာဖုံးအားလုံး ကွာကျသွားသည်။ သူ့ပင်ကိုယ် ဘီလူး သရဲဟန်ပေါက်လာပြီး. . .

"မင်း ငါနဲ့ ဒီအခန်းထဲရောက်တဲ့အထိ နှစ်ယောက်တည်း လိုက်လာပြီးပြီ မေသွယ်၊ ခုမှ ကဂျီကဂျောင်မလုပ်နဲ့၊ ငါ့ကိုဒါမျိုး လှည့်စားလို့ မရဘူး၊ မင်းအတွက် ငါအချိန်တွေကော၊ ငွေတွေကော အများကြီးရင်းခဲ့ပြီးပြီ၊ မင်း လူလည်မကျနဲ့"

မေသွယ် ရှက်လည်းရှက်၊ ဒေါသလည်းပေါက်ကွဲသည်။

"ရှင် ဘာတွေပြောနေတာလဲ ကိုဝင်းကျော်၊ ကျွန်မ ဒီလိုလိုက်



လာတာ၊ ရှင့်ကို ယုံကြည်လို့ လူကြီးလူကောင်းတစ်ယောက် အနေနဲ့ လူကြီးလူကောင်းလိုပဲ ဆက်ဆံမယ်ထင်လို့ လက်စသတ်တော့ ရှင်က အကြံသမားပဲ၊ ကျွန်မ ရှင့်ကိုရွံတယ်၊ ရှင် အနားမကပ်နဲ့၊ ကျွန်မကို အခုအိမ်ပြန်ပို့ပေး"

ဝင်းကျော်က တဟားဟားရယ်လိုက်သည်။ ပြီးမှ. . .

"ဆောရီးပဲ မေသွယ်၊ ငါ ဒီလောက် မအဘူး၊ ငါ့ဘဝမှာ ဒီလိုမျိုး အရှုံးပေးခဲ့ရတယ်ဆိုတာလည်း ဘယ်တော့မှ မရှိဘူး၊ မင်း ဒီနေ့ ငါ့လက်ထဲက လွတ်ကို မလွတ်စေရဘူး"

စကားအဆုံးမှာပင် စတင် အကြမ်းဖက်သည်။ အသေးစိတ်ကိုတော့ မေသွယ် ပြန်မစဉ်းစားချင်တော့။ သီသီလေးမှ တကယ့်ကို သီသီလေး၊ ကံကောင်းထောက်မစွာ လွတ်မြောက်လာ ခြင်းဖြစ်သည်။

ဧည့်ခန်းထဲမှာ အလွတ်ရုန်း ရှောင်တိမ်းနေသော မေသွယ့်ကို ဝင်းကျော်က ခုတင်ရှိရာ မရောက်ရောက်အောင် တကယ့်ကို အကြမ်းပတမ်းနည်းဖြင့် ချုပ်ကိုင်ဆွဲခေါ်သည်။

မေသွယ့်လက်မောင်းများမှာ ကြမ်းတမ်းစွာ ချုပ်ကိုင်ဖိညှစ်မှုကြောင့် ချက်ချင်းပြုတ်ပဲ့ထွက်ကုန်ပြီလားဟုပင် အောက်မေ့မိသည်။

တစ်ကိုယ်လုံးလည်း ဖိုးရိုးဖားယားဖြစ်၍ အရှက်တွေလည်း မလုံခြုံတော့၊ အသက်လည်း ချက်ချင်းထွက်တော့မှာလား ထင်မှတ်ရသည်အထိ မောဟိုက်ပင်ပန်းလာသည်။

ကြာတော့ အားချင်းမမျှမှုကို ဘယ်လိုမှ မကျော်လွှားနိုင်၊ ခြေကုန်လက်ပန်းကျ၍ ဘီလူးသဘက်စီးနေသောလူယုတ်မာ ဝင်းကျော် ၏ ရာဇပလ္လင်မှာ ခန္ဓာကိုယ်ကို စတေးရတော့မည့်ဆဲဆဲ နောက်ဆုံး လက်ကျန်အင်အားအားလုံးကို စုစည်း၍ တစ်ချက်တည်း

အသုံးချလိုက်သည်။

ရင်ဝတည့်တည့်သို့ ခြေထောက်ဖြင့် ဆောင့်အကန်ခံလိုက် ရသော ဝင်းကျော် ဖွဲ့အိတ်ကြီးပစ်ချသလို ပက်လက်လန်ကျသွား တော်တော်နှင့် မထနိုင်တော့။ ထိုအချိန်ပိုင်းလေးမှာ မေသွယ်ဘာ တုံ့ဆိုင်းမနေတော့ဘဲ အခန်းထဲက ပြေးထွက်နိုင်ခဲ့သည်။

ထို့နောက် ကောင်တာမှနေ မှတ်ပုံတင်ဘာညာ ယူစရာ တာများယူပြီး ဟိုတယ်မှနေပင် ကားတစ်စီး ဖုန်းဆက်မှာငှား မန္တလေး ပြန်ဆင်းခဲ့သည်။

အိမ်ရောက်တော့ ဘိုးဘိုးကော အန်တီမြကော ချော ကောမရှိ။ ကိုယ့်အခန်းကိုယ်ပြန်၊ တံခါးပိတ်ပြီး ရှိုက်ငိုချမိသည်။ ရှ လွန်းလှသဖြင့် ထိုအကြောင်းတွေကို ဘယ်သူ့မှ ပြန်မပြောနိုင်။

ကိုယ်ပေါ်မှ ညှိအမည်းစွဲနေသော ထိခိုက်ဒဏ်ရာများ ပင် ကိုယ့်ဖာသာကိုယ် အခန်းအောင်း၍ ကြိတ်၍ဆေးထည့်သည်

ဘဝမှာ သည်လောက် တုန်လှုပ်ခြောက်ခြားပြီး သေမတ ကြောက်လန့်သွားတာမျိုး တစ်ခါမှမကြုံဖူးခဲ့၊ ရှက်လိုက်တာလည်း မျက်နှာကို ဓါးနှင့် လှီးပစ်ချင်လောက်အောင်ဖြစ်သည်။ ကိုယ့်ကိုယ် သတ်သေပြီး အရှက်နှင့်အသက်လဲလိုက်ရ ကောင်း မလားပင် စဉ်း မိသည်။ သို့သော် ကံကောင်းသဖြင့် ဆိုးဆိုးရွားရွားမဖြစ်ခဲ့တာ ငဲ့ပြီး မိုက်မိုက်မဲမဲ မစီရင်ဖြစ်ခြင်းဖြစ်သည်။

ဝင်းကျော် ပေးခဲ့သည့် လက်ဆောင်ပစ္စည်းများကတော ဘာတစ်ခုမှ ရစရာမရှိတော့၊ အကုန်လုံးကို ထုချေပြီး အိမ်သာတွင် ထဲ လွှင့်ပစ်လိုက်သည်။

ထမင်းလုံးတစ္ဆေခြောက်သလို ခြောက်ခြား ကြောက်လ



ခဲ့ရ သည့် ထိုကိစ္စကြီးက ညဘက်မှာ အိပ်မက်ဆိုးများအဖြစ် ကြာခဏ ပြန်ပေါ်ပေါ်လာသည်။ မေသွယ်၏ ငယ်မြစ်နုပျိုမြစ် သန့်စင် ရိုးသား ခြင်းများသည်လည်း ထိုအချိန်ကပင် စတင်လျက် ဆုံးသွားခဲ့၏။

+ + + + + +

(၂)

ထိုအချိန်မှစ၍ မေသွယ် ယောကျ်ားများကို လုံးဝ အထ
မကြီးတော့။ တစ်ဖက်က ကြောက်ရွံ့ခြင်း၊ ရွံခြင်း၊ မုန်းခြင်းနှင့်တွဲ
တစ်ဖက်ကလည်း အထင်သေးခြင်း၊ တန်ဖိုးမထားခြင်းတို့ ဖြစ်
သည်။

အလားတူပင် ငွေကြေး၊ ဓန၊ ဥစ္စာပစ္စည်းများကိုလည်
မက်မောတွယ်တာချင်စိတ် မရှိတော့။

ခါတိုင်းလို အလုပ်လုပ်နေချိန်မှာ အမှုမဲ့အမှတ်မဲ့ မ
တော့ဘဲ၊ နိစ္စဓူဝဆက်ဆံနေရသည့် စီးပွားရေး လောကသ
ယောကျ်ားများကို အေးစက်တင်းမာသော အကြည့်ဖြင့်ကြည့်
စူးစမ်းလေ့လာလိုက်သောအခါ စီးပွားရေးလောကသားမျာ
လောဘတွေ ဟန်ဆောင်မှုတွေ၊ ကောက်ကျစ်စဉ်းလဲမှုတွေ၊ အ
ကျင့်ပိုလ်ကျမှုတွေ မြင်လာသည်။

သည်နေရာ သည်လောကမှာ မေသွယ် မပျော်ပိုက်တော
ကိုယ့်ဝါသနာနှင့်ကိုယ် လွတ်လပ်စွာ ကခုန်သီဆို၊ သရုပ်ဆေ
လှုပ်ရှားနေရတာလေးများကို တမ်းတလာသည်။

ထိုအချိန်မှာ ချိုမာက သူ ရန်ကုန်ဆင်းတော့မည်။ ဘ



ဖြစ်ဖြစ် ရန်ကုန်မှာ ရရာအလုပ်တစ်ခုလုပ်ရင်း အဆက်အသွယ်
ရှာ၍ အနုပညာလောကတွင်း ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုး
စားမည်ဟု ပြောသောအခါ မေသွယ် အားကျလာသည်။

မေသွယ်နှင့် ချိုမာက ဟိုး အထက်တန်းကျောင်းသူဘဝ
သကြ်န်တို့ဘာတို့မှာ ကကြခုန်ကြရင်း ရင်းနှီးနေကြသော သူငယ်ချင်း
များ။

နောက်ဆုံးတော့ ဘိုးဘိုးကို အသိမပေးတော့ဘဲ ချိုမာနှင့်
အတူတူ ရန်ကုန် ခိုးထွက်လာကြသည်။ လက်ထဲပါလာသော ပိုက်ဆံ
များဖြင့် အမျိုးသမီးဘော်ဒါဆောင်တစ်ခုတွင် တစ်ခန်းတည်းအတူတူ
ငှား၍နေကြရင်း ပထမအဆင့် ရန်ကုန်မှာရပ်တည်ဖို့ အလုပ်ရှာ
သည်။

စတိုးဆိုင်တစ်ခုမှာ အရောင်းစာရေးမ အလုပ်ရကြသည်။

ဖြစ်ချင်တော့ ထိုစတိုးဆိုင်ပိုင်ရှင် အန်တီကြီးက ဓာတ်ဘက်
မှာ ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းလည်း လုပ်သည်။ စကားစပ်မိရင်းက
နေ မေသွယ်တို့ ဝါသနာကို သိသွားသောအန်တီကြီးက သူ ထုတ်လုပ်
ရိုက်ကူးသည့် တစ်ခန်းစ၊ နှစ်ခန်းစ ထည့်သုံးပေးသည်။

တိုမှတစ်ဆင့် ပြဇာတ်သို့ရောက်သွားပြီး လနှင့်ချီ၍ ကပြ
သော ပြဇာတ်များမှာ ဝင်ကဖြစ်သည်။ ထို့နောက်မှ ရုပ်ရှင်သရုပ်
ဆောင်သင်တန်း ခေါ်သောအခါ နှစ်ယောက်သား သင်တန်းတက်ခွင့်
ရကြသည်။ ထိုအချိန်မှာ စားဝတ်နေရေးအတွက် ပြဇာတ်စင်မှ
အဆက်အသွယ်ဖြင့် အဆင့်မြင့် ဟိုတယ်တစ်ခုတွင် အပတ်စဉ် စနေ၊
တနင်္ဂနွေညများ၌ နိုင်ငံခြားသားများကို မြန်မာအက၊ သရုပ်ပြပေးရ
သည့်အလုပ် ဝင်လုပ်ခဲ့ကြသည်။

မေသွယ် သည်လိုထွက်သွားသည့်အတွက် ဦးဘသွယ် အတော် စိတ်ဆိုးသွားသည်။ မေမေ့တုန်းကလို အမွေဖြတ်တာတွေ ဘာတွေ မလုပ်သော်လည်း မေသွယ် ဘယ်မှာရှိနေမှန်းသိလျက်နှင့် ငွေကြေးအထောက်အပံ့ဆို၍ တစ်ပြားတချပ်မှပင် ပို့မပေးခဲ့။

မေသွယ်ကလည်း ခေါင်းမာမာနှင့်ပင် ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်အောင် ကြိုးစားခဲ့သည်။ တစ်ခါတစ်ရံ အန့်တီမြဆီဖုန်း ဆက်၍ ဘိုးဘိုး ကျန်းမာရေးအခြေအနေမေးသည်။

အန်တီမြက ဘာလိုအပ်လဲ မေးသည့်အခါ ဘာမှမလိုအပ် ကြောင်း အဆင်ပြေကြောင်း အေးအေးဆေးဆေးပင် ပြောပြခဲ့သည်။ အန်တီမြကလည်း သူမပေးထားသော ဆေးခန်းဖုန်းကိုဆက်၍ မကြာ ခဏ သတင်းမေးသည်။

နောက်ပိုင်းမှာ ချိုမာနှင့်ကိုဖုန်း လက်ထပ်ဖို့အထိ ဖြစ်လာ သည့်အခါ ဘော်ဒါဆောင်မှာမနေတော့ဘဲ အခု သူတို့နေသည့် အခန်းလေးကို ကိုဖုန်းက ချိုမာ့အတွက် ငှားပေးသဖြင့် သူငယ်ချင်း နှစ်ယောက် အဆင်ပြေနေခဲ့ခြင်းဖြစ်သည်။

ဟိုတယ် ညပိုင်းအလုပ်များကိုလည်း စွန့်လွှတ်လိုက်ပြီး သရုပ်ဆောင်သင်တန်းကို အားသွန်ခွန်စိုက်တက်ရောက်၍ သရုပ် ဆောင်ဘဝကိုသာ ဦးတည်ကြိုးစားကြတော့သည်။

ထိုအချိန်မှာ သည်နေ့ မမျှော်လင့်ဘဲ ဇော်ထက်နှင့် တွေ့ဆုံ ၍ မမက်တာကြာပြီဖြစ်သော ညဥ့်အိပ်မက်ဆိုးများ ပြန်မက်လာစေ သည့် အဖြစ်အပျက်များ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သည်နေ့ အဖြစ်အပျက်များတော့ မေသွယ့်ခေါင်းထဲ ပြန် မထည့်ချင်တော့။ စိတ်လှုပ်ရှားစရာတွေကော စိတ်ညစ်ဒေါသဖြစ်ရ



ဘာတွေကော ထိတ်လန့်ခြောက်ခြားရတာတွေကော စုံနေသည့် သည်နေ့အဖြစ်အပျက်များကို မေ့ပစ်လိုက်သည်။

သည်နေ့တစ်နေ့ ကုန်ခဲ့ပြီ။ သည်ဇာတ်လမ်းတွေက မနက် ပြန်ခါတွင် ပြန့်ဆက်စရာ ဘာအကြောင်းမှမရှိတော့။ ခေါင်းထဲက နေ အားလုံးထုတ်ပစ်လိုက်။

အားလုံးကို မေ့ပစ်လိုက်။ အားလုံးကို အိပ်မက်တစ်ခု အဖြစ်သာ သဘောထားလိုက်။ မေသွယ် ကိုယ့်ကိုကိုယ် တိုက်တွန်း နှင့်ကြားရင်း မျက်လုံးအစုံကို ပိတ်လိုက်သည်။ ထိုင်နေသော ဆက်တီ ကျောမှီဆီသို့လည်း မိမိခန္ဓာကိုယ်ကို လျှော့ချပစ်လိုက်၏။

+ + + + + +

(၃)

"ဂီ..."

တံခါးမှ လူခေါ်ဘဲလ်သံကြောင့် မေသွယ်နိုးလာသည်။

ခါတိုင်း အိပ်ရာထနှင့်မတူသော ပတ်ဝန်းကျင်ကြော
ဘောဘီဘယ်ညာ ကြည့်လိုက်သည်။ အခန်းတစ်ခုလုံး လင်းထင်
၏။

နေရောင်ခြည်က အခန်းတစ်ဝက်လောက် ရောက်အော
ထိုးနေသည်။ ရှေ့သို့ ကြမ်းတစ်ဝက်လောက်အထိ နေရောင်
လင်းနေသည်။ ဝရံတာတံခါးကြီးက ပွင့်နေသည် မဟုတ်ပါလာ
သည်တော့မှ ညက ဝရံတာတံခါးနားမှာ ထိုင်တွေးရင်း အိပ်
သွားမည်ကို အမှတ်ရ သည်။ မေသွယ် ကုလားထိုင်ပေါ်မှ လူးလ
လိုက်၏။

"ဂီ..."

လူခေါ်ဘဲလ်သံက ငှက်ဆိုးမြည်သံမျိုးဖြင့် နောက်
ကြိမ် မြည်လာပြန်သည်။ ညက ချိုမာ ပြန်မလာ။ ခုမှ ဘယ်
ဘယ်လို ပြန်လာလဲမသိဘူးဟု တွေးလိုက်သည်။ နံရံပေါ်မှ န
လှမ်းကြည့်သည်။



ကိုးနာရီခွဲ။ ဟာ... နေတောင်အတော်မြင့်သွားပြီ။

"လာပြီ... လာပြီ"

မေသွယ်က တံခါးဘက်လှမ်းအော်ရင်း ကိုယ်ပေါ်မှ ည
အိပ်ဝတ်သော ဂါဝန်ရှည်အပွကြီးကို နည်းနည်းဆွဲဆန့်လိုက်သည်။
ပွနေမည်ထင်ရမည့် ဆံပင်များကိုလည်း လက်ဖြင့် သပ်တင်လိုက်
သည်။ ထို့နောက် တံခါးဆီသွား၍ အတွင်းမှ သစ်သားတံခါးကို
ဆွဲဖွင့်လိုက် ၏။

"ဟင်..."

စိတ်ထဲမှာ သေချာပေါက်တွက်ထားသော ချိုမာမဟုတ်။
ချိုမာက ခုချိန်ထိပင် ပြန်မလာသေး။

တံခါးဝမှရပ်လျက်တွေ့ရသူက ဇော်ထက်ဖြစ်သည်။ ဇော်
ထက်က တံခါးဝမှာ စိတ်ရှည်လက်ရှည်စောင့်နေသော အမူအရာ
ဖြင့် စီးကရက် တစ်လိပ်သောက်ရင်း ပြုံးကြည့်နေသည်။ အံ့အား
သင့်သွားသော မေသွယ်က အလန့်တကြား မေးလိုက်၏။

"ရှင်... ရှင်... ဘာလာလုပ်တာလဲ"

သူက ပြုံးပြီးပဲ ကြည့်နေသည်။ ဘာမှ ပြန်မဖြေ။ ပြုံးရင်း
ငှင့်သာ မေသွယ့်တစ်ကိုယ်လုံးကို ဆံပင်မှ ခြေဖျားအထိ အသေး
စိတ် လိုက်ကြည့်သလို ကြည့်သည်။ ပြီးမှ လက်ထဲက စီးကရက်ကို
ဖွတ်ချ၊ ဖိနပ်နှင့်ဖိ၍ မီးငြိမ်းလိုက်ပြီး...

"မိန်းကလေးတစ်ယောက် တကယ်လှမလှဆိုတာ ခုလို
အိပ်ရာထချိန်မှာ ပေါ်တာပဲနော်၊ မင်း အခုမှ အိပ်ရာထလာတာ
လား"

"ဘာ..."

သူ့အကြည့်ကြောင့် မေသွယ် ရှိုးတိုးရှန်းတန့်ဖြစ်သွားသည်။ မိကိုယ်မိမိ လုံခြုံရေးအခြေအနေကို ကပျာကယာ စစ်ဆေးလိုက်၏။ သည်ဂါဝန်မျိုးက ခန္ဓာကိုယ်လုံခြုံရေးတာဝန်ကို အပြည့်အဝတော့ မထမ်းဆောင်နိုင်။ ဂါဝန်ဘေးစနှစ်ဘက်ကို လက်နှစ်ဖက်ဖြင့်သိမ်း၍ ကိုယ်တွင်ကပ်လိုက်သည်။

"အံ့ဩစရာပဲနော်"

ဇော်ထက်က တစိမ့်စိမ့်ကြည့်နေရာမှ မှတ်ချက်ချသည်။

မေသွယ့်မျက်နှာလေး ထူပူသွားပြီး. . .

"အဲဒါတွေ လျှောက်မပြောပါနဲ့၊ အခု ဘာကိစ္စလာတာလဲ ဘာလုပ်မလို့လဲ"

"ကိုယ် အထဲဝင်ချင်တယ်၊ ဒီအတိုင်းကြီး ရပ်မနေချင်ဘူး"

လှောလောဆယ်မှာ အပြင်ဘက် သံတံခါးက သော့ခတ် ထားသည်။ မေသွယ်က သူ့ကို အကဲခတ်ကြည့်လိုက်သည်။ အပြင် အဆင်က ညကအပြင်အဆင်မျိုး မဟုတ်တော့။ ခု မေသွယ့်ရှေ့ ဇော်ထက်က စပို့ရှပ်လက်တို၊ ဘောင်းဘီရှည်တို့ဖြင့် လူငယ် တစ် ယောက်လို ဖျတ်လတ် သွက်လက်နေသည်။ ပြီးတော့ သူက မေသွယ် ဘာလုပ်ရှားမည်ဆိုသည်ကို စိတ်ဝင်တစား စောင့်ကြည့်နေသည်။

"ဟင်း. . ."

မေသွယ် သက်ပြင်းချလိုက်၏။ မှန်တာပြောရလျှင် သ အချိန်ကြီးမှာ တံခါးဖွင့်မပေးချင်။ သို့သော် မနေ့က ကိုယ့်ကို သူ ကူညီထားတာလေးတွေ ရှိသေးသည်။ မဟုတ်တာလုပ်မည့် ဝင်း လို ရုပ်မျိုးတော့မဟုတ်ဟု တွေးပြီး တံခါးဘေးအတွင်းမှာချိတ် သည့်သော့ကို လှမ်းယူသည်။ ထို့နောက် သူ့ကို အေးစက်စက် ထ



ချက်ကြည့်ပြီး သော့ဖွင့်ပေးလိုက်သည်။

"ဖိနပ်ချွတ်ရမလား"

သံတံခါးပွင့်သွားချိန်မှာ မေသွယ်က ဘေးဖယ်ရပ်ပေးလိုက် သည်။ သူက ချက်ချင်းမဝင်သေးဘဲ ခြေထောက်ကို ခါးကောက်ခွက်မှ ကွေးထားပြီး ဖိနပ်ကို လက်နှင့်ထိ၍ မေးသည်။

"မလိုပါဘူး ဝတ်ပါ"

မေသွယ်က ခေါင်းခါပြီး ပြောသည်။ အိမ်ကြမ်းက ပါကေး တို့ ဘာတို့ ခင်းမထားဘဲ သံမံတလင်းအတိုင်းမို့ ဘာမှ ပြဿနာမရှိ။

သူက ခြေထောက်ပြန်ချ၍ အေးအေးဆေးဆေးပဲ ဝင်လာ သည်။ သူ့အမူအရာက အေးဆေးလွန်းသည်ဟု မေသွယ်ကြိတ်၍ မှတ်ချက်ချသည်။ ခုမှ သည်အိမ်ကို အလည်လာသူပုံစံမျိုး လုံးဝမရှိ။ ထိုင်ရမလို၊ ထရမလို အူကြောင်ကြောင်ဖြစ်နေတာမျိုး လုံးဝမရှိ။ ရင်းနှီး ပြီးသော ဆွေမျိုးအိမ်၊ မိတ်ဆွေရင်းအိမ်၊ ဒါမှမဟုတ် တပည့်သားမြေး တစ်ယောက်၏အိမ်လာတာမျိုး ဖြစ်နေသည်။

ဧည့်ခန်းထဲမှာ သူကမထိုင်သေးဘဲ နံရံများ၊ ဧည့်ခန်း အပြင် အဆင်များကို လျှောက်ကြည့်သည်။ ဝရံတာဘက်ထွက်၍လည်း အပြင်ဘက်ကို လှမ်းကြည့်သည်။ ဧည့်ခန်းစားပွဲပေါ် တင်ထားသည့် အရုပ်ကလေးများ၊ ပန်းအိုးလေးများ စသည်ကိုလည်း တစ်ခုစီ သေ ချာ လိုက်ကြည့်သည်။

"ဟင်း. . . သူ့ကိုယ်သူ ဘုရင်ဖြစ်ပြီး ငါ့အိမ်လာစစ်ဆေး နေတယ်များ အောက်မေ့နေလားမသိဘူး" ဟု မေသွယ်က တံခါးနား မှာပင် သစ်သားတံခါးပြန်ပိတ် ကျောကပ်ရပ်ရင်း အောင့်အီးအောင့် သက်နှင့် မှတ်ချက်ချသည်။

သူကတော့ ဘာမှ သိပ်ဂရုစိုက်ပုံမရ။ အားလုံးစစ်ဆေးပြီး လောက်မှ လုံခြုံရေးစိတ်အေးသွားပုံဖြင့် ကုလားထိုင်တွင် ဝင်ထိုင်သည်။ ပြီးမှ မေသွယ့်ဘက်လှည့်ကြည့်ပြီး. . .

"ကော်ဖီလေးတစ်ခွက်လောက် ဖျော်စမ်းပါ မေသွယ်ရာ ကိုယ် ဘာမှ စားမလာခဲ့ဘူး"

"တောက်" မေသွယ် စိတ်ထဲမှာတင်းသွားပြီး တောက် တစ်ချက် စိတ်ထဲက ခတ်လိုက်သည်။ အမြင်ကတ်ကတ်ဖြင့် တမင် ပြောလိုက်သည်။

"နို့ဆီကုန်နေတယ်"

"ရပါတယ်၊ ဘလက်ကော်ဖီပဲ လုပ်လိုက်၊ သကြားလျှော့ထည့်"

ကိုင်း. . ဘာတတ်နိုင်သေးလဲ၊ သည်ပုဂ္ဂိုလ်ကတော့ မလွယ် ဖျော်တိုက်လိုက်မှ အေးမည်တွက်ပြီး မီးဖိုဘက် ဝင်လာခဲ့သည်။

သူ့ဘက်ကို လှည့်မကြည့်ဘဲလည်း အော်ပြောလိုက်သည်

"ခဏတော့ စောင့်နော်၊ ရေနွေးလဲဆူပြီးသား မရှိဘူး၊ ဒု တည်ရမှာ"

စိတ်ထဲကတော့ မကျေမနပ်နှင့် ဖြစ်တောက်ဖြစ်တော ပြောရင်း မေတ္တာပို့လိုက်၏။

"တောက်. . လူကိုများ သူ့မယား မှတ်နေလားမသိဘူး၊ ဟာခိုင်း ဒီဟာခိုင်းနဲ့ သေချင်းဆိုးကြီး" ဟု။

✦ ✦ ✦ ✦ ✦ ✦



(၄)

"ရေနွေးရပြီလား"

"အမယ်လေး. . ."

"ဂလုန်. . ဂလွမ်. . ဂလုန်. ."

မီးဖိုပေါ် ရေနွေးအိုးတင်ထားပြီး ကော်ဖီမှုန့်၊ သကြား၊ နို့ဆီ တို့ အဆင်သင့်ပြု၍ အင်မတန်ရဲတင်းပြီး ပိုင်စိုးပိုင်နင်းတွေ လုပ်တတ်သည့် ဇော်ထက်အကြောင်း စဉ်းစားနေဆဲ ကျောဘက်က ကပ်ပြီး ကြားလိုက်ရသော အသံကြောင့် မေသွယ်လိပ်ပြာလွင့်မတတ် လန့်သွားသည်။

ပန်းကန်အိုးခွက်တွေလည်း လက်နှင့်တိုက်မိပြီး ကျွမ်းထိုး မှောက်ခုံလိမ့်ကျ အသံစုံတွေထွက်ကုန်သည်။

"ဟာ. . ဘာဖြစ်လို့ ဒီထဲဝင်လာတာလဲ၊ ဧည့်ခန်းမှာ ထိုင် စောင့်လေ"

ဘယ်လိုဟာကြီးလဲဟုလည်း စိတ်ထဲက ပြောလိုက်သည်။ သူက ရယ်ပြီး. . .

"မိန်းကလေးတစ်ယောက်ရဲ့ အလှဟာ အိပ်ရာထချိန်၊ မိန်း

ကလေးတစ်ယောက်ရဲ့ တန်ဖိုးဟာ မီးဖိုချောင်မှာတဲ့ ချာတိတ်ရဲ့ အိပ်ရာထချိန်က မြင်ပြီးပြီ၊ မီးဖိုချောင်ထဲပဲ ကျန်တော့လို့ တမင်လာ ကြည့်တာ"

"ကြည့်တော့ ဘာတွေ့လဲ"

"မဆိုးပါဘူး၊ လက်ခံနိုင်တဲ့အဆင့် ရှိပါတယ်"

အံမာ လူကိုများ သူ့မယားဖြစ်ဖို့ ဝင်ခွင့်စာမေးပွဲ ဖြေနေရ တာ ကျနေတာပဲ၊ တွေ့မယ်၊ မေသွယ့်ကို ဘာများ မှတ်နေလဲ။ စိတ်တို တိုနှင့် အုတ်ခုံပေါ် ဘာတွေ့မလဲ လိုက်ရှာသည်။ တွေ့ပြီ။ ပန်းကန် ဆေး ဇလုံကြီးကို... ဆေးဖို့ကြောဖို့ စုထည့်ထားရင်း ရေအပြည့်ရှိနေ သည့် ပလပ်စတစ် ဇလုံကြီးတစ်လုံး။

မေသွယ် ဘာမပြောညာမပြော ထိုဇလုံကို ရေအပြည့်ဖြင့် ကောက်ယူလိုက်ပြီး ဇော်ထက်နှင့် မျက်နှာချင်းဆိုင်ပြန်လှည့်၍ ကြမ်း ပေါ်ကို ရေတွေ ပက်လောင်းချလိုက်သည်။

"ဟ. . . ဟ. . ."

ရေတွေက ကြမ်းပြင်အထက် တထွာလောက်အမြင့်က ဝဲပျံ့ထွက်လာသည်။ ဇော်ထက်ရပ်နေသည့်နေရာနှင့် မလွတ်။ တ ဟာနှင့် ရှောင်သည့်ကြားက ဘောင်းဘီအောက်နားတွေကော ဖိနပ်နှင့် ခြေဖွပ်တွေကော စိုရွှဲကုန်သည်။

ဒီတစ်ခါတော့ ဘာစတိုင်မှ မပါတော့ဘဲ မြောက်ခုန်ချ ရှောင်ရသဖြင့် မေသွယ် စိတ်မထိန်းနိုင်တော့ဘဲ ခစ်ခနဲရယ်မိသည်။ ဇော်ထက် စိုသွားသော သူ့ဘောင်းဘီနှင့် ဖိနပ်ကို တစ်လှည့်၊ မေသွယ့် ကိုတစ်လှည့်ကြည့်ပြီး. . .

"အဲဒါ ဘာလုပ်တာလဲ ချာတိတ်"



မေသွယ်က တမင်လုပ်ထားသော အိုက်တင်ဖြင့်. . .

"အော်. . . ရေတွေစိုသွားလား၊ မတော်လို့နော်၊ ကျွန်မက ဒီလိုပဲ၊ တကယ့်အပိုးကျိုးကျိုး မိန်းမတွေလို မီးဖိုချောင်ထဲမှာ သေ သေသပ်သပ် မလုပ်တတ်ဘူး၊ အရမ်းရှုပ်ပလာနိုင်တာ၊ ခုလဲ မီးဖို ချောင် ကြမ်းတိုက်မလားလို့ ရေဖြန်းလိုက်တာ၊ ဦးဇော်ရှိနေတာ မမြင်လိုက်ဘူး"

"ဟား . . ဟား. . ဟား. . သဘောကျတယ် ချာတိတ်ရာ၊ ကိုယ်က အဲဒါမျိုးမှ ပိုကြိုက်တာ မေသွယ်ရ"

မေသွယ့် အမူအရာအဆုံးမှာ ဇော်ထက်က ဟားတိုက်ရယ် သည်။ မေသွယ် မျက်နှာတင်းလိုက်ပြီး. . .

"ဘာကြိုက်တာလဲ၊ ဘာမှ ကြိုက်စရာအကြောင်း မရှိဘူး၊ ဦးဇော်ထက်၊ ရှင် အခု ဧည့်ခန်းကို ပြန်သွား၊ ဧည့်သည်ဟာ ဧည့် သည်လိုနေ၊ ကျွန်မ ကော်ဖီယူလာမယ်၊ ဒီမီးဖိုထဲမှာ ရှင့်အလုပ် ဘာမှမရှိဘူး"

"ကိုယ်က ဧည့်သည်မှ မဟုတ်တာ"

"အော်. . ဒါဖြင့် ရှင်က အိမ်ရှင်လား၊ ကျွန်မက ရှင်ခိုင်းဖို့ ခေါ်ထားတဲ့ ကျွန်ပေါ့၊ ဒါကြောင့် ရှင်ခိုင်းတာတွေ အကုန်လုပ်ပေး နေရတာ၊ အဲလိုလား"

"ဟာ. . စွာလှချည်လား မေသွယ်၊ ကောင်းတယ် ကောင်း တယ်၊ ဒါမျိုးမှ ဇော်ထက်က ကြိုက်တာ၊ ကြည့်ရင်းကြည့်ရင်းနဲ့ ဖက်တောင် နမ်းချင်လာပြီ"

ပြောရင်းနှင့် အနားကပ်လာသည်။ မေသွယ် လန့်သွား၏။ ဒီလူက ပြောရင်ပြောတဲ့အတိုင်း လုပ်မှာ အမှန်။ လျှော့တွက်လို့မရ။

သို့အတွက် ကျောဘက်က ကျောက်ခုံပေါ်မှာ လက်နတ် တစ်ခုခု အမြန်ရှာဖွေသည်။ အရေးထဲကျမှ ဓါးတွေ၊ ငရုတ်ကျည်ပွေ့ တွေကလည်း ရှာမရ။ ဆွဲမိဆွဲရာ ဆွဲလိုက်သောအခါ ကြက်ဥကြော် သည့် စတီးကိုင်း ဒယ်အိုးကြီး ပါလာသည်။

ဒါလည်းမဆိုး၊ လက်ကိုင် သစ်သားရိုးနှင့် စတီးဒယ်အိုး၏ အလေးချိန်က ရိုက်လို့ကောင်းသည့် အလေးချိန်ရှိသည်။ အတော်ပဲ ဒါနဲ့ သူ့ခေါင်းကိုရိုက်ခွဲမည်ဟု ဆုံးဖြတ်လိုက်သည်။

"ရှင်နော်. . ရွှေ့မတိုးနဲ့၊ မနေ့ကလဲ ညာတာပါတေးနဲ့ ကျွန်မကို နမ်းသွားတယ်၊ ဒီနေ့တော့ မရဘူး၊ တကယ်ရိုက်ခွဲမှာနော် ဘုရားစူး၊ အနားမကပ်နဲ့"

ရုတ်တရက်တော့ ဇော်ထက် တန့်သွားသည်။ ပြီးမှ ခေါင်း ခါ၍ ပြုံးရင်း. . .

"မင်း တကယ်ခွဲမှာ ကိုယ်သိပါတယ်မေသွယ်၊ ဒါပေမယ့် မတတ်နိုင်ဘူးကွာ၊ ကိုယ်ဆိုတဲ့ကောင်က ဘာမှမလုပ်ချင်ရင် ထိုင် နေမယ်၊ တစ်ခုခု လုပ်တော့မယ်လို့ ဆုံးဖြတ်ပြီးရင်တော့ သေ လောက်မယ့် အန္တရာယ်ရှိလဲ ဂရုမစိုက်တော့ဘူး၊ ကိုယ့်ဘဝမှာ နောက်ဆုတ်တယ် ဆိုတာ မရှိဘူး၊ မင်းဘက်က တာဝန်ရှိတဲ့အတိုင်း ရိုက်သာရိုက်တော့၊ ငါလဲ ဒီပါးလေး နှစ်ဘက်မှ မနမ်းရရင် နေကို မနေနိုင်တော့ဘူး"

အေးအေးဆေးဆေးပဲပြောရင်း အနားကပ်လာသည်။ ဟိုလူရမ်းကားတွေလို အကြမ်းဘက်မည့်ပုံစံမျိုးမဟုတ်။ လုပ်ချင် တာလုပ် ခံမည်၊ သူလုပ်ချင်တာကိုတော့ သူလုပ်လိုက်ဦးမည်ဆို သည့် တကယ့်သွေးအေးအေးပုံစံမျိုး။



မေသွယ် ဘာလုပ်ရမည်မှန်းပင်မသိတော့။ ဒီလူ့ပုံစံမျိုးက ခြောက်ရုံနှင့်လည်း ကြောက်မယ့်ပုံစံမျိုး မဟုတ်။

သူ့ကိုလည်း ပြောပြီးသား၊ ရိုက်ပါ့မယ်၊ ဘုရားစူးလို့။ မထူး တော့ဘူးတွေးပြီး အေးစက်စက် အနားကပ်လာသော သူ့ခေါင်းကို သံမဏိဒယ်အိုးနှင့် တအားလွှဲပြီး ရိုက်ထည့်လိုက်သည်။

"ဒေါင်"

"အား. . ."

"အမယ်လေး"

ဒယ်အိုးသံမဏိနှင့် သူ့အရိုးထိသံကြီးက အခန်းထဲမှာ နားကွဲလုမတတ် ပေါ်ထွက်လာသည်။ ဇော်ထက် မျက်နှာလည်း နာလွန်းလှသဖြင့် ပြုံးမဲ့ပြီး အသည်းခိုက်သွားသော နာကျင်အော် ဟစ်သံ ထွက်ပေါ်လာသည်။ မေသွယ်လည်း ကိုယ့်ဟာကိုယ်လုပ် ထည့်ပြီးမှ လန့်ဖြန့်၍ အမယ်လေးဘာလေး တလိုက်မိသည်။

မျက်လုံးများမှာလည်း သွေးတွေဖြာထွက်လာသော ဦး ခေါင်း ဟက်တက်ကွဲကြီးကို မတွေ့ရဲသဖြင့် အတင်းမှိတ်ထား လိုက် ၏။

✦ ✦ ✦ ✦ ✦ ✦

"ရွှတ်. . . ရွှတ်"

"အို. . ."

သွေးသံရဲရဲတွေ လဲတာကွဲတာတွေ ဖြစ်ပျက်ရှုပ်ရှက်ပြီး ဘာတွေ ပြဿနာတက်ကုန်မလဲ၊ မျက်စိတ်မှိတ်ထားရင်း စဉ်းစား

နေဆဲမှာပင် မေသွယ် ပါးလေးနှစ်ဘက် နွေးခနဲဖြစ်သွားသည်။

အလန့်တကြားဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူ့ကို ပြုံးကြည့်ပြီး ကြောင်မျက်နှာလိုဖြစ်အောင် နှာခေါင်းရှုံ့ပြလိုက်သည့် ဇော်ထက်ကို တွေ့သည်။ သိပ်ကျေနပ်ပြီး ပျော်နေပုံလည်းရသည်။ သူက. . .

"ကော်ဖီဖျော်ပြီးရင် ရှေ့ယူလာခဲ့နော် ချာတိတ်၊ ကိုယ် ဧည့်ခန်းမှာ စောင့်နေမယ်"

အံ့ဩတော့ အံ့ဩစရာပေပဲဟု မေသွယ်စဉ်းစားရခက်သွားသည်။ ရိုက်ချက်က နည်းနည်းနောနောမဟုတ်သလို ထိချက်ကလည်း သက်သက်သာသာ မဟုတ်။ ဆိုလိုက်သည့်အသံကြီး နားနှင့်ဆတ်ဆတ်ကြားလိုက်ရတာပဲ။

ဘယ်လိုဖြစ်ပြီး သူကဘာမှမဖြစ်တာလဲ။ မျက်မှောင်ကြုံ့စဉ်းစားရင်း မေသွယ် စတီးဒယ်အိုးကို မြှောက် ကြည့်လိုက်သည်။

"အား"

မထိတာမဟုတ်၊ ဒယ်အိုးကြီးမျက်နှာပြင်မှာ လက်သီးစောင်းရာကြီး ချိုင့်ဝင်နေ၍ လက်ဆစ်ပုံစံအတိုင်း အဖုဖုနှင့် ဖောင်းထွက်နေသည်။ ဒယ်အိုးပြား သူ့ခေါင်းမရောက်ခင် သူက လက်သီးဆုပ်၍ ခံထားလိုက်ပုံရ၏။ လက်သီးကလည်း မာလိုက်သည့်ဖြစ်ခြင်း။

"ဟူး"

ဒီတစ်ခါလဲ သူမပဲ ရှုံးလိုက်ရပြန်ပြီလေ. . .။

\+ + + + + +



(၅)

"နေပါဦး၊ ခုထိ ရှင် ဒီမေးခွန်းတစ်ခုကို မဖြေရသေးဘူး၊ သူများအိမ်ကို စောစောစီးစီး ဘာကိစ္စ ရှင်က လာရတာလဲ"

မေသွယ်က ကော်ဖီနှစ်ခွက်ကို ဗန်းနှင့်ယူလာသည်။ သူ့ရှေ့တွင် တစ်ခွက်ချပေးပြီး ကျန်တစ်ခွက်ကို ကိုယ့်ဟာကို သောက်ဖို့ယူထားလိုက်သည်။

သည်ကြားထဲ အချိန်လေးမှာ မျက်နှာ ကမန်းကတန်းသစ်၊ တို့ပတ်ရိုက် အဝတ်အစားလဲလိုက်သဖြင့် စောစောကလို ကပိုကယို မေသွယ်မဟုတ်တော့။ ဇော်ထက်က ကော်ဖီခွက်ကို လှမ်းယူ၍ လက်နှင့်ကိုင်ရင်း. . .

"အရေးတကြီး မရှိပါဘူး၊ စောစောကိစ္စအတွက်ပဲ လာတာ"

"ဘာ"

"ဟင်း. . အလကားပြောတာပါ၊ မေသွယ့်ကို လာကြည့်တာ"

"ရှင်. . နော်"

"တကယ်ပြောတာပါ၊ မနေ့ညက ဟိုလူတွေနဲ့ တွန်းထိုးရုန်းကန်တာကော၊ ပြုတ်ပျက်ကျတာတွေကော စုံနေလို့ နေမှကောင်း

ရဲ့လား၊ ကိုယ်တွေလက်တွေများ နာနေမလားဆိုပြီး လာကြည့်တာ"

"ဘာမှ မဖြစ်ဘူး၊ ကောင်းတယ်"

"သိပြီးပြီ၊ ခုန လက်သံက တော်တော်ပြောင်တာပဲ၊ နေမကောင်း အားမရှိတဲ့ လက်သံမျိုးမှ မဟုတ်တာ"

"နေပါဦး. . အဲလောက်ထိတာ ရှင်ဘာမှ မဖြစ်ဘူးလား၊ ဒယ်အိုးကြီး ချိုင့်ဝင်သွားတယ်"

"မဖြစ်ပါဘူး၊ ကိုယ့်ခန္ဓာကိုယ်က အသွေးအသားနဲ့ လုပ်ထားတာမှ မဟုတ်ဘဲ၊ သံနဲ့ လုပ်ထားတယ်၊ ကိုယ့်အမေက ကိုယ့်ကို သံမှုန့်စားပြီး မွေးတာလေ"

"လုပ်ပြန်ပြီ၊ ဒီမှာဦးဇော်ထက်၊ ရှင်ကလေးလဲမဟုတ်ဘူး၊ လူငယ်လေး မဟုတ်ဘူး၊ တကယ့် ဒိတ်ဒိတ်ကျဲကုမ္ပဏီပိုင်ရှင်ကြီး ဘယ်လိုဖြစ်ပြီး ဒီမနက် ကလေးကလားအလုပ်တွေ လုပ်နေတာလဲ"

ဇော်ထက်က နှုတ်ခမ်းစေ့ပြီး ရယ်လိုက်သည်။ ပြီးမှ. . .

"အော်. . ကလေးနဲ့တွေ့တော့လည်း ကလေးလိုပဲ နေမိတာပေါ့ မသွယ်ရယ်၊ တကယ်ပါ၊ ကိုယ့်စိတ်ထဲမှာ မသွယ်နဲ့ တွေ့ရတာ အရမ်း စိတ်ချမ်းသာပြီး ပျော်နေလို့၊ ဒါပေမယ့် ဒီကပြန်ရင်တော့ ဆရာဝန် ဝင်ပြရဦးမယ်"

"ဘာဖြစ်လို့လဲ"

"လက်ကြီး ကွေးမရတော့ဘူး"

"ဟင်. . ."

ဘာမှမဖြစ်သလို ဟန်မပျက်ပြောရင်း ဇော်ထက်က သူ့ဘယ်ဘက်လက်ကို မြင်သာအောင်ပြသည်။ မသွယ် မျက်လုံးပြူးသွားသည်။ သူ့ဗယ်လက်ခုံကြီးတစ်ခုလုံး နီရဲပြီး ယောင်ကိုင်းနေသည်။



လက်ဆစ်ထိပ် အရေခွံတွေလည်း စုတ်ပြဲအဖတ်လန်နေ၏။

✦ ✦ ✦ ✦ ✦ ✦

"ဟာ. . . ဒုက္ခပါပဲ ဆေးထည့်မလား၊ ပရုပ်ဆီရှိတယ်"

သူက ခေါင်းခါသည်။ မျက်နှာပေါ်မှ အပြုံးက တစ်စက်မှ မပျက်။

"နေပါစေ၊ ဒါလေးရင်းပြီး ကိုယ်လုပ်ချင်တာလေး လုပ်လိုက်ရလို့ ကျေနပ်နေတာ"

"ရှင်ဟာလေ. . ."

"ဟုတ်တယ် မသွယ်ရဲ့၊ ကိုယ်ကအဲဒီလိုလူမျိုး။ ကဲပါထားပါ၊ အရေးကြီးတာတစ်ခုမေးမလို့၊ မနေ့တုန်းက ခန်းမအပြင်ဘက် ပန်းပင်နားမှာ မသွယ်နဲ့စကားပြောနေတာ ဘယ်သူလဲ၊ မသွယ်နဲ့ ဘယ်လိုပတ်သက်လဲ"

မသွယ့်ကိုယ်လေး ဆက်ခနဲ တောင့်သွားသည်။

"ဘယ်သူလဲ၊ ဝေယံကို ပြောတာလား"

"နာမည်တော့မသိဘူး၊ ချောတော့ အတော်ချောတဲ့ ကောင်လေးလေ။ မသွယ့်လက်ကိုလည်း တစ်ချိန်လုံး ကိုင်ထားတာတွေ့တယ်"

အင်း. . လက်ဆင့်ပြန်ပေးဖို့ အချိန်တော့ရောက်ပြီဟု မသွယ် တွေးလိုက်သည်။

"အဲဒါဘာဖြစ်တာလဲ၊ အဲဒီကိစ္စမှာ ဦးဇော်အပူ တစ်ပြားသားမှ မပါဘူး၊ မမေးနဲ့"

"မသွယ့် ရည်းစားလား"

"ဟုတ်တယ်၊ သူနဲ့ ယူတော့မလို့"

"သူများကို သွားဒုက္ခမပေးမိပါနဲ့ ချာတိတ်ရာ၊ မင်းသူ့ကို
ယ်လိုမှ စိတ်မဝင်စားဘူး ကိုယ်သိတယ်။ အခုလဲ မင်းနှိပ်စက်ထား
က ဟိုကောင်လေးပြားနေတာပဲ၊ သူများသားသမီးကို မနှိပ်စက်ပါနဲ့"

"ဟာ. . . ဟ ရယ်တောင် ရယ်လိုက်ချင်သေးတယ်၊ သူ
သိတာကျနေတာပဲ၊ သူဖြင့် ဘာမှမသိဘဲနဲ့"

"သိတယ် ချာတိတ်၊ သိတယ်၊ မင်းမျက်လုံးတွေက အစိမ်း
ရောင်တောက်နေတဲ့ ရေခဲတုံးလေးတွေ၊ ပြီးတော့ မင်းနှလုံးသားတွေ
က အဆင့်မြင့်အတွင်းအားတွေ သိပ်ကောင်းနေတာ၊ အဲဒီချာတိတ်နဲ့
မလိုက်ဘူး၊ ဟိုချာတိတ်က သိပ်နုတယ်"

"အော်. . . အဓိပ္ပါယ်ကတော့ ရှင်နဲ့ပဲ လိုက်တယ်ပေါ့"

"ဟား. . ဟား သိပ်မှန်တာပေါ့ ကလေးရယ်၊ ဒီတစ်လောက
ုံးမှာ မင်းနဲ့ လိုက်တဲ့လူဆိုလို့ ကိုယ်တစ်ယောက်ပဲရှိတယ်၊ စိတ်ကူးမ
ပွဲနဲ့၊ ကိုယ့်တစ်ယောက်တည်းကိုပဲ မင်းနှလုံးသားနဲ့ ဦးနှောက်ထဲမှာ
သိမ်းထား"

"အင်း. . တော်တော် တရားစရာပဲ၊ ဦးဇော်ထက်ဆိုတဲ့ နာ
ည်ပြောင်းလိုက်ပါလား"

"ရတယ်လေ၊ မင်းစိတ်ကြိုက်ဖြစ်ရမှာပေါ့၊ ကိုယ်နာမည်ကို
ယ်လိုပြောင်းမလဲ"

"ဦးဇော်လိပ်လို့ ပြောင်း၊ ကိုယ့်ဘက်ကို သိပ်ယက်တဲ့လိပ်ကြီး၊
ိပ်ဆိုတဲ့နာမည်နဲ့ပဲလိုက်တယ်"

"ဟား. . ဟား. . ဟား အရမ်းကောင်းတဲ့ နာမည်ပဲ၊ ကိုယ်
ိပ်ကြိုက်သွားပြီ၊ ဒီနေ့ကစပြီး တစ်ကောင်ဘွားဇော်လိပ်လို့ နာမည်



ပြောင်းလိုက်တော့မယ်နော်၊ သူများတွေက ဘာဖြစ်လို့လဲ မေးရင်
ကိုယ့်အချစ်က ပြောခိုင်းလို့. . . လို့"

"ကဲ. . . ရှင်မပြန်သေးဘူးလား ဦးဇော်ထက်၊ ပြန်ဖို့ ကောင်း
ပြီ၊ ရှင့်မှာ လုပ်စရာအလုပ်တွေ ရှိသေးတယ်မဟုတ်လား"

"မပူပါနဲ့ကွာ၊ ကိုယ် ဘာလုပ်ရမယ်ဆိုတာ ကိုယ့်ဟာကိုယ်
သိတယ်၊ ကိုယ်မေးတာ ဖြေပါဦး"

"ဘာဖြစ်ရမှာလဲ"

"အဲဒီချာတိတ်နဲ့ မင်းဘယ်လိုပတ်သက်နေလဲ. . လို့"

ဒီအတွက်ပဲ နှိပ်စက်စရာရှိသည်။ မေသွယ် မဖြေ။ အေး
စက်စက် မျက်လုံးများနှင့် ပြန်ကြည့်လိုက်ပြီး နှုတ်ခမ်းထောင့်လေး
တွန့်ရုံ ပြုံးလိုက်သည်။

"မဖြေဘူးပေါ့"

မေသွယ် စောစောပုံစံနှင့်ပင် ခေါင်းခါပြလိုက်သည်။

"ကောင်းပြီလေ၊ အဲဒါဆို ကိုယ် အလုပ်ခဏသွားလိုက်ဦး
မယ်၊ ညနေကျရင် ပြန်လာမယ်၊ အိမ်မှာ ထမင်းမစားနဲ့၊ အပြင်ထွက်
ပြီး တစ်ခုခု စားရအောင်"

"အင်း. . ဝေးသေးတယ်၊ ဒီညနေ မအားဘူး"

"ဘာကိစ္စရှိလို့လဲ"

"ချိန်းထားလို့"

"ဝေယံနဲ့လား"

"မဟုတ်ပါဘူး၊ ကိုယ့်ကိစ္စနဲ့ ကိုယ်ပါ"

"ကောင်းပြီလေ၊ အဲဒါဆို ကိုယ်လဲ ဒီနေ့အားချင်မှ အားမှာ၊
ကုမ္ပဏီကို မရောက်သေးဘူး၊ ဒီလိုလုပ် မနက်ဖြန်ကျရင် ကုမ္ပဏီ

အရင်သွားမယ်၊ လုပ်စရာရှိတာတွေ တစ်ယောက်ယောက်ကို လွှဲပေးပြီးတော့ အင်း. . . ဒီအချိန်ကျော်ကျော် လာခဲ့မယ်၊ ဆယ့်တစ်နာရီ ဆယ့်တစ်နာရီခွဲပေါ့"

"ဘာလုပ်မလို့လဲ"

"အပြင်သွားမယ်လေ၊ တစ်နေရာမှာ တစ်ခုခုစားမယ်၊ ပြီးတော့ လျှောက်လည်မယ်"

"ဟာ မလိုက်ပါဘူး၊ ဘယ်သူနဲ့မှ အဲဒါမျိုး မသွားဘူး၊ စိတ်လည်း မဝင်စားဘူး၊ ဝါသနာလဲ မပါဘူး"

"သိပါတယ်၊ မင်းဆိုတဲ့မေသွယ်က သံမဏိလိုမာတဲ့ ရေခဲတုံးကြီးတစ်တုံးကို သံချပ်ကာအကျီလိုချုပ်ပြီး မင်းကိုယ်မင်း ကာကွယ်ထားတယ်ဆိုတာ ကိုယ်သဘောပေါက်တယ်"

"ပေါက်ရင် ဘာလို့မဖြစ်နိုင်တာတွေ လျှောက်ပြောနေလဲ"

"အဲဒီ သံမဏိရေခဲထုကြီးကို ကိုယ်ရအောင် ဖြိုခွဲပစ်မယ်လေ၊ ကိုယ့်မှာ အဲဒီလို ဖြိုခွဲနိုင်ဖို့ အဆင့်မြင့်စွမ်းအားတွေ တန်ဖိုးတွေ အများကြီးရှိတယ်"

"ကျွန်မ ရှင်နဲ့မလိုက်ဘူး၊ ရှင်နဲ့လည်း နောက်ထပ်မတွေ့ချင်တော့ဘူး၊ ကျွန်မပြောတာ နားလည်လား၊ ရှင်းကောရှင်းရဲ့လား"

"ရှင်းတယ်၊ နားလဲလည်တယ်၊ ဒါပေမယ့် လက်တော့မခံဘူး၊ မနက်ဖြန် ဆယ့်တစ်ရှိခွဲ ကိုယ်လာမယ်၊ စောင့်နေ"

"မလာနဲ့၊ ကျွန်မ ဒီမှာမရှိဘူး"

"ရှိကိုရှိရမယ်၊ မင်း ကိုယ့်ကိုပဲ စောင့်နေရမယ်"

"သေလိုက်ပါလား၊ ဒီမှာ ဦးဇော်ထက်၊ ရှင့်ကို ကျွန်မ မုန်းတယ်၊ ကြားတယ်နော်၊ မကြားလိုက်ရင် သေချာနားထောင်၊ ရှင့်ကို



မုန်းတယ်၊ အရမ်းမုန်းတယ်"

"ကိုယ်ကလဲ သိတာယ်ကွ၊ အဲဒါ မင်းလိမ်တာ"

"ဘာ. . . ဘာပြောတယ်"

"မနက်ဖြန် ဆယ့်တစ်နာရီခွဲ စောင့်၊ ကဲ. . ကိုယ်သွားမယ်"

ပြောရင်းနှင့် ထရပ်ပြီး တံခါးဝဆီ လျှောက်သွားသည်။ မေသွယ်က သူ့တောင့်တင်းသော ခန္ဓာကိုယ်ကို နောက်ကနေ စိုက်ကြည့်ရင်း အံတစ်ချက်ကြိတ်၍. . .

"ဦးဇော်ထက်"

ဇော်ထက်က တံ့ခနဲရပ်ပြီး လှည့်ကြည့်သည်။ မေသွယ်က-

"ဒီမှာ ကျွန်မ . . . ဟင်"

စိတ်ထဲမှာ မခံချိမခံသာဖြစ်နေသည်မို့ ပြောရမည့်စကားလုံးရှာမရ။ မျက်လုံးအကြည့်ဖြင့်သာ ဒေါသအလျှံအခိုးတွေ ထုတ်လွှတ်နေရပါသည်။ ဇော်ထက်က အတန်ကြာစောင့်နေပြီးမှ ပြုံးသည်။ ပြုံးရင်းနှင့်မှ. . .

"တော်ပါတော့မေသွယ်ရယ်၊ ကိုယ့်ကို အဲလိုကြီးမကြည့်ပါနဲ့တော့၊ အဲဒီအကြည့်ကြီးဒဏ်ကို ကိုယ်မခံစားနိုင်ဘူး၊ မနက်ဖြန်ကျရင်သာ မမေ့နဲ့"

ပြောပြောဆိုဆိုနှင့် တံခါးကို ကိုယ့်ဖာသာဖွင့်၍ ထွက်သွားသည်။

"တောက်"

မေသွယ်ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိသဖြင့် နောက်ဆုံးလုပ်နိုင်ရာဖြစ်သော တောက်တစ်ချက်သာ ခတ်လိုက်၏။

## (၆)

နောက်တစ်နေ့မှာ မသွယ်အစောကြီး အိပ်ရာက နိုးနေ
သည်။

နိုးနိုးချင်း ခေါင်းထဲဝင်လာသောကိစ္စမှာ ဇော်ထက်ကိစ္စပဲ ဖြစ်သည်။ လောကကြီးမှာ ဘာတွေဖြစ်ဖြစ်၊ ဒီမနက် ဆယ့်တစ်နာရီခွဲ မှာတော့ ဒီပုဂ္ဂိုလ် ပေါက်ချလာမှာသေချာသည်ဟု အတပ်သိနေသည်။ မနေ့က သူပြောသွားသော စကားတစ်ခုက နားထဲမှာ စွဲနေသည်။

"ကိုယ်ဆိုတဲ့ကောင်က ဘာမှမလုပ်ချင်ရင် ထိုင်နေမယ်၊ တစ်ခုခုလုပ်တော့မယ်လို့ ဆုံးဖြတ်ပြီးရင်တော့ သေလောက်မယ့် အန္တရာယ်ရှိလဲ ဂရုမစိုက်တော့ဘူး၊ ကိုယ့်ဘဝမှာ နောက်ဆုတ်တယ် ဆိုတာ မရှိဘူး"

ထိုစကားကို သူဝါကြွားပြောတာမဖြစ်နိုင်။ သည်စိတ် ဓာတ်မျိုးဖြင့်ပင် သည်အသက်အရွယ်မှာ သည်လောက် အောင် မြင်သည့် စီးပွားရေးလုပ်ငန်းများကို ထူထောင်ခဲ့ပုံရ၏။

မမနေ့ကပဲကြည့်၊ သူ့လက် သည်လောက်ဖြစ်သည်ကို သူ လုံးဝဂရုမစိုက်၊ သူလုပ်ချင်တာလုပ်လိုက်ရ၍ ကျေနပ်နေခြင်းသာ



သူ့ မျက်နှာပေါ်မှာ မြင်နေရသည်။

မသွယ့်ဘဝ၌ ခေါင်းမာခြင်း၊ ဖွဲနဘဲကြီးခြင်းအရာမှာ ဘိုးဘိုး ဦးဘသွယ်သာ စံပြဟု ထင်ခဲ့၏။ အခု . . သူနှင့်ယှဉ်လိုက် တော့ ဘိုးဘိုးတောင် အရှုံးပေးရမလို ဖြစ်နေပြီ။

"ဟူး"

စိတ်မောမောနှင့် လေပူတစ်ချက်မှုတ်ထုတ်ရင်း စောင်ကြီး ကို ခေါင်းမြီးခြုံပစ်လိုက်သည်။

"တော်ပြီကွာ၊ သူ့အကြောင်း မစဉ်းစားတော့ဘူး"

မသွယ်က ပါးစပ်မှာ အသံထွက်ပြီးပင် ပြောလိုက်သည်။ ဟုတ်လည်း ဟုတ်သည်။ သူနှင့်ဆုံခဲ့ရတာ ဘယ်နှစ်ရက်မှ မရှိသေး၊ တကယ့်ကို နှစ်ရက်တစ်ပိုင်း မပြည့်သေး၊ စုစုပေါင်းမှ တစ်ရက် တစ်ပိုင်းပဲ ရှိသေးသည်။ ခုကျတော့ မသွယ့်ကို အလွှမ်းမိုးဆုံးလူက သူဖြစ်နေပြီ။

မသွယ့်ခေါင်းထဲမှာ ဒိပြင်အကြောင်းအရာကို စဉ်းစားဖို့ အချိန်မရ၊ သူ့အကြောင်း သူ့ကိစ္စတွေနှင့်ပဲ ကိစ္စပြီးနေသည်။

ခုထိလည်း အဆုံးမသတ်နိုင်သေး။ သုံးနှစ်လုံးလုံး ယောကျ်ား မှန်သမျှကို ပေယျာလကန် ပြုလာခဲ့သမျှ သူနှင့်ကျမှ လိမ့်ခံနေရ သည်။ နေရင်းထိုင်ရင်း ပါးအနမ်းခံလိုက်ရတာလည်း နှစ်ခါရှိပြီ။

ချိုမာတို့ကလည်း အားကိုးရသည်။ သည်အချိန်မျိုးကျမှ အိမ်ကိုမကပ်တော့။ ဘာပြောပြော အိမ်ထဲမှာ မသွယ်တစ်ယောက် တည်း မဟုတ်ဘဲ အဖော်တစ်ယောက်သာရှိနေလျှင် သူ ဒီလိုလုပ်ရဲ မှာမဟုတ်။

ခုတော့သူနှင့်တွေ့တိုင်း ကိုယ့်မှာတစ်ယောက်တည်းချည်း

ဖြစ် ဖြစ်နေသည်။ သည်နေ့လည်း အိမ်မှာ ချိုမာမရှိ။

မနေ့က ဇော်ထက်ပြန်သွားပြီး သိပ်မကြာ နေ့လယ်ဆယ့်နှစ်နာရီလောက်မှာ ချိုမာပြန်ရောက်လာသည်။ တွေ့တွေ့ချင်း ချိုမာက အထူးပွဲပြသည့် ညအကြောင်း မေးသည်။

"ဟဲ့ ညက နင် ကိုဇော်ထက်ကြီးကားနဲ့ ထွက်သွားတယ်ဆို"

သတင်းက အတိအကျကြီးဖြစ်နေသဖြင့် မေသွယ်က အံ့သြသွားပြီး. . .

"ဟုတ်တယ် ချိုမာ၊ နင့်ကို ဘယ်သူပြောလဲ"

"ဟဲ့. . . မြင်လိုက်တဲ့လူတွေ အများကြီးရှိတာပေါ့၊ အဲဒါ ဘယ်ထွက်သွားကြတာလဲ"

"ဘယ်ထွက်ရမလဲ၊ အိမ်ပြန်လာတာပေါ့"

မေသွယ်က ထိုညကဖြစ်စဉ်ကို အကုန်ပြောပြလိုက်သည်။ ချိုမာ ရင်ဖိနေ၏။

"ဟယ်. . . ဘုရား ဘုရား၊ ကံကောင်းလို့ပါလား မေသွယ်ရယ်၊ ပြန်ချင်ရင်လဲ ငါ့ လာပြောပေါ့၊ ကိုဖုန်းကို ပြန်ပို့ခိုင်းပေးမှာပေါ့"

"ငါလည်း အားနာလို့ ကားငှားပြန်မယ်ဆိုပြီး ထွက်လာခဲ့တာ"

"အဲဒါနဲ့ ကိုဇော်ထက်က ဘယ်လိုလုပ် တိုက်တိုက်ဆိုင်ဆိုင် အဲဒီနားရောက်လာတာလဲ"

"မပြောတတ်ဘူး"

ဟုတ်သားပဲ၊ ထိုကိစ္စကို မေသွယ် လုံးဝမစဉ်းစားမိ၊ ချိုမာက ရယ်ပြီး. . .



'ကေနတ္တတော့ နင်အပြင်ထွက်သွားကတည်းက ကိုဇော်ထက် ကြီး နင့်နောက် မသိမသာလိုက်လာလို့ နေမှာပေါ့"

အင်း. . . ဟုတ်ချင်ဟုတ်မှာပဲဟု တွေးမိသည်။ မနေ့ညက သာ သည်လိုပြောလျှင် မေသွယ်လက်ခံမိမှာ မဟုတ်၊ သည်နေ့ မနက် အခြေအနေနှင့် ဆက်စပ်တွေးမှ သည်အချက်ဖြစ်နိုင်ချေရှိလာခြင်း ဖြစ်သည်။

"အဲဒါနဲ့ ဟိုနှစ်ယောက်သတင်းကော ကြားပြီးပြီလား"

"ဘယ်နှစ်ယောက်လဲ"

"ဘယ်နှစ်ယောက်ရမလဲ၊ ဝေယံနဲ့ နှင်းနုရယ်ပေါ့"

"မင်း မကြားသေးဘူး၊ ဘာဖြစ်လို့လဲ"

"ခုတောင် ပဲခူးမှာ နှင်းနုရည်ကို ညတွင်းချင်းလက်မှတ်ထိုးပြီး ယူလိုက်ရတယ်"

"ဟင်. . . ဘယ်လိုဖြစ်တာလဲ"

"ဟိုကောင်က အပိုင်ဆိုပြီး နှင်းနုရည်ကို ပဲခူးခေါ်သွားမှာပေါ့၊ နှင်းနုရည်က အိမ်ကိုဖုန်းဆက်ပြီးပြောတော့ ဘယ်လိုပြောလိုက်လဲ မသိဘူး၊ အိမ်က ညတွင်းချင်းလိုက်လာတော့၊ ပက်ပင်းမိပြီး ဟိုကောင် ရပ်ကွက်ရုံးမှာ လက်မှတ်ထိုးယူလိုက်ရတာပေါ့"

"ဟား. . ဟား. . ကောင်းတယ်၊ နှင်းနုရည်တော့ ပျော်သွားမှာပဲ"

"နင်ကော. . ဘယ်လိုနေလဲ"

"ဟ. . ငါက ဘာဖြစ်ရမှာလဲ၊ ငါနဲ့ ဝေယံက ဘာမှဖြစ်တာ မဟုတ်တာ"

"အမလေး. . . ဝေယံ နင့်ကို အသေရရ အရှင်ရရဖြစ်နေ

တာ လူတိုင်းသိတာပဲ၊ အေးလေ. . . နင်က ဝေလငါးလောက်ကြီး တဲ့ ငါးကြီး ပိုက်ထဲမိနေပြီပဲ၊ ဝေယံက ငါးစင်ရိုင်းဖြစ်သွားပြီပေါ့၊ လွတ်တဲ့ငါး ဘယ်ကြီးတော့မလဲ မဟုတ်ဘူးလား"

"နင် ဘာပြောတာလဲ၊ ဝေလငါးဆိုတာ ဘယ်သူလဲ"

"ကိုဇော်ထက်ပေါ့၊ ကိုဇော်ထက်ကမှ ဝေလငါးဟာ၊ သူနဲ့ ယှဉ်လိုက်ရင် ဝေယံ ငါစင်ရိုင်းလောက်တောင် မရှိတော့ဘူး"

"သွားစမ်းပါဟာ၊ ငါ ဘယ်သူ့မှ စိတ်မဝင်စားပါဘူး"

"ကိုဇော်ထက်ကိုတော့ နင် စိတ်မဝင်စားဘဲ မနေသင့်ဘူး မေသွယ်၊ တကယ်ပြောတာ၊ သူနဲ့ချိတ်မိရင် နင့်ဘဝမှာ ဘာမှ မလိုအပ်တော့ဘူး၊ အားလုံးပြည့်စုံသွားပြီ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဟာ၊ လောကမှာငွေရှိရင် ဘာမဆိုလုပ်လို့ရ တာပဲ၊ လောကမှာ နင်လုပ်ချင်တာတွေအားလုံး ဖြစ်လာပြီပေါ့"

"ငါ အဲဒီအလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး ချိုမာ၊ သူဟာ သူ ပိုက်ဆံ ဘယ်လောက်ရှိရှိ၊ သူ့အကြောင်း ငါဘာမှ သိတာ မ ဟုတ်ဘူး၊ အဲဒီလို အကြောင်းမသိတဲ့ လူတစ်ယောက်ကို စိတ်ဝင်စား ဖို့ဆိုတာလဲ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ဟာ. . . နင်ကလဲ သူ့အကြောင်းများ ဘာမှသိဖို့ မခက် ဘူး၊ ညက နင်ထွက်သွားတော့ ကိုဖုန်းပြောပြလို့တောင် ငါတော် တော်များများ သိပြီးပြီ၊ နင် ဘာသိချင်လဲပြော"

"နင်က ဘာတွေသိလာလို့လဲ"

"သိတာပေါ့ဟာ၊ ကိုဇော်ထက်က စီးပွားရေးလောကမှာ အရမ်းအောင်မြင်နေတယ်၊ ပိုက်ဆံလဲ အရမ်းရှိတယ်၊ သူ့လုပ်ငန်း



တွေက မြန်မာပြည်တစ်ပြည်လုံးအနှံ့ ဖြစ်နေတာတဲ့၊ မန္တလေးမှာပဲ သူ့အိမ်တစ်လုံးရှိတယ်တဲ့၊ ဆောက်ထားတာ နန်းတော်ကြီးကျနေ တာပဲ လို့ ပြောတယ်"

"အင်း. . ပြီးတော့ကော"

"ပြီးတော့ သူက စွံလဲအရမ်းစွံတယ်တဲ့၊ အဲဒါတွေကတော့ မနေ့က ကိုဖုန်း နင့်ကိုပြောပြပြီးပါပြီ၊ သူနဲ့သတင်းထွက်တဲ့ မိန်း ကလေးတွေ အများကြီးပဲ။ အဲဒါတွေကလည်း တစ်ယောက်မှ အည တြမပါဘူး၊ တကယ်လှတဲ့၊ တော်တဲ့ထက်တဲ့ ချမ်းသာတဲ့ မိန်းမတွေ ချည်းပဲတဲ့။ မနေ့ကတောင် မသိင်္ဂီနဲ့တွဲလာတာ ကြည့်ပါလား"

"အေး. . အဲဒီလိုလူမျိုးတစ်ယောက်ကို ငါက ဘယ်လိုလုပ် များ ယုံစားရမှာလဲ"

"ဒီအပိုင်းမှာ ဒါတွေမလိုပါဘူး မေသွယ်ရာ၊ ဒါတွေက သူ့ကကျွန်နဲ့သူ ကိုယ့်ကကျွန်နဲ့ကိုယ် တစ်ကန့်စီပါ။ သူ့လက်ရွေးစင် စာရင်းထဲ ပါဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်လား၊ ဘာမဟုတ်တဲ့ ဝေယံစာရင်းထဲတောင် နှင်းနုခိုင်လို မိန်းမမျိုးက ပါချင်လွန်းလို့ တွန့်တွန့်လူးနေတာ"

"တော်စမ်းပါဟာ၊ နင့်စကားတွေက ကြားတာနဲ့တောင် ရှက်တယ်၊ နင်ပြောပုံဆို မိန်းမတို့ ဣန္ဒြေတွေလည်း ဘယ်ရောက် ကုန်ပြီလဲ"

"ဟာ. . နင်ကလဲ၊ အဲဒါတွေ ခေတ်ဟောင်းမှာကျန်ခဲ့ပြီ၊ဒီ ခေတ်မှာ မအောက်စမ်းပါနဲ့"

"မော်ဒယ်အောက်အောက် မအောက်အောက် ငါတော့ဒီ အမျိုးအစားထဲမပါဘူး၊ ရှက်တယ်၊ ကျက်သရေမဲ့လွန်းတယ်လို့

ထင်တယ်"

"မရှက်နဲ့ မထင်နဲ့ မေသွယ်၊ အရေးကြီးတာက နောက်တစ်ခါ နင်နဲ့သူ ပြန်ဆုံခွင့်ရဖို့ပဲ အရေးကြီးတယ်"

"ဘာအတွက် အရေးကြီးတာလဲ"

"အို. . ဒါမှ နင်နဲ့သူနဲ့ ပတ်သက်ဆက်နွယ်ဖို့ အခွင့်အလမ်း ပေါ်လာမှာပေါ့"

"ဘာမှမပေါ်ဘူး၊ ဒီမနက် အိမ်လာသွားပြီးပြီ၊ ခုနလေးတင် ပြန်သွားတာ"

"ဟာ. . တယ်ဟုတ်ပါလား၊ သူက ဘာတဲ့လဲ၊ နင့်ကို ဘာပြောသွားသေးလဲ၊ ဘာတွေဇကာ ဖြစ်ကြသေးလဲ"

"ဘာဖြစ်သလဲတော့ မမေးနဲ့၊ ကဲပါဟာ. . ဒါတွေ မမေးပါနဲ့တော့၊ ငါလည်း မပြောချင်တော့ဘူး"

ပထမတော့ စိတ်လက်မာန်ပါနှင့် အကုန်ဖွင့်ပြောပြလိုက်ဖို့ အခြေအနေထိ ဖြစ်သွားသေးသည်။ နောက်မှသတိရ၍ လျှာကို ကမန်းကတန်း ဘရိတ်အုပ်လိုက်ရသည်။

အချင်းချင်း လျှို့ဝှက်ချင်၍တော့ မဟုတ်။ သို့သော် သည်လောကမှာ ဒါတွေက သိပ်သတင်းပျံ့နှံ့ လွယ်သည်။ ချိုမာကလည်း သူသိလျှင် သူ့ဟာသူ ငြိမ်နေမှာမဟုတ်၊ ချိုမာက ကိုဖုန်းပြော၊ ကိုဖုန်းက ဒိပြင်တစ်ယောက်ပြောနှင့် အလကားနေရင်း နာမည်ကြီးသွားမည်။

ညက အတော်မိုးချုပ်မှဖြစ်ခဲ့သည့် ဝေယံတို့ သတင်းပင် ကိုယ့်ထံရောက်နေပြီ မဟုတ်ပါလား။

"အေးပါဟာ. . . မမေးနဲ့ဆိုလဲ မမေးတော့ပါဘူး၊ ဒါပေမယ့် နင်နဲ့သူ ထပ်တော့တွေ့ကြဦးမှာ မဟုတ်လား"



"သူကတော့ မနက်ဖြန်လာဦးမယ် ပြောတယ်၊ ဒါပေမယ့် ငါက မတွေ့တော့ပါဘူး"

"ဟာ. . မတွေ့ဘဲ မနေပါနဲ့ဟာ၊ တွေ့တော့တွေ့လိုက်ပါ၊ ငါ တကယ်ပြောတာပါ၊ ကျန်တဲ့အပိုင်းကတော့ နင့်ဟာနင့် စဉ်းစားယူ၊ ငါကတော့ ငါ့သူငယ်ချင်း ကောင်းစားစေချင်လို့ ပြောတာပါ"

အမှန်တော့ မေသွယ် ဒီစကားမျိုးကိုပင် မခံချင်ဖြစ်မိခြင်းဖြစ်သည်။ သည်စကားမျိုးကို မေသွယ် ဆတ်ဆတ်ခါအောင် နာတတ်မှန်း ချိုမာမသိ။

နှလုံးသားမပါဘဲ လူတစ်ယောက်ကို ခယ,ရမှ ကြီးပွားကောင်းစားရမည်ဆိုခြင်းမှာ မိန်းကလေးတစ်ယောက် အတွက် သိက္ခာကျစရာ၊ ရှက်စရာ၊ နာစရာ ကောင်းလွန်းလှ၏။

✦ ✦ ✦ ✦ ✦ ✦

အပြတ်နှင်ထုတ်ပစ်လိုက်။ ကိစ္စ တစ်ခါတည်း ပြတ်သွားမည်။

သို့သော် ခက်နေသည်က သူနှင့်မျက်နှာချင်းဆိုင်မိလျှင် မေသွယ် အဲလိုပြတ်နိုင်ပါ့မလားဆိုသည့်ကိစ္စ။ အတွေ့အကြုံအရ ပြောရရင်တော့ မျှော်လင့်သလို ပြတ်သားနိုင်ဖို့မလွယ်။

စိတ်ထဲမှာ မခံချင်ဖြစ်တာဒေါသထွက်တာ သည်ပုဂ္ဂိုလ်ကို အရှုံးမပေးချင်တာက တခြား။ သည်ပုဂ္ဂိုလ်၏ ပါးနပ်လိမ္မာ ကျွမ်းကျင်လှသော ဆွဲဆောင်မှုအားမှာ ကိုယ်က မသိမသာပါသွားလျက် ငြင်းရင်းပြတ်ရင်း သူ့အလိုဆန္ဒအတိုင်း လိုက်လျောမိသလို ဖြစ်သွားဖို့က သေချာသည်။

သည်ပုဂ္ဂိုလ်၏ အားကောင်းသောစိတ်စွမ်းအင်နှင့် ညို့ငင်ဆွဲဆောင်ယူနိုင်စွမ်းကလည်း တကယ့်ကို ကြောက်ခမန်းလိလိ။ ခုပင် သူ့လွှမ်းမိုးမှုအောက်မှာ မရုန်းနိုင် မထွက်နိုင်ဖြစ်နေသည်။ အချိန်ရှိသ၍ သူ့အကြောင်းအရာများဖြင့်သာ ဘဝ၏အချိန်များကို ဖြတ်သန်းနေရသလိုဖြစ်နေပြီ။ တဖြည်းဖြည်းနှင့် သူ့ဆွဲဆောင်ညို့ငင်မှု ကွန်ယက်ကနေ မရုန်းနိုင်၊ မထွက်နိုင် ငြိတွယ်သွားခဲ့လျှင်. . .

မေသွယ့်ကျောရိုးတစ်လျှောက် စိမ့်တက်သွားသည်။ မဖြစ်ပါဘူး၊ ဒီလူ့နောက် ကိုယ်ပါသွားလို့ ဘယ်လိုမှမဖြစ်ဘူး။ ဒီလူဟာ ကြောက်စရာကောင်းတဲ့ လူတစ်ယောက်၊ ဒီလူဟာ ကိုယ့်ဘဝကို အကြီးအကျယ် ဒုက္ခပေးမည့်သူတစ်ယောက်။ ဒီလူ့ကို စိတ်ဝင်စားသွားလို့ လုံးဝမဖြစ်ဘူး။ ကိုယ့်ကိုကိုယ် သတိပေးရင်းနှင့်ပင် ကိုယ့်ကိုကိုယ် မယုံမရဲဖြစ်ကာကြောက်လန့်လာသည်။ ထို့နောက် ရင်ထဲက လှိုက်လှိုက်လှဲလှဲဖြစ်ပေါ်လာသော စိတ်ဖြင့် ဘုရားကို တိုင်တည်ပြီး ဆုတောင်းလိုက်မိသည်။

## (၇)

မေသွယ် စိတ်ပျက်ပျက်နှင့် မနေ့က ချိုမာနှင့်ပြောခဲ့သည့် စကားများအကြောင်း စဉ်းစားနေခြင်းကို ရပ်ပစ်လိုက်ပြီး အိပ်ရာမှ ထသည်။ မျက်နှာသစ် ရေမိုးချိုးပြီး ဧည့်ခန်းမှာ ကော်ဖီသောက်သည်။ နာရီလှမ်းကြည့်သောအခါ ရှစ်နာရီခွဲနေပြီဖြစ်သည်။ ဆယ့်တစ်နာရီ ခွဲလျှင် ဇော်ထက် ရောက်လာတော့မည်။ ဘယ်လို လုပ်ရရင် ကောင်းမလဲဆိုသော အတွေးများက ခေါင်းထဲပြန် ရောက်လာပြန်၏။

ခုချိန်မှာ အပြင်ထွက်သွားလိုက်ရင် ကောင်းမလား။

ကောင်းတော့ကောင်းသည်ပဲ ထားပါတော့။ ဒါပေမယ့် ဘယ်သွားမလဲ။ ပြီးတော့ ဘယ်လောက်ကြာကြာသွားမလဲ။ အဲလို သွားလိုက်ရင်ကော ဒီကိစ္စက တစ်သက်လုံး ပြီးပြတ်သွားမလား။

အမှန်ပြောရလျှင် ထိုကဲ့သို့ ရှောင်ထွက်သွားသော နည်းလမ်းကို မေသွယ် သိပ်မကြိုက်။ ယောကျ်ားတစ်ယောက်ကို ကိုယ်က ကြောက်လို့ရှောင်ပြေးရတာမျိုး လုပ်ရတာ သိက္ခာကျသည်ထင်သည်။

အကောင်းဆုံးက ရင်ဆိုင်ဆုံလိုက်ပြီးမှ သူ့ကို ပြတ်ပြတ်သားသား ငြင်းနိုင်ခြင်းသာ ဖြစ်၏။ အပြတ်ငြင်း၊ အပြတ်ပြော

“ဘုရား ဘုရား၊ ဘာအကြောင်းနဲ့မှ ငါသူ့ကို ချစ်မိမသွားပါစေနဲ့”

ထိုအချက်သည် သူမ အကြောက်ဆုံးအချက်ဖြစ်သလို ထိုကဲ့သို့ ဖြစ်သွားမှာ အရမ်း စိုးရိမ်နေရသည့် အခြေအနေမှာ ရှိနေကြောင်းကိုလည်း သူမ ဖာသာသိနေ၏။

“ဟာ. . . ဟုတ်ပြီ”

ဆယ်နာရီခွဲလောက်မှာ မေသွယ် အကြံတစ်ခုရ၏။ သူ့အလိုလိုရလာသော အကြံတော့မဟုတ်။ စိတ်ညစ်ညစ်နှင့် ဝရန်တာထွက်ပြီး ဟိုသည်ကြည့်နေစဉ် ကိုနိုင့်ကို လှမ်းမြင်လိုက်ရသဖြင့် လက်ခနဲ ခေါင်းထဲ ပေါ်လာသောအကြံဖြစ်သည်။

“ဖျောက်. . . ဖျောက်. . . ဖျောက်”

အကြံရသည်နှင့် အချိန်မစောင့်တော့ဘဲ ကိုနိုင့်ကို လက်ခုပ်လှမ်းတီးခေါ်လိုက်သည်။ ပထမတော့ ကိုနိုင်က အပေါ် မော့မကြည့်၊ အောက်ကိုပဲ ဘေးဘယ်ညာ ကြည့်သည်။

“ကိုနိုင်. . . ဒီမှာ”

မေသွယ်က အသံပါပြုလိုက်မှ ကိုနိုင်က မော့ကြည့်သည်။

“ဟေး. . .”

ကိုနိုင်ကလည်း ဝမ်းသာအားရနှင့် လက်ဝှေ့ရမ်းပြီး အသံပြုသည်။ မေသွယ်က လှမ်းမေးသည်။

“ကိုနိုင် ဘယ်လဲ၊ ဘယ်သွားမလို့လဲ”

“ဘယ်မှမဟုတ်ဘူး၊ ဒီလိုပဲ ကိစ္စရှိလား”

“ရှိတယ်၊ အပေါ်ခဏလာခဲ့ဦး”

“လာခဲ့မယ်၊ လာခဲ့မယ်”



တစ်ခါမှ စိတ်လိုလက်ရ သည်လိုအခေါ်မခံရဘူးသဖြင့် ကိုနိုင်ဆိုသောလူချောလေး ဝမ်းသားအားရ ပြေးတက်လာသည်။

မေသွယ်က တံခါးဖွင့်ပေးလိုက်ပြီး. . .

“အမလေး. . ခေါ်လိုက်ရတာ ကိုနိုင်ရာ၊ တော်တော်နဲ့ကို မကြားဘူး”

“ကြားတော့ကြားတယ် မေသွယ်ရဲ့၊ ဒါပေမယ့် အပေါ်ကို မော့မကြည့်မိလို့”

“ကဲပါ. . ထိုင်ပါဦး၊ ဘာသောက်မလဲ၊ ကော်ဖီ သောက်ပါလား”

“လုပ်လေ. . ဘာဖြစ်ဖြစ် ရတယ်”

“ဒါဖြင့် ခဏလေး၊ မေသွယ် သွားဖျော်လိုက်မယ်”

“အင်း”

ကိုနိုင်တစ်ယောက်တော့ ဘာမသိညာမသိနဲ့ ပျော်နေမှာ၊ သူ့ခမျာ နေရင်းထိုင်ရင်း ထီထပေါက်သလိုဖြစ်သွားမှာဟု မေသွယ်က ကော်ဖီဖျော်ရင်း တွေးမိသည်။ ကိုနိုင်က သူတို့အိမ်အောက်ထပ်မှ ဓာတ်ပုံဆရာလေး ဖြစ်သည်။ လူက ဖြူဖြူသွယ်သွယ်နှင့် လူချောလေး။ မေသွယ့်ကိုလည်း အရမ်းစိတ်ဝင်စားသည်။ အကြောင်းမရှိ အကြောင်းရှာကာ ဓာတ်ပုံရိုက်ပေးဖို့ အိမ်အလည် လာဖို့ စကားစသည်။

မေသွယ်က ထိုစဉ်က သိပ်မျက်နှာသာမပေးဘဲ၊ ခါခါလွတ်ခဲ့သည်။ ခုတော့ မေသွယ်က အိမ်ပေါ် လိုလိုလားလား ဖိတ်ခေါ်လိုက်သဖြင့် အတော်လေး ကြည်နူးနေပုံရသည်။ အမှန်တော့ ကိုနိုင့်ကို အဲလို အသုံးချဖို့ ဘယ်တုန်းကမှ ဆန္ဒမရှိ။ ခုတော့ ဘယ်လိုမှ မလွှဲ

သဘ်သဖြင့် မာယာသုံးပြီး ခိုင်းစားလိုက်ရခြင်းဖြစ်သည်။

ဖော်ထက်လာချိန်မှာ မေသွယ်တစ်ယောက်တည်း ရှိမနေချင်။ တစ်ယောက်ယောက် အဖော်ရှေ့မှာ ငြင်းရတာက ပိုသေချာသည်။ အဟန့်လည်းကောင်းသည်။ ယောကျ်ားလေးအဖော်ရှေ့မှာဆိုတော့ ပုဂ္ဂိုလ်လည်း ထပ်အတွန့်တက်ရဲမှာ မဟုတ်။

ဘာပြောပြော တိုစိတ်ကူး၊ ထိုအကြံနှင့် ထိုအခွင့်အလမ်းတစ်ခု ဖြစ်ပေါ်လာခြင်းအတွက် မေသွယ် ကျေနပ်သွားသည်။ ဖော်ထက်ဆိုသောပုဂ္ဂိုလ်ကို ရှောင်ထွက်စရာမလိုဘဲ ပိုင်ပိုင်နိုင်နိုင် ခါလွှတ်နိုင်ပြီဟု တွေးပြီး သူမပါ ဝမ်းသာပျော်ရွှင် ကြည်နူးသွားမိ၏။

"မေသွယ် ဓာတ်ပုံရိုက်ချင်လို့ ကိုနိုင်ရဲ့ အဲဒါ ကိုနိုင်အားတဲ့ တစ်နေ့စီစဉ်ပေးစမ်းပါ"

"ဟာ. . မေသွယ့်အတွက်ဆို အားအောင်စောင့်နေစရာမလိုဘူး၊ အခုရိုက်မလား၊ ကျွန်တော် ကင်မရာပစ္စည်းတွေ သွားယူလိုက်မယ်"

"အား. . အား. . နေပါဦး၊ အခုတော့ မဟုတ်သေးဘူး၊ မေသွယ် ချုပ်ထားတဲ့အင်္ကျီတွေ မရသေးဘူး၊ အဝတ်အစားစုံမှ ကိုနိုင့်ကို လှမ်းပြောလိုက်မယ်"

"ရတယ် မေသွယ်၊ အခုပြောတာနဲ့ ကျွန်တော် အခုရိုက်ပေးမယ်၊ ဘယ်လိုရိုက်ချင်တာလဲ၊ အင်ဒိုးလား အောက်ဒိုးလား"

"ရိုက်ရင်တော့ အောက်ဒိုးပဲကောင်းပါတယ်၊ ကိုနိုင်ရိုက်လို့ကောင်းမယ့်နေရာလေးတွေ သိလား"

"သိတာပေါ့၊ တကယ့်အကောင်းစားတွေချည်း ဖြစ်ရမယ်၊ ဘာမှမပူနဲ့ ကျွန်တော့်သူငယ်ချင်းကားကို အချိန်မရွေး ဘယ် လောက်



ကြာကြာ ကျွန်တော်ယူသုံးလို့ ရတယ်၊ တစ်ရက်နဲ့ မကျေနပ်သေးရင် နောက်တစ်ရက် ထပ်ရိုက်"

"ဟာ. . . ဟ ပျော်စရာကြီး"

ဒါလည်း သရုပ်ဆောင်တာတစ်ခုပဲဟု မေသွယ်စိတ်ထဲက နေ ကြိတ်ကျေနပ်သည်။ ယောကျ်ားတစ်ယောက်ကို အမှန်တကယ် တ်ပါလက်ပါ စကားပြောဖို့သာ ဝန်လေးပင်ပန်းခြင်းရှိသည်။ ခုလို က်တင်လုပ်ပုံပြော၍ သရုပ်ဆောင်ဖို့ကျတော့ ဘယ်ကဘယ်လို ကားတွေ အမူအရာတွေ ထွက်လာသည်မသိ။

ကိုနိုင့်ခမျာ သူ့အိပ်မက်နှင့်သူ အားတက်သရောတွေ ဖြစ်နေသည်။ သည်လိုနှင့် နာရီကို မသိမသာလှမ်းကြည့်သည်။ ဆယ့်တစ်နာရီခွဲဖို့ တစ်မိနစ်လောက်သာ လိုတော့သည်။ ပုဂ္ဂိုလ် ရောက်လာတာ နောက်မကျပါစေနဲ့၊ သူ့နောက်ကျလေလေ ကိုနိုင့်ကို ဆွဲထားရတာ ကြာလေမို့ ပိုစိတ်ပင်ပန်းရမည်။ ထိုစိတ်ကူးလေး တွေးလိုက်ချိန်က က္ကန့်သုံးဆယ်လောက်ပဲ ရှိမည်။

"ဂိ. . ."

ထိုအတွေးမဆုံးခင် လူခေါ်ဘဲလ်က အသံမြည်လာ၏။ သူ လာပြီ။ သူမှလွဲ၍ ဘယ်သူမှ ဖြစ်စရာမရှိ။ တိကျချက်ကတော့ ကမ်း န်သည်။ မေသွယ် စိတ်လက်ပေါ့ပါးစွာဖြင့် တံခါးဖွင့်ပေးရန် ထလာခဲ့၏။

+ + + + + +

(၈)

"ဟာ. . . ခုထိ မပြင်ဆင်ရသေးဘူးလား"

အံမလေး ဘယ်လောက်များရိုက်ချင်စရာ ကောင်းလိုက်သလဲလို့ မေသွယ် အသည်းယားသွားသည်။ မုန့်ဆီကြော်က ဘယ်နေမှန်းမသိ၊ သူ့ဘက်ကရေနွေးကြမ်းနဲ့သောက်ဖို့ သေချာပြီး လက်ဖက်ခြောက်ပင် ခပ်ပြီးနေသည့်အချိန်။ မေသွယ်က မျက်မှောင်ကျုတ်လိုက်ပြီး. . .

"ဘာအတွက် ပြင်ရမှာလဲ၊ ပြင်စရာ ဘာကိစ္စမှ မရှိဘူး"

သူက နှုတ်ခမ်းတွန့်ပြီး ပြုံးသည်။

"မနေ့က ကိုယ်သေချာပြောခဲ့တာပဲ၊ အချိန်ပါ အတိအကျချိန်းတာ"

"အဲဒါ ကိုယ့်ဟာကိုယ်ပြော၊ ကိုယ့်ဟာကိုယ် ချိန်းတာပဲ၊ ကျွန်မက လိုက်မယ်လို့ ပြောလို့လား၊ ကျွန်မ လိုက်စရာလဲ မလိုဘူး၊ အဲဒီကိစ္စ စိတ်လည်းမဝင်စားဘူး၊ ရှင်လည်းပြန်တော့"

ပြောပြောဆိုဆိုနှင့် ဒီမှာတင်ကိစ္စပြတ်အောင် တံခါးပိတ်ဖို့ ပြင်လိုက်သည်။ သို့သော်. . . သူက ပိုလျှင်သည်။ မေသွယ် တံခါး



ပိတ်ဖို့ လက်ပြင်လိုက်ချိန်မှာ သူက ခြေလှမ်းကျဲများဖြင့် အခန်းထဲဝင်ပြီး ဖြစ်နေသည်။

မေသွယ် အရှုံးနှောင်တရသွား၏။ အမှန်က ကိုနိုင်ဝင်ပြီးကတည်းက သံတခါးကို ပိတ်ထားခဲ့ရမည်။ ခက်သည်က ဟိုအချိန်တုန်းကလည်း သံတခါးပိတ်ထားလျှင် ကိုနိုင်က ဘယ်လိုထင်သွားမလဲ တွေး၍ မပိတ်ရဲခဲ့။ အခန်းထဲရောက်သည်နှင့် သူ့မျက်လုံးများက ကိုနိုင့်ကို တွေ့သွားသည်။

ထိုအချိန်မှာ ကိုနိုင်ကလည်း ဘာမှန်းမသိဘဲ အထိတ်တလန့်ဖြစ်သွားသည့် မျက်နှာလေးဖြင့် လှမ်းကြည့်သည်။

"ဩော်. . ."

ဇော်ထက်မျက်နှာက သိသိသာသာ တင်းမာခက်ထန်သွားသည်။ ကိုနိုင့်ကိုလှမ်းကြည့်သည့် မျက်လုံးများက ဘာမှကို မပြောတော့ဘဲ လူသတ်တော့မည့် မျက်လုံးပုံစံမျိုးများ. . .။

ကိုနိုင် ဘယ်လောက် ဟျာယာခတ်သွားရှာသည်ဆိုသည်ကို ဘယ်လိုမှ ပြန်မပြောတတ်။ အတော့်ကို သနားဖို့ကောင်းစွာပင်. . ကျောင်းအုပ်ဆရာကြီးဝင်လာ၍ ကမန်းကတန်း ထအရိုအသေပြုသည့် မူလတန်း ကျောင်းသားလေးလို ဖြစ်သွားသည်။ ဟျာခနဲထပြီးသည်နှင့် သူ့အမူအရာက တကယ့်ကို ကျုံ့ကျုံ့ဖန့်ဖန့်လေးဖြစ်သွားသည်။

ဇော်ထက်ကိုလည်း မျက်နှာငယ်လေးဖြင့် မရဲတရဲ ပြုံးပြသည်. . .

"ကျွန်တော် ဓာတ်ပုံကိုနိုင်ပါ၊ ဦးဇော်ထက်၊ ဦးဇော်ထက်နဲ့ မျှော်လင့်ဘဲ တွေ့ရတာ ဝမ်းသာပါတယ်"

မဝ့်မရဲနှင့် လက်ဆွဲနှုတ်ဆက်ဖို့ လက်ကလေး ကမ်းပေးရာသည်။ ဇော်ထက်က အဖက်ကိုမလုပ်။ မေသွယ့်ဘက်သာ အေးစက်စက်လှမ်းကြည့်ပြီး . . .

"နောက်ကျရင် အပြင်မှာနေပူလိမ့်မယ်၊ အဝတ်အစား သွားလဲတော့"

"ကျွန်မ ရှင်နဲ့ အပြင်မလိုက်ပါဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ ဦးဇော်ထက်၊ ဘာအဝတ်အစားမှ မလဲဘူး"

"ခက်ပါလား . . အဝတ်သွားလဲ"

ထိုအချိန်မှာ နေစရာလုံးဝမရှိဖြစ်နေသူက ကိုနိုင်။

"ဟို . . . ဟို ဦးဇော်ထက်နဲ့ အပြင်သွားမလို့လား"

"ဟုတ်တယ်"

"မဟုတ်ဘူး"

ဇော်ထက်၏ ဟုတ်တယ်နှင့်မေသွယ်၏ မဟုတ်ဘူးတို့ ကနှစ်သံစလုံး ဒေါသအပြည့်ဖြင့် တစ်ပြိုင်တည်း ထွက်ပေါ်လာသည်။

ဇော်ထက်က မေသွယ့်ကိုတော့ဘာမှမပြော၊ ကိုနိုင့်ကိုသာ စေ့စေ့ကြည့်လျှက် . . .

"ဟုတ်တယ်"

"ဟုတ် . . ဟုတ်ကဲ့ . . ဦးဇော်ထက်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဇော်ထက်က ဘာမှမပြောတော့ဘဲ တံခါးရှိရာပြန်လျှောက်သွားပြီး တံခါးဖွင့်ထားပေးလိုက်သည်။ ကိုနိုင် ကုတ်ကုတ် ကုတ်ကုတ်နဲ့ လျှောက်လာပြီး မေသွယ့်ကို မရဲတရဲကြည့်၍ . . .

"မေသွယ် . . . ကျွန်တော်သွားမယ်နော်"



"မသွားနဲ့ ကိုနိုင်၊ ဘာမှ သွားစရာမလိုဘူး"

"မ . . မဟုတ်ပါဘူး မေသွယ်၊ နောက်မှ ကျွန်တော် လာခဲ့ပါ့မယ်၊ မေသွယ်ပြောတဲ့ကိစ္စလဲ စီစဉ်ထားပါ့မယ်"

"ဒေါက် . . . ဒေါက် . . . ဒေါက်"

ဇော်ထက်က စိတ်မရှည်ဟန်ဖြင့် တံခါးကိုလက်နှင့် အသံမြည်အောင် ခေါက်လိုက်သည်။ ထိုအသံက ကိုနိုင့်ကို မြန်မြန်ထွက်သွားဖို့ သတိပေးနေကြောင်းကို ကိုနိုင်သိသည်။ သို့အတွက် မေသွယ့်ကိုတောင် လှည့်မကြည့်တော့ဘဲ ဇော်ထက် ရှေ့ကနေ ရိုရိုသေသေ ခေါင်းလေးငုံ့၍ ထွက်သွားသည်။

"ကိုနိုင် . . . မသွားနဲ့လို့ ပြောနေတာ မကြားဘူးလား"

"ရတယ် မေသွယ် . . နောက်မှ . . နောက်မှ"

လှေခါးမှပြေးဆင်းရင်း အော်ပြောသွားသောကြောင့် ကိုနိုင့် အသံက ရိပ်ခနဲ ရိပ်ခနဲ တိုးသွားသည်။

"ဂျုန်း"

ဇော်ထက်က တံခါးကို ခပ်ကြမ်းကြမ်း လက်ပြန်ဆောင့်ပိတ်ပြီး ဂျက်ထိုးလိုက်သည်။

"ဂျောက်"

ထို့နောက် သက်ပြင်းတစ်ချချ၍ တင်းမာနေမှုများကို လျှော့ချလိုက်ပြီး မေသွယ့်ကို ပြုံးကြည့်သည်။

ဘယ့်နှယ့်ရှိစဆိုသော အမူအရာ။ မေသွယ်က သူ့မခိုးမခန့် အမူအရာကို ကြည့်ပြီး ဒေါသ ပေါက်ကွဲသည်။

"ရှင် . . သိပ်ရိုင်းတာပဲ၊ ကျွန်မ ဧည့်သည်ကို ဒီလိုဆက်ဆံဖို့ မကောင်းဘူး"

ဇော်ထက်က ရယ်သည်။

"ကိုယ်က ဘယ်လိုဆက်ဆံလို့လဲ. . ."

"ရှင် အရမ်းရိုင်းတယ်၊ သူ့ကို တမင် မပြန်ပြန်အောင် လုပ်လိုက်တာ"

"မင်းကကော ဘာဖြစ်လို့ သူ့ကို နေစေချင်ရတာလဲ ချာတိတ်ရယ်။ တို့နှစ်ယောက် အပြင်သွားကြမယ်လို့ စီစဉ်ထားတာပဲ"

"တစ်သက်လုံး မသွားဘူး၊ ခုချိန်မှာ ရှင်နဲ့ မသွားရလို့ သေရမယ်ဆိုရင်လည်း ကျွန်မ အသေသာခံမယ်၊ ရှင်နဲ့လိုက်ခဲ့ဖို့တော့ လုံးဝ မမျှော်လင့်နဲ့"

ပြောရင်းနှင့် မျက်ရည်တွေ ကျလာသည်။ ဒေါသထွက်လွန်းသဖြင့် အသားတွေလည်း တဆတ်ဆတ်တုန်နေ၏။

ဒေါသအရှိန်က ဘယ်လိုမှ သတ်မရ၊ ဇော်ထက်ကိုလည်း ဘာမှမလုပ်ရဲ။ ထို့ကြောင့် စိတ်တိုတိုဖြင့် အနားမှာရှိသော စားပွဲပေါ်က ပန်းအိုးကိုသာ ဆတ်ခနဲကောက်ယူပြီး နံရံနှင့် ပေါက်ခွဲလိုက်သည်။

ခွမ်းခနဲ မြည်၍ ပန်းအိုးလေးက အစိတ်စိတ်အမွှာမွှာဖြစ်သွား၏။ ထို့နောက် နေရာတွင်ထိုင်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်မိတော့သည်လေ. . .။

✦ ✦ ✦ ✦ ✦ ✦

မေသွယ် အားရအောင်ငိုနေသည်ကို သူက အသာလေး ငြိမ်၍ စောင့်ကြည့်နေသည်။

မေသွယ့်အငို အရှိန်ကျလောက်ပြီအထင်မှာ မေသွယ့်ရှေ့မှာ မုဆိုးထိုင် ထိုင်လိုက်ပြီး. . .



"အလကား ကိုယ့်ကိုကိုယ် အပင်ပန်းခံပြီး ဒေါသတွေ ထွက်နေတယ်ကွာ၊ ကဲ. . . ကဲ. . . ထ မျက်နှာလေးဘာလေး သစ်လိုက်"

ပြောရင်းနှင့် ပခုံးလေးတစ်ဘက်ကို ညာလက်ဖြင့် ဖွဖွဆုပ်၍ မတ်တတ်ထရပ်ရန် ဖေးမလိုက်သည်။

"ရှင် ကျွန်မကို မထိနဲ့"

စောစောက မျက်ရည်လည်ရွှဲဖြင့်ရှိနေသော ယုန်ကလေးက ချက်ချင်း ကြောင်ရိုင်းမလေးဖြစ်သွားပြီး၊ ဇော်ထက် လက်နှစ်ဘက်ကို ပုတ်ချသည်။ ဇော်ထက်က ပြုံး၍. . .

"အဲဒါဆို ထလေ၊ မျက်နှာသစ် အလှပြင် အဝတ်လဲ"

"မသိဘူး. . . သွား. . . မလုပ်ဘူး"

"ဘာတွေဖြစ်နေလဲ ချာတိတ်၊ ကိုနိုင်ဆိုတဲ့ ကောင်လေးကိစ္စ မင်း အတော်မကျေမနပ်ဖြစ်နေလား"

"ရှင် ဘာလို့ သူ့ကိုလုပ်လဲ"

"ကိုယ် သူ့ကို ဘာများပြောမိဆိုမိလို့လဲ"

"ရှင်. . ."

တစ်ခုခုပြောမည်ပြင်ပြီးမှ အသာအရှိန်သတ်လိုက်သည်။ ဇော်ထက်ကသာ ဆက်၍. . .

"သေချာလဲ ပြန်စဉ်းစားပါဦး မေသွယ်ရာ၊ ကိုယ်သူ့ကိုဘာများ ပြောတာဆိုတာ၊ ကိုယ်ထိလက်ရောက် စော်ကားရိုင်းပျတာ ဘာလုပ်မိလို့လဲ"

"ဒါပေမယ့် ရှင့်မျက်နှာက. . ."

"ကိုယ့်မျက်နှာက ဘာဖြစ်လဲ ပြောလေ. . ."

"ဟာ. . မသိဘူး. . . မသိဘူး. . လာမပြောနဲ့တော့ ဘာမှ

မကြားချင်ဘူး"

သူက သက်ပြင်းချရင်း. . .

"မကြားချင်လို့တော့ မရဘူး မေသွယ်၊ အမှန်က ကိုယ်မှား တာ မဟုတ်ဘူး၊ မင်းမှားတာ"

"ဘာမှားလဲ"

"မေသွယ်နဲ့ကိုယ်နဲ့ ပြဿနာကို နှစ်ယောက်တည်းမရှင်းဘဲ လူပိုတစ်ယောက်ခေါ်ထားတာကိုက စမှားတာ၊ ပြီးတော့ ခေါ်ထား မယ့် ခေါ်ထားလည်း နည်းနည်းသတ္တိရှိတဲ့ကောင် ဒါမှမဟုတ်ဘဲ နည်းနည်း မိုက်ကန်းကန်းတစ်ကောင် ခေါ်ထားသင့်တာပေါ့၊ အခု မေသွယ်ခေါ်ထားတဲ့ကောင်က ကိုယ့်ကိုမြင်ကတည်းက ကြောက်နေ တဲ့ကောင်၊ ဘာသွားသုံးစားလို့ရမှာလဲ"

ပြောလည်း ပြောစရာဖြစ်နေသည်။ ကိုနိုင်ဆိုသည့်ကောင် ကလည်း တစ်စက်မှ သတ္တိမရှိ။ ယောကျ်ားချင်း ရင်ဆိုင်တွေ့ရတာ မဟုတ်သလို၊ စတွေ့ကတည်းက အမြီးနှံ့ပြီး မျက်နှာချိုသွေးဖို့ လုပ်လာ တာသာကြည့်။ မေသွယ် ငိုင့်နေစဉ် ဇော်ထက်က ဆက်ပြော သည်။

"မေသွယ် စဉ်းစားကြည့်၊ ကိုယ်ဆိုတဲ့ကောင်က စီးပွားရေး လုပ်နေတဲ့ကောင်၊ လူတကာနဲ့ လိုက်ရန်ဖြစ်ဖို့ စဉ်းစားနေတာ မဟုတ်ဘူး၊ ဒါပေမယ့် ဒီကိစ္စက လက်သီးဆုပ်မလား၊ လက်ဝါးဖြန့်မ လား ကြိုက်တာကိုရွေးစမ်း ကိုယ့်လူဆိုတဲ့ ပုံစံထဲက သူက မလည် မဝယ်နဲ့ ရောက်လာတာ"

"ဪ. . . ရှင်က သတ္တိခဲကြီးပေါ့"

"အင်း. . မင်းအတွက်တော့ ကိုယ်ရင်ဆိုင်ရမှာပဲ ချာတိတ် ကိုယ်မှ မင်းကို သူ့လက်ထဲ အပါမခံနိုင်တာ၊ ခုချိန်မှာ ကိုယ်ဘယ်သူ



ကိုမှ မမှုဘူး၊ မင်းကို ပြဿနာလာရှာရင်၊ ဒါမှမဟုတ် ကိုယ်နဲ့ပြိုင် ဖက်လို့ ထင်လာရင်၊ ကိုယ်ကတော့ အသက်ချင်းလဲပစ်မှာပဲ"

"အဲဒါတွေက လူမိုက်အလုပ်တွေ. . ."

"ကိုယ် မငြင်းပါဘူး၊ သတ္တိရှိရတယ်၊ စွန့်စားရတယ်၊ ဒါပေ မယ့် မင်းအပေါ်မှာတော့ ကိုယ်ဘယ်တော့မှ မမိုက်ဘူး၊ မရမ်းကား ဘူး စိတ်ချ"

"ဘာလို့ မရမ်းကားရမှာလဲ. . . မနေ့က ရှင်ပဲ"

"မနေ့ကဆိုလို့ ခုမှသတိရတယ်၊ မနေ့က ဒယ်အိုးလေး တော်တော်နာသွားလား မသိပါဘူးနော်"

မေသွယ်ကလည်း ခုမှသတိရ၍ သူ့လက်ကို လှမ်းကြည့် လိုက်သည်။ ဟာ. . သူ့လက်မှာ ကျောက်ပတ်တီး စည်းထားပါလား၊ စောစောကတော့ ဒေါသတွေ အမျက်တွေ မွှန်ထူနေသဖြင့် သူ့လက် ကို သတိထားမကြည့်မိ။ လက်ကောက်ဝတ်ကနေ ပထမလက်ဆစ် လောက်အထိ ကျောက်ပတ်တီး ကိုင်ထားသည်။ လက်ဖျားလေးတွေ ပဲ ပေါ်နေ၏။

✦ ✦ ✦ ✦ ✦ ✦

## (၉)

မေသွယ်က လက်ကိုတစ်လှည့် သူ့မျက်နှာကိုတစ်လှည့် ကြည့်ပြီး . . .

"ရှင့်. . လက်"

"ဘာမှမဖြစ်ပါဘူး၊ အရိုးနည်းနည်းအက်သွားတာပါ၊ ဆရာဝန်ကိုတောင် မှာထားခဲ့သေးတယ်။ မနက်ဖြန်ကျရင်လဲ ဒါမျိုးတစ်ခု ထုပ်လုပ်ဖို့ အဆင်သင့်လုပ်ထားပေးပါဦးလို့. . ."

"ဘာဖြစ်လို့လဲ"

"ဒီနေ့လဲ ဒါမျိုးထပ်ကြုံရဦးမှာပဲလေ၊ ဘယ်တတ်နိုင်မလဲ၊ ကိုယ်မှ မနေနိုင်တာ"

"ရှင်နော်. . . နေ့တိုင်းကြီး ကျွန်မကိုပဲ စော်ကားနေတာတော့ မကောင်းဘူး"

"အဲဒါက တစ်သက်လုံးလုပ်သွားရတော့မှာမေသွယ်ရဲ့၊ စော်ကားတယ်လို့ မယူဆနဲ့တော့၊ သူ ယုယတာပဲဆိုပြီး ကိုယ့်ကိုကိုယ် နေ့စဉ်ဝတ္တရားလို့သာ သတ်မှတ်ထားလိုက်တော့"



"အံမယ်. . မသတ်မှတ်နိုင်ပါဘူး"

"ကဲ. . မသတ်မှတ်ရင်လဲ လောလောဆယ်တော့ အဝတ်အစားလဲတော့၊ အလှပြင်တော့၊ သွားမယ်၊ ဘာမှ မစားရသေးဘူး၊ ဗိုက်ဆာလှပြီ"

"မသိဘူး၊ မပြင်ဘူး၊ မသွားဘူး၊ ဆာရင် ကိုယ့်ဟာကိုယ် သွားစား"

"ဟော. . . လုပ်ပြန်ပြီ၊ ကိုယ့်ကို ဘယ်တုန်းက အဲလိုပြောလို့ ရဖူးလို့လဲ မေသွယ်၊ မေသွယ်က အရမ်းမေ့တတ်တာပဲ"

"မမေ့ပါဘူး၊ ကျွန်မမှ မသွားချင်တာ"

"မသွားချင်လို့ မရဘူး"

"မရတော့ ရှင်က ဘာလုပ်ချင်လို့လဲ"

"ကိုယ် ဘာမှ မလုပ်ပါဘူး၊ မေသွယ့်ကိုပဲ ရွေးချယ်ခိုင်းမှာပါ။ လမ်းနှစ်လမ်း ရှိတယ်၊ တစ်လမ်း မေသွယ်ဖာသာ မေသွယ် မျက်နှာသစ်၊ အဝတ်လဲ၊ အလှပြင်ပြီး ကိုယ်နဲ့ကြည်ကြည်သာသာ လိုက်ခဲ့တဲ့လမ်း၊ နောက်တစ်လမ်းက. . ."

"နောက်တစ်လမ်းက ဘာဖြစ်လဲ"

"နောက်တစ်လမ်းက ကိုယ်ကိုယ်တိုင် ကားပေါ်ကို ပွေ့တင်ခေါ်သွားမယ့်နည်း"

"အံမယ်. . အဲလိုလုပ်လို့ရမလား၊ ရဲတိုင်လို့ ထောင်တောင်ကျ သွားဦးမယ်"

"အဲဒီအဆင့် မရောက်တော့ဘူးလေ၊ ကားပေါ်ပွေ့တင်ခေါ်သွားပြီးတာနဲ့ ကိုယ် မေသွယ့်ကို ပြန်ပို့တော့မှာမှ မဟုတ်တာ၊ ကိုယ်က တစ်သက်လုံး အပြီးခေါ်သွားလိုက်တော့မှာ၊ အဲလိုခေါ်သွားပြီးမှ ဆို

ရင်တော့ ရဲတိုင်ဖို့ သိပ်နောက်ကျသွားပြီ၊ အဲဒီအချိန်မှာ ဘယ်သူ့ ကိုယ့်ယောကျ်ား ကိုယ်ထောင်ကျအောင် မလုပ်တော့ဘူး”

“အောင်မာ. . အဲဒါ ဘာစကားပြောတာလဲ”

ဇော်ထက်က ပြုံးနေရာက ရယ်သည်။ မေသွယ့်ကို သဘော ကျစွာကြည့်ရင်း ရယ်လျက်က. . .

“ကဲ. . . အဲဒါဆို ဒုတိယလမ်းပဲ ရွေးတော့မယ်နော်၊ ကိုယ် လာခဲ့မယ်”

“အား. . . မလာနဲ့”

မေသွယ် တကယ်လန့်သွားပုံရသည်။ အားကနဲ အော်ရင်း နောက်ဆုတ်သွား၏။ ဇော်ထက်က ရပ်ပြီး ပြုံးကြည့်ရင်း. . .

“အဲဒါဆို. . .”

မေသွယ်ကလည်း ရပ်ရင်း သူ့မျက်နှာကို စူးစူးစိုက်စိုက် ပြန်ကြည့်သည်။ ပြီးမှ. . ခစ်ခနဲ တစ်ချက်ရယ်၍. . .

“တော်ပြီ. . ကိုယ့်ဟာကိုယ် လဲမယ်. . ဧည့်ခန်းကစောင့်” ပြောရင်းနှင့် အိပ်ခန်းထဲကို လှစ်ခနဲဝင်ပြေးသည်။

ဇော်ထက်က ပြုံးရင်း ဧည့်ခန်းဘက် ထွက်လာခဲ့၏။

“အင်း. . . လဲစရာအဝတ်က များလွန်းလို့ ဘာဝတ်ရမယ် မှန်းတောင် မသိတော့ဘူး”

မေသွယ်က သူ့အဝတ်အစားအိတ်ကို ခုတင်ပေါ်ပုံချရင်း ခပ်ရွှံ့ရွှံ့ ပြောလိုက်သည်။ ဘိုးဘိုးအိမ်က ထွက်လာစဉ်က အဝတ် တစ်ထည် ကိုယ်တစ်ခုနှင့်ဖြစ်ရာ၊ ရန်ကုန်မှာ စားဖို့နေဖို့ပါ ကိုယ့်ဟာ ကိုယ်ရှာနေရသဖြင့် အဝတ်အကောင်းစားဆို တစ်စုံမှ မဝယ်နိုင်

သည်လိုပဲ ခပ်ပေါပေါပိတ်စများနှင့် ဇာအရိပ်ကြမ်းကြမ်း



ချုပ်ပြီးသား တစ်ထည်စ နှစ်ထည်စသာ ဝယ်ဝတ်နိုင်ခဲ့သည်။ ခုလည်း ကြည့်လိုက်တော့မှ လှတပတဟု ဝတ်ချင်စရာ တစ်ထည်မှ မရှိ။

အထူးသဖြင့် ဇော်ထက်ကိုယ်ပေါ်မှာ ဆင်ထားသည့် အ ကောင်းစား ရှပ်အင်္ကျီ ကျစ်ပိုးအစစ်၊ ဆိတ်ခွံပိုးတွဲပုဆိုးတို့နှင့် လိုက်ဖက် အောင်ဆင်ဖို့ မြန်မာအင်္ကျီနှင့်လုံချည် ကောင်းကောင်းကန်းကန်း တစ်ထည်မှမရှိ။

ဒါလေးတွေကတော့ ခုတိုင် သိပ်မပြောင်းလဲသေးသော မေသွယ့်ကိုယ်လုံး ကျစ်ကျစ်ရှည်ရှည်လေးနှင့် လိုက်ဖက်ဆဲရှိဦးမည်။

ဘာပဲဖြစ်ဖြစ်လေ ကိုယ့်မှာရှိတာပဲ ကိုယ်ဝတ်ရမှာပေါ့ဟု တွေး၍ စောစောကပြောသော တီရှပ်ကိုယ်ကျပ်လေးနှင့် ဂေါ်ဂျူ ရှိုင်း ဘောင်းဘီကျပ်လေးသာဝတ်လိုက်ပြီး ရီဝပ်ဒ်ဖိနပ်လေး စီး လိုက်သည်။

ဆံပင်ကိုတော့ သိပ်ထုံးဖွဲ့ဖို့ မစဉ်းစားဘဲ ကျောပေါ်သည့် ဘိုင် ဖြန့်ချထားလိုက်သည်။ သစ်ပြီးသားမျက်နှာမှာ ဘာမှဆေးတင် ချိန်လည်း မရတော့၊ တင်လည်း တင်မနေချင်၊ ပတ်စ်လေးဖြင့်သာ ပွတ်လိုက်ပြီး ခဲတံနှုတ်ခမ်းနီလေးပဲ ကောက်ဆိုးထွက်လာခဲ့သည်။

“ပြီးပြီ”

အပြင်ရောက်ရောက်ချင်း လှမ်းအော်ပြောလိုက်သည်။

သို့သော် ဇော်ထက်က နီးနီးနားနား ရှိမနေ၊ ဝရန်တာတံခါး နားမှာ ကျောပေးရပ်နေသည်။

မေသွယ့်အသံကြောင့် လှည့်ကြည့်သည်။

“ဟား. . .”

ဘာမှတ်ချက်မှ မပေးသော်လည်း ဇော်ထက်ပါးစပ် အ

ဟောင်းသားတော့ ဖြစ်သွားသည်။ ပြီးမှ အတွန့်တက်သည့်ပုံစံဖြင့်.

"မြန်မာအင်္ကျီလေးဘာလေး မရှိဘူးလား"

မေသွယ်က နှုတ်ခမ်းမဲ့ပြီး ခေါင်းခါ၍. . .

"မရှိဘူး၊ ချေးများမနေနဲ့၊ ဒါပဲ သွားချင်သွား၊ မသွားချင်နေ"

ဇော်ထက်က ပုခုံးနှစ်ဖက်သာ တွန့်လိုက်သည်။

ထို့နောက် မေသွယ့်ကို ခြေဆုံးခေါင်းဆုံးကြည့်၊ သူ့ကိုယ်သူ ခြေဆုံးခေါင်းဆုံးပြန်ကြည့်လိုက်လုပ်ပြီး အသံထွက်၍ ရယ်လိုက်၏။

\+ \+ \+ \+ \+ \+

# အပိုင်း - ၃

# လျှပ်တပြက်ပြောင်းလဲမှုများ

## (၁)

ဟိုတယ်ခန်းမအတွင်းသို့ ဝင်လိုက်ချိန်မှာ မေသွယ်က သူမ ဖြစ်သလို ဝတ်စားလာခဲ့ခြင်းအတွက် နောင်တနည်းနည်းရသွားသည်။

ဇော်ထက်က သည်မနက်စားသောက်ခြင်းကိစ္စကို လွယ်လင့်တကူနှင့် ဖြစ်သလိုစီစဉ်ထားသည် မဟုတ်။ ဟိုတယ် အဝင်တံခါးဝမှာပင် မြန်မာအဝတ်အစားဝတ်ထားသော ဧည့်ကြို တစ်ယောက်က နှုတ်ခွန်းဆက်သည်။

"ဆီဒိုနားက ကြိုဆိုပါတယ်ဆရာ၊ ဆရာမှာထားတဲ့ နေ့လယ်စာစားပွဲ အဆင်သင့် ပြင်ထားပြီးသားပါ"

ဇော်ထက်က ခေါင်းညိတ်ရင်း. . .

"အေးကွာ. . . ကိုယ် နည်းနည်းနောက်ကျသွားတယ်"

မေသွယ်ကလည်း သည်လောက်တော့ ဗဟုသုတ မညံ့။ ဒေါ်လာတို့ အက်ဖ်အီးစီတို့နှင့် ရှင်းရသော သည်ဟိုတယ်မျိုးမှာ နေ့လယ်စာ တစ်စားပွဲ၏ ကုန်ကျစရိတ်က မြန်မာငွေနှင့် ပြန်ဖလှယ်လျှင် နည်းနည်းနောနောမဟုတ်။ ဒါတွေကို သူက အဆင်သင့် ဘွတ်



ကင်လုပ် သီးသန့်မှာပြီးမှ သူမကို လာခေါ်ခြင်းဖြစ်သည်။ ဒါကြောင့်လည်း တိုက်ခန်းမှာတုန်းက မြန်မာအဝတ်အစား မရှိဘူးလား ဟု စောဒကတက်ခဲ့ခြင်း ဖြစ်သည်။

မြန်မာလိုဝတ်စားထားသော ဇော်ထက်က မြန်မာလိုဝတ်စားထားသော မိန်းကလေးတစ်ယောက်နှင့် နိုင်ငံခြားသားဧည့်သည်များပြားသော ထိုနေရာမျိုးမှာ လိုက်ဖက်ညီခန့်ညားစွာ စားသောက်ချင်ပေလိမ့် မည်။ ခုကျတော့ မေသွယ့်ပုံစံက ထိုင်းမလိုလို၊ လာအိုမလိုလို၊ မြန်မာရုပ်မပေါက်။ အထူးသဖြင့် သူ့ကို အထူး လေးစားခန့်ညားကြသော သည်နေရာမျိုးမှာ မေသွယ်က သူ့အဆင့်အတန်းနှင့် လိုက်ဖက်မညီသလို ဖြစ်နေသည်။ သို့သော် သူကတော့ ထိုကိစ္စများကို လျစလျူရှုထားလိုက်ပုံရသည်။ စားပွဲရောက်သည်အထိ အေးအေးဆေးဆေးပဲ သွားသည်။

"နေရာလေးက ကောင်းလိုက်တာ' ဟု မေသွယ်စိတ်ထဲက အံ့ဩကျေနပ်စွာဖြင့် တွေးလိုက်မိပါသည်။ ဟိုတယ်တစ်ခုလုံး၏ အကောင်းဆုံးနေရာဆိုသည်ကို ဘာမှသံသယဖြစ်စရာမလို။ မြင်ကွင်းအားလုံးက အေးဆေးတည်ငြိမ်၍ အဖိုးတန်လှပနေသည်။ မေသွယ်က မနေနိုင်စွာပင် စတောင်းပန်လိုက်သည်။

"မေသွယ် တောင်းပန်ပါတယ်"

"ဘာကိုလဲ မေသွယ်"

"ဦးဇော် အိမ်မှာ မြန်မာလို ပြန်ဝတ်ခိုင်းတုန်းက ငြင်းခဲ့လို့ပေါ့"

ဇော်ထက်က ရယ်သည်။ ပြီးမှ. . .

"ဘာရယ်မဟုတ်ပါဘူး၊ နိုင်ငံခြားသားတွေရှေ့မှာ အရမ်း

လှတဲ့ မြန်မာမလေးတစ်ယောက်ကို ကြွားချင်လို့ပါ။ ခုတော့ ဖိလစ်ပိုင်ကလာတဲ့ နိုင်ငံခြားသားသူ ကောင်မလေးတစ်ယောက်ကို လိုက်ညှိခံတယ်လို့ပဲ သဘောထားလိုက်ပါပြီ၊ ကိစ္စမရှိပါဘူး၊ စိတ်အနှောင့် အယှက်မဖြစ်နဲ့"

မေသွယ့်စိတ်ထဲမှာ ဘိုးဘိုးကို အရမ်းသတိရသွားမိသည်။ မန္တလေးမှာ နိုင်ငံခြားဧည့်သည်တွေကို တစ်ခုခု ကျွေးမွေးဧည့်ခံလျှင် မေသွယ် မြန်မာလို ကျကျနနဝတ်ရသည်။ အမှတ်တမဲ့နှင့် ပဝါမခြုံမိလျှင်ပင် ဘိုးဘိုးကထပ်ဆူပြီး ပဝါခြုံခိုင်းသည်။ ဘိုးဘိုးလက်သုံးစကားတစ်ခုရှိသည်။

"ကိုယ့်လူမျိုးကမှ ကိုယ့်အဝတ်အစားကို ကျကျနနဝတ်ပြီး ဂုဏ်မယူတတ်ရင် ကမ္ဘာပေါ်က ဘယ်ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မြန်မာဆိုတာကို လေးစားတော့မှာမဟုတ်ဘူး မြေးရဲ့"

စီးပွားရေးသမားဆိုသော်လည်း နိုင်ငံနှင့်ချီပြီး လုပ်ကိုင်နေကြသည့် ဂုဏ်သရေရှိ လုပ်ငန်းရှင်များအားလုံး သည်စိတ်ဓာတ်တွေ ရှိပါလားဟု မေသွယ် သတိပြုမိသွားသည်။

"မေသွယ်စားလေ. . . ဘာလို့ငိုင်နေတာလဲ"

ဇော်ထက်အသံကြားမှ မေသွယ် သတိဝင်သည်။

"ဘာမှ မဟုတ်ပါဘူး"

ဟုပြောရင်း အစားအသောက်များကို တို့လိုက်ထိလိုက်သည်။ စိတ်ထဲမှာတော့ အတွေးက သိပ်မပြတ်ချင်သေး။

ဘိုးဘိုးနှင့် ယှဉ်တွေးလိုက်မှ ဇော်ထက်၏ ဘဝအဆင့်အတန်းအမှန်ကို မေသွယ် သတိပြန်ထားမိသွားခြင်းလည်း ဖြစ်သည်။ ဇော်ထက်ဆိုသော ပုဂ္ဂိုလ်သည် ချိုမာတို့ပြောသလိုပင် သေးသေး



ကွေးကွေး မှုန်မှုန်မွှားမွှား ပုဂ္ဂိုလ်မဟုတ်။ ထိုအခါကျမှလည်း ဇော်ထက်၏ ဘဝအပြည့်အစုံကို မေသွယ် ဘယ်လောက်မှ ရုပ်လုံးမပေါ်နိုင်သေးကြောင်း အမှတ်ရသည်။ သည်ရက်ပိုင်းအတွင်း သူမသိတွေ့နေရသည်မှာ ဇော်ထက်၏ ကဏ္ဍသေးသေး လေးတစ်ခုသာဖြစ်၏။

"ဦးဇော်"

"ဘာလဲ. . . မေသွယ် ပြောလေ"

"ဦးဇော်မှာ အိမ်ထောင်ရှိလား"

ဇော်ထက်မျက်နှာမှာ အုံ့ညှိုသွားသောအရိပ်အယောင်လေး သီသီမျှပေါ်လာသည်။ ဘာနှင့်မှ မဆက်စပ်ဘဲ ပေါ်လာသော မေးခွန်းအထူးအဆန်းကြောင့် အုံ့ညှိုသွားခြင်းဖြစ်ဟန်တူသည်။

"အင်း. . . ရှိခဲ့ဖူးတယ် မေသွယ်၊ ခုတော့ မရှိတော့ဘူးပေါ့လေ"

"ကွဲသွားတာလား"

"ဆုံးသွားတာ"

"ဟင်. . ဘာဖြစ်လို့လဲ"

"မီးဖွားရင်းနဲ့ ဆုံးသွားတာ"

"သြော်. . . ဒါဖြင့် ကလေးကကော"

"ကလေးလည်း အဖတ်မတင်ပါဘူး"

"စိတ်မကောင်းလိုက်တာရှင်၊ မေးမိတာ **စိတ်**မဆိုးပါနဲ့နော်"

"ဘာမှမဖြစ်ပါဘူး မေသွယ်၊ ဒီအဖြစ်အပျက်တွေက ကြာခဲ့ပါပြီ၊ ဆယ်နှစ်ရှိသွားပြီ"

"ဦးဇော် အရမ်းခံစားလိုက်ရမှာပေါ့"

"အဲဒီအချိန်တုန်းကတော့ အတော်လေး ခံစားလိုက်ရတယ် မေသွယ်၊ ဒါပေမယ့် ကိုယ်က လူ့ဘဝကို လက်တွေ့ကျကျပဲ သုံးသပ်ပါတယ်၊ ကြေကွဲမှုတစ်ခုကို အကြာကြီးပိုက်ပြီး ဆွေးမနေချင်ဘူး၊ စိတ်ကူးလဲ မယဉ်တတ်ဘူး၊ အဲဒီဘဝကဏ္ဍမှာ ရှုံးနိမ့်သွားတဲ့အတွက် ကိုယ့်အလုပ်တွေ ဖိလုပ်တယ်၊ အောင်မြင်တဲ့ စီးပွားရေးသမားတစ်ယောက်ဘဝကို ကိုယ် ဒီဆယ်နှစ်အတွင်းမှာ အရယူခဲ့တာ၊ ကိုယ့်ဘဝက မိဘဘိုးစဉ်ဘောင်ဆက် ချမ်းသာခဲ့တဲ့လူမျိုး မဟုတ်ဘူး"

"ဒီကြားထဲမှာ မိန်းကလေးတွေအများကြီးကော့ တွေ့ခဲ့မှာပေါ့နော်"

"ဘယ်သူကပြောလဲ မေသွယ်"

"လူတွေကပြောကြတာပဲ၊ ဒီသတင်းက လူတိုင်းသိတယ်"

"သတင်း ဟုတ်လား"

"အင်း. . အဲဒါ သတင်းပေါ့"

"မဟုတ်ပါဘူး မေသွယ်၊ သတင်းဆိုရင် သတင်းစာမှာပါမှာပေါ့၊ ရေဒီယိုတို့ တီဗီတို့က လွှင့်ခဲ့မှာပေါ့၊ လူတွေ တီးတိုးပြောတယ်ဆိုတာ အတင်းပဲဖြစ်မှာ"

"ဦးဇော်ကကော မတွေ့ခဲ့လို့လား"

"လုပ်ငန်းသဘောအရတော့ လူပေါင်းစုံနဲ့ တွေ့ခဲ့ရတာပဲ မေသွယ်၊ ကိုယ့်လုပ်ငန်းအနေအထားမှာ မိန်းကလေးတွေနဲ့ချည်း တွေ့ရတာ မဟုတ်သလို၊ မိန်းကလေးမို့လို့ဆိုပြီး ရှောင်နေလို့လဲ မရဘူး၊ အဲဒီတော့ မိန်းကလေးတွေအများကြီးနဲ့ တွေ့တယ်ဆိုတာ



ဟုတ်ချင်လဲ ဟုတ်မှာပဲ"

ထိုနေရာမှာ ဇော်ထက်က တစ်ချက်ရယ်သည်။ ပြီးမှ ဆက်၍-

"ဒါပေမယ့် တစ်ခုတော့ရှိတယ်"

"ဘာများလဲ"

"ဘယ်သူ့ပါးမှတော့ မနမ်းခဲ့ဖူးဘူး၊ ခုမှ နမ်းဖူးတာ နှစ်ခါပဲ ရှိသေးတယ်"

"အဲဒီနှစ်ခါကလဲ ကာယကံရှင်မိန်းကလေးက သိပ်ကျေနပ်တာ မဟုတ်ဘူး၊ ဦးဇော် နောက်မလုပ်သင့်ဘူး"

"အဲဒါတော့ ဘယ်လိုမှ မအောက်မေ့နဲ့ မေသွယ်၊ ကိုယ့်ဘဝမှာ ဒီကိစ္စကို လုံးဝနောက်မဆုတ်တော့ဘူးလို့ ဆုံးဖြတ်ပြီးသွားပြီ၊ အဲဒါ လက်တွေ့ကျကျ သုံးသပ်ထားတဲ့ ကိုယ်ဆုံးဖြတ်ချက်ပဲ"

မေသွယ့်မျက်နှာလေး ရှိန်ဖိန်းသွားသည်။သို့သော် ဘာမှမဖြစ်သလိုနေနိုင်အောင်တော့ တတ်နိုင်သလောက် ကြိုးစားလိုက်ပါ၏။

ဟိုတယ်မှ ပြန်ထွက်ပြီးနောက်ပိုင်း မေသွယ်နှင့်ဇော်ထက်တို့ တိရစ္ဆာန်ဥယျာဉ်၊ မြကျွန်းသာ အပါအဝင် ကစားကွင်းနှစ်ခု၊ သုံးခုလောက် သွားပစ်လိုက်သည်။ ကလေးဆန်ဆန်ပင် မေသွယ်က ကစားနည်း တော်တော်များများကို ကစားသည်။ ဇော်ထက်ကတော့ ရိုလာကိုစတာ မိုးပျံရဟတ်လောက်ပဲ ဝင်စီးသည်။ ညခုနစ်နာရီလောက်ကျမှ အိမ်ပြန်ပို့ပေးသည်။ ဇော်ထက်က လှေခါးထိပ် အခန်းဝအထိ လိုက်ပို့ပေးသည်။

"ဦးဇော်က အိမ်ထဲဝင်ဦးမလို့လား"

"ဟင့်အင်း. . . မဝင်တော့ဘူး"

"ဒါဆို ရပြီလေ၊ ပြန်တော့"
"ပြန်လို့ မဖြစ်သေးဘူး"
"ဟာ. . . ဘာလဲ တော်တော့ကွာ"
"မဖြစ်ဘူးမေသွယ်၊ နောက်မှ မကျေနပ်ရင် အဲဒီလေ့ခါးပေါ် ကသာ ကိုယ့်ကိုတွန်းချလိုက်တော့၊ ခုတော့. . .
"အို. …"
နောက်ဆုံးတော့ ဇော်ထက်ကပဲ အနိုင်ယူသွား၏။

+ + + + + +

(၂)

"ဂိ. . ."
"ဟင်"
မေသွယ်အခန်းထဲဝင်ပြီး ဘယ်လောက်မှ မကြာ၊ ဧည့်ခန်း မီးများဖွင့်ပြီး အိပ်ခန်းဘက်မှ မီးများဆက်ဖွင့်ရန် သွားဆဲ၊ လမ်း ခုလတ်မှာ တံခါးဘဲလ်သံက မြည်လာသည်။

သူများလား။ ထွက်သွားပြီးမှ ဘာကိစ္စပြန်လာရတာလဲ။ မေသွယ့်စိတ်ထဲမှာ ဇော်ထက်ပဲပြန်လာသည် ထင်မိသည်။ သည်အ ချိန်ကြီးကျမှ အထဲဝင်လိုသည်ဆိုလျှင်တော့ တံခါးဖွင့်မပေးတော့ဟု ဆုံးဖြတ်ပြီး အတွင်းသစ်သားတံခါးကိုသာ အသာလှပ်လိုက်သည်။

"မမ. . . ဖုန်းလာလို့"
"ဟင်"
ဇော်ထက်လည်းမဟုတ်။ ချိုမာလည်းမဟုတ်။ အိမ်ဘေး ခန်းမှ ကလေးလေးဖြစ်သည်။

"ဪ. . . အေး. . . လာခဲ့မယ် သား"
ပြောပြီး အပြင်သံတံခါးကို သော့ဖွင့်သည်။ ထို့နောက်

ကလေးလေးနှင့်အတူ တစ်ဘက်ခန်းထဲ ဝင်လာခဲ့၏။

"ဟဲလို"

"မေသွယ်လား"

ချောချောအသံဟု တန်းမှတ်မိသည်။

"ဟုတ်တယ် ချောချော၊ မေသွယ်ပါ"

"နင် ဘယ်တွေလျှောက်သွားနေတာလဲ မေသွယ်၊ ငါဆက်တာ သုံးလေးငါးခါရှိပြီ၊ နေ့ခင်းကတည်းက နင့်အခန်းတံခါး ပိတ်ထားတယ်လို့ပြောတယ်"

"ဟုတ်တယ်၊ အပြင်သွားနေလို့"

"အေး. . . နင်ကအပြင်သွားနေ၊ ဒီမှာ ဘိုးဘိုး နေမကောင်းဘူး၊ ဟတ်အတက်စ်ရလို့ ဆေးရုံ ပို့လိုက်ရတယ်"

"ဟင်. . ."

"မဟင်နဲ့ အခုည အဆင်သင့်ပြင်ထား မနက်ဖြန်မန္တလေးကို လေယာဉ်နဲ့ထွက်လာခဲ့၊ ဘိုးဘိုးက နင့်ကိုပဲ ခေါ်ခိုင်းနေတယ်"

"မနက်ဘယ်လိုလုပ်လိုက်လာမလဲ ချောချောရယ်၊ လေယာဉ်လက်မှတ်မှ မယူရသေးတာ"

"ငါဝယ်ခိုင်းထားပြီးပြီ၊ ခုည နင် ဘာမှမသွားတော့ဘူး မဟုတ်လား"

"ဟင့်အင်း မသွားတော့ပါဘူး"

"အေး. . အဲဒါဆို အခု ဖုန်းချပြီးတာနဲ့ ငါ နင့်ဆီလက်မှတ်ပို့ခိုင်းလိုက်မယ်၊ လေယာဉ်က မနက်ခုနစ်နာရီ ကွင်းအရောက်သွားရမယ်၊ ကိုးနာရီထွက်မယ်၊ မန္တလေးမှာ အန်တီမြကို လာစောင့်ခိုင်းလိုက်မယ်၊ ရပြီလား၊ ဘာပြောဦးမလဲ"



"ဘိုးဘိုး ဘယ်လိုနေလဲ ချောချော"

"အခြေအနေမကောင်းဘူး၊ မနက်ခုနစ်နာရီလောက်မှာ သတိလစ်သွားတာ၊ နေ့ခင်းဆယ့်နှစ်နာရီကမှ သတိပြန်ရတယ်၊ ဒါပေမယ့် နှလုံးက ပုံမှန်ပြန်မဖြစ်သေးဘူး၊ ကဲပါ. . အဲဒါတွေက မန္တလေးရောက်မှ ပြောပါ့၊ နောက် ဘာရှိသေးလဲ"

"ဟင့်အင်း ဘာမှမရှိပါဘူး"

"မရှိရင် ဒါပဲ. . နော်၊ အပြင်မထွက်နဲ့တော့ နင့်ဆီ အဲယားမန္တလေးက လူတစ်ယောက် လက်မှတ်လာပို့လိမ့်မယ်"

ပြောအပြီးမှာ ဖုန်းချသွားသည်။ မေသွယ် ဖုန်းခွက်ကို ပြန်ချရင်း ရင်ထဲပူလာသည်။ ဟတ်အတက်ခ် နှလုံးရောဂါ၊ နှလုံးခုန်တန့်သွားတယ်ဆိုပါလား။

ဘိုးဘိုးအသက် ၆၆-နှစ်ရှိပြီ။ နှလုံးရောဂါအခံရှိတာတော့ ကြာပြီ၊ သို့သော် ခုတစ်ခါကတော့ ဟတ်စ်အတက်ဖြစ်သည်။ ဘိုးဘိုး တစ်ယောက် သည်တောင်ကမှ ကျော်နိုင်ပါ့မလား။ တစ်နေကုန် လျှောက်လည် ဆော့ကစားနေသဖြင့် ပျော်ရွှင်နေသော စိတ်ကလေးများ ဘယ်ကမ္ဘာသို့ ရောက်ရှိသွားကြပြီမသိ။ လောလောဆယ် ချိုမာလည်းမရှိ၊ မနက်ကျလျှင် ဘယ်သူ့မှ အသိမပေးနိုင်တော့ဘဲ၊ မေသွယ် မန္တလေးကို ပြန်သွားရတော့မည်ဖြစ်၏။

+ + + + + +

## (၃)

သိမ့်ခနဲဖြစ်ကာ လေယာဉ်၏ဘီးများက ပြေးလမ်း ကွန်ကရစ်ခင်းနှင့် လွတ်သွားသည်။

မြေပြင်ရှိရှုခင်းများက တဖြည်းဖြည်း ဝေးကျန်ခဲ့ပြီးနောက် လေယာဉ်က တိမ်လွှာထုကြီးကို ဖောက်ထွက်လိုက်သည်။ ထိုအခါ တိမ်သားကအခင်းဖြစ်သွား၍ အဆုံးအစမဲ့ ကျယ်ပြန့်ပြာလွင်နေသော ကောင်းကင်ကြီးက အကာနှင့်အမိုး ဖြစ်သွားသည်။

မန္တလေးရောက်ဖို့အတွက် လေယာဉ်စီးချိန်က ဘာမှမကြာ။

နောက်တစ်နာရီသာသာဆို မန္တလေးကို မေသွယ်ရောက်ပြီဖြစ်သည်။ ညကတစ်ညလုံးလိုလို အိပ်မပျော်ခဲ့သဖြင့် ခေါင်းကတဆစ်ဆစ်ကိုက်နေသည်။ ညက ဘယ်လိုမှ အိပ်မရခဲ့။

မေသွယ် ဇော်ထက်နှင့်အတူ အပြင်ကပြန်လာချိန် ဖြစ်သော ခုနစ်နာရီခွဲလောက်မှာ ချောချောနှင့်ဖုန်းဆက်သည်။ ရှစ်နာရီခွဲလောက်ကျတော့ ချောချောပြောသည့်လူက မေသွယ့် နာမည်နှင့် လေယာဉ်လက်မှတ် လာပို့သည်။

ထို့နောက် မနက်ခရီးသွားဖို့ပြင်ဆင်နေဆဲ ညကိုးနာရီကျော်



ကျော်မှာ ချိုမာ ပြန်ရောက်လာသည်။ ချိုမာ့ကို အကျိုးအကြောင်း ပြောပြသောအခါ ချိုမာကလည်း ပစ္စည်းတွေ ဝိုင်းကူသိမ်းပေးသည်။ သိမ်းပေးရင်းနှင့်လည်း. . .

"ငါက ဒီနေ့ပဲ ကိုဖုန်းနဲ့ တိုင်ပင်ပြီး နင့်ကိစ္စ စီစဉ်ခဲ့သေးတယ် မေသွယ်"

"ငါ့ကိစ္စ. . . ဘာကိစ္စလဲ"

"ကားရိုက်ဖို့ပါ။ ငါနဲ့အပြိုင်ဝင်ဖို့ လွဲဝင်းရွှေရည်ကို အစက ကိုဖုန်းကငှားထားတယ်၊ အခုကျတော့ လွဲဝင်းရွှေရည်က ဘန်ကောက်မှာ ကြော်ငြာသွားရိုက်မှာမို့လို့ဆိုပြီး ပေးထားတဲ့ ရက်ချိန်းတွေ အကုန်ပျက်သွားတယ်"

"အဲ့ဒီတော့. . ."

"အဲ့ဒီတော့ လွဲဝင်းရွှေရည်နေရာမှာ နင်နဲ့ရိုက်ဖို့ ငါက အကြံပေးတာပေါ့။ ကိုဖုန်းကလဲ ဟုတ်တယ်၊ ကိုရန်လေးဝိတ် ပါနေတာပဲ၊ မထူးဘူး၊ ကိုယ့်အချင်းချင်းနဲ့ အလုပ်လုပ်ရတာ ပိုတောင်ကောင်းတယ်ဆိုပြီး နင့်ကို ပြောလိုက်ဖို့ ငါ့ကိုမှာတယ်၊ ငါက ဇာတ်ညွှန်းတောင် ယူလာပြီးပြီ"

မေသွယ်က သက်ပြင်းချသည်။

"ဟင်. . ငါ့ဘဝကတော့ ဒီလိုပါပဲ ချိုမာရာ၊ ဟိုရက်ပိုင်း ဘာကိစ္စမှ မပေါ်ခင်တုန်းကကျတော့လဲ ဘာကားမှ ရိုက်စရာမရှိလို့ စိတ်ဓာတ်ကျရတယ်၊ ခုကမန်းကတန်း ပြန်ရမယ်ဆိုတော့ ကားရိုက်ဖို့ဖြစ်လာတယ်"

"ခုနေ နင့်အဘိုးဆုံးရင် နင် အမွေတွေတော့ အများကြီးရမှာနော်"

"ငါ ဒါတွေမလိုချင်ပါဘူး ချိုမာရာ၊ မလိုချင်လို့ပဲ ဒီထွက်လာခဲ့တဲ့ကိစ္စ၊ အမွေလည်း မလိုချင်ပါဘူး၊ ဘိုးဘိုးကိုလည်း မသေစေချင်သေးဘူး၊ အခုပစ္စည်းသိမ်းရင်းနဲ့ ဘိုးဘိုးမသေပါစေနဲ့လို့ ဆုတောင်းနေတာ အခါတစ်ထောင်လောက်ရှိပြီ"

"အင်းလေ. . နင်က ငါနဲ့စာရင်တောင် စိတ်ကောင်းအများကြီး ရှိပါတယ်၊ နင်လိုလူမျိုး ဘယ်တော့မှ ဒုက္ခမရောက်ပါဘူး၊ ဒါနဲ့ ကိုဇော်ထက်ကြီးနဲ့ကော တွေ့သေးလား"

ပထမတော့ ဒီနေ့တွေ့ခဲ့သည့်ကိစ္စ ပြောပြမလား စဉ်းစားလိုက်သေးသည်။ ပြီးမှမထူးတော့ပါဘူး၊ ဒါတွေပြောပြလဲ လူသိရုံရှိမှာပါ၊ မနက်ဖြန် မန္တလေးပြန်တာနဲ့ ဒီဇာတ်လမ်းက ပြီးပြတ်သွားပြီပဲ။ သူလည်း သူ့အလုပ်နဲ့သူရှုပ်နေတာ၊ မန္တလေး တကူးတက လိုက်လာစရာအကြောင်း မရှိပါဘူးဟုတွေး၍. . .

"မတွေ့ပါဘူးဟာ၊ ဒီဇာတ်လမ်းက ပြီးသွားပါပြီ" ဟု တစ်ခါတည်း ပိတ်ပြောချလိုက်သည်။ ညအိပ်ရာဝင်တော့ ဆယ့်တစ်နာရီလောက်ရှိပြီဖြစ်၏။

သို့သော် အိပ်ရာထဲမှာ ဘိုးဘိုးကိစ္စ စိတ်ပူလိုက်၊ တကူးတကတွေးစရာမလိုဘဲ ခေါင်းထဲရောက်ရောက်လာသော ဇော်ထက် အကြောင်းများကို စဉ်းစားလိုက်နှင့် ဘယ်အချိန်မိုးလင်းသွားမှန်းပင် မသိလိုက်။

ငါးနာရီလောက်ထပြီး ပြင်ဆင်၊ ခြောက်နာရီလောက်မှာ အောက်ဆင်း ကားငှား၍ လေဆိပ်သို့ ခုနစ်နာရီမထိုးခင် ရောက်အောင်လာခဲ့သည်။ ခုကျတော့ ရန်ကုန်ဆိုတာကို မြေကြီးပေါ်မှာ ထားခဲ့၍ ဝါဂွမ်းပြင်ကြီးလိုဖြစ်နေကာ တိမ်ထုကြီးအထက်သို့ ရောက်



နေခဲ့ပြီ။

ဘဝဆိုတာကို ဘယ်လိုကြီးမှန်းလဲ မသိဘူးဟု တွေးသည်။ ရန်ကုန်မှာ မွေးသည်။ နောက်ကျတော့ မမျှော်လင့်သော အဖြစ်များဖြစ်၍ မန္တလေးရောက်သွားသည်။ နောက်တစ်ခါ မန္တလေးမှာ မနေချင်တော့၍ ဇွတ်ရန်ကုန်ဆင်းသည်။ သို့သော် ခုကျတော့မမျှော်လင့်သော အကြောင်းဖြင့် မန္တလေးပြန်ရပြန်ပြီ။

ဘာတွေဆက်ဖြစ်၍ ဘာတွေကြုံဦးမည်မသိ။ ဇော်ထက်ကတော့ နောက်တနေ့ကျလျှင် ညနေဘက် တစ်ခေါက်လာခဲ့မည်၊ ငါးနာရီလောက်ရောက်မည်ဟု မနေ့က ကားပေါ်မှာ ပြောခဲ့သည်။ ပြောပြီးလျှင် မလာဘဲနေမှာမဟုတ်။ ချိုမာနှင့်တွေ့လျှင်တော့ အကျိုးအကြောင်းသိသွားနိုင်ပြီး၊ ချိုမာမရှိ၍ အိမ်တံခါး ပိတ်ထားတာတွေ့လျှင်တော့ စိတ်ပျက်စွာ ပြန်သွားမှာအမှန်။

အဲဒါဆို နောက်နေ့ နောက်နေ့တွေက သူဆက်လာဦးမှာလား၊ ဒါမှမဟုတ် သူ့ကို မေသွယ်က မတွေ့ချင်လို့ရှောင်နေတာပဲဟု တွေး၍ တစ်ခါတည်း လမ်းစဖြတ်လိုက်တော့မှာလား။

လေယာဉ်ကြီးက ကောင်းကင်တက်၍ တိမ်တွေနှင့် ကမ္ဘာမြေကြီးကို ဘယ်လိုခြားထားထား၊ နောက်ဆုံးတော့ မန္တလေးလေဆိပ်မှာပဲ ဆင်းသက်မှာဖြစ်သလို၊ မေသွယ်လည်း ဘာတွေတွေးတွေး နောက်ဆုံးကျတော့ ဇော်ထက်အကြောင်းမှာပဲ အဆုံးသတ်သည်။

ဇော်ထက်ကို မေသွယ် အရမ်းကြောက်သည်မှာလည်း ဤအကြောင်းကြောင့်ဖြစ်၏။

"ဟဲ့. . . သမီး မေသွယ်"

"အန်တီမြ"

ကွင်းစပ်ရောက်သည်နှင့် အန်တီမြက လူအုပ်ကြားထဲမှ ရှေ့လှမ်းခေါ်သည်။ မေသွယ်က အန်တီမြကိုမြင်မှ ဘယ်လိုဝမ်းနည်းသွားမှန်းမသိဘဲ၊ အန်တီမြ နာမည်ကိုအော်ခေါ်၍ ရင်ခွင်ထဲ ပြေးဝင်ငိုရှိုက်သည်။

"ဟဲ့. ၊ . သမီး လူတွေကြားထဲမှာလေ၊ အို. . ဒီကလေးကလည်း ခက်တော့နေပြီ၊ တိတ်ပါ သမီးရယ်၊ အန်တီမြ တစ်ယောက်လုံးရှိပါတယ်။ အန်တီမြလေ သမီးထွက်သွားကတည်းက တစ်ရက်မှသမီးကို သတိမရတဲ့ရက်မရှိဘူး၊ နေ့တိုင်း သမီးကိုသတိရတယ်၊ စိတ်ပူတယ်၊ လွမ်းတယ်၊ မျက်ရည်လည်းကျရတယ် သမီး"

"သမီးလဲ အန်တီမြကို အရမ်းသတိရတယ်၊ ဘိုးဘိုးကိုလည်း သတိရတယ်၊ ဒါနဲ့ အခု ဘိုးဘိုး ဘယ်လိုဖြစ်နေလဲဟင်၊ ဘိုးဘိုး နေကောင်းပြီ မဟုတ်လား၊ ဘိုးဘိုး မသေနိုင်တော့ဘူး မဟုတ်လား၊ပြောစမ်းပါ အန်တီမြရယ်၊ သမီးလေစိတ်ပူလွန်းလို့ တစ်ညလုံး မအိပ်ခဲ့ရဘူး"

"အစ်ကိုကြီးအခြေအနေကောင်းပါတယ် သမီးရယ်၊ သမီး ဘိုးဘိုး မသေနိုင်သေးပါဘူး၊ သမီးမျက်နှာလေးကို မြင်လိုက်ရရင် ဘိုးဘိုး အကောင်းပကတိ ဖြစ်သွားမှာ"

"ဘိုးဘိုးက သ မီးကို တွေ့ချင်သေးတယ်နော်၊ သမီးစိတ်ထဲမှာ ဘိုးဘိုးက သမီးမျက်နှာကို ဘယ်တော့မှ မကြည့်ချင်တော့ဘူး အောက်မေ့နေတာ"

"အို. . ဘယ်ဟုတ်ပါ့မလဲ သမီးရယ်၊ ဘိုးဘိုးက သမီးကို သိပ်ချစ်တာ၊ ခုလဲသူသတိရတာနဲ့ သမီးကို ခေါ်ပေးဖို့ပဲ တတွတ်တွတ် ပြောနေတာ၊ အန်တီမြ သမီးဆီဖုန်းဆက်ဖို့ပါပဲ၊ ဒါပေမယ့် အစ်ကို



ကြီးနားမှာ အချိန်ပြည့်ရှိနေချင်တာနဲ့ ချောချောကို ဆက်ခိုင်းလိုက်ရတာ"

အန်တီမြက တတွတ်တွတ်ပြောရင်း လေဆိပ်အပြင်ဘက်၌ ရပ်ထားခဲ့သည့် ကားဆီတွဲခေါ်လာခဲ့သည်။ ကားနားအရောက်တွင် မေသွယ်ကို လက်ညွှန်ပြရင်း. ...

"သမီးဘိုးဘိုးက ကားတောင် လဲထားတာ သမီးရဲ့၊ အရင်စီးတဲ့ ပါဂျဲရိုးထက် ပိုကောင်းတယ်တဲ့၊ ပရာဒိုဆိုလား ဘာဆို လား မသိပါဘူး၊ လှတာတော့ ကားကြီးက အရမ်းလှတာပဲ"

"အင်းနော်. . လှလိုက်တာ"

ပြောရင်းနှင့် ရင်ထဲမှာ လှပ်ခနဲခုန်သည်။ ပရာဒို။ ဘိုးဘိုး ပရာဒိုက ဇော်ထက်စီးသည့် ပရာဒိုနှင့် တစ်ပုံစံတည်းဖြစ်နေသလို၊ အရောင်ကလည်း ခဲပုတ်ရင့်ရောင်မို့ တစ်ရောင်တည်း။ ဘေးဘက်မှာ ကပ်ထားသော စတစ်ကာဒီဇိုင်းချင်းသာ ကွာသည်။

"ဟင်း"

အန်တီမြမသိအောင် သက်ပြင်းတစ်ချက် ခိုးချမိ၏။နောက်ဆုံးတော့ လေယာဉ်က မန္တလေးလေဆိပ် ဆိုက်ပြီးတာတောင် မေသွယ်ဆိုသည့် ရထားမလေးက ဇော်ထက်အကြောင်း တွေးခြင်းဟူသည့် ဘူတာက မခွာနိုင်သေးပါလားကွယ်။

✦ ✦ ✦ ✦ ✦ ✦

## (၄)

ယာဉ်မောင်းက တခါးဖွင့်ပေးသည်။

အန်တီမြနှင့်မေသွယ်က နောက်ခန်းတွင် ဝင်ထိုင်လိုက်၏။ လေဆိပ်ပရဂုဏ်မှ ကားထွက်ကတည်းက အန်တီမြက မေသွယ့်လက်ကလေးကို တယုတယ ဆုပ်ကိုင်ထားသည်။ ပြီးတော့ . .

"သမီး ညက မအိပ်ရသေးဘူးဆိုတော့ အရမ်းပင်းပန်းနေမှာပဲကွယ်၊ အန်တီမြပခုံးကို မှီထား၊ အသာလေးမှေးနေ၊ အန်တီမြ စကားမပြောဘူး၊ နောက်မှ တဝကြီးပြောမယ်"ဆိုပြီး မေသွယ့်ကို နားခိုင်းထားသည်။

မေသွယ်က အန်တီမြပခုံးပေါ် မှေးလိုက်လာခဲ့သည်။ အိပ်တော့မပျော်။ သူမအပေါ် သိပ်ကောင်း သိပ်ချစ် သိပ်ကြင်နာသည့် အန်တီမြ အကြောင်းကိုသာ စဉ်းစားလာခဲ့၏။ လူကြီးတွေ ပြောပြသည်ကို ကြားခဲ့သည်။ အန်တီမြကို ဘွားဘွားက မိုးကုတ်မှာ သုံးလေးနှစ်သမီးကတည်းက ခေါ်ယူစောင့်ရှောက်ထားခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။

ထိုအချိန်မှာ ဘွားဘွားက ဆယ့်လေးငါးနှစ်သမီး အပျို



ပေါက်ပဲရှိသေးသည်။ မိဘမဲ့ကလေးဖြစ်သော မြမြကို ဘွားဘွားအမေက သနားသဖြင့်ခေါ်ထားချိန်မှာ ဘွားဘွားက မြမြကိုချစ်လို့ဆိုကာ သူ့အပိုင်တောင်းထားခဲ့သည်။

ထိုအချိန်မှစ၍ ဘွားဘွား ဝေယျာဝစ္စကို အန်တီမြက လုပ်ပေးခဲ့သည်။ ဘွားဘွားက အန်တီမြကို တစ်ပါတည်းခေါ်ခဲ့သည်။ ဘွားဘွား၏ သားနှင့်သမီးဖြစ်သော ဘဘနှင့်မေမေတို့သည်လည်း အန်တီမြ လက်ထဲမှာပင် ကြီးခဲ့ရသည်။

ဘွားဘွားဆုံးတော့ မဆုံးခင်မှာ အန်တီမြကိုခေါ်၍ ဘယ်မှ ထွက်မသွားဖို့နှင့် သူ့သားနှင့်သမီးကို သူ့ကိုယ်စား ဆက်စောင့်ရှောက်ပေးဖို့ မှာခဲ့သည်ဟုဆိုသည်။ အန်တီမြက ဘဘနှင့်မေမေကို သားသမီးအရင်းလို စောင့်ရှောက်သကဲ့သို့ ဘိုးဘိုးဝေယျာဝစ္စကိုလည်း လိုလေသေးမရှိအောင် ပြုစုခဲ့သည်။

သို့အတွက် လူကြီးချင်းစကားပြောဆိုကြလျှင် ဘွားဘွားဆုံးပြီး ဘိုးဘိုး နောက်ထပ်အိမ်ထောင်မပြုခြင်းမှာ အန်တီမြ ရှိနေ၍ဟု နောက်ကြပြောင်ကြသည်။

"ကိုဘသွယ် အပင်ပန်းခံပြီး နောက်မိန်းမဘယ်ရှာတော့မလဲကွာ၊ မြမြတစ်ယောက်လုံး ရှိနေတာပဲ၊ မြမြက ခင်မေကြီးထက်ငယ်ပြီး ခင်မေကြီးထက်တောင် ပိုလှသေးတာ"ဟု စကြသည်။

ခင်မေကြီးဆိုသည်က ဘွားဘွားနာမည်ဖြစ်သည်။ သူတို့ပြောလည်း ပြောစရာ၊ အန်တီမြက ငယ်ငယ်တုန်းက ဘယ်လောက်လှပြီး ချစ်စရာကောင်းခဲ့မည် မသိ။

ယခု အသက်ငါးဆယ်ပတ်ဝန်းကျင်၌ပင် သူများမိန်းမကြီးတွေလို ဝအိဘုတ်ထိုင်းကြီးတွေ ဖြစ်တာမျိုး၊ ပိန်ကပ်ချိန့်နေတာမျိုး

လုံးဝမရှိဘဲ ဖြူဖြူသန့်သန့်ကိုယ်လုံးကိုယ်ထည် အလောတော် အ
တော်ဖြင့် ခန့်ခန့်ကလေး လှနေသည်။

ဘိုးဘိုးကဆိုလျှင်လည်း ဘာအကြောင်းဖြစ်ဖြစ်၊ မြမြ
လျှင်မပြီး။ စီးပွားရေးလုပ်ငန်းမှအပဖြစ်သော အိမ်မှုရေးရာ
လုံးကို မြမြအား အာဏာကုန် လွှဲအပ်ထားသည်။

ဘိုးဘိုးဆေးလိပ်သောက်လွန်း၍ မြမြကဆူလျှင်ပင် ဘိုး
က ပြုံးပြုံးပြုံးပြုံးနှင့် ဆေးလိပ်လေး လွှင့်ပစ်လိုက်သည်။ တစ်ခါတ
အန်တီမြ မသိအောင် ဘိုးဘိုးဆေးလိပ်ခိုးသောက်သည်ကို မေသွ
တို့တွေ့လျှင် အန်တီမြကို ပြေးတိုင်ပြီး၊ ဘိုးဘိုးအား ဆူခိုင်းသည်

အန်တီမြက မေသွယ့်ကိုလည်း အရမ်းချစ်သည်။ မေသွ
ကလည်း မန္တလေးရောက်ပြီးချိန်ကနေ အတော်ကြီးသည့် ဆယ့်
ငါးနှစ်အထိ အန်တီမြရင်ခွင်ထဲမှာမှ အိပ်သည်။

တစ်အိမ်လုံးမှာ အန်တီမြနှင့်မတည့်သူဟူ၍ ချောချော
ယောက်သာရှိသည်။ ချောချောကတော့ စံပါပဲဟုဆိုရမည့် မိန်း
လေး၊ အိမ်မှာ ချောချောနှင့်တည့်သူ ဘယ်သူမှ မရှိ။ မတည့်တာလ
မပြောနှင့်၊ ချောချောက တစ်အိမ်လုံးကို ဗိုလ်ကျဖို့ပဲ စဉ်းစားနေသ
သူ့ကိစ္စမှသူ့ကိစ္စ။ သူ့ကိစ္စနှင့် ပတ်သက်လာလျှင် ဘယ်သူ့ကိုမှ မ
တတ်။

အထူးသဖြင့် မေသွယ့်အပေါ် မညာခြင်းကို အန်တီမြ
လုံးဝလက်မခံ။ သို့အတွက် အန်တီမြဆိုလျှင် ချောချောက ကြည့်
မရ။

အန်တီမြကလည်း ချောချောကိုတော့ သိပ်မချစ်။

"ဟင်း"



အန်တီမြ ပခုံးပေါ် မှေးရင်းနှင့် မေသွယ်က သက်ပြင်းချ
သည်။ အန်တီမြသာ ဇော်ထက်ကိုတွေ့ဖူးလျှင် ဘယ်လိုပြောမလဲ။
မေသွယ်ပါးကို သုံးကြိမ်တိုင် ဖွတ်နမ်းသွားဖူးသူဖြစ်ကြောင်း ပြောပြ
လျှင် အန်တီမြ ဇော်ထက်ကို စိတ်ဆိုးမှာလား။

ဇော်ထက်ကိုကြည့်၍ အန်တီမြ ဘယ်လိုအကဲဖြတ် ဝေဖန်
မလဲ၊ သိချင်လှသည်။ အဘယ်ကြောင့်ဆိုသော်အန်တီမြသည် ရုပ်ရည်
သန့်ပြန့် ခန့်ညားလှပသည်နှင့်အမျှ အကင်းပါးပြီး လူကဲခတ်တော်လှ
သောကြောင့် ဖြစ်၏။

+ + + + + +

"ဟင်. . . အန်တီမြ၊ မေသွယ်တို့ ဆေးရုံ မသွားဘူးလား"

မှေးပြီးတွေးနေရာက ကားရပ်သဖြင့် မျက်လုံးဖွင့်ကြည့်
လိုက်သောအခါ ဆေးရုံမဟုတ်ပဲ ဘိုးဘိုးအိမ်ကြီး ရှေ့ရောက်နေသ
ဖြင့် မေသွယ်က အလန့်တကြားမေးလိုက်ခြင်း ဖြစ်သည်။

အန်တီမြက ပြုံး၍. . .

"သမီးနားလိုက်ပါဦး၊ ဆေးရုံသွားဖို့ ညနေကျမှ အန်တီမြလာ
ခေါ်မယ်၊ ခုချိန်သွားလဲ သမီးတွေ့ရမှာမဟုတ်ဘူး၊ ဆရာဝန်က စိတ်
ငြိမ်ဆေးပေးပြီး အိပ်ခိုင်းထားတာ၊ လူနာနဲ့ ညနေတစ်ချိန်ပဲ တွေ့ခွင့်
ပေးတယ်"

"ဘိုးဘိုးအခြေအနေ တကယ်ကောင်းပါတယ်နော်"

"ကောင်းပါတယ် သမီး၊ အခိုက်အတန့်ပိတ်သွားတဲ့ နှလုံး
သွေးကြောက ပြန်ပွင့်သွားပါပြီ၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်လဲ အန့်တီမြ"

"ဒါပေမယ့် ဘိုးဘိုးကအသက်ကြီးပြီသမီး၊ ဆေးရုံက ပြန်ဆင်းတဲ့အချိန်မှာပဲ အရင်ကလို ပင်ပင်ပန်းပန်း အလုပ်လုပ်ဖို့တော့ မသင့်တော့ဘူး။ ဆက်နေဖို့ကျန်သေးတဲ့ လူ့ဘဝသက်တမ်းကို အေးအေးချမ်းချမ်း အနားယူပြီးပဲ နေသင့်တော့တယ်လို့ ဆရာဝန်ကပြောတယ်"

"ဒါဆို. . . သူ့အလုပ်တွေက"

"အန့်တီမြထင်တာတော့ သူ သမီးကို တွေ့ချင်တဲ့အထဲ အဲဒီကိစ္စလည်းပါမယ်လို့ ယူဆတာပဲ"

"ဘုရား. . ဘုရား. . ဒီအလုပ်တွေ မလုပ်ချင်လို့ ထွက်ပြေးခဲ့တာ၊ ခုကျတော့ အရင်ကလို ဘိုးဘိုးကို ကူညီရုံမဟုတ်ပဲ ကိုယ်တိုင်များ ဦးစီးပြီး လုပ်နေရဦးမှာလား"

"ကဲပါ သမီးရယ်၊ ဒါတွေက နောက်မှစဉ်းစားလို့ရပါတယ် လောလောဆယ် သမီးအခန်းမှာပဲ သမီးနားနေလိုက်ဦး၊ အဲ. တစ်ခုခုတော့ စားဦးမလား"

"ဟင့်အင်း. . မစားတော့ဘူး အန့်တီမြ၊ သမီး လေဆိပ်မှာ စားခဲ့သေးတယ်၊ ဒါနဲ့ ခုနက အန့်တီမြပြောလိုက်တဲ့ သမီးအခန်းဆိုတာ"

အန့်တီမြက ရယ်ပြီး. . .

"အရင် သမီးနေတဲ့ အခန်းပဲပေါ့"

မေသွယ်စိတ်ထဲမှာ အရမ်းဝမ်းသာသလို ဖြစ်သွားသည် သည်အခန်းလေးနှင့် သူမဝေးခဲ့တာ သုံးနှစ်တောင် ရှိသွားပြီလေ. .

"အန့်တီမြ သမီး အခန်းထဲသွားနှင့်လိုက်မယ်နော်"



"သွားနှင့် သမီး၊ ခဏနေမှ အန့်တီမြ လိုက်လာခဲ့မယ်"

မေသွယ် ဝမ်းသာအားရနှင့် အိမ်ထဲပြေးဝင်လာခဲ့သည်။ ဧည့်ခန်းကို ဖြတ်အပြေးမှာ ဆိုဖာပေါ်ထိုင်နေသည့် ချောချောကို မြင်လိုက်ရသည်။ မေသွယ် ကမန်းကတန်း ဘရိတ်အုပ်လိုက် ၏။

+ + + + + +

## (၅)

"ဟယ်. . . ချောချော"

မေသွယ်က ဝမ်းသာအားရနှုတ်ဆက်လိုက်သည်။ သူမ အခန်းရှိသည့် အပေါ်ထပ်ဘက်လှည့်ထားသော ခြေဦးများကိုလည်း ဧည့်ခန်းဘက် ချောချောရှိရာ ဦးတည်လိုက်သည်။

"လေယာဉ်ပျံကိစ္စ ဘာညာအားလုံး အဆင်ပြေတယ် မဟုတ်လား မေသွယ်"

အားလုံးဘာမှ သိပ်မပြောင်းလဲသည့်အထဲမှာ ချောချော၏ အချိုးလည်းပါသည်ဟု မေသွယ်က တွေးလိုက်သည်။

ကိုယ်ကသာ ဝမ်းသာအားရနှုတ်ဆက်သော်လည်း သူက အပြုံးလေးတစ်ခုတောင် တုံ့ပြန်ဖော်မရ။ ဆိုဖာပေါ် ခြေချိတ်ထိုင်ပြီး စာအုပ်တစ်အုပ်ဖတ်နေရာက တစ်ချက်လှမ်းကြည့်ပြီး ခရီးစဉ် အဆင်ပြေမပြေသာ မေးလိုက်သည်။ တကယ့် ဆရာမကြီးစတိုင်။ မေသွယ်က ခေါင်းညိတ်၍. . .

"ပြေတယ် ချောချော"

"အေးလေ. . ပြေမှလဲဖြစ်မှာပဲ၊ မပြေရင် အိမ်က သခင်မ



ကြီးက သူ့အမိန့်တော်အတိုင်း လုပ်မပေးဘူးဆိုပြီး ငါ့ကို အပြစ်ပြောဦးမှာ"

အန်တီမြကို ရည်ရွယ်ပြီး ပြောကြောင်း သိလိုက်သည်။

ဘယ်လိုမှ လိုက်လျှော့နွေးထွေးမှု အရိပ်အယောင်မမြင်ရသဖြင့် မေသွယ်က ရှည်ရှည်ဝေးဝေး စကားကြောမရှည်တော့ပဲ. . .

"သွားဦးမယ် ချောချော၊ မေသွယ့်အခန်းလေး ဘယ်လိုနေသေးလဲ ကြည့်လိုက်ချင်လို့"

"ကြွ. . ကြွ မနှစ်သက်တာ လိုအပ်တာရှိရင်လဲ အမိန့်ရှိ၊ သခင်မလေး စိတ်နှလုံးမကြည်ရင် သခင်မကြီးက ငါ့ပဲမျက်စောင်းထိုးမှာ"

ရောက်ကတည်းက စကားကိုတည့်တည့်မပြောဘဲ အရွဲ့အစောင်းတွေချည်း မှုတ်နေသော ချောချောကိုကြည့်၍ မေသွယ်ကရယ်လိုက်ပြီး ထွက်လာခဲ့သည်။ ချောချောကတော့ ဘယ်တော့မှလည်း အချိုးပြောင်းမည့်ပုံစံ မရှိပါဘူးဟုလည်း တွေးလိုက်မိ၏။

"အားလားလား. . စိတ်ချမ်းသာစရာ ကောင်းလိုက်တာကွာ၊ အားလုံးက ကျန်ခဲ့တဲ့ သုံးနှစ်ကအတိုင်း ကွက်တိပဲ၊ ဘာတစ်ခုမှ မပြောင်းလဲဘူး"

သူမ အခန်းလေးထဲရောက်သည်နှင့် အသက်သုံးနှစ် ပြန်ငယ်သွားသလို ခံစားလိုက်ရသည်။ သည်အခန်းထဲက ထွက်သွားတာ သုံးနှစ်ကြာခဲ့သည်ဟု ဘယ်လိုမှ ခံစားလို့မရ။ ခုနကမှ ထွက်သွားပြီး ခုပြန်ဝင်လာသလို ခံစားရသည်။

စားပွဲမှန်တင်ခုံ၊ ခုတင်၊ ဘီဒိုအနေအထား အိပ်ရာခင်း၊ မွေ့ရာ၊ ခေါင်းအုံး၊ စောင်၊ မှန်တင်ခုံပေါ်က အလှပြင်ပစ္စည်း၊ မျက်နှာ

သုတ်ပဝါစင်၊ မျက်နှာသုတ်ပဝါ၊ စားပွဲပေါ်က မီးအိမ်နှင့် ဓာအုပ် လေးများကအစ. . . ဘာတစ်ခုမှ ခြေရာလက်ရာမပျက်။ မေသွယ် က သူမ အဝတ်ဘီဒိုကြီးကို ဖွင့်ကြည့်လိုက်သည်။

"ဟား"

သူမ၏ ငယ်ချစ်ဟောင်း အဝတ်အစားလေးများကလည်း ပုံမပျက်ပန်းမပျက် တစ်ပုံတစ်ပင်ကြီးရှိနေဆဲ။ မေသွယ် မန္တလေးက ထွက်မသွားခင်တစ်ရက်က ဝတ်ခဲ့သည့် ရင်ဘတ်မှာက အနက်ပွင့်ကြီး တွေပါသည့် ရယ်ဒီမိတ် ဘလောက်စ်အင်္ကျီကအစ၊ ဘီဒိုထဲရှိ အင်္ကျီ ချိတ်မှာ သည်အတိုင်းရှိနေသည်။

မေသွယ်က ကျေနပ်စွာတစ်ချက်ပြုံးရင်း လုံချည်များ စီထပ် ထားသည့်နေရာကို ကြည့်လိုက်သည်။ ဘိုးဘိုးနှင့် ဒေါ်ခံပွဲတက်တိုင်း ဝတ်ရသည့် ဇင်းမယ်တို့ချိတ်တို့ ရောင်စုံ အထပ်လိုက်ရှိနေသည်။ ကြိုးကြိုးချိတ်တွေဆို ခုချိန်တစ်ထည်ကို လေးငါးသောင်းပေးမှ ရမည် သည်မှာ ရောင်စုံ အထပ်လိုက် ရှိသည်။ ကြိုက်ရာရွေးစမ်း။

လူတို့နှင့် လိုက်ဖက်သည့် မြန်မာအင်္ကျီလက်ရှည်၊ လက်စက ခါးတို၊ ခါးရှည်၊ ပဝါ၊ လက်ကိုင်အိတ်၊ ဖိနပ်စသည်များက သည်ဘတ် အကန့်၊ ပေါ်အကန့်၊ အောက်အကန့်တွေမှာ အားလုံးအဆင်သင့်ရှိ သည်။

ဒါတွေဝတ်လျှင် တွဲဖက်ဖို့ စိန်၊ ပတ္တမြား၊ နီလာ၊ မြစသည့် ရတနာဝမ်းဆက် လက်ဝတ်လက်စားများကလည်း အလယ်အံဆွဲထဲ မှာ သူ့ဘူးလေးတွေနှင့်သူရှိသည်။ မေသွယ်သွားတုန်းက ဒါတွေတစ်ခု မှ ယူမသွားခဲ့။

မနေ့က ဆီဒိုးနားသွားတုန်းကသာ ဒါတွေထဲက အကြိုက်



ဆုံးတစ်စုံ ထုတ်ဝတ်လိုက်ရလျှင် ဇော်ထက်ဆိုသည့်ပုဂ္ဂိုလ် ဘယ် လောက်များ သဘောကျလိုက်မလဲ မသိဘူးဟု တွေးမိသည်။ ပြီးမှ သတိရ၍. . .

"အင်း. . ငါလဲ ဒီလူမပါဘဲ ဘာမှမတွေးတတ်တော့ဘူး ဖြစ် နေပြီ၊ သေလိုက်ပါလား မိမေသွယ်ရယ်"

ပြောလည်းပြော၊ မှန်တင်ခုံမှ မှန်ထဲတစ်ချက်လှမ်းကြည့်၍ ကိုယ့်ပါး ကိုယ့်လက်ဝါးနှင့် ခပ်စပ်စပ်လေး ရိုက်လိုက်၏။

✦ ✦ ✦ ✦ ✦ ✦

"အဆင်ပြေရဲ့လား သမီး၊ ဘာလိုအပ်သေးလဲ၊ လိုတာရှိရင် အန်တီမြကို ပြောလိုက်၊ အပြင်သွားရင်းနဲ့ အန်တီမြ ဝယ်လာခဲ့မယ်"

မေသွယ်မှန်တင်ခုံရှေ့မှာပဲ ရှိနေဆဲ၊ အန်တီမြ စားစရာ ဗန်းလေးနှင့် ရောက်လာသည်။ အန်တီမြအမေးကို မေသွယ်က အပြုံး နှင့် ခေါင်းခါရင်း . . . . .

"ဘာမှ မလိုဘူး အန်တီမြ၊ သမီးအခန်းလေးက သမီး ထွက် မသွားခင်တုန်းက အတိုင်းပဲနော်၊ ဘာတစ်ခုမှ မပြောင်းလဲဘူး"

"အဲဒါ သမီးဘိုးဘိုး အစီအစဉ်ကွယ့်၊ သမီးဘိုးဘိုးက ငါ့ မြေးအခန်းကို ဘာမှ အရွှေ့အပြောင်းမလုပ်နဲ့၊ ဖုန်သုတ်လှဲကျင်းပြီး သူ့နေရာအတိုင်း သူပြန်ထား၊ ဒီအခန်းကို ငါ့မြေးတစ်နေ့ ပြန်ကိုပြန် လာမှာ၊ ပြန်လာရင် သူနဲ့ပတ်သက်လို့ ဒီအိမ်မှာ ဘာမှအပြောင်းအလဲ မှ မရှိဘူးဆိုတာ သိအောင်လုပ်ရမယ်တဲ့"

"ဟင်. . ဘိုးဘိုးက မေသွယ့်ကို စိတ်မဆိုးဘူးလား"

"ဆိုးတာတော့ ဆိုးမှာပေါ့ သမီးရယ်၊ ဒါပေမယ့် စိတ်ဆိုး
တာက စိတ်ဆိုးတာသတ်သတ်ပဲ၊ သမီးကို သူချစ်တာက ချစ်တာပဲ၊
သမီးကို သူအရမ်းသတိရတဲ့အကြောင်း ခဏခဏပြောတယ်"

"ဒါနဲ့များ သမီးဖုန်းဆက်ရင် ဘယ်တော့မှ ဘိုးဘိုးက စကား
မပြောဘူး"

"ဒါကတော့ သူတို့ဘဝပဲလေသမီး၊ ဒီစိတ် ဒီသဘာဝ
ကြောင့်ပဲ ကျိုကျိုတက်ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတွေ ဖြစ်ခဲ့ကြ
တယ်၊ အဲဒီလိုပဲ ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ စိတ်ဆင်းရဲစရာတွေ
အများကြီး ကြုံခဲ့ရတာပဲ၊ သမီး မေမေတုန်းကလည်း သူဒီလိုပဲ ဖြစ်ခဲ့
တာပဲလေ"

"ဒါပေမယ့် သမီးပြန်ရောက်လာမယ်ဆိုတာတော့ သူ ကြိုသိ
တယ်နော်"

"သူတို့ မပြောလို့သာ နေတာ၊ လောကမှာ သူတို့ကြိုသိနေ
တာတွေ အများကြီးပဲရှိတယ်။ သမီး ကဲ၊ ကဲ ရေမိုးချိုးပြီး နားလိုက်အိပ်
လိုက်တော့၊ ဆာရင်စားဖို့ မုန့်နဲ့ ကော်ဖီတွေ စားပွဲပေါ် ထားခဲ့တယ်"

ခဏနေတော့ အန်တီမြ ပြန်ထွက်သွားသည်။

မေသွယ်ရေတဝချိုးလိုက်သည်။ ထို့နောက် အန်တီမြ လာ
ပေးခဲ့သော မုန့်ဗန်းထဲမှ ဆင်ဒဝစ်နှစ်ခု သုံးခု ယူစား၍ ဓာတ်ဘူး
ထဲမှကော်ဖီကို ငုံ့သောက်သည်။

ထို့နောက် ကာလအတန်ကြာ ဝေး ကွာနေခဲ့သော သူမအိပ်
ရာလေးပေါ် အားရပါးရ ပစ်လှဲလိုက်သည်။

အိပ်ရာပေါ်မှာ သူမသုံးခဲ့သည့် ရေမွှေးနံ့လေးတွေ ရှိနေဆဲ။
ခေါင်းထဲသို့ ဇာတ်ထက်အကြောင်းများ ဝင်လာသဖြင့် ကမန်းကတန်း



ဖယ်ထုတ်ပစ်သည်။

တိုးဝင်လာသောအတွေးနှင့် ဖယ်ထုတ်ပစ်လိုက်သောစိတ်
နပန်းလုံးနေရင်း ဘယ်အချိန် အိပ်ပျော်သွားမှန်းမသိ။ အိပ်မက်ထဲမှာ
ဇော်ထက်နှင့် ပိုးတဝါးတွေ့သည်။ ညနေ လေးနာရီလောက်မှာ အန်တီ
မြ တံခါးဖွင့်ဝင်လာပြီး နိုးသဖြင့် မေသွယ်နိုးလာ၏။

✦ ✦ ✦ ✦ ✦ ✦

## (၆)

ဘိုးဘိုးတက်နေသော အထူးသီးသန့်ခန်းကြီးက အတော်ကျယ်ဝန်းပြီး သန့်ရှင်းသည်။

အခန်းကြီး၏ အရှေ့ဘက်နံရံ အလယ်လောက်မှာ ဘိုးဘိုး ခုတင်ရှိသည်။ ခုတင်ပေါ်တွင် ဘိုးဘိုး မျက်စိမှိတ်၍ အိပ်နေပြီး သူ့ခေါင်းရင်းဘက်၌ နှလုံးရောဂါကု အီလက်ထရောနစ် လျှပ်စစ်ပစ္စည်းများ ရှိနေသည်။

သူ့နှလုံးခုန်နှုန်းအတိုင်း အသံမြည်၍ လှိုင်းအနိမ့်အမြင့် သင်္ကေတများပေါ်နေသည့် စက်ကလေးလည်းရှိသည်။ ဘိုးဘိုး အတွက်ထားပေးထားသော စပယ်ရှယ်နာ့စ်က အခန်းတွင်း ဝင်လာသော မေသွယ်တို့ဆီသွက်သွက်ရောက်လာပြီး ခပ်တိုးတိုးလေသံဖြင့်

"သိပ်အကြာကြီးတော့ မနေနဲ့နော်၊ စကားတွေလဲ အများကြီး မပြောနဲ့"

မေသွယ်က ခေါင်းညိတ်ပြပြီး. . .

"ဒါနဲ့ ဘိုးဘိုးအခြေအနေက ဘယ်လိုရှိလဲ ဆရာမ"

"ကောင်းပါတယ်၊ အခြေအနေက သိသိသာသာ တိုးတက်



လာပါတယ်"

ပြီးမှ. . . စောစောကလို လေသံတိုးတိုးဖြင့်. . .

"သူက ဆေးရုံကနေ ဖွတ်ဆင်းမယ်ချည်း လုပ်နေတယ်၊ အဲဒါ ကြည့်ပြောပေးခဲ့ပါဦး"

မေသွယ်က ခေါင်းညိတ်ပြီး ခုတင်နားသို့ ကပ်သွားခဲ့သည်။

ပက်လက်မှိန်းနေသော ဘိုးဘိုးသည် အများကြီး အိုစာသွားသည်ဟု အောက်မေ့သည်။ ဖြူဖျော့ဖျော့ဖြစ်ပြီး ချောင်ကျနေသော မျက်နှာကြောင့် မေသွယ့်ရင်ထဲဆို့သွားသည်။ သုံးနှစ်အတွင်းမှာ ဘိုးဘိုး အတော်ကျသွားပါလားဟုတွေးလျက် သူမက အသံပြုလိုက်သည်။

"ဘိုးဘိုး"

"ဟင်. . မေသွယ်လား၊ မြေးလား. . ."

မေသွယ့်အသံကြားသည်နှင့် ဘိုးဘိုးက မျက်လုံးဖွင့်ပြီး ပျာပျာသလဲ မေးသည်။

"ဟုတ်ပါတယ် ဘိုးဘိုး၊ မေသွယ်ပါ"

"မြေးလေးရောက်လာတာ မြန်သားပဲ၊ မှန်းစမ်း ငါ့မြေး လက်ပေးစမ်း၊ ဘိုးဘိုး ကိုင်ထားချင်လို့"

မေသွယ်က ဘိုးဘိုးလက်ကို ဖွဖွဆုပ်ကိုင်လိုက်သည်။ ဘိုးဘိုးက မေသွယ့်လက်ကို ပြန်ဖမ်းယူ၍ ဆုပ်ကိုင်ထားလိုက်၏။

သည်တော့မှ ဘိုးဘိုးအိုသွားသည်ထင်သည်မှာ မဟုတ်ကြောင်း၊ ကျသွားသည်ထင်သည်မှာ မှားကြောင်းသိရသည်။ ဘိုးဘိုး ဆုပ်ကိုင်ထားသည့်လက်ထဲမှာ ခွန်အားတွေ၊ အင်အားတွေ နဂိုအတိုင်း ရှိနေသေးသည်။

"ဘိုးဘိုး နေကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ်၊ ငါ့မြေး မျက်နှာမြင်လိုက်တော့ ပိုတောင် ကောင်းသွားသေးတယ်၊ ဒါနဲ့ မြမြကော"

"ရှိတယ် အစ်ကိုကြီး၊ ဘာပြောမလို့လဲ"

ဆရာမနှင့် တီးတိုးပြောကျန်ခဲ့သည့် အန်တီမြက ခုတင်နား ပြေးလာသည်။

"မြမြ ငါအခု ဆေးရုံကဆင်းချင်တယ်၊ ဆရာဝန်ကြီးတို့ သွားပြောပေးစမ်း၊ ငါ့မြေးရောက်လာပြီ၊ ဒီဆေးရုံမှာ အသေကောင် ကြီးလို ပက်လက်မနေချင်တော့ဘူးလို့"

"ဘယ်ဖြစ်ပါ့မလဲ အစ်ကိုကြီးရယ်၊ ဆရာဝန်က ဘယ်ဆင်း ခိုင်းဦးမလဲ"

"မဆင်းခိုင်းလို့ သူတို့က ဘာလုပ်နေလို့လဲ၊ သူတို့မဆင်း ခိုင်းရင်လည်း ကိုယ့်သဘောနဲ့ကိုယ်ဆင်းမယ်၊ လာ. . ငါ့ကို ထူပေး"

မေသွယ်ကရယ်၍. . .

"နေပါဦး ဘိုးဘိုးရယ်၊ ဒီကိစ္စ မေသွယ်လုပ်ပါ့မယ်၊ အခု ခဏနေပြီးရင် ဆရာဝန်ကြီးနဲ့ သွားတွေ့မယ်၊ ဘိုးဘိုးဆေးရုံက ဆင်း ချင်တဲ့ အကြောင်းပြောပြပြီး အမြန်ဆုံးဆင်းရအောင် မေသွယ် လုပ် ပေးမယ် စိတ်ချ"

"ဘိုးဘိုး ဒီမှာမနေချင်တော့ဘူး မြေးရ။ အိမ်မှာဆို ကိုယ့်တာ ကိုယ်နေချင်သလို နေလို့ရတယ်၊ ငါ့မြေးသွားတွေ့ရင် ပြောလိုက် ဆေးကုခ ကျသလောက်ယူထားလိုက်၊ နောက်တစ်လ နေရဦးမယ်ဆို ရင် အဲဒီ တစ်လစာ ပေးထားခဲ့မယ်။ ဒီဆေးရုံပေါ်မှာတော့ နောက် တစ်မိနစ်တောင် မနေချင်တော့ဘူးလို့"

ဘိုးဘိုးကို ကျပြီထင်ခဲ့တာ အကြီးအကျယ်မှားသွားသည်။



ဘိုးဘိုး အိုသွားအောင်၊ ကျသွားအောင် သည်လောကမှာ ဘယ်အရာ ကမှ လုပ်နိုင်တော့မည် မထင်တော့။ နောက်ထပ် အတန်ကြာ စကား ဆက်ပြောပြီး မေသွယ်ပြန် ထွက်ခဲ့သည်။

နောက်ဆုံးတော့ ဘိုးဘိုးဂျီတိုက်တာကို ဆရာဝန်ကြီးလည်း မခံနိုင်တော့၊ နောင်နှစ်ရက်အကြာမှာ ဆေးရုံက ဆင်းခွင့်ပေးလိုက် သည်။

အိမ်မှာတော့ ဆေးနှင့်ဆေးကိရိယာများ အစုံအလင် စီစဉ် ထားရသည့်အပြင် စပါယ်ရှယ်နာ့စ်နှင့် အချိန်ပိုင်း ကြည့်ပေးမည့် ဆရာဝန်တစ်ယောက် စသည်တို့ကိုတော့ မဖြစ်မနေ လုပ်ပေးထားရ ၏။

သို့သော် ဆေးရုံကဆင်း၍ အိမ်ပြန်ရောက်ကတည်းက ဘိုးဘိုးကလည်း ဘယ်လိုမှ လူနာလိုနေခိုင်း၍ မရတော့။

+ + + + + +

"ဟာ. . နေဦး မြေးရ၊ ဒီအတွက်က ဒီလိုရွှေ့ရတာ မဟုတ် ဘူး၊ ဘိုးဘိုးမှားသွားတာ ခုနစားသွားတဲ့ ရထားပြန်ထည့်၊ ပြန်ထည့် ဘိုးဘိုး ပြန်ရွှေ့မယ်"

"ဟာ. . . ဘိုးဘိုးကလည်း ညစ်ပတ်ပြန်ပြီ၊ ဘိုးဘိုးပဲ မေ သွယ့် ဘီရှော့ကို ပိုင်ပြီဆိုပြီး ဝင်စားတာမဟုတ်လား၊ အဲဒါသိလို့ မေသွယ် တမင်ကျွေးလိုက်တာ"

"ဩော်. . . မြေးကလည်း ဘိုးဘိုးက အသက်ကြီးတော့ က စားရင်းနဲ့ မေ့မေ့သွားတာပေါ့ကွယ့်၊ မြေးလေးကလီမွှာပါတယ်၊

ဘိုးဘိုးရထား ပြန်ပေးနော်"

"ဟင်း. . ."

ဘိုးဘိုးက လူနာလို အိပ်ရာထဲမှာ ပက်လက်လေး နေရတာကို သိပ်မုန်းသည်။

သို့အတွက် သိပ်လည်းလှုပ်ရှားလို့ မရသေးသော အခြေအနေမှာ ခုတင်ဘေးမှာ ဆက်တီကုလားထိုင်များဖြင့်ထိုင်၍လည်းကောင်း၊ ခြံထဲ ထိဆင်း၍သော်လည်းကောင်း မေသွယ်နှင့် စစ်တုရင်ကစားသည်။

အများအားဖြင့် ဘိုးဘိုးပဲ နိုင်သလို ရှုံးတော့မည့်အခြေအနေ ဖြစ်လာလျှင်လည်း ခုနလို ဇွတ်ညင်း၊ ဇွတ်ညစ်၍ သူနိုင်မည့်အကွက်ကို ရအောင် ပြန်ရွှေ့သည်။

ဘာပြောပြော ဘိုးဘိုးရောဂါအခြေအနေက သိသိသာသာသက်သာလာသည်။ သို့ဖြင့် နောင်ထပ်တစ်ပတ် ဆယ်ရက်လောက်အကြာမှာ မေသွယ် အပြင်လေးဘာလေး ထွက်လို့ရလာသည်။

ထိုနေ့က ဘိုးဘိုးကို နေ့ခင်း ဆေးချော့တိုက်ပြီး ဆေးအရှိန်ဖြင့် အိပ်ပျော်နေခိုက် အန်တီမြနှင့်အတူ ပြုပြင်ဆောက်လုပ်ပြီးဈေးချိုသစ်ကြီးဘက် မေသွယ်ထွက်ခဲ့သည်။

ဈေးချိုကအပြန် ဘုရားကြီးဘက်လှည့်ဝင်ပြီး ဆီမီး၊ ရေချမ်းဆွမ်းပန်းကပ်လှူသည်။ ဘိုးဘိုး နေ့နံအလိုက် ရေသပ္ပာယ်တာတို့ဘာတို့ ပြုလုပ်ပြီး ဘိုးဘိုးကျန်းမာရေးအတွက် ဆုတောင်းသည်။ ဘုရားကြီးက ပြန်တော့ ညနေငါးနာရီကျော်နေပြီ။

အန်တီမြက ကုမ္ပဏီရုံးခန်းမှာ ဘိုးဘိုး မှာထားတာလုပ်လိုက်ဦးမယ်ဆိုပြီး နေခဲ့သည်။ မေသွယ်က အရင်စော၍ အိမ်ပြန်နှင့်ခဲ့၏။



အိမ်ထဲအရောက်မှာ ဧည့်သည်တစ်ယောက်နှင့် ချောချောစကားပြောနေသည်ကို တွေ့သည်။ ဧည့်သည်က ကျောပေးလျက်မို့ဘယ်သူဘယ်ဝါမှန်းမသိ။ ချောချောက လှမ်း၍. . .

"ပြန်လာပြီးလား၊ ဘယ်တွေ ရောက်ခဲ့လဲ"

"ဈေးချိုနဲ့ ဘုရားကြီးပဲသွားတာချောချော၊ ဘုရားကြီးမှာဘိုးဘိုးအတွက်. . . ဟင်"

မေသွယ်က ပြောရင်းနှင့်ပင် တိခနဲရပ်သွားပြီး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သူမ ရပ်၍ ချောချောကိုပြောနေစဉ် ဧည့်သည်ကလှည့်ကြည့်လိုက်သောကြောင့်ဖြစ်သည်။ မေသွယ့်စိတ်ထဲမှာ ချောချောနှင့် စကားပြောနေသည့် ဧည့်သည်သည် ဇော်ထက်ဖြစ်လိမ့်မည်ဟုဘယ်လိုမှ တွေးထင်မထားပါ။

သို့သော် တကယ်ပင် ဇော်ထက်မှ ဇော်ထက်အစစ်ဖြစ်နေ၏။

+ + + + + +

## (၇)

ဇော်ထက်က ပါးစပ်အဟောင်းသားဖြစ်သွားသော
မသွယ့်ကို ကြည့်၍ပြုံးရင်း. . .

"ဘယ်လိုလဲ မသွယ် နေကောင်းလား"

လုံးဝမျှော်လင့်မထားသော ဖြစ်ရပ်ဖြစ်သည်။ သည်လိုမျိုး
ငံ့ ပြန်ဆုံတွေ့ရမည်ဟုလည်း စိတ်ပင်မကူးခဲ့ပါ။ သို့အတွက် ထို
ခိုက်အတန့်မှာပင် ဘာစကားမှ ပြောမထွက်နိုင်အောင် နှုတ်ဆွံ့
နမိသည်။

"ဟင်. . . ဒီနှစ်ယောက်က သိနေကြတယ် ဟုတ်လား"

ချောချောကလည်း အံ့ဩတကြီးပြောသည်။ မသွယ်က ထစ်
စ်အအဖြင့်. . .

"ဟို. . . ဟို. . . မသွယ်တို့က. . ."

"ဟုတ်တယ်ချောချော၊ ရန်ကုန်မှာ ကိုယ်တို့ချင်းသိပြီးသား"

"ဒါဖြင့် ဒီမှာတိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံကြတာပေါ့"

ဇော်ထက်က ခေါင်းညိတ်ပြီး. . .

"ဟုတ်တယ်၊ ဒါထက် မသွယ်က ဒီရောက်နေတာ ကြာပြီ



လား"

မသွယ့်ကို စူးစူးစိုက်စိုက်ကြည့်ပြီး ပြောသည်။ ကြည့်သည့်
မျက်လုံးထဲမှာလည်း ဟန်မပျက်နေဖို့ တိုက်တွန်းနေသည့် အရိပ်အ
ယောင်များ မြင်ရသည်။ မသွယ်က နားလည်ကြောင်း မျက်လုံးနှင့်
ပင် ပြန်ပြောရင်း. . .

"ကြာပြီ၊ ဦးဇော်ကော"

"ကိုယ်က ဒီနေ့မှရောက်တာ"

"ဩြော်. . ."

"ကဲ. . ဒါဆို မသွယ် ပစ္စည်းတွေထားပြီး ရေချိုးစရာရှိ
တာချိုး၊ ပြင်စရာရှိတာပြင်လိုက်လေ၊ ကိုဇော်က ဒီမှာထမင်းစားမှာ၊
တစ်ခါတည်း ဝင်စားလိုက်ရအောင်"

ချောချောက ကြားဖြတ်ပြောလိုက်ခြင်းဖြစ်သည်။ မသွယ်
က ခေါင်းညိတ်၍ ဇော်ထက်ကို အမူအရာဖြင့် နှုတ်ဆက်သည်။
ဇော်ထက်က ခေါင်းညိတ်ပြသည်။ မသွယ် အပေါ်ထပ် တက်လာခဲ့
၏။

\+ + + + + +

"ဟူး"

ခုတင်ပေါ်ထိုင်ချလိုက်သောခဏ ရင်တွေပန်းတွေတုန်နေ
သည်ကို မသွယ် ကိုယ့်ဖာသာ သတိထားမိသည်။

ရှင် ဘယ်လိုလုပ်ပြန်တာလဲ ကိုဇော်ထက်၊ ကျွန်မ အိပ်မက်
ထဲ၊ အတွေးထဲ၊ စိတ်ကူးထဲကိုလဲ ရှင် အမြဲလာလာ နှောင့်ယှက်တယ်၊
အခု ကျွန်မ ရှင်နဲ့ လွတ်လွတ်ကင်းကင်း ဖြစ်လောက်ပြီဆိုပြီး

စိတ်အေးနေတဲ့ အချိန်ကတော့ ရှင် ကျွန်မရှေ့မှာ ငုတ်တုတ်ကြီး ရောက်နေတယ်။ ကျွန်မ ရှင့်ကို ဘယ်လိုနားလည်ရမလဲ။ တစ်ယောက်တည်း အသံမထွက်ဘဲ စကားတွေပြောနေမိသည်။ အဓိကအားဖြင့် မေသွယ့်စိတ်ထဲမှာ ပေါ်ပေါက်နေသောပဟေဠိက ဇော်ထက်ဒီကို ဘာကိစ္စနှင့် ရောက်နေလဲဆိုသော မေးခွန်းကစတင်သည်။

သူ ဒီကို ဘာလာလုပ်တာလဲ။ ထမင်းစားဖို့ သက်သက်နှင့်တော့ မန္တလေးကို တကူးတကလာမည်မထင်။ ထမင်းစားဖို့ဆိုမှ သတိရသည်။ သည်နေ့သည် ဆရာဝန်က ဘိုးဘိုးအား ထမင်းစား ဖို့ ခွင့်ပြုသည့်နေ့ဖြစ်၏။

သည်အချိန်မှာ အိမ်မှာထမင်းလာစားသည့် ဧည့်သည် တစ်ယောက်က ရောက်နေသည်ဆိုသူ ဇော်ထက်က အိမ်နှင့်ကော မေသွယ်နှင့်ကော ရင်းနှီးပြီးသား။ သို့သော် အိမ်နှင့် ရင်းနှီးမှန်းလည်း မေသွယ် မသိ။ မေသွယ်နှင့် ရင်းနှီးမှန်းလည်း အိမ်ကမသိ။

ဒါတွေအားလုံးဟာ တိုက်ဆိုင်မှုတွေချည်းဟု ပြောလို့မရ။ မေသွယ် ထိုပဟေဠိ၏ အဖြေကို သိချင်လှသည်။ သို့သော် ဒါတွေက ဒီလိုထိုင်တွေးနေ၍ အဖြေပေါ်လာစရာ မရှိ။ ရှေ့ဆက်ဖြစ်လာမည့် ဖြစ်ရပ်များကိုကြည့်ပြီးမှ ဖော်ထုတ်နိုင်မည့် ကိစ္စမျိုး။

အောက်ထပ်ကို မြန်မြန်ပြန်ဆင်းနိုင်ရန်အတွက် အမြန်ဆုံး ရေမိုးချိုးပြီး ပြင်ဆင်မှုလုပ်ငန်းများကို စတင်ရန် ဆုံးဖြတ်သည်။

မေသွယ် ခုတင်ပေါ် ကြာကြာမထိုင်တော့ဘဲ ထရပ်လိုက်၏။

"ဒေါက်. . . ဒေါက်"

"ဘယ်သူလဲ"



"ငါပါ"

"ဪ. ချောချော ဝင်ခဲ့လေ၊ တံခါးကျက်ချမထားပါဘူး"

ရေမိုးချိုး အလှပြင်ပြီး၍ အဝတ်အစားလဲရန် ပြင်နေဆဲ၊ ချောချော ရောက်လာသည်။ မေသွယ်က အူမကြာနေသဖြင့် ချောချော လာလောသည်ထင်ပြီး. . .

"ပြီးခါနီးပါပြီ ချောချောရဲ့၊ အဝတ်အစားလဲရုံပဲ ကျန်ပါတော့တယ်"

"ရတယ် ဘယ်သူမှ မလောဘူး၊ အေးအေးဆေးဆေးသာ လုပ်"

ချောချောအသံက အေးစက်စက်နှင့် ဘယ်လိုကြီးမှန်းမသိ။ အတည်ပြောတာလား၊ ငေါ့ပြောတာလားဆိုတာလည်း ဝေခွဲရ ခက်သည်။ ပြီးတော့ ကိုယ့်ညီအစ်မချင်း ရောက်လာ ရင်းရင်းနှီးနှီး ထိုင်ထက် စကားပြော၊ သည်လိုမျိုးမဟုတ်။

ခုထက်ထိ အပြုံးလေးတစ်ခုပင် မမြင်ရသေးသော ချောချော မျက်နှာက ခပ်တင်းတင်း၊ ပြီးတော့ မေသွယ်ထိုင်နေသော မှန်တင်ခုံရှေ့ ကုလားထိုင်နောက်မှာ လက်နောက်ပစ်ပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

မေသွယ် စိတ်ပျက်သွားသည်။ ကမ္ဘာပေါ်မှာ ဘယ်လိုထူးဆန်းသည့် အစ်မဝမ်းကွဲအမျိုးအစားတစ်ယောက်ကို ပိုင်ဆိုင်ထားမိနေသည်လဲမသိဟု စဉ်းစားနေမိသည်။ ချောချောက ဧကရီ ဘုရင်မကြီးစတိုင်ဖြင့် သုံးလေးခေါက်လျှောက်ပြီးမှ. . .

"ကိုဇော်နဲ့ နင်သိတာ ဘယ်လောက်ကြာပြီလဲ မေသွယ်"

မေသွယ်က မှန်ထဲကနေ ချောချောကို လှမ်းကြည့်ပြီး

"ဆယ့်လေးငါးရက်ပဲ ရှိဦးမယ်၊ ချောချော ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ နင်နဲ့သူ ဘယ်လိုပတ်သက်ပြီး သိကျွမ်း
နေလဲဆိုတာ သိချင်တာပါပဲ"

"ဘယ်လိုမှ မပတ်သက်ပါဘူး၊ မေသွယ်တို့ သင်တန်းဆင်း
နှုတ်ဆက်ပွဲနေ့က သူလာရင်း သိသွားတာ"

"ဒါပဲလား"

"ဒါပါပဲ ဘာဖြစ်လို့လဲ"

"ဪ. . နင် သူ့အကြောင်း ဘယ်လောက် သိထားလဲဆို
တာ ငါသိချင်လို့ပါ"

"ဟင်. . . သိပ်မသိပါဘူး၊ သူက ချောချောတို့နဲ့ သိထား
ကော ကြာပြီလား"

"ကြာပြီပေါ့၊ နှစ်နဲ့ချီနေပြီပဲ"

"အဲဒါဆို ချောချောတို့က ပိုသိမှာပေါ့"

"အေး. . . နင်က တို့နဲ့အဆက်အသွယ်ပြတ်သွားတာ ကြာ
ပြီဆိုတော့ ဒီမှာဖြစ်ခဲ့တဲ့ အခြေအနေတွေကို ဘာမှသိမှာ မဟုတ်ပါဘူး
ဒါကြောင့် နင်သိထားသင့်တာလေးတွေ သိထားရ အောင်ဆိုပြီး ငါ
ပြောတာ"

"ပြောလေ ချောချော ဘာတွေများလဲ"

"အဓိကကတော့ ကိုဇော့်ကိစ္စပါ၊ ကိုဇော်နဲ့ ပတ်သက်လာ
နင်သတိထားပြီး ဝေးဝေးကရှောင်နေ၊ ကိုဇော်ဟာ လွတ်လပ်တဲ့
တစ်ယောက်လို့ ပြောလို့ မရတော့ဘူး"

"ဟင် ချောချောက ဘာပြောတာလဲ၊ ဘာကိုဆိုလိုချင်တာ
လဲ"



"ရှင်းပါတယ်၊ ကိုဇော်ဟာ ငါနဲ့ မကြာခင်လက်ထပ်တော့
မယ့် သူပဲ၊ ပြောရရင် သူနဲ့ငါနဲ့က ချစ်သူတွေအဆင့်လို့တောင် ပြောလို့
မရတော့ဘူး၊ တရားဝင်စေ့စပ်တာတို့ ဘာတို့ မလုပ်ရသေးပေမယ့်
လက်ထပ်ဖို့ အားလုံးပြောပြီးဆိုပြီး ကတိကဝတ်ထားပြီးသား ဖြစ်နေ
ပြီ"

"ဪ. ."

"ဒါပေမယ့် သူ့ကြည့်ရတာ၊ သူ့ဗီဇကို ဖျောက်လို့ရမယ့်ပုံ
မဟုတ်ဘူး၊ နင့်ကို ကြည့်ပုံ ကြည့်နည်းတွေကလဲ တစ်မျိုးဖြစ်နေလို့၊
နင် သတိထားသင့်တာ သတိထားရအောင် ကြိုသတိပေးတာ၊ ကြည့်
ရတာ သူကလည်း နင် ငါ့ညီမဆိုတာ ကြိုသိထားပုံ မရဘူး"

"မသိနိုင်ဘူး ချောချော၊ မေသွယ်တောင် သူ့ကို ဒီမှာ တွေ့
လိုက်ရလို့ အရမ်းအံ့သြသွားတာ"

"ဒါကတော့ သိပ်အံ့သြစရာ မရှိပါဘူး၊ ငါ့ဆီ ဒီလိုပဲ သူလာ
နေကျပဲဟာ၊ သူက ဘိုးဘိုးနဲ့လည်း ခင်တယ်၊ သူ့လုပ်ငန်းတွေ မန္တလေး
မှာ အခြေချထားတာလဲ အများကြီးပဲ၊ အေးအေးဆေးဆေး အဝတ်လဲ
ပြီးမှ ဆင်းလာခဲ့၊ ငါသွားနှင့်မယ်"

မေသွယ် ဣန္ဒြေမပျက် ခေါင်းညိတ်ပြလိုက်သည်။

"ဒုန်း"

ချောချောက တံခါးကို ခပ်ကြမ်းကြမ်းဆောင့်ပိတ်ပြီး ထွက်
သွား၏။

+ + + + + +

(၈)

နေရာတွင်ပင် ကျန်နေခဲ့ပြီး ခြေတွေလက်တွေပင် မလှုပ်ချင်လောက်အောင် အားအင်ကုန်ခန်းသွားသူက မေသွယ်။

ဘာတွေလဲ၊ ဘယ်လိုတွေဖြစ်နေတာလဲ၊ ကမ္ဘာလောကကြီးကို ဘယ်လိုနားလည်ရမှန်းပင် မေသွယ် မသိတော့။

ကံကြမ္မာအလှည့်အပြောင်း လောကဓံထိုးစစ်တွေက တစ်ခုပြီးတစ်ခု အဆက်မပြတ်ဝင်နေသည်။ တော်ကြာဝမ်းသာ၊ တော်ကြာဝမ်းနည်း၊ ပြုံးခနဲဝမ်းသာ၊ ကပျာကယာဝမ်းနည်း ဆိုတာမျိုးတွေချည်း ခုတစ်လော ကြုံနေရသည်။ ခုလည်း ချောချောက ဘယ်လိုမှမထင်ထားသော မီးလောင်ဗုံးများကို လျှပ်တပြက် စစ်ဆင်ရေးပုံစံဖြင့် ဝင်ကျဲသွားသည်။

ဇော်ထက်က သူနှင့်ယူတော့မှာတဲ့။ ကိုဇော်ထက်က ရန်ကုန်မှာလည်း မေသွယ့်ကို အရမ်းသဘောကျသည်ဟု ပြောခဲ့သည်။ မေသွယ့်နှလုံးသားကို ကာရံထားသည့် သံမဏိ ရေခဲထုလွှာကို ဖြိုခွင်းဖောက်ထွင်းမည်ဟု ကြိမ်းဝါးခဲ့သည်။

မေသွယ့်ထံမှ အနမ်းပန်းတချို့ကို အလစ်သုတ် ခိုးယူခဲ့



သည်။ ခုကျတော့ မေသွယ်ရှိရာကို မတွေ့တွေ့အောင်ရှာပြီး လိုက်လာသည်ဟု မေသွယ်ထင်နေဆဲမှာပင် ချောချောက သူမ ခင်ပွန်းလောင်းအဖြစ် ကြေညာသွားသည်။

ပြီးတော့ ဇောက်ထက်ဆိုသူက ဗီဇအရ မိန်းကလေးတွေကို ချဉ်းကပ်တတ်သည်။ မေသွယ်သတိထားပြီး ရှောင်ရှားဖို့လည်း ပြောသွားသည်။ သဘောကတော့ ဇော်ထက်က မေသွယ့်ကို ရှုပ်ဖို့ ကြိုးစားကောင်း ကြိုးစားနိုင်သည်ပေါ့။ ရှင် အဲလိုပဲ လူရှုပ်ကြီးလား ကိုဇော်ထက်။ ကျွန်မ ကိုလည်း ရှင် ဒီလိုပဲ လာရှုပ်နေတာလား။

"ဟင်း . . . ."

ပင်ပန်းကြီးစွာသော သက်ပြင်းတစ်ခု ချလိုက်သည်။

တကယ်ပဲ ဇော်ထက်က လာရှုပ်တာဆိုတော့ ချောချောသတိပေးချက်က များစွာနောက်ကျသွားပြီ ဖြစ်၏။ ဘယ်အချိန်ကမှန်း မေသွယ် မသိလိုက်ခင် သူကြိမ်ဝါးခဲ့သလို မေသွယ့်ကိုယ်မှ သံမဏိရေခဲပြင်ထုက ပြိုအက်ပျက်စီးပြီး ဖြစ်နေပြီဖြစ်သောကြောင့်ပင်။

အောက်ထပ်သို့ သူမဆင်းလာသောအခါ ဧည့်ခန်းကျယ်ကြီးထဲမှာ လူအတော်စုံနေပြီဖြစ်သည်။ ဘိုးဘိုးလည်း ရောက်နေပြီဖြစ်သလို ဇော်ထက်အပြင် ဆေးရုံ အုပ်ဆရာဝန်ကြီး ဒေါက်တာရဲသွေးမြင့်နှင့် အခြားဧည့်သည်တစ်ယောက် နှစ်ယောက်ကိုပါတွေ့ရ၏။ ချောချောက ဇော်ထက်ဘေးက ကုလားထိုင်မှာ. . .

ဇော်ထက်နှင့် မေသွယ် အကြည့်ချင်း တစ်ချက်ဆုံသွားသည်။ မေသွယ်ရင်ထဲမှာ နင့်ကနဲ တစ်ချက်ခံစားလိုက်ရသည်။ သို့အတွက် ရေရှည်မှာ ဆက်အကြည့်မဆုံဖြစ်အောင် ကပျာကယာပင် အကြည့်လွှဲသည်။ ထိုစဉ် ဘိုးဘိုး၏အသံက ပေါ်ထွက်လာ၏။

"လာ. . လာ. . မြေး. . ဘိုးဘိုးဘေး လာထိုင်"

ဘိုးဘိုးက ဆက်တီခုံရှည်မှာ ထိုင်နေသည်ဖြစ်ရာ ဘေးမှာ အကျယ်ကြီးလွတ်နေသည်။ ထိုနေရာက ဇော်ထက်၏ ဘယ်ဘက်ခြမ်း အနီးဆုံးနေရာဖြစ်သည်။ ကြွေမပျက်ချင်၍သာ ထိုနေရာမှာ ဝင်ထိုင်ရသော်လည်း သူ့နားမှာ မထိုင်ချင်၊ ဖြစ်နိုင်လျှင် အဝေးဆုံးတစ်နေရာကိုသာ ထွက်ပြေးသွားလိုက်ချင်၏။ သို့သော် ခုချိန်မှာတော့ သူမ ဘယ်လိုမှပြေး၍မရတော့။ ဘိုးဘိုးက ပခုံးဖက်ထားပြီး. . .

"ဒါ. . . ကျုပ်ရဲ့ ခပ်ဆိုးဆိုးမြေးလေး မေသွယ်ပေါ့ဗျာ၊ သူက ကျုပ်ကို မကျေနပ်ရင် ထွက်ထွက်ပြေးတတ်တယ်၊ ကျုပ်ပြန်ခေါ်လို့ ရထားတာ သိပ်မကြာသေးဘူး"

ဘိုးဘိုးစကားကို ဆရာဝန်ကြီးနှင့် ကျန်ဧည့်သည် နှစ်ယောက်က ရယ်သည်။ ဇော်ထက်ကတော့ ပြုံးရုံပဲပြုံးပြီး မေသွယ့်မျက်နှာကို အကဲခတ်သလို ကြည့်နေ၏။ ဘိုးဘိုးက ဧည့်သည်များဘက် တစ်ခါလှည့်ပြီး-

"မြေး. . ဒါက မောင်ဇော်ထက်၊ တစ်ကောင်ဘွားဇော်ထက်ဆိုတာ နှယ်နှယ်ရရပုဂ္ဂိုလ်မဟုတ်ဘူး၊ တစ်ကောင်တည်း ဘွားထားလို့ နှစ်ကောင်သာဘွားရင် တစ်ကမ္ဘာလုံး သူ့လက်အောက်ရောက်မှာ."

မေသွယ်က သူ့ကိုလှမ်းကြည့်သည်။ သူက ကြွေမပျက်ရယ်ရင်း. . .

"မေသွယ်နဲ့ကျွန်တော် သိပြီးသားပါ ဘဘရဲ့၊ ခုနလဲ ဧည့်ခန်းမှာ ချောချောက မိတ်ဆက်ပေးပြီပြီ"

"ဟုတ်လား၊ ဒီလိုမှန်းသိ ကျုပ်အပင်ပန်းခံ မိတ်ဆက်မနေတော့ပါဘူး မောင်ရာ၊ ဒါနဲ့ ချောချောမိတ်ဆက်ပေးတုန်းက မောင်



ဇော်ထက်ဆိုတာ ဘိုးဘိုးမန်းရွှေပြည်လုပ်ငန်းကြီးတစ်ခုလုံးကို လေလံဆွဲသလိုဆွဲပြီး ကန့်ထရိုက်ယူဖို့ ဘိုးဘိုးကို လှည့်ပတ်ကြိုးစားနေတယ်ဆိုတာကော ထည့်ပြောသေးလား"

ဘိုးဘိုးက ရယ်ရွှန်းပတ်ရွှန်းလေသံဖြင့် ပြောသည်။ မေသွယ်က ခေါင်းညိတ်၍. . .

"ချောချောပြောပါတယ် ဘိုးဘိုး"

ဇော်ထက် မျက်မှောင် မသိမသာကျုတ်သွားသည်၊ ဟုတ်သည်လေ၊ သူမျက်မှောင်ကျုတ်ရမှာပေါ့၊ ဒီကိစ္စ သူမှ မသိလိုက်ဘဲ။

အမှန်က ချောချောပြောသည့်ထဲမှာလည်း ထိုစကားမပါ၊ မေသွယ်လည်း ကြိုမသိ။ တမင်သက်သက် ကိစ္စပြီးအေးရော သဘောထား၍ လွယ်လင့်တကူ ပြောလိုက်ခြင်းဖြစ်သည်။ ခုချိန်မှာ ဒါတွေက မေသွယ် သိပ်စိတ်မဝင်စားချင်။ သို့သော်စိတ်ထဲမှာတော့ ဤကိစ္စကို နည်းနည်းအံ့သြသွားတာ အမှန်ဖြစ်၏။

ဘိုးဘိုးက ဇော်ထက်နှင့်မိတ်ဆက်အပြီးမှာ ဆရာဝန်ကြီး ကျန်ဧည့်သည်နှစ်ယောက်နှင့် မိတ်ဆက်ပေးသည်။ သူတို့ကိုတော့ မေသွယ်က ရှိရိုသေသေ ပြုံးပြုံးရွှင်ရွှင်ပင် နှုတ်ဆက်စကားပြောသည်။

ဇော်ထက်မျက်လုံးများမှာ မေသွယ့်ကို အရမ်းစိတ်ဝင်စားနေသည့်အရိပ်အယောင်တွေ မြင်နေရသည်။ မေသွယ် ဘာဖြစ်နေလဲ သိချင်ပုံဖြင့်၊ မေသွယ့်မျက်နှာမှ လှုပ်ရှားမှုများကို မျက်တောင်တစ်ချက်ခတ်သည်ပင် လွတ်မသွားစေဘဲဂရုစိုက်ကြည့်နေသည်။ အားလုံး လူစုံအောင် နှုတ်ဆက်ပြီးချိန်မှာ မေသွယ်က ရှို့ရှို့လေး ထပြန်ပြင်၍. . .

"ဘိုးဘိုးကော အန်ကယ်တို့ကော မေသွယ့်ကို ခဏခွင့်ပြု ဦးနော်၊ ဘိုးဘိုး. . မေသွယ် အန်တီမြကို ခဏသွားရှာလိုက်ဦးမယ်"

ဘိုးဘိုးက ပြုံးရင်းနှင့်ခေါင်းညိတ်သည်။ ဇော်ထက်နှင့် ညီ သည်တွေကလည်း ခေါင်းညိတ်သည်။ မေသွယ်အသာထ၍ လစ် ထွက်ခဲ့၏။

✦ ✦ ✦ ✦ ✦ ✦

"ဟူး"

အိမ်ရှေ့ဆင်ဝင်အောက်ရောက်မှ မေသွယ်အသက်ရှူ ချောင်ပြီး အနေရ သက်သာသွားသည်။ စောစောကတော့ ခေါင်း တစ်လား တစ်ခုမှာ အရှင်လတ်လတ် အပိတ်ခံနေရသလို ဖြစ်နေ ခဲ့သည်။ ညဥ့် လေအေးလေးကို တဝရှူသွင်းရင်း မေသွယ် ခြံဝင်း ပန်းရုံများဘက်သို့ လျှောက်လာခဲ့၏။

ချောချောပြောသည့်အတိုင်းသာမှန်လျှင် ချောချောကိစ္စ နှင့် မန်းရွှေပြည်ကိစ္စ၊ ကိစ္စနှစ်ခုက ဆက်စပ်နေဖို့များသည်။ ဘိုးဘိုး ပြောသလို လှည့်ပတ်ကြိုးစားနေသည့် နည်းစနစ်တစ်ခုများလား။

မေသွယ့်စိတ်ထဲမှာ အတော်လေး မခံချိမခံသာ ဖြစ်နေမိ သည်။ သည်တိုင်းဆို မေသွယ်တွေးထင်ခဲ့သလို သူမရန်ကုန်မှာ ပျောက်ဆုံးသွား၍ မန္တလေးအထိ စုံစမ်းရှာဖွေပြီး လိုက်လာတာမျိုး မဖြစ်နိုင်တော့။ သူ့လောဘနှင့်သူ. . . လုပ်ငန်းကိစ္စအတွက် လာ တာပဲ ဖြစ်သည်။



သူတို့စီးပွားရေးလောကမှာ ဒါတွေမဆန်း၊ အချင်းချင်း သူ့ စီးပွား ကိုယ်ပိုင်အောင်၊ ကိုယ့်စီးပွား တိုးနိုင်သလောက်တိုးအောင် အချင်းချင်း ခုတ်ပြတ်လှီးနေကြသည်က မေသွယ် သိပ်မုန်းသော သူတို့လောက၏ သဘာဝတစ်ခု။

ဇော်ထက်၏ ထိပ်တန်းစီးပွားရေးသမားတစ်ဦး ပီသသော ပုံရိပ်က မေသွယ့်မြင်ကွင်းထဲမှာ ပို၍ ပုံပေါ်ထင်ရှားလာသည်။ ဒီလိုလူမျိုးတစ်ယောက်မှာ "အချစ်" ဆိုတာ ဘယ်ရှိနိုင်ပါ့မလဲ။

မေသွယ်စိတ်ပျက်ပျက်နှင့် အနားရှိ ပန်းရုံတစ်ခုမှ ပန်း တစ်ပွင့်ကို လက်ဖြင့်ဆိတ်ချူးပြီး ခပ်ကြမ်းကြမ်း လုံးချေလိုက်သည်။ ဖြစ်နိုင်လျှင် ဇော်ထက်ဆိုသော ပုဂ္ဂိုလ်ကို ခုန ပုဏ္ဏရိပ်ပန်းလို လုံးချေ ပစ်သလို ချေမှုန်းပစ် လိုက်၏။

"ဟင်း"

မေသွယ်တစ်ပြင်းတစ်ချက်ချရင်း ထိုနေရာမှာ အကြာကြီး ငိုင်ရပ်နေမိသည်။ ခဏကြာသောအခါ နောက်ကျောဘက်မှ လူ တစ်ယောက် လျှောက်လာသောခြေသံကြားသည်။ အန်တီမြကို လိုက်ရှာမည်ပြောပြီး ထွက်လာခဲ့သဖြင့် အန်တီမြများရောက်လာ သလားထင်ပြီး လှည့်ကြည့် လိုက်သည်။

"ဟင်"

အန်တီမြမဟုတ်။ မေသွယ် လုံးဝမျှော်လင့်မထားသည့် ဇော် ထက်ပင် ဖြစ်နေ၏။

✦ ✦ ✦ ✦ ✦ ✦

## (၉)

“ဘာဖြစ်လို့ ဒီလောက်ရှောင်ပြေးနေတာလဲ မေသွယ်”

ဇော်ထက်က အနားရောက်သည်အထိ ခြေလှမ်းကျဲကြီး
ျားဖြင့်လှမ်းလာပြီး ခပ်တိုးတိုး မေးသည်။ မေသွယ်က ပင့်သက်
ာစ်ချက် ရှိုက်၍ မာန်ကိုတင်းလိုက်ပြီး. .

“အထဲမှာအရမ်းမွန်းတယ်၊ ဒီမှာ လေကောင်းလေသန့်ရှူ
ချင်လို့”

ဇော်ထက်က သိသာရုံ ရယ်လိုက်ပြီး. . .

“မေသွယ် အဲဒီထဲမှာထိုင်တာ ဆယ်မိနစ်တောင်မပြည့်ပါ
ဘူး၊ ဘာဖြစ်လို့ ကိုယ့်ကိုညာဖို့ ကြိုးစားနေရတာလဲ”

“ကျွန်မ ဘယ်သူ့မှ မညာဘူး၊ အထဲမှာအိုက်တယ်”

“မဟုတ်ပါဘူး၊ မင်း ကိုယ့်ကို ရှောင်သွားတာပါ”

“ဘာကိစ္စ ရှောင်ရမှာလဲ”

“အဲဒါသိချင်လို့ လိုက်လာတာပေါ့ မေသွယ်၊ ဒါပေမယ့် အဲလို
လုပ်ရင် မေသွယ် မှားမယ်၊ ကိုယ့်ကို အဲလိုရှောင်လို့ လုံးဝ မရဘူး”

ပြောပြောဆိုဆိုနှင့် ဇော်ထက်က မေသွယ့်ကိုယ်လေးကို
သိုင်းဖက်သည်။ မေသွယ်က အလန့်တကြားဖြင့်. .



“မလုပ်နဲ့ ဦးဇော်. . ”

သို့သော် သူမစကားက တို့လို့တန်းလန်းရပ်သွားသလို၊ သူ့
လှုပ်ရှားမှုများကိုလည်း ဘယ်လိုမှ အချိန်မီ မတားဆီးနိုင်တော့။ နွေး
ခနဲ၊ နွေးခနဲ ဖြစ်သွားသော ပါးလေးနှစ်ဘက်ကို မေသွယ်က လက်ဖြင့်
အုပ်ကာထားလိုက်သည်။ ပြီးမှ. . .

“ဦးဇော် အထဲကို ပြန်ဝင်ပါရှင်. . တော်ကြာ ချောချောက
တစ်မျိုးထင်နေပါဦးမယ်”

ဇော်ထက်က ခေါင်းခါရင်း. . .

“အဲဒါတွေကို ကိုယ်ဂရုစိုက်စရာအကြောင်း ဘာမှမရှိဘူး
မေသွယ်၊ ဂရုစိုက်တတ်တဲ့ ထုံးစံလဲ မရှိဘူး”

“မဟုတ်ဘူး ဘိုးဘိုးက လိုက်ရှာနေမှာကို စိုးတာ”

ပြောလည်းပြော မေသွယ်က သူ့ကိုထားခဲ့ပြီး အိမ်ဘက်ပြန်
ဖို့ ပြင်သည်။ ဇော်ထက်က ရယ်ရင်း. . .

“ထွက်ပြေးဦးမှာပေါ့. . . ဟုတ်လား”

“အင်း”

ပြောရင်းနှင့် လှမ်းထွက်ခဲ့သည်။ သုံးလေးလှမ်းလှမ်းပြီးမှ
သတိရဟန်ဖြင့် ရပ်လိုက်ပြီး. . .

“ဦးဇော် မန်းရွှေပြည်ကို တကယ်လက်ပြောင်းယူဖို့ ကြိုးစား
နေတာလား”

ဇော်ထက်က သူ့ထုံးစံအတိုင်း တစ်ချက်စူးစူးရဲရဲကြည့်ပြီး. .

“ဟုတ်တယ်”

“အဲဒါဆိုရင်တော့ ဘိုးဘိုးနဲ့ ပြဿနာပဲ၊ ဘိုးဘိုးက မန်းရွှေ
ပြည်ကို သူ့ဘဝလို့ ယူဆတာ၊ အဲဒီအကြံ ကြံရင်တော့ ဘိုးဘိုးနဲ့တွေ့

မှာပဲ”

ဇော်ထက်က ရယ်သည်။

“မပူပါနဲ့ မေသွယ်၊ ဦးဘသွယ်ကို နိုင်မယ့်နိုင်ကွက်တစ်ခု ကိုယ့်မှာရှိပါတယ်”

သူ့စကား၏ အဓိပ္ပာယ်ကိုကောင်းစွာနားမလည်၊ ဘာတွေနိုင်ကွက်ရှိမှန်းလည်း မေသွယ်မသိ။ သို့သော် သူ့ပုံကိုကြည့်၍ သူဘာတွေမြောပြော၊ ဘာတွေနဲ့ခြောက်ခြောက် ကြောက်မယ့်ပုံလည်း မဟုတ်ပါဘူးဟု တွေးပြီး လှည့်ထွက်လာခဲ့၏။

ထမင်းဝိုင်းမှာ မေသွယ်တစ်ယောက် ငြိမ်ချက်သား ကောင်းနေသည်။ တတ်နိုင်သလောက် ကိုယ့်ရှေ့က ပန်းကန်ကိုသာ အာရုံပြု၍ စားသည်။ ဘေးဘီမကြည့်ဖြစ်အောင် ကြိုးစားသည်။ ကိုယ့်ကို တည့်တည့် မေးလာပြောလာသောအခါမှ အလိုက်သင့်သလို ပြုံးပြီး ဖြေသည်ပြောသည်။ ထမင်းစားပြီးဧည့်ခန်းမှာ ဝိုင်းထိုင်စကားပြောတော့လည်း မယောင်မလည်နှင့် မေသွယ် ရှောင်ထွက်ခဲ့သည်။

ခပ်လှမ်းလှမ်းမှနေ သတိထားကြည့်သလောက် ထိုစကားဝိုင်းမှာ ဇော်ထက်ကသာ ဦးဆောင်ပြောနေကြောင်း တွေ့ရသည်။ ဒါလည်း ထူးဆန်းမှုတစ်ခု ဖြစ်သည်။ ဘယ်တုန်းကမှ ဘိုးဘိုး ပါသော စကားဝိုင်းမှာ အခြားလူတစ်ယောက်ယောက်က ဦးဆောင်ခွင့်မရ။ ဘိုးဘိုးကသာပြော၍ ကျန်သည့်လူများက နားပဲထောင်ရသည်။

ခုကျတော့ ဇော်ထက်ပြောနေသည့်စကားများကို တပြုံးပြုံးနှင့် ခေါင်းညိတ်နားထောင်နေသော ဘိုးဘိုးကို တွေ့ရ၏။ တကယ်ပဲ သူ့မှာ ဘိုးဘိုးကို နိုင်ကွက် တွေ့ရှိနေပြီလား။ မေသွယ် တကယ့်ကို အံ့သြနေတာ အမှန်။

✦ ✦ ✦ ✦ ✦ ✦

# အပိုင်း - ၄

# ယိမ်းလှဲ့မကြုံ

## (၁)

နောက်တစ်နေ့မနက်မှာ မေသွယ် အစောကြီး အိပ်ရာက နိုးနေသည်။ ညကလည်း ဟိုတွေးဒီတွေးနှင့် ကောင်းကောင်း အိပ်မရ အိပ်ရာကထပြီး မှန်တင်ခုံကမှန်ကို လှမ်းကြည့်လိုက်တော့ မျက်တွင်း တွေကျနေသည်ကို အမှတ်ရသည်။

ခု မနက်ဘယ်လိုနေလည်း သိရအောင် အောက်ဆင်းပြီး သွားကြည့်လိုက်ဦးမည်ဟု တွေး၍ ကမန်းကန်းပြင်ဆင်ပြီး ဆင်းလာခဲ့၏။

"နည်းနည်းတော့ မှိန်းတယ်၊ ညက နည်းနည်းလူပ်ရှားတာ များသွားလို့ပါ"

သူနာပြုဆရာမ၏ အတိုချုပ်ရှင်းပြချက်ကို နားထောင်ပြီး ဘိုးဘိုး ခုတင်နားသို့ကပ်လာသည်။

"ဘိုးဘိုး ဘယ်နဲ့နေလဲ"

မေသွယ်က ဦးဘသွယ် နဖူးလေးကိုလည်း အသာစမ်း လိုက်သည်။

"ကောင်းပါတယ် မြေးရယ်၊ အဲဒီ သူနာပြုဆိုတာတွေ ဆရာ



ဝန် ဆိုတာတွေကလည်း အလကားနေရင်း ဟိုဟာ မလုပ်နဲ့၊ ဒီဟာ မလုပ်နဲ့နဲ့ လျှောက်တားနေတာပဲ"

"ညက ဝိုင်းလေးက စည်ပါတယ် ဘိုးဘိုးရဲ့၊ ကြည့်ရတာ ဘိုးဘိုးလည်း ရောဂါတွေ ဘာတွေတောင် မေ့သွားပုံရထယ်၊ အဖွဲ့ တွေနဲ့တွေ့ပြီး"

"အင်း. . မြေးကတော့ သိပ်မပျော်ဘူး မဟုတ်လား၊ ဘိုးဘိုး ကြည့်ရတာ ညက မြေး သိပ်ငြိမ်နေသလိုပဲ"

လုပ်ငန်းရှင်ဆိုသော ပုဂ္ဂိုလ်များသည် သူတို့ ဂရုစိုက်ချင် သောအရာ၌ ဘာတစ်ခုကိုမှ အသေးအမွှားဆိုပြီး လျစ်လျူရှုမထား တတ်ပါလားဟု တွေးလိုက်မိသည်။

"မဟုတ်ပါဘူး ဘိုးဘိုးရဲ့၊ မေသွယ် ခေါင်းနည်းနည်း ကိုက် နေလို့"

ဘိုးဘိုးက ခေါင်းလေးညိတ်သည်။ ပြီးမှ မေသွယ် မထင် ထားသော မေးခွန်းတစ်ခု လှမ်းမေးလိုက်သည်။

"ငါ့မြေး မောင်ဇော်ထက်ကို ဘယ်လိုမြင်လဲ"

လျှပ်တပြက်အတွင်းမှာ မေသွယ့်မျက်နှာ နွေးခနဲဖြစ်သည်။ ဘယ်လိုမှ ထိန်းချုပ်ဖို့ မမီလိုက်။

"သူ့ကို ခန့်မှန်းဖို့ မလွယ်ဘူး ဘိုးဘိုး"

"တော်တော်တော့ ခေါင်းမာတဲ့လူ မြေးရဲ့၊ သူလုပ်ချင်တာ ရှိရင် မိုက်မိုက်ကန်းကန်း လုပ်မယ့်ပုံ"

"အင်း. . သေချာပါတယ် ဘိုးဘိုး"

ပြောရင်းနှင့် မေသွယ့်ခေါင်းထဲမှာ နိုင်ကွက်ဆိုသောကိစ္စကို သိလိုသိငြား တီးခေါက်ကြည့်ချင်လာသည်။ သို့အတွက်. . .

"ဒါနဲ့ မနေ့က ဘိုးဘိုးပြောတဲ့အထဲမှာ ပါတယ်။ အဲဒီလူတ မန်းရွှေပြည်ကိုလိုချင်လို့ ဘိုးဘိုးကို လှည့်ပတ်ကြိုးစားနေတယ်ဆို အဲဒါ ဘယ်လိုတွေဖြစ်လို့လဲ"

ဘိုးဘိုး ငြိမ်သွားသည်။ ပင့်သက်တစ်ချက် ရှိုက်သည်ကို လည်း သတိထားမိသည်။ ပြီးမှ ဘိုးဘိုးက. . .

"ဒါတွေက လုပ်ငန်းကိစ္စတွေပါ မြေးရယ်၊ မြေးနဲ့ သိပ်မဆိုင် ပါဘူး။ မစိုးရိမ်ပါနဲ့"

စကားအဆုံးမှာ ဘိုးဘိုးက မျက်လုံးပိတ်ပြီး ငြိမ်သက်နေ သည်။ မဟုတ်သေးဘူး ဘိုးဘိုး၊ ဘိုးဘိုး ကိုဇော်ထက်ကို လျှော့မတွက် နဲ့။ သူ့ဘက်က ဒီကိစ္စကို သေချာပေါက် အပိုင်တွက်ပြီးနေပြီဟု ဘိုးဘိုးကို သတိပေးရမည်။

"ဘိုးဘိုး"

ဦးဘသွယ်က ငြိမ်မြငြိမ်နေသည်။ မျက်လုံးမပွင့်။

"ဘိုးဘိုး"

တစ်ခုခုတော့မှားပြီဟု အရမ်းစိုးရိမ်သွားသည်။

"ဆရာမ"

ခပ်လှမ်းလှမ်းမှာ ရပ်နေသည့် ဆရာမကို လှမ်းခေါ်သည်။ ဆရာမ ပြေးလာသည်။

"ဘာဖြစ်လို့လဲ"

"ဘိုးဘိုးကို ခေါ်မရလို့၊ ဘိုးဘိုး. . ဘိုးဘိုး"

သူနာပြုဆရာမက ထပ်မခေါ်ရန် လက်ကာပြသည်။ ထို့နောက် မျက်လုံးဖြဲကြည့်၊ သွေးစမ်း၊ နားကျပ်နှင့် နားထောင် စသ ဖြင့် သူမက စစ်ဆေးစရာရှိသည်များကို စစ်ဆေးသည်။ ပြီးတော့မှ



မေသွယ့်ဘက်လှည့်ပြီး-

"စိတ်မပူနဲ့သမီး၊ ဘာမှမဖြစ်ပါဘူး၊ သောက်ထားတဲ့ ဆေး အရှိန်နဲ့စိတ်ကို လျှော့ချလိုက်လို့ အိပ်ပျော်သွားတာပါ၊ အိပ်ပျော်တာ ကောင်းတယ်၊ နို့မို့ သူ့မှာ စိတ်ရောလူရော အနားမရဘူးဖြစ်နေတာ"

"အင်း"

မေသွယ် သက်ပြင်းချသည်။ဘိုးဘိုးအတွက် စိတ်အေးသွား သောလည်း သည်အကြောင်းပြောမှ ဆရာမပြောသလို ဘိုးဘိုး ဘာလို့ စိတ်ကိုလျှော့လိုက်ရတာလဲ။ ဘိုးဘိုးကို မရရအောင် နှိုးပြီး မေးလိုက် ချင်လှ၏။

"ဟင်. . . အန်တီမြ"

ဘိုးဘိုးအခန်းထဲမှ ထွက်လာပြီး ခြံထဲဆင်းခဲ့သည်။ ဆင်ဝင် အောက်မှာ ပရာဒိုကားကြီးက ရပ်ထားပြီး ခြံထဲရှိ ပလပ်စတစ်စားပွဲ နှင့် ကုလားထိုင်လေးမှာ စာရွက်စာတမ်း တစ်ထပ်ကြီးနှင့် အလုပ်ရှုပ် နေသော အန်တီမြကို တွေ့ရသည်။ ကုမ္ပဏီနှင့်ပတ်သက်သော စာ ရွက်စာတမ်းတွေပဲ ဖြစ်မည်ဟု တွက်လိုက်၏။

ဘိုးဘိုး နေမကောင်းစဖြစ်ကတည်းက ကုမ္ပဏီလုပ်ငန်း အားလုံးကို အရင်ကတည်းက ဘိုးဘိုးနှင့် နည်းနည်း နည်းနည်း တွဲ လုပ်လာခဲ့သည့် အန်တီမြတစ်ယောက် တစ်ယောက်တည်းဦးစီး နေရသည်။

အန်တီမြ လှမ်းကြည့်ပြီး အားနည်းသောအပြုံးတစ်ခု ဖြင့်. .

"လာလာ. . . သမီးထိုင်"

မေသွယ်က အနားလျှောက်သွားရင်း. . .

"ဘာတွေအလုပ်များနေလဲ. . အန်တီမြ၊ အန်တီမြ ကြည့်ရ

ာ စိတ်ရှုပ်နေပုံပဲ"

အန်တီမြက သက်ပြင်းတစ်ချက်ချရင်း မျက်မှန်ကို ခဏ ျတ်၍. . .

"ကုမ္ပဏီကိစ္စတွေပေါ့ သမီး၊ အစ်ကိုကြီးကလဲ လှည့်မကြည့် ိုင်၊ တချို့ကိစ္စတွေကို အန်တီမြက ဘယ်လိုရှင်းရမှန်းမသိနဲ့၊ တစ်ခါ တစ်လေ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိဘူး"

"မလုပ်တတ်ဘဲဒီတိုင်းသာ ထားလိုက်ပါ အန်တီမြရာ၊ သိတဲ့ အတိုင်း ဘိုးဘိုးက သူ့အလုပ်ကို သူ့လက်ထဲမှာတုန်းက သူလုပ်ချင် သလို လုပ်ထားခဲ့တာ၊ အကုန်လုံးကို ခုချက်ချင်းလိုက် ဖြေရှင်းနိုင်ဖို့က ဘယ်လွယ်မလဲ"

အန်တီမြက ဒုတိယအကြိမ်မြောက် သက်ပြင်းချသည်။ ပြီး မှ. .

"အင်း. . ဆရာဝန်ကြီးကလည်း အဲလိုပြောတယ် သမီး၊ တချို့ကိစ္စတွေ ရှင်းမရသေးရင် ဒီတိုင်းထားလိုက်တဲ့၊ အစ်ကိုကြီးကို တော့ ခုချိန်မှာ ခေါင်းရှုပ်အောင် ဒါတွေ ဘယ်လိုဖြေရှင်းရမလဲလို့ သွားမေးတာမျိုး မလုပ်ပါနဲ့တဲ့၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ အန်တီမြ"

"ဒါပေမယ့် အစ်ကိုကြီးက ခုပုံအတိုင်းပဲ ဆက်သွားပြီး တော် တော်နဲ့ မထူထောင်လာရင် ဒါတွေက ဒီတိုင်းထားလို့ မဖြစ်တော့ဘူး သမီး၊ အန်တီမြတို့ တစ်ခုခုလုပ်မှ ဖြစ်တော့မယ်"

"ဘာဖြစ်လို့လဲ အန်တီမြ"

"အင်းသမီးစိတ်ရှုပ်အောင် ပြောတော့ မပြောချင်ဘူး၊ ဒါပေ မယ့်. . ဒီကိစ္စတွေအတွက် အနေးနဲ့အမြန်ဆိုသလို သမီး မသိမဖြစ်



သိရမှာဆိုတော့ အန်တီမြ ဖွင့်ပြောလိုက်ပါတော့မယ်၊ အခု မန်းရွှေ ပြည်ကုမ္ပဏီက နည်းနည်း ဒုက္ခရောက်နေတယ်သမီး"

"ဟင်"

မေသွယ် ထိတ်ခနဲဖြစ်သွားသည်။ ဖော်ထက်ပြောသည့် သူ နိုင်ကွက်ရထားသည်ဆိုသည့် စကားကိုလည်း သတိရသည်။ နိုင်ကွက် ဆိုတာ ဒါများလား။

"ဘယ်လိုဖြစ်နေလို့လဲ အန်တီမြ"

"အင်း. . အစကနေစပြောရင်တော့ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းမှာ ကိုကြီးက လုပ်ငန်းတစ်ခုကို သွားစိတ်ဝင်စားခဲ့တယ် သမီး၊ အဲဒါက မန္တလေးအထက် မေမြို့အတက်လမ်းမှာ မြေကွက်တွေ အများကြီး ဝယ်ပြီး "မန်းရွှေပြည်ဥယျာဉ်မြို့တော်" ဆိုတာကြီး တည်ဆောက်ဖို့ ကိစ္စပဲ"

မေသွယ်ကခေါင်းညိတ်သည်။ ဒါတွေကရန်ကုန်မှာလည်း တော်တော်များများ တည်ဆောက်နေကြသည်။ အန်တီမြက ဆက် ၍. . .

"အမှန်ကအစ်ကိုကြီးအနေနဲ့ အဲလောက်မစွန့်စားသင့်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လုပ်ငန်းကသိပ်ကြီးတယ်၊ ငွေပင်ငွေရင်း အများကြီး မြှုပ်ရတယ်၊ ဒါပေမယ့် ထုံးစံအတိုင်းပဲ သူလုပ်ချင်ပြီဆို ဘယ်သူမှ တားမရတော့ဘူး၊ ဒါလဲ သူ့တော့အပြစ်မပြောပါဘူး၊ လူ့ ဘဝ သက်တမ်းမှာ ဒီလို စွန့်စားတဲ့လုပ်ငန်းဆိုတာ ဆန်းမှမဆန်းဘဲ၊ အဲဒီတော့ သူက အဲဒီစီမံကိန်းကို လုပ်ဖြစ်အောင်လုပ်တယ်"

"လုပ်တော့"

"လုပ်တော့ ငွေလုံးငွေရင်းတွေ အများကြီး မြှုပ်ရတာပေါ့၊

ဲဒီတော့ သူ့မှာရှိတဲ့ငွေနဲ့ လောက်မှုမလောက်ဘဲ၊ ဘဏ်တွေကော
ဂ္ဂလိကတွေဆီကကော ငွေတွေအများကြီး ချေးရတာပေါ့၊ အဲဒီ
ခတွက် မန်းရွှေပြည်ရဲ့လုပ်ငန်းတွေ ပိုင်ဆိုင်မှုတွေကို အပေါင်
ပဘောမျိုးထားရတယ်"

"အင်း. . . ဆက်ပြောပါဦး အန်တီမြ"

"အဲဒီအချိန်မှာ မမျှော်လင့်ဘဲ စီးပွားရေးလုပ်ငန်းတွေ
ကသောင်းကနင်းဖြစ်ကုန်တယ်၊ သမီးလဲသိမှာပေါ့၊ ဒါကမြန်မာပြည်
ကစ်ခုတည်း မဟုတ်ဘူး၊ အရှေ့တောင်အာရှတစ်ခုလုံး ဖြစ်တဲ့ကိစ္စ"

"သမီးသိတယ်"

"အဲဒီမှာ မြေကွက်တွေ အိမ်တွေအရောင်းအဝယ် လုံးဝ
ျပ်ဆိုင်းသွားတယ်၊ အဲဒီထဲမှာငွေရင်းမြှုပ်ထားတဲ့သူတွေအကုန် ဒုက္ခ
းရောက်တာပဲ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း အကုန် အကျပ်
အတည်းဖြစ်ကုန်တယ်၊ အစ်ကိုကြီးလုပ်ငန်းလဲ တစ်ခါတည်း ရပ်သွား
ာပဲ၊ ဒါပေမယ့် ချေးထားတဲ့ ချေးငွေတွေရဲ့ အတိုးတွေက ရပ်မှ
ရပ်တာ"

"မရပ်တော့"

"မရပ်တော့ အတိုးလည်း မဆပ်နိုင်၊ အရင်းလည်း မဆပ်
နိုင်၊ အကျပ်အတည်းတွေ ဖြစ်လာတာပေါ့သမီး၊ စောစောပိုင်းက
မသိသာပေမယ့် ခုကျတော့ အရင်းကော အတိုးကော ပြန်လိုချင်တဲ့
သူတွေက လိုချင်၊ ကိုယ့်မှာလည်း ဘာကနေဘယ်လိုစပြီး ငွေတွေ
ဖော်ရမယ်မှန်း မသိ၊ တော်တော်စိတ်ညစ်ဖို့ ကောင်းနေတယ်"

"ဟင်း"

သည်တစ်ခါတော့ မေသွယ် သက်ပြင်းချလှည့်ဖြစ်သည်။



သက်ပြင်းနှင့်အတူ အန်တီမြလက်ထဲက စာရွက်စာတမ်းတွေကို ကြည့်ပြီး-

"အဲဒီတော့ နောက်ဆုံးအခြေအနေမှာ ဘာတွေဖြစ်လာနိုင်လဲ အန်တီမြ"

အန်တီမြ မျက်နှာလေး အိုမင်းသွားသည်။

"ဒီတိုင်းဆက်သွားရင် အစ်ကိုကြီးမှာ ဆုံးရှုံးမှုတွေပဲ ဆက်တိုက် ကြုံတော့မှာပေါ့၊ ဘာတစ်ခုမှ လက်ထဲကျန်တော့မှာ မဟုတ်ဘူး၊ အန်တီမြတို့လည်း ဘာမှလုပ်နိုင်တဲ့ စွမ်းအားမရှိဘူး၊ သူ့ကိုကယ်နိုင်တဲ့သူဆိုလို့ တစ်ယောက်တည်းပဲ ရှိတော့တယ်"

"အဲဒါ ဘယ်သူလဲ"

"မောင်ဇော်ထက်ပေါ့"

"ဦးဇော်ထက်. . ဟုတ်လား"

"ဟုတ်တယ် သမီး၊ သူ့မှာကျတော့ ငွေလဲအများကြီးရှိတယ်၊ လုပ်ငန်းတွေနဲ့ ပတ်သက်လို့ နာမည်ကောင်းလဲရှိတယ်၊ သူ့မှာရှိတဲ့အားနဲ့ အစ်ကိုကြီး လုပ်ငန်းတွေကို ကြားခံပေးလိုက်တော့ အခြေအနေတစ်မျိုး ပြောင်းသွားမှာပေါ့"

"ဒါပေမယ့် အဲလိုလူဝင်လာရင် ဘိုးဘိုးရဲ့ အခန်းကဏ္ဍက ဘာဖြစ်သွားမလဲ"

"အဲဒါတော့ မောင်ဇော်ထက်ပေါ်မှာပဲ မူတည်တော့တာပေါ့၊ လုပ်ငန်းက မောင်ဇော်ထက်ရဲ့ စီမံခန့်ခွဲမှုအောက် ရောက်သွားပြီပဲ၊ အစ်ကိုကြီးအနေနဲ့ကျတော့ မောင်ဇော်ထက်ထားတဲ့ နေရာမှာပဲ နေရတော့မှာပေါ့"

ထိုစကားများပြောနေစဉ် အန်တီမြမျက်လုံး၌ မျက်ရည်

များ ရစ်ဝိုင်းနေသည်။ မေသွယ်က ခပ်မှဲ့မှဲ့ပြုံး၍. . .

"ဦးဇော်ထက်ရဲ့ အောင်ပွဲနဲ့ မန်းရွှေပြည်ရဲ့ ကျဆုံးခန်းပေါ့ ဟုတ်လား အန်တီမြ"

"မန်းရွှေပြည်က မကျဆုံးပါဘူး၊ ကျဆုံးချင်း ကျဆုံးရင် ဦးဘသွယ်ပ ကျဆုံးမှာပေါ့၊ မန်းရွှေပြည်ကိုတော့ တစ်ကောင်ဘွား ဇော်ထက်က ဆက်ထူထောင်သွားပြီပဲ"

"ဘိုးဘိုးကော ဒါတွေ သိလား"

"သူက အသိဆုံးနေမှာပေါ့ သမီး၊ မန်းရွှေပြည်ဟာသူ့ဘဝပဲ အခု သူ့နှလုံးကို ထိခိုက်သွားတာပဲ၊ ဒါတွေကြောင့် မဟုတ်ဘူးလို့ ဘယ်ပြောနိုင်မလဲ"

ဒါဆိုရင် ဘိုးဘိုး၏ ကျန်းမာရေးက အထူးကို စိုးရိမ်စရာ ကောင်းနေပြီဟု မေသွယ် သဘောပေါက်သွားသည်။ ညကသူတို့ချင်း တွေ့ဆုံကြမည့်ကိစ္စကလည်း ဒါနှင့် မပတ်သက်ဟု ဘယ်သူမှ မပြောနိုင်။

"ကဲ. . အန်တီမြ ကုမ္ပဏီဘက် ပြေးလိုက်ဦးမယ်"

မေသွယ်က ခေါင်းညိတ်ပြသည်။ ခဏကြာသောအခါ အန်တီမြကား ခြံထဲက ထွက်သွား၏။ ထို့အတူ အန်တီမြထွက်ပြီး ဘာမှမကြာ၊ ဇော်ထက်၏ ကားကြီးကလည်း ခြံထဲဝင်လာသည်။ ဇော်ထက်က ဘေးကထိုင်စီးလာပြီး ကားမောင်းသူက ရန်ကုန်မှာ တုန်းက ဆုံခဲ့ဖူးသော မသီဂီ ဖြစ်၏။

✦ ✦ ✦ ✦ ✦ ✦

(၂)

ဇော်ထက်က မေသွယ့်ကို မြင်မြင်ချင်း ကားကိုရပ်ခိုင်း လိုက်ပုံရသည်။ ကားက ဆင်ဝင်အောက်အထိ ရောက်မလာဘဲ ခြံထဲ အဝင်လမ်းမှာ ရပ်သွားသည်။ ကားပေါ်က ဇော်ထက်ဆင်း၍ မသီဂီကို ဘာပြောလိုက်သည်မသိ။ မသီဂီက ကားကို နောက်ဆုတ်ပြီး ပြန်ထွက်သွားသည်။

ဇော်ထက်က လမ်းဘေးပုဏ္ဏရိပ်ပင်တန်း ကွက်လပ်အလွတ်မှနေ မေသွယ့်ဆီ ဖြတ်ဝင်လာသည်။

"မေသွယ်. . ခြံထဲရောက်နေပါလား"

"ဟုတ်တယ် ဦးဇော်က ဘယ်ကလှည့်တာလဲ"

"ဒီပဲ လာခဲ့တာ၊ အိမ်မှာ ဘယ်သူတွေရှိလဲ မေသွယ်"

"ဘိုးဘိုးရှိတယ်"

"ချောချောကော"

"ချောချောမရှိဘူး၊ သူ့အမေအိမ်က ကားနဲ့ခပ်စောစောက လိုက်သွားတယ်"

"ဘဘကော၊ ဘယ်လိုနေလဲ သက်သာလား"

"ခုတော့ အိပ်နေတာပဲ၊ ဆရာမက အိပ်နေတာကောင်း

ယ်လို့ပြောတယ်"

"ကောင်းပါတယ် အနားရတာပေါ့၊ ဒါဖြင့်လာလေ မေသွယ် ိမ်ထဲသွားရအောင်"

"ဦးဇော် သွားလေ၊ ချောချောပြန်လာချင် လာမှာပေါ့"

"ဟာ. . ချောချောနဲ့ မတွေ့ချင်ပါဘူး၊ မေသွယ်လိုက်ခဲ့ပါ"

မေသွယ်သက်ပြင်းချ၍ သူ့နောက်က လိုက်ခဲ့သည်။ သူက ိမ်ထဲရောက်ပြီးနောက် ဟိုသည်ကြည့်ပြီး . .

"မေသွယ့်အခန်းက အပေါ်ထပ်မှာနော်"

"အင်း"

"အပေါ်တပ် ကိုယ်မရောက်ဖူးဘူး၊ လိုက်ပြပါလား"

"အောက်မှာပဲကောင်းပါတယ် ဦးဇော်ရယ်၊ အပေါ်ထပ် ဘာလို့တက်မှာလဲ"

"ကိုယ်ကြည့်ချင်လို့ လိုက်ခဲ့ပါ"

ပြောရင်းနှင့် သူက လှေခါးပေါ်ရောက်နေသည်။

အမှန်ပြောရလျှင် မေသွယ်အပေါ်ထပ် မလိုက်ချင်။ သူ အပေါ်ထပ် မရောက်ဖူးဘူးဆိုတာလည်း မယုံ။ သို့သော် ခက်သည်က သူက ဇွတ်တရွတ်သမား။ ခုပင်ကြည့် လှေခါးအလယ်လောက် ရောက် မှ အောက်မှာ တုံ့ဆိုင်းနေသော မေသွယ့်ဆီကို ပြန်ဆင်းလာပြီး လက်ဆွဲခေါ်သည်။

"လိုက်ခဲ့စမ်းပါ မေသွယ်ရဲ့"

အတင်းဆွဲခေါ်နေသဖြင့် မေသွယ် သက်ပြင်းချရင်း လိုက် လာခဲ့သည်။

နောက်ဆုံးတော့ သူ့ဆန္ဒကိုပဲ ကိုယ်အမြဲလိုက်လျောနေ



သော ထုံးစံလိုပင် ဖြစ်နေပါပြီ။ အပေါ်ထပ်အရောက်တွင် ဇော်ထက်က. . .

"မေသွယ့်အခန်းက ဘယ်ဟာလဲ"

မေသွယ့်အခန်းက သူမအခန်းကို မေးငေါ့ပြလိုက်သည်။

"ကိုယ်ဝင်ကြည့်ရမလား"

"သဘောပဲလေ. . . ကြည့်ချင်ကြည့်ပေါ့"

ဇော်ထက်က အခန်းတံခါးလေးကို တွန်းဖွင့်လိုက်သည်။ ပြီး မေသွယ့်ဘက်လှည့်၍ သူကရယ်၍ အနားကပ်လာပြီး ထုံးစံအ တိုင်း ပါးလေးနှစ်ဖက်ကိုနမ်းသည်။ မေသွယ် ရှုန်းလည်းမရုန်းမိ။ ဘာမှလည်း သိပ်မထူးဆန်းတော့သလို ကျောက်ရုပ်တစ်ရုပ် လုပ်နေ လိုက်သည်။

"မေသွယ် ဘာဖြစ်နေလဲ"

မေသွယ့်အမူအရာ ထူးခြားနေမှုကြောင့် ဇော်ထက်က စိုးရိမ်တကြီး အမူအရာဖြင့် မေးသည်။မေသွယ်က ခေါင်းခါသည်။ ပြီးမှ. . .

"ဦးဇော် အဲလိုလျှောက်လုပ်နေတာတွေ ချောချောကတော့ သိမှာမဟုတ်ဘူးနော်"

ဇော်ထက်က နားမလည်စွာ ကြည့်ပြီး. . .

"ချောချောက ဘာကိုသိရမှာလဲ မေသွယ်"

"ဦးဇော် ဒီလို မိန်းကလေးတွေနဲ့ ရှုပ်နေတာကိုပေါ့"

ဇော်ထက်က ရယ်ပြီး. . .

"နေပါဦး အဲဒါနဲ့ ချောချောနဲ့ဘာဗတ်သက်လို့လဲ၊ ချောချော နဲ့ ကိုယ်နဲ့ ဆက်ဆံရေးကတစ်ပိုင်း၊ ကျန်တဲ့အပိုင်းတွေက သူနဲ့ ဘာမှ

မပတ်သက်ဘူး”

ဟုတ်မှာပေါ့၊ ချောချောနဲ့ကျတော့ ချောချောအပိုင်း၊ မေသွယ်နဲ့ကျတော့ မေသွယ့်ပိုင်း၊ သီဂီနဲ့ကျတော့ သီဂီအပိုင်း၊ ဦးဇော်ထက်လဲ ဒီလိုနဲ့ပဲ အပိုင်းတစ်ထောင်ထား၊ မတစ်ထောင် တစ်ကောင်ဘွားလုပ်နေပေါ့. . . စိတ်ထဲက ပြောလိုက်သည်။

“ပြောလေ. . . မေသွယ် ချောချောနဲ့ ဘယ်လိုပတ်သက်လို့ လဲ”

မေသွယ့်စိတ်ထဲ တင်းခနဲဖြစ်သွားသည်။

“ဘယ်လိုပတ်သက်လဲဆိုတော့ မေသွယ် သိထားပြီးသားပဲလေ၊ ဦးဇော်နဲ့ ချောချောတို့က. . .”

“အဲဒါတွေလျှောက်ပြောမနေနဲ့ မေသွယ်၊ မေသွယ် ဘာပြောချင်တာဆိုတာ ကိုယ်သိတယ်၊ ကိုယ် ချောချောကို စိတ်မဝင်စားဘူး၊ ကိုယ်လိုချင်တာမင်းပဲ မေသွယ်၊ ပြီးတော့ မင်းသိပါတယ်၊ ကိုယ်က ကိုယ်လိုချင်တာ ဘာဆိုတာလဲ တိတိကျကျသိတယ်၊ ရအောင်လဲယူတတ်တယ်”

“မန်းရွှေပြည်လိုပဲပေါ့”

သူ့မျက်နှာမှာ မျက်မှောင်တစ်ချက်ဝင်လာသည်။ပြီးမှ ဘယ်လိုသဘောရသည်မသိ။ ခေါင်းတစ်ချက်ဆတ်ညိတ်လိုက်ပြီး.

“ဟုတ်တယ် မေသွယ်၊ မန်းရွှေပြည်ကိုပဲ”

မေသွယ်က ဘစ်ချက်ပြုံးလိုက်သည်။ ခပ်မဲ့မဲ့ အပြုံးတစ်ခုဖြစ်သွားမည်ထင်သည်။ ပြီးတော့စိတ်ထဲကလည်း ပြောလိုက်မိသည်။

“အင်းလေ. . . ရှင်က မိုကောင်းနေတဲ့အချိန်ပဲ၊ ပြောနိုင်တုန်းပြောထားပေါ့ ဦးဇော်”. . . ဟု။

(၃)

နောက်တစ်နေ့မနက်မှာ မေသွယ် အိပ်ရာထနောက်ကျသည်။ အန်တီမြက ကုမ္ပဏီထွက်သွားပြီး ဘိုးဘိုးကလည်း အိပ်နေဆဲမို့ ထမင်းစားခန်းမှာတစ်ယောက်တည်း ကောက်ဖီသောက်နေမိသည်။

အိမ်ထဲမှာ ချောချောကိုလည်းမတွေ့။ အပေါ်ထပ်က ဆင်းလာတုန်းက ချောချောအခန်း ပိတ်ထားတာ တွေ့သည်။ ကြည့်ရတာ ချောချောလည်းနိုးသေးပုံမရ။

“ဟင်”

မေသွယ်စိတ်ပျက်လက်ပျက်နှင့် သက်ပြင်းတစ်ချက်ချသည်။ ဟုတ်သည်။ ခုချိန်မှာ ဘိုးဘိုးကျန်းမာရေး အခြေအနေကြောင့်သာပေါ့။ ဘိုးဘိုးသာအရင်ကလို ကျန်းမာတောင့်တင်းနေလျှင် ဟိုတစ်ခါကလိုပဲ ဤအိမ်ကြီးမှခွာ၍ ရောက်ရာပေါက်ရာ တစ်နေနေရာကို ထွက်သွားပြီဖြစ်၏။ မေသွယ် စိတ်ဓာတ်ကျဆင်းနေသည်။

ညကလည်း တစ်ညလုံး မအိပ်ဘဲ ဒီအကြောင်းတွေပဲ အပြန်ပြန်အလှန်လှန် စဉ်းစားနေမိသည်။ နောက်ထပ်လည်း ဘယ်နှစ်ညဆက် အိပ်ရေးပျက်နေရဦးမည်လည်း မသိ။

စေ့စေ့တွေးမှ ရေးရေးပေါ်ဆိုတာလို သေချာပြန်စဉ်းစား ကြည့်သောအခါမှ ဇော်ထက်ကို သူမ ချစ်မိနေပြီဖြစ်ကြောင်း အဖြေ ရသည်။

သို့သော် ခုချိန်မှာ ဖြစ်နိုင်လျှင် မေသွယ်အဖြစ်ချင်ဆုံး ဆန္ဒ က ဇော်ထက်နှင့် ဝေးရာ၊ လွှတ်ရာကင်းရာအရပ်သို့ အပြီးအပိုင်ထွက် သွားလိုခြင်းပင် ဖြစ်နေပြန်သည်။

ဒါအမှန်ပဲလေ၊ ဇော်ထက်ကို သူမချစ်မိတာက ချစ်မိတာ တခြား။ ဇော်ထက်နှင့် ဝေးချင်တာက ဝေးချင်တာတခြားပဲ။

မေသွယ့်ဘက်က စဉ်းစားတော့၊ သူ့တစ်ယောက်တည်းကိုပဲ မေသွယ်ချစ်မိတာဖြစ်သည်။ ဒီပြင်လူ ယောကျ်ားဆိုသည်များကို လား လားမှ စိတ်မဝင်စားခဲ့။ မေသွယ့်မှာ ဘာအပိုင်းအကန့် ကဏ္ဍမှ မရှိ။ ချစ်မိလျှင် အလုံးစုံပဲ ပုံချစ်ရမှာ။

သူ့မှာကျတော့ သည်လိုမဟုတ်။ သူ့မှာ အပိုင်းကဏ္ဍတွေ များသည်။ မေသွယ်မြင်နေရသော သီဂီ၊ ချောချောတို့ကဏ္ဍ အပြင် နောက်ထပ်လည်း ဘယ်နှစ်ကန့်၊ ဘယ်နှစ်ပိုင်း၊ ဘယ်နှကဏ္ဍတွေရှိ နေသေးသည်မသိ။

တကယ်တော့ သူပြောထားသည့်စကားက ရှင်းသည်။ သူ့ကို လည်း တစ်ခုတော့ လေးစားရမည်ဖြစ်သည်။ သူသည် ညာတော့ မညာ။ သူကိုယ်သူ ယုံကြည်မှုအပြည့်နှင့်အတူ အမှန်တရားကို အဖြေ ပြောသည်။

သူပြောတာ ရှင်းနေတာပဲ။ သူ မေသွယ့်ကို ချစ်တာမဟုတ်။ မေသွယ့်ကို သူလိုချင်နေခြင်းသာဖြစ်သည်။ မေသွယ့်ကို သူသဘော ကျသည်။ သို့အတွက် လိုချင်သည်။ မရရအောင် ယူမည်။ ဒါပဲဖြစ်



…ယွယ့်ကိုချစ်တယ် ဒါမှမဟုတ် မေသွယ့်ကို ချစ်လိုက်တာ …ားမျိုးကို သူဘယ်တော့မှ မသုံး။

သော…ည့်အတွက် သူချစ်တာမဟုတ်ဘဲ၊ လိုချင်ရချင် ပိုင်ချင် ဖြစ်နေ…တွေကို သူလိုချင်သလောက် ယူခွင့်လည်းရှိနေသလို တစ်ပိုင်း…ပြီးတော့ သူ့အပိုင်းနှင့်သူ ပြည့်စုံအောင် သူထားမည်။ …ပိုင်း တစ်ကဏ္ဍနှင့်တစ်ကဏ္ဍတော့ မရောယှက် ကြနှင့်။

…ဖြင့် ယောကျ်ားကောင်း မောင်းမတစ်ထောင် သို့မဟုတ် မ…င်တစ်ကောင်ဘွားဖြစ်သည်အထိ သူ့ကိုယ်သူ တည်ဆောက်ယူ… ဒါလည်း တစ်ကောင်ဘွားဇော်ထက်ဆိုသည့် လူတစ်ယောက်၏ …ပြင်ဆုံး ရုပ်လုံးပင်။ သည်လိုဘဝမှာတော့ ဘယ်နည်းနှင့်မှ မေ… ပျော်နိုင်မည် မဟုတ်။

တစ်ထောင်…ာ တစ်ယောက်သော မောင်းမအဖြစ် နောက်ဆုံး ကံကောင်း…မိဖုရားခေါင်ကြီးနေရာပင်ရရ၊ မေသွယ် မလိုချင်။ မေသွယ် သူ့ဆီ… လိုချင်သည်မှာ အချစ်ဖြစ်သည်။

မေသွယ် သူ့ကို ဒ…က်ထဲ၊ အတွေးထဲ ဦးနှောက်ထဲ မပြတ် မလပ်အောင် စွဲငြိနေခြင်းသ…လည်း အချစ်ကြောင့်သာ ဖြစ်သည်။ ဇော်ထက်နှင့် ဝေးရာသို့ သူမသွားချင်နေသည်မှာလည်း သူမ၏ ထို 'အချစ်'ကို ဂုဏ်သိက္ခာရှိအောင်၊ တန်ဖိုးရှိအောင်၊ ကာကွယ်စောင့် ရှောက်ချင်စိတ်ကြောင့်သာ ဖြစ်သည်။

သူ့ကိုလည်း ကောင်းစွာမချ…။ သူ့ထံမှလည်း ဘာအချစ်မှ မမျှော်လင့်ပဲ၊ သူ့'လိုချင်မှု'ကို တန်ရာတန်ဖိုးတစ်ခုနှင့် လဲလှယ်ယူ၍ ကျေနပ်နေသော မိန်းမတွေကြားမှာ ရောနှောပြီး သူမအချစ်ကို

တန်ဖိုး မချပစ်နိုင်။

ဘိုးဘိုး မြန်မြန်နေကောင်းပါစေဟုသာ နေ့စဉ်ဘုရားမှာ ဆုတောင်းရသည်။ ဘိုးဘိုးသာ ပြန်နေကောင်းလာခဲ့လျှင် သူမသူနှင့် နီးသော အရပ်ဒေသမှာ ဘယ်လိုနည်းနှင့်မှ မနေတော့။

သူနှင့် ဝေးသထက်ဝေးရာသို့ပဲ လွတ်လွတ်ကျွတ်ကျွတ် ထွက်ပြေးသွားတော့မည် ဖြစ်၏။

✦ ✦ ✦ ✦ ✦ ✦

"ရှုပ်. . . ရှုပ်. . . ရှုပ်. . .

ဧည့်ခန်းဘက်ကို ကျောပေးပြီးဆိုင်နေသဖြင့် ကျောဘက်မှ လျှောက်လာသူကို မမြင်ရ။

သို့သော်လျှောက်လာသော ခြေသံကို ကြားသဖြင့် တစ်ယောက်ယောက် လှမ်းလာကြောင်းတော့ သိသည်။ အိပ်ရာမှ နိုးလာသော ချောချောပဲဖြစ်မည်ဟု ထင်ပြီး လှည့်ကြည့်လိုက်၏။

"ဟင်"

ချောချောမဟုတ်၊ အံ့ဩဖို့ကောင်းစွာပင် သူ့အကြောင်း တွေးနေဆဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသူကလည်း သူ ဇော်ထက် ဖြစ်၏။

သူကတော့ ဘာမှမပြောင်း၊ ခါတိုင်းရှိနေကျအပြုံးနှင့်ပင် မေသွယ့် နောက်တည့်တည့်မှာ ရပ်သည်။ ထို့နောက် နောက်ဘက်က နေပင်ငုံ့၍ မေသွယ့်ပါးလေးနှစ်ဖက်ကို နမ်းသည်။ မေသွယ် မငိုမိ အောင် စိတ်ကို တင်းထားလိုက်ရသည်။



"မေသွယ်အံ့ဩသွားလား၊ ကိုယ် အသံမပေးဘာမပေးနဲ့ ရောက်လာလို့"

"ဦးဇော် ဘယ်ကနေဘယ်လို ရောက်လာလဲ"

"ကိုယ် ဒီအတိုင်းပဲ ကားနဲ့ဝင်လာတာပါပဲ။ အိမ်ရှေ့မှာလဲ ဘယ်သူမှမတွေ့၊ ဧည့်ခန်းမှာလဲ ဘယ်သူမှမတွေ့၊ ဒီဘက်လှမ်းကြည့်တော့ မေသွယ်ကိုမြင်တာနဲ့ ဝင်လာတာ"

"ထိုင်လေ ကော်ဖီသောက်ပါလား"

မေသွယ် ကိုယ့်ကိုကိုယ်လည်း အံ့ဩမိသည်။ သူနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချပြီး၍လား မပြောတတ်။ သူ့ကို ဘာတစ်ခုမှ ဆန့်ကျင်မှု အလိုလိုမပြုမိတော့။ သူစိတ်ချမ်းသာသလို နေပါစေတော့ဟု လွှတ်ပေးလိုက်သလို ဖြစ်နေသည်။

"မသောက်တော့ဘူး။ အပြင်ကျမှ တစ်ခုခုစားမယ်၊ ကိုယ် ဒီနေ့ အလုပ်တွေအားလုံး ရှင်းထားတယ်၊ အပြင်သွားမလို့"

"အဲဒါဆို ချောချောခေါ်သွားလေ၊ ခုတော့ အိပ်ရာက မနိုးသေးဘူး၊ မေသွယ် သွားနှိုးပေးမယ်"

သူကပြုံးသည်။

နှိုးစရာမလိုဘူး မေသွယ်၊ ကိုယ်သွားမှာ မေသွယ်နဲ့သွားမှာ၊ ကဲ. . ထ၊ မေသွယ် အဝတ်လဲဖို့ အချိန်ဆယ့်ငါးမိနစ်ပေးမယ်၊ ဆယ့်ငါးမိနစ်ပြည့်လို့မှ မပြီးသေးရင် မေသွယ့်အခန်းထဲကို ကိုယ်လိုက်လာခဲ့မယ်"

"မေသွယ်မအားဘူး ဦးဇော်၊ လုပ်စရာတွေရှိသေးတယ်"

"အဲဒါတွေအားလုံး ထားပစ်ခဲ့၊ မေသွယ့်နဲ့ကိုယ် ဒီနေ့ ဘယ်သွားမယ်၊ ဘာလုပ်မယ်ဆိုတာကိုယ် အားလုံးအစီအစဉ် ဆွဲပြီးပြီ"

စေ့စေ့တွေးမှ ရေးရေးပေါ်ဆိုတာလို သေချာပြန်စဉ်းစား ကြည့်သောအခါမှ ဇော်ထက်ကို သူမ ချစ်မိနေပြီဖြစ်ကြောင်း အချေ ရသည်။

သို့သော် ခုချိန်မှာ ဖြစ်နိုင်လျှင် မေသွယ်အဖြစ်ချင်ဆုံး ဆန္ဒ က ဇော်ထက်နှင့် ဝေးရာ၊ လွှတ်ရာကင်းရာအရပ်သို့ အပြီးအပိုင်ထွက် သွားလိုခြင်းပင် ဖြစ်နေပြန်သည်။

ဒါအမှန်ပဲလေ၊ ဇော်ထက်ကို သူမချစ်မိတာက ချစ်မိတာ တခြား။ ဇော်ထက်နှင့် ဝေးချင်တာက ဝေးချင်တာတခြားပဲ။

မေသွယ့်ဘက်က စဉ်းစားတော့၊ သူ့တစ်ယောက်တည်းကိုပဲ မေသွယ်ချစ်မိတာဖြစ်သည်။ ဒီပြင်လူ ယောကျ်ားဆိုသည်များကို လား လားမှ စိတ်မဝင်စားခဲ့။ မေသွယ့်မှာ ဘာအပိုင်းအကန့် ကဏ္ဍမှ မရှိ။ ချစ်မိလျှင် အလုံးစုံပဲ ပုံချစ်ရမှာ။

သူ့မှာကျတော့ သည်လိုမဟုတ်။ သူ့မှာ အပိုင်းကဏ္ဍတွေ များသည်။ မေသွယ်မြင်နေရသော သီဂီ၊ ချောချောတို့ကဏ္ဍ အပြင် နောက်ထပ်လည်း ဘယ်နှစ်ကန့်၊ ဘယ်နှစ်ပိုင်း၊ ဘယ်နှကဏ္ဍတွေရှိ နေသေးသည်မသိ။

တကယ်တော့ သူပြောထားသည့်စကားက ရှင်းသည်။ သူ့ကို လည်း တစ်ခုတော့ လေးစားရမည်ဖြစ်သည်။ သူသည် ညာတော့ မညာ။ သူကိုယ်သူ ယုံကြည်မှုအပြည့်နှင့်အတူ အမှန်တရားကို အမြဲ ပြောသည်။

သူပြောတာ ရှင်းနေတာပဲ။ သူ မေသွယ့်ကို ချစ်တာမဟုတ် မေသွယ့်ကို သူလိုချင်နေခြင်းသာဖြစ်သည်။ မေသွယ့်ကို သူသဘော ကျသည်။ သို့အတွက် လိုချင်သည်။ မရရအောင် ယူမည်။ ဒါပဲဖြစ်



သည်။ မေသွယ့်ကိုချစ်တယ် ဒါမှမဟုတ် မေသွယ့်ကို ချစ်လိုက်တာ ဆိုသောစကားမျိုးကို သူဘယ်တော့မှ မသုံး။

သည့်အတွက် သူချစ်တာမဟုတ်ဘဲ၊ လိုချင်ရချင် ပိုင်ချင် သော မိန်းမတွေကို သူလိုချင်သလောက် ယူခွင့်လည်းရှိနေသလို ဖြစ်နေသည်။ ပြီးတော့ သူ့အပိုင်းနှင့်သူ ပြည့်စုံအောင် သူထားမည်။ တစ်ပိုင်းနှင့်တစ်ပိုင်း တစ်ကဏ္ဍနှင့်တစ်ကဏ္ဍတော့ မရောယှက် ကြနှင့်။

ဤနည်းဖြင့် ယောကျ်ားကောင်း မောင်းမတစ်ထောင် သို့မဟုတ် မတစ်ထောင်တစ်ကောင်ဘွားဖြစ်သည်အထိ သူ့ကိုယ်သူ တည်ဆောက်ယူမည်။ ဒါလည်း တစ်ကောင်ဘွားဇော်ထက်ဆိုသည့် လူတစ်ယောက်၏ အဝီပြင်ဆုံး ရုပ်လုံးပင်။ သည်လိုဘဝမှာတော့ ဘယ်နည်းနှင့်မှ မေသွယ် ပျော်နိုင်မည် မဟုတ်။

တစ်ထောင်ထဲမှာ တစ်ယောက်သော မောင်းမအဖြစ် နောက်ဆုံး ကံကောင်း၍ မိဖုရားခေါင်ကြီးနေရာပင်ရရ၊ မေသွယ် မလိုချင်။ မေသွယ် သူ့ဆီက လိုချင်သည်မှာ အချစ်ဖြစ်သည်။

မေသွယ် သူ့ကို အိပ်မက်ထဲ၊ အတွေးထဲ ဦးနှောက်ထဲ မပြတ် မလပ်အောင် စွဲငြိနေခြင်းသည်လည်း အချစ်ကြောင့်သာ ဖြစ်သည်။ ဇော်ထက်နှင့် ဝေးရာသို့ သူမသွားချင်နေသည်မှာလည်း သူမ၏ ထို 'အချစ်'ကို ဂုဏ်သိက္ခာရှိအောင်၊ တန်ဖိုးရှိအောင်၊ ကာကွယ်စောင့် ရှောက်ချင်စိတ်ကြောင့်သာ ဖြစ်သည်။

သူ့ကိုလည်း ကောင်းစွာမချစ်။ သူ့ထံမှလည်း ဘာအချစ်မှ မမျှော်လင့်ပဲ၊ သူ့'လိုချင်မှု'ကို တန်ရာတန်ဖိုးတစ်ခုနှင့် လဲလှယ်ယူ၍ ကျေနပ်နေသော မိန်းမတွေကြားမှာ ရောနှောပြီး သူမအချစ်ကို

"ဟင့်အင်း. . မေသွယ်မလိုက်ချင်ဘူး၊ အဲဒီအစီအစဉ်တွေကို ဦးဇော်သဘောကျတဲ့ တစ်ယောက်ယောက်နဲ့သာ သွား"

"မေသွယ်၊ ကိုယ်ခဏခဏပြောသလို မေသွယ့်ကို အတင်းပွေ့ချီပြီး ကားပေါ် ခေါ်မသွားချင်ဘူးနော်၊ ကိုယ်ပြောသလိုပဲလုပ်၊ ဒါမှမဟုတ် အခန်းထဲအထိ ကိုယ်ပွေ့ခေါ်သွားရမလား"

ပြောပြောဆိုဆိုနှင့်ဇော်ထက်က မေသွယ့် ကုလားထိုင်ကို ခါးလည်ကမှပြီး သူ့ဘက် ဆွဲလှည့်သည်။ ထို့နောက် မေသွယ့်ကို ပွေ့ချီရန် မေသွယ်ပခုံးကို လှမ်းဖက်လိုက်သည်။

"ဦးဇော်"

မေသွယ် အချိန်မီ လှမ်းသတိပေးလိုက်သော်လည်း နောက်ကျသွားသည်။ ဘိုးဘိုးအခန်းမှ လှုပ်ရှားမှုတစ်ခု ရိပ်ခနဲလှုပ်ရှားမှုတစ်ခု ရိပ်ခနဲတွေ့လိုက်သောကြောင့် လှမ်းဟန့်လိုက်ခြင်း ဖြစ်သည်။

သို့သော်အခန်းထဲမှ ဘိုးဘိုးက ချောချောကိုတွဲ၍ ထွက်လာချိန်မှာ ဇော်ထက်က မေသွယ့်ကို ခါးကိုင်၍ ဖက်ထားပြီးဖြစ်နေပြီ။

"အဲဒီအိပ်ခန်းကြီးထဲမှာ ဘယ်လိုမှ ငါနေလို့မရဘူး၊ ငါ့ကိုလူမမာကြီးလို မဆက်ဆံစမ်းပါနဲ့"

ဘိုးဘိုးက ရုတ်တရက် သူတို့ကိုမမြင်သေးဘဲ ချောချောကို ပြောလာခြင်းဖြစ်သည်။ ဘိုးဘိုးက မမြင်သော်လည်း ချောချောက ချက်ချင်း မြင်သည်။ မျက်လုံးများ မီးဝင်းဝင်းတောက်သွားသည်။

ဘိုးဘိုးအသံကြောင့် ဇော်ထက်က ကပျာကယာ ကိုယ်ပြန်မတ်သည်။ သို့သော် ဒါလည်းနောက်ကျသွားပြန်သည်။ စောစောက ဘိုးဘိုးက မမြင်သေးသော်လည်း ဇော်ထက်ကိုယ် ပြန်မမတ်ခင်လေးမှာ လှမ်းမြင်သွားသည်။



"ဟား မောင်ဇော်ထက်. . မြေးလေး မေသွယ်၊ စောစောစီးစီး အံ့ဩစရာတွေ လာတွေ့နေပါလား"

"ဟုတ်တယ်ဘိုးဘိုး၊ ချောချောလဲ အရမ်းကို အံ့ဩသွားတယ်"

တစ်ခါမှမမြင်စဖူး ဇော်ထက်တစ်ယောက် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်ကို မေသွယ် ထူးထူးဆန်းဆန်း မြင်လိုက်ရသည်။ ပြီးမှ ဣန္ဒြေရရ မျက်နှာထားသို့ ပြန်ပြောင်းသွားပြီ. . .

"ဘဘမြေးကို အပြင်သွားဖို့ ကျွန်တော် ခေါ်တာ၊ အဲဒါ ဘဘမြေးက မလိုက်ဘူးငြင်းနေလို့ အတင်းကပ်ပြီး ဖွတ်ခေါ်နေတာ ဘဘရဲ့"

"မေသွယ် မလိုက်ဘူးလို့ ဦးဇော်ကို ပြောပြီးပြီပဲ"

မေသွယ်က ဘိုးဘိုးကြားအောင် ပြောလိုက်သည်။

သို့သော် ဘိုးဘိုးက ကြားသည့်ပုံ မပြ။

"ကောင်းသားပဲမြေးရဲ့၊ လိုက်သွားလိုက်လေ၊ တစ်နေ့တစ်နေ့ ငါ့မြေးလည်း အိမ်ထဲကုပ်ပြီး ချိနဲ့တော့မယ်၊ သွား. . သွား၊ အေးအေးဆေးဆေးသာ လျှောက်သွား ဘိုးဘိုးကို နေကောင်းပြီလို့မှတ်ထားလိုက်၊ ဘာမှ နောက်ဆံမတင်းနဲ့"

ဇော်ထက်၏ အပြုံးကြည့်က ရောက်လာသည်။

"ကဲ. . သွား၊ ဆယ့်ငါးမိနစ်ပဲနော်၊ ကိုယ် ဘဘနဲ့စကားပြောပြီး စောင့်နေမယ်"

နောက်ဆုံးတော့ မေသွယ်ပဲ အရှုံးပေးလိုက်ရပြန်၏။

✦ ✦ ✦ ✦ ✦ ✦

## (၄)

"တောက်"

အခန်းထဲမှာ အဝတ်လဲရင်း မေသွယ် ဒေါသတွေပေါက်ကွဲနေမိသည်။ ဘိုးဘိုးကိုလည်း မကျေနပ်၊ ဘာမှ သေသေချာချာ နားမထောင်၊ မမေးမြန်းဘဲ ဇော်ထက်နောက် အတင်းထည့်သည်။ ခုချိန်မှာ ဒုက္ခရောက်နေသော သူ့ကုမ္ပဏီကို ကယ်တင်နိုင်ရန် ဇော်ထက်ကို မျက်နှာလို မျက်နှာရလုပ်ဖို့ကလွဲပြီး ဘာမှစဉ်းစားတော့ပုံ မရ။

ဒါမျိုးကြောင့် တစ်ခါတုန်းကလည်း မေသွယ် ရေတိမ်နစ်လုဆဲဆဲ ဖြစ်ခဲ့ရပြီးပြီ။ ခုလည်း သည်အချိုးပဲ ပြန်ချိုးသည်။

ထို့အတူ ဇော်ထက်ကိုလည်း မကျေနပ်။

သူကတော့ သူ့ကိုယ်သူ သိပ်ကျေနေမှာအမှန်။ ဟုတ်သည်လေ၊ ခုအချိန်မှာ သူက သူပြောသလို ဘိုးဘိုး၏ နိုင်ကွက်ကို အပိုင်ရထားပြီး မဟုတ်ပါလား။

ခုပဲကြည့်၊ ချောချောအပါအဝင် အားလုံး၏ရှေ့မှာ သူမကို ခေါ်ထုတ်ဖို့ ဘိုးဘိုးဆီက တရားဝင်ခွင့်ပြုချက် ရသွားပြီ။



ချောချောစိတ်ထဲမှာကော ဘယ်လောက် ခံစားရလိုက်ရမလဲ၊ ဘာပြောပြော မိန်းကလေးချင်း ကိုယ်ချင်းစာသည်။ ဘိုးဘိုးကို မလွန်ဆန်ရဲ၍သာ ငြိမ်နေလိုက်ရမည်။ ရင်ထဲမှာတော့ အူနုကျွဲခတ်ခံစားနေရမှာ အမှန်။

ပြီးတော့ မေသွယ်ကိုလည်း ချောချောဘယ်လောက် အထင်လွဲ နာကြည်းလိုက်ဦးမည် မသိ။

ဒါမျိုးတွေ မကြုံချင်လွန်း၍ မေသွယ် အဝေးကိုပြေးဖို့သာ စဉ်းစားနေခဲ့ခြင်းဖြစ်သည်။ ခုတော့ ဒါတွေပြောပြရင်တောင် ဘယ်သူမှ ယုံတော့မှာမဟုတ်။ ဒေါသဖြစ်ဖြစ်နဲ့ အဝတ်အစားကိုလည်း တကူးတက ရွေးချယ်မနေတော့။ မျက်စိထဲတွေ့ရာတွေသာ ကောက်လဲဝတ်လိုက်သည်။

မှန်ထဲပြန်ကြည့်ရင်း ရန်ကုန်တုန်းကထက်တောင် ပိုဆိုးသွားပြီဟု သိလိုက်သည်။ ကြုံရာဆွဲဝတ်လိုက်သဖြင့် အကျီက အိမ်နေသာ ဝတ်ဖို့ကောင်းတော့သော ခေတ်တုံးကာ ကြာပြီးဖြစ်သည့် စပို့ရှပ်အဖြူနှင့် အနက်ပတ်လည်စင်းကြီး ဝတ်ထားမိသည်။ ပုံပန်းတော့မကျ။ သို့သော် သည်လောက် စတိုင်လုပ်ချင်သည့် ပုဂ္ဂိုလ်ကို ဒါပဲဝတ်၍ ပညာပေးသင့်သည်ဟု ဆုံးဖြတ်ပြီး ပြန်လဲဖို့မစဉ်းစားတော့။

ဆံပင်ကိုပင် လှလှပပ၊ ထုံးနှောင် ပြင်ဆင်မနေတော့ဘဲ အလွယ်တကူနောက်မှစု၍ သာရေကွင်းနှင့် စည်းထားလိုက်သည်။ ထို့နောက် အခန်းထဲက ထွက်လာပြီး လှေခါးအတိုင်းဆင်းသည်။

"ဟင်"

လှေခါးပေါ်မှ ဆင်းလာရင်း နောက်ထပ်စိတ်ညစ်စရာတွေ့ရ ဦးမည်ဟု ကြိုသိပြီး စိတ်ပင်ပန်းစွာ သက်ပြင်းချလိုက်သည်။

လှေခါးရင်းတွင် တင်းမာခက်ထန်သော မျက်နှာနှင့် ချောချောက ရန်တွေ့ဖို့ စောင့်နေ၏။

+ + + + + +

"ကလေးနဲ့ပိုတူသွားအောင် ဒီလို ဝတ်လာပြန်တယ်ပေါ့လေ၊ ဟုတ်ပါတယ်၊ တူပါတယ်၊ တကယ့်ကို အပြစ်ကင်းစင်တဲ့ ကလေးလေးပဲ"

မေသွယ် ဝတ်စားလာပုံကြည့်ပြီး ချောချောက အပြတ်ရိတော့သည်။

"မဟုတ်ဘူးချောချော၊ မေသွယ် ရှင်းပြပါရစေဦး၊ ခုကိစ္စက"

"ဘာမှရှင်းပြနဲ့ မေသွယ်၊ နင်ဘာလုပ်တယ်ဆိုတာ ငါသိတယ်၊ အစကတည်းက နင့်မျက်လုံးတွေကို ငါမသင်္ကာလို့ ကြိုးစားခဲ့တာပဲ၊ ဒါပေမယ့် နင်က ငါ့ထက် ပိုချင်တော့ မဖြစ်ဖြစ်အောင်ကို လုပ်သွားတော့တာပေါ့"

"မေသွယ်တောင်းပန်ပါတယ် ချောချော၊ ဒီကိစ္စက ချောချော ထင်သလို မဟုတ်ဘူး"

"ဟား . . ဟား . . ငါ ထင်သလိုမဟုတ်ဘူး၊ ငါ မြင်သလိုပဲပေါ့၊ ဟုတ်လား"

"မဟုတ်တာတွေ လျှောက်မပြောနဲ့ ချောချော၊ မေသွယ်ဒီအလုပ်မျိုး ဝါသနာမပါဘူး၊ ရန်ကုန်မှာလဲ ကိုယ့်အလုပ်ကိုလုပ်တာ၊ ဘာမှ အလေလိုက်စရာအကြောင်းမရှိဘူး"



"အဲဒါဆိုလည်း ထွက်သွားလက်စနဲ့ ဟိုမှာပဲ နေလိုက်တော့ပါလား။ ဘာလို့ ပြန်လာသေးလဲ၊ အဘိုး သေလုမျောပါးဖြစ်တော့ အမွေမရမှာစိုးပြီး ပြန်လာ၊ အဘိုးကို မြူစူချင်ယောင်ဆောင်၊ အဘိုးလက်ထဲမှာ ဘာမှ သိပ်မကျန်တော့တာသိတော့ အဲဒါတွေ လက်လွှဲယူမယ့် ဖော်ထက်ကို တက်ချိုင်၊ နင် ပိုင်းလုံးမပဲ မေသွယ်"

"ချောချော တော်တော့"

"ဟင် မတော်နိုင်ဘူးကောင်မ၊ စောစောကတည်းက ဘိုးဘိုးရှိနေလို့ ဘာမှမပြောဘဲ ကြည့်နေခဲ့တာ၊ နင့်လဲ ကြည့်မရဘူး၊ ဟိုမြက်နု ပိုကြိုက်တဲ့ နွားအိုကောင်ကိုလဲ ကြည့်မရဘူး"

"ဟင်"

ချောချောစကားလုံးတွေက ပို၍ ကြမ်းတမ်းပြီး မိုက်ရိုင်းလာသဖြင့် မေသွယ် ဆက်နားမထောင်တော့ဘဲ ချာကနဲလှည့်ထွက်ခဲ့သည်။

ဆင်ဝင်အောက်ရောက်သောအခါ ခြံထဲမှာ ဘိုးဘိုးကို တွဲလျှောက်ရင်း စကားပြောနေသည့် ဖော်ထက်ကို တွေ့ရ၏။

+ + + + + +

တော့ စုံတွဲလျှောက်လည်တယ်လို့ ဘယ်သူမှထင်မှာမဟုတ်ဘူး၊ သား အဖနှစ်ယောက် ဘုရားလျှောက်ဖူးတယ်ပဲ အောက်မေ့ကြမှာပေါ့”

“ဘာထင်ထင် ဂရုမစိုက်ဘူး၊ မကျေနပ်ရင်ပြန်မယ်”

“အမယ်လေး . . . ကိုယ်က ပိုတောင် ဂရုမစိုက်သေးတယ်၊ ပြန်တော့ မပြန်ဘူး၊ ဒီထက် ပိုထင်သွားအောင်”

ဦးဇော်နော်၊ မဟုတ်က ဟုတ်ကတွေ လျှောက်မလုပ်နဲ့”

ဇော်ထက်က သူ့ဟာသူပြော၊ သူ့ဟာသူ တဟားဟားရယ်သည်။ တကယ်လည်း ထိုနေ့က ဘာစိတ်ကူးပေါက်သည်မသိ၊ တောင်ခြေကဟိုတယ်မှာ နံနက်စာ ဝင်စားသည်မှအပ နံနက်စာ မစားခင်ကော စားပြီးတော့ကော ဘုရားတွေချည်း လျှောက်သွားသည်။

မန္တလေးတောင်၊ မဟာမြတ်မုနိ၊ ကျောက်တော်ကြီး၊ ကုသိုလ်တော်တို့အပြင် စစ်တောင်းဘက်ကူး၍ စစ်ကိုင်းတောင်၊ ကောင်းမှုတော်၊ မုံရွာသံဗုဒ္ဓေ၊ ဗောဓိတစ်ထောင်စသည့်ဖြင့် တစ်နေကုန်ကို ဘုရားလျှောက်ဖူးသည်။

ပထမတော့ မေသွယ် စိတ်ညစ်ညစ်နှင့် ဘာတစ်ခုမှ စိတ်မဝင်စားခြင်းသော်လည်း ဘုရားများဖူးရင်း ပျော်လာသည်။

ဗောဓိတစ်ထောင်မှာ သနပ်ခါးတုံးတွေဝင်ဝယ်တော့ ပို၍ပင် ပျော်သွားသည်။ အပင်လိုက် အပင်လိုက်ရှိနေသော သနပ်ခါးများကို တစ်ပင်ပြီးတစ်ပင် ပိုင်းစိတ်ဖြတ်တောက်ပြီး တစ်ထမ်းတစ်ပိုး ဝယ်ခဲ့သည်။ မုံရွာဘက်က ပြန်လာတော့ ညနေတောင် အတော်စောင်းနေပြီဖြစ်၏။

\+ + + + + +

(၅)

“ဘာရယ်တာလဲ”

ခြံထဲမှာ ဘိုးဘိုးကို နှုတ်ဆက်ပြီး နှစ်ယောက်သား ထွက်ခဲ့သည်။ ကားပေါ်မှာ စူပုတ်ပြီးထိုင်လာသည့် မေသွယ့်ကို ဇော်ထက်က လှမ်းကြည့်လိုက်၊ ကိုယ့်ဖာသာ ရယ်လိုက်လုပ်နေသဖြင့် ကြာတော့ မေသွယ် မလုံမလဲဖြစ်ပြီးမေးလိုက်သည်။ ပြီးမှ . .

ဇော်ထက်က မေးခါမှ ရယ်လိုက်ပြန်သည်။ ပြီးမှ . . .

“အော် . . ကိုယ်နဲ့အပြင်ထွက်လည်ဖို့ မေသွယ် ပြင်လာတဲ့ ဒီဒိုင်းကိုကြည့်ပြီး သဘောကျလို့ပါ”

“ဘာဖြစ်လဲ၊ ကိုယ့်ဟာကိုယ် ကိုယ်ရှိတာကိုယ်ဝတ်တာပဲ”

“ဟုတ်ပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ ကိုယ်ကလဲ ဘာဝတ်လာမလို့ စိတ်ထဲထားတာမှ မဟုတ်ဘဲ၊ နှစ်ယောက်လည်ချင်တယ်၊ လည်ရရင်ပြီးတာပဲ၊ ဒါပေမယ့် ဟား . . ဟား . . ဟား . . ”

“လုပ်ပြန်ပြီ၊ ဒါပေမယ့် ဘာဖြစ်လို့ရယ်တာလဲ”

“အော်၊ ခုဟာက ကိုယ့်အရွယ် ကိုယ်ဝတ်ထားပုံနဲ့ မေသွယ့်အရွယ် မေသွယ်ဝတ်ထားပုံက လိုက်ဖက်တယ်မဟုတ်လား၊ အဲဒီ

"ပျော်လား မေသွယ်"

ကားပေါ်မှာ တစ်လမ်းလုံးလိုလို နောက်ခန်းမှ သနပ်ခါးအစည်းတွေကိုကြည့်လိုက်၊ သီချင်းလေး တအေးအေးဆိုလိုက် လုပ်လာသော မေသွယ့်ကို ကြည့်၍ ဇော်ထက်က မေးလိုက်သည်။

"အင်း . ."

အမှတ်တမဲ့ဖြတ်မေးလိုက်သည့်မို့ မေသွယ် စိတ်ထဲရှိသည့်အတိုင်း ခေါင်းညိတ်အဖြေပေးလိုက်သည်။ ပြီးမှ သတိရ၍ မျက်စောင်းထိုးပြီး . . .

"သူ့ကြောင့် မဟုတ်ပါဘူး၊ သနပ်ခါးတုံးတွေကြောင့်ပါ"

ဇော်ထက်က သဘောကျစွာရယ်သည်။

"ကိစ္စမရှိပါဘူး၊ ဘာကြောင့်ပျော်ပျော် ပျော်ဖို့အရေးကြီးပါတယ်၊ သနပ်ခါးတုံးတွေကလဲ ကိုယ့်ကျေးဇူးရှင်တွေပါ"

"ဘာဖြစ်တာလဲ"

"အော် . . သူတို့က မေသွယ့်ပါးလေးတွေကို ပိုမွှေးအောင်လုပ်ပေးကြမှာလေ"

"သွားပါ၊ အားရင် ဒါပဲစဉ်းစား၊ ဒါပဲလုပ်ဖို့ကြံနေတာပဲ၊ သူခိုးကြီး အလစ်သမားကြီး"

"အော် . . ဒီလိုလား၊ ဟုတ်ပဗျာ၊ တစ်ခါတလေ ခါးပြတိုက်သလို အိမ်ထဲအတင်းဝင်ပြီး လူကို ပြန်ပေးဆွဲခေါ်ထုတ် အပြင်ထွက်လည်သေးတယ်၊ ကိုယ် တော်တော်ဆိုးတာနော်"

"ဆိုးတယ်၊ ဆိုးတာမှ တာတေ့ကို လန်နေတဲ့ လူမိုက်ကြီး၊ လူဆိုးကြီး"



"ဟား . . ဟား . . ဟား"

ကလေးလိုဝတ်စားပြီးကလေးဆန်ဆန် ပြောနေသည့် မေသွယ့်ကိုကြည့်၍ ဇော်ထက်သဘောကျစွာ တဟားဟားရယ်သည်။

တောင်မြို့မှအထွက်တွင် ဇော်ထက်က မြို့ထဲဝင်သည့် လမ်းအတိုင်းမမောင်းတော့ဘဲ ရန်ကုန်-မန္တလေးလမ်းမဘက်ထွက် သည့် လမ်းခွဲအတိုင်း မောင်းလိုက်၏။

"ဒါက ဘယ်သွားဦးမလို့လဲ"

"နောက်တော့ တွေ့မှာပေါ့ ချာတိတ်ရဲ့၊ မုံရွာကနေ တောက်လျှောက်ကြီး မောင်းလာရတာ ရေငတ်တယ်၊ အအေးလေး ဘာလေး သောက်ဦးမှပေါ့"

"အင်း . . လုပ် . . လုပ်၊ ရှင်ကြီး စိတ်ကြိုက် စိတ်ချမ်းသာသလိုသာသွား၊ ကျုပ်ကို သန်းခေါင်လောက်ကျမှ အိမ်ပြန်ပို့တော့ကြားလား"

"ဟား . . ဟား အဲလောက်မကြာပါဘူး၊ မေသွယ်ရဲ့ ခဏပါ"

"ရတယ်၊ သန်းခေါင်အထိရတယ်လို့ ပြောပြီးနေပြီပဲ"

မေသွယ်၏ အငေါ့အထေ့များကို ဇော်ထက်က သဘောကျစွာ ရယ်ရင်းနှင့်ပင် မန္တလေးချမ်းမြေ့သာစည် လေဆိပ်နားမှ အဆင့်မြင့် စားသောက်ဆိုင်လေးတစ်ဆိုင်သို့ ရောက်လာသည်။ မီးရောင်စုံများ ထွန်းထားသည့် အပြင်ဘက် လသာဆောင်လေးမှ စားပွဲအဝိုင်းမှာ ထိုင်လိုက်ကြသည်။

ထိုအခါကျမှ ဇော်ထက်လည်း တစ်နေကုန် ပိတ်ထားသော ဆယ်လူလာဖုန်းလေးကို ပြန်ဖွင့်ပြီး စားပွဲပေါ် ချထားလိုက်သည်။

မေသွယ်က ဖုန်းကိုတစ်ချက်ကြည့်ပြီး ဇော်ထက် အအေးမှာနေခိုက် ပတ်ဝန်းကျင် ရှုခင်းများနှင့် အခြားစားပွဲများကို လှော်ကြည့်နေလိုက်သည်။

"ဟင်. . . ."

မမျှော်လင့်ဘဲ သူမတို့နှင့် မျက်စောင်းထိုးစားပွဲမှ လူ တစ်ယောက်နှင့် အကြည့်ချင်း သွားဆုံသည်။

မြင်မြင်ချင်း ချက်ချင်းမှတ်မိလိုက်သဖြင့် မေသွယ့်ရင်ထဲ ဒိုင်းခနဲ ဖြစ်သွားပြီး မျက်နှာလည်း သိသိသာသာပျက်သွားသည်။

ဝင်းကျော်။ ဝင်းကျော်မှ ဝင်းကျော်အစစ်ဖြစ်၏။

✦ ✦ ✦ ✦ ✦ ✦

(၆)

"မေသွယ် ဘာဖြစ်တာလဲ"

စားပွဲထိုးနှင့် အအေးမှာနေသဖြင့် ဘာမှမမြင်လိုက်ဘူးကင်ရသော်လည်းမဟုတ်။ ဇော်ထက်က မေသွယ် အမူအရာပျက်သွားသည်ကို ကောင်းစွာ သတိထားမိသည်။

စားပွဲထိုးထွက်သွားချိန်မှာ မေသွယ့်နားကပ်၍ ်တိုးတိုးမေးသည်။ ထိုအချိန်ထိလည်း မေသွယ့်မျက်နှာက သိသိသာသာပျက်နေဆဲ။ မျက်လုံးထဲမှာ ဒေါသရိပ်တွေ ဝင်နေသည်။ အောက်နှုတ်ခမ်းကို မသိမသာ ဖိကိုက်ထားသည်။

"ပြောလေ မေသွယ် ဘာဖြစ်တာလဲ"

"ဘာမှ မဖြစ်ပါဘူး"

သို့သော် ဘာမှမဖြစ်ဘဲတော့ ဒီလောက်အမူအယာမပျက်ဟု ဇော်ထက် သဘောပေါက်သည်။ ဘာမှထပ်မမေးတော့ဘဲ

မေသွယ့် ဒေါသမျက်လုံးများ ဦးတည်ရာနေရာကို ခဏစောင့်ကြည့်ပြီး အကဲခတ်သည်။

တွေ့သည်။ သူ့နေရာမှ လှမ်းကြည့်ပါက မေသွယ်လှမ်းကြည့်နေသည့်နေရာမှ လူကို ကောင်းစွာမြင်နိုင်သည်။

သည့်တော့မှ ထိုလူကလည်း မေသွယ့်ကို စပ်ဖြဲဖြဲပုံစံဖြင့် မျက်နှာပြောင်တိုက် လှမ်းကြည့်နေကြောင်း သတိထားမိသည်။

သူ့ကို ဇော်ထက် ကောင်းစွာသိ၏။

ဝင်းကျော်. . မန္တလေးက ဘဏ်ခွဲတစ်ခုကို ကိုင်ထားသူ။ ရုပ်ကလေးချောသော်လည်း အကျင့်မကောင်း၊ မိန်းမကိစ္စမှာ နာမည်ကြီးသည်။ ဘဏ်က ဝန်ထမ်းမိန်းကလေးအချို့ကို ငွေနှင့်မျှားပြီး ဖျက်ဆီးတတ်ကြောင်း လည်း စီးပွားရေးလောကမှာ လူသိများသည်။

ဝင်းကျော်နှင့် မေသွယ် ဘယ်လိုပတ်သက်နေလဲ။ သူငြိမ်သွားသည်နှင့် မေသွယ်ကလည်း သည်ကိစ္စကို ဇော်ထက် အကဲခတ်မိသွားပြီဖြစ်ကြောင်း သဘောပေါက်သည်။

ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ရှက်လည်းရှက်၊ နေရထိုင်ရတာလည်း ကျဉ်းကျပ်လာသည်။ သည်ကြားထဲ ဝင်းကျော်ဆိုသည့်ကောင်ကလည်း မချိုမချဉ်စပ် ဖြဲဖြဲမျက်နှာပြောင်ဖြင့် ပေါ်ပေါ်ထင်ထင် ကြည့်နေသည်။

"သွားရအောင် ဦးဇော်၊ မေသွယ် ဒီမှာ မနေချင်တော့ဘူး"

စိတ်ထဲမှာလည်း တစ်နေ့လုံးစိတ်ချမ်းသာသလို ဖြစ်လာခဲ့သမျှ ခုတစ်ထိုင်တည်းနှင့် ထိုစိတ်ချမ်းသာမှုများ ပျက်သုဉ်းသွားပြီဟု သိလိုက်သည်။ ဇော်ထက်က ဘာမှမပြော။ အေးအေးဆေးဆေး



ပင် ခေါင်းညိတ်၍ စားပွဲထိုးကို လှမ်းခေါ်ပြီး ဘီလ်တောင်းလိုက်သည်။

"တီ. . . တီ. . . တီ. . . တီ"

ထိုအချိန်ကျမှ စားပွဲပေါ်ရှိ ဆယ်လူလာဖုန်းကလည်း ကောက်မြည်လာ၏။

+ + + + + +

"ဟုတ်ကဲ့. . . ပြောပါ"

စားပွဲထိုးက ဘီလ်စာရွက်လေး ယူလာသည်။

ဇော်ထက်က ဖုန်းကိုကောက်ယူနားထောင်လိုက်သည်။

"ဟုတ်ပါတယ်"

"ဟုတ်ကဲ့. . ရှိပါတယ်"

"အော်. . . ဟုတ်ကဲ့ ဟုတ်ကဲ့ ခဏလေးနော်"

တစ်ဖက်စကားသံကို ပီပီသသမကြားရ။ ဇော်ထက် မျက်နှာပေါ်မှာ မျက်မှောင်တစ်ခုပေါ်လာပြီး နည်းနည်းစိုးရိမ်သောက ဖြစ်သွားပုံရသဖြင့် မေသွယ် စိတ်ဝင်စားသွားသည်။ ထိုစဉ် ဇော်ထက်က သူ့လက်ထဲမှဖုန်းကို မေသွယ့်ကို လှမ်းပေးလိုက်သည်။

"မေသွယ် ပြောလိုက်"

"ဘယ်သူလဲ"

"မမမြ"

အန်တီမြဆိုသဖြင့် မေသွယ် ထိတ်ခနဲဖြစ်သွားသည်။ ဖုန်း
ပဲ့ ကမန်းကတန်းလှမ်းယူပြီး အလောတကြီး မေးလိုက်သည်။

"အန်တီမြ ဘာဖြစ်လို့လဲ"

"မေသွယ်လား၊ ခုန ကိုဇော်ထက်ကိုတော့ ပြောပြီးပြီ၊ နှစ်
ယောက်စလုံး ချက်ချင်း ဆေးရုံကိုလာခဲ့ကြနော်၊ ဟိုတစ်ခါအခန်းပဲ၊
ဗစ်ကိုကြီး ဒုတိယအတက်ခံ ထပ်ရလို့"

"ဟင်"

"အရမ်းတော့ မစိုးရိမ်နဲ့၊ ဖြစ်တာ ညနေသုံးနာရီလောက်
က ဖြစ်တာ၊ ခုတော့ သတိနည်းနည်း ရနေပါပြီ"

"ဟုတ်ကဲ့ အန်တီမြ၊ သမီးတို့ အခုလာခဲ့ပါမယ်"

အန်တီမြက ဖုန်းချသွားသည်။

မေသွယ်က **End** ခလုတ်လေးကိုနှိပ်ပြီး ဇော်ထက်ကို
ပြန်ပေးလိုက်သည်။ ထိုအချိန်မှာ ဇော်ထက်က ငွေရှင်းပြီး၍ သွား
ကြတော့ရန် မတ်တပ်တောင် အဆင်သင့်ထရပ်ပြီးနေပြီ ဖြစ်၏။

✦ ✦ ✦ ✦ ✦ ✦

(၇)

စားသောက်ဆိုင်မှထွက်၍ ဆေးရုံသို့မောင်းလာသော ခရီး
မှာတော့ နှစ်ယောက်စလုံး ဘာစကားမှမပြောနိုင်တော့ဘဲ ငြိမ်သက်
လာကြသည်။

ကားပေါ်ကအဆင်းမှာ ဇော်ထက်က တံခါးဖွင့်ပေးပြီး
မေသွယ့် လက်ကလေးကို ဆုပ်ကိုင်ထားသည်။ ဘိုးဘိုးတက်နေသည့်
အခန်းဝရောက်မှ ကိုင်ထားသောလက်ကို လွှတ်သည်။

အခန်းထဲမှာတော့ ဘိုးဘိုးနှင့် သူနာပြုဆရာမ၊ အန်တီမြ၊
ချောချောအပြင် တိုက်ပုံတွေဝတ်ထားသည့် လူကြီး လေးငါးခြောက်
ယောက် ပါရှိနေသည်။

လူများလွန်းသဖြင့် မေသွယ့်စိတ်ထဲ ထိတ်ခနဲတောင် ဖြစ်
သွားသည်။ အန်တီမြ သုတ်သုတ်လေးပြေးလာသောအခါ မေသွယ်
အလောတကြီး မေးလိုက်သည်။

"ဘိုးဘိုး ဘယ်လိုနေလဲ အန်တီမြ"

"သတိရနေတယ် သမီး"

မေသွယ်က ဘိုးဘိုးအနားရောက်အောင် အပြေးကလေး

သွားလိုက်သည်။

"ဘိုးဘိုး"

"မြေးလား"

"ဟုတ်ပါတယ် ဘိုးဘိုး၊ ဘိုးဘိုး နေသာရဲ့လား"

"ကောင်းတယ်မြေး၊ မြမြကို ခေါ်စမ်း"

မေသွယ်က အန်တီမြကို လှမ်းခေါ်လိုက်သည်။

အန်တီမြ ပြေးလာသည်။

"မြမြ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"အခန်းထဲကလူတွေအကုန် အပြင်ထွက်ခိုင်းလိုက်၊ မြေးပဲ နေခဲ့"

"ဟုတ်ကဲ့"

အန်တီမြက အလုံးစုံစီမံခန့်ခွဲရေးမှာ ကျွမ်းကျင်နေပြီဖြစ် သည့်အလျောက် အိမ်သားများအပါအဝင် လူအားလုံးကို တိုးတိုး တိုးတိုးပြောပြီး သူပါ အပြင်ထွက်သွားသည်။ ခဏကြာသောအခါ အခန်းထဲမှာ တိတ်ဆိတ်သွား၏။

ဘိုးဘိုးက အသံများကို ငြိမ်နားထောင်သည်။ ဖွင့်ထားသော လေအေးစက်မှလွဲ၍ အခြားအသံ အားလုံးငြိမ်သက်သွားမှ . . . .

"ဘယ်သူရှိသေးလဲ မြေး"

"မရှိပါဘူးဘိုးဘိုး၊ မေသွယ်တစ်ယောက်တည်း ရှိပါတော့ တယ်"

"အင်း . ."

ဘိုးဘိုးက ခဏငြိမ်လိုက်သေးသည်။ ပြီးမှ မျက်လုံးဖွင့်ပြီး



မေသွယ့်ကို တစ်ချက်ကြည့်ပြီး . .

"မောင်ဇော်ထက်နဲ့ ငါ့မြေးတို့နှစ်ယောက် ကြိုက်နေကြပြီ မဟုတ်လား"

မေသွယ် မျက်လုံးမှိတ်လိုက်မိသည်။ မျှော်လင့်မထားသော မေးခွန်း၊ ဘယ်လိုမှ ထင်မထားသည့် အကြောင်းအရာဖြစ်သည်။ မနက်က သူမြင်သွားသော မြင်ကွင်းနှင့်လည်း ဆက်စပ်လိမ့်မည်ဟု တွေးမိသည်။

မေသွယ် ဘိုးဘိုးကိုတော့ မညာချင်၊ အထူးသဖြင့် ဒီအချိန် မျိုးမှာ မညာသင့်။ ဇော်ထက်နှင့်ပတ်သက်သည့် အခြားခံစားချက် များအတွက် ရင်ထဲမှာ နာကျင်သွားမိသော်လည်း သူမ ခေါင်းညိတ်ပြ လိုက်သည်။

"ဟုတ်ပါတယ် ဘိုးဘိုး"

ဘိုးဘိုးက ဘာမှမပြောဘဲ ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီးမှ . . .

"သူ့ကိုသွားခေါ်လိုက်မြေး၊ အင်း . . မြမြကိုပါ ခေါ်ခဲ့"

"ဟုတ် . . . ဟုတ်ကဲ့"

ဘာတွေ ဘယ်လိုဖြစ်နေမှန်းတော့ မေသွယ်မသိ။ သို့သော် ရင်ထဲမှာ စိုးရိမ်ပူပန်မှုများက မငြိမ်မသက်ဖြစ်နေဆဲမို့ ဘာမှလည်း မစဉ်းစားနိုင်။ အခန်းပြင်သို့သာ ခပ်သွက်သွက် ထွက်လာခဲ့၏။

"အန်တီမြနဲ့ ဦးဇော်နဲ့ နှစ်ယောက် လာခဲ့ပါဦးတဲ့"

မေသွယ့်စကားအဆုံးမှာ ဇော်ထက်နှင့် အန်တီမြက ခေါင်း ညိတ်ပြပြီး အားလုံးစုပြီးရပ်နေသောနေရာမှနေ လျှောက်လာသည်။

မေသွယ်ကတော့ ချာခနဲလှည့်၍ ပြန်ဝင်ခဲ့၏။ တဖြည်း

ဖြည်းနှင့် မေသွယ်မျက်လုံးမှ မျက်ရည်တွေ ကျလာပြီဖြစ်သည်။ ဘိုးဘိုး လုပ်နေတာက ဘယ်လိုကြီးမှန်းမသိ။ သေဆုံးခါနီးလူတွေ တစ်ယောက်ပြီး တစ်ယောက်မှာနေတာနဲ့တူနေသည် မဟုတ်ပါလား။ မေသွယ် ပြန်ရောက်လာချိန်မှာ ဘိုးဘိုးက မျက်လုံးပိတ်ပြီး ငြိမ်သက်နေသည်။ မေသွယ် အရမ်းလန့်သွား၏။

"ဘိုးဘိုး"

သို့သော် ဘိုးဘိုးက မျက်လုံးပွင့်လာသည်။ မေသွယ်တို့ကို လှမ်းကြည့်သည်။ မေသွယ့်ဘေးနားမှာ ဇော်ထက်ရပ်နေသည်ကို တွေ့မှ...

"အင်း..ကောင်းတယ်"

ဘိုးဘိုးက နှစ်ယောက်စလုံးကို သေချာကြည့်ပြီး ခေါင်း ညိတ်လိုက်သေးသည်။ ပြီးမှ...

"ဘိုးဘိုးပြောတာ သေချာနားထောင် မြေး၊ ဘိုးဘိုး ကျန်းမာ ရေး အခြေအနေကလည်း ဘယ်လိုမှန်း မသိဘူး"

"မဟုတ်ဘူး ဘိုးဘိုး၊ စကားတွေအများကြီး မပြောပါနဲ့ ဘိုးဘိုး ပြောချင်ရင် နေကောင်းမှ ပြောပေါ့"

"မဟုတ်ဘူး အခုပြောရမှာ.. မြမြ"

"ရှင်...အစ်ကိုကြီး"

"ဒအားလုံးအဆင်သင့်လုပ်ပြီး ဟိုလူတွေပါ ခေါ်လာခဲ့"

မေသွယ် ဘာကိုမှ နားမည်တော့။

"ဘိုးဘိုး ဘာတွေလဲ၊ ဘာလုပ်မလို့လဲ"

"မြေး မောင်ဇော်ထက်ကို လက်ထပ်ရမယ်"

"ရှင်..."



"ဟုတ်တယ် မြေး၊ မြေးမေမေ သမီးတုန်းက ဘိုးဘိုး ဒီလို မလုပ်နိုင်ခဲ့လို့ စိတ်ဆင်းရဲစရာတွေ အများကြီးဖြစ်ခဲ့တယ်၊ မြေးမှာ ဒီလို အဖြစ်မခံနိုင်ဘူး"

"ဘိုးဘိုး"

"ဟုတ်တယ် ဘဘ၊ စကားတွေအများကြီး မပြောပါနဲ့၊ မေသွယ် ကျွန်တော်နဲ့ လက်ထပ်မှာပါ၊ ဟုတ်တယ် မဟုတ်လား မေသွယ်။ ဘိုးဘိုး စိတ်ချသွားအောင် ဟုတ်တယ်လို့ ပြောလိုက်လေ"

"ဟုတ်..ဟုတ်ကဲ့ပါ ဘိုးဘိုး"

"အေး..အဲဒါဆို သွားလက်မှတ်ထိုးလိုက်ကြ"

မေသွယ် အံ့သြစွာ လှည့်ကြည့်လိုက်၏။

စောစောကထိုင်နေသော တိုက်ပုံနှင့်လူများမှာ တရားသူကြီးနှင့် သက်သေလူကြီးများပါတကား။

✦ ✦ ✦ ✦ ✦ ✦

"သာဓု...သာဓု...သာဓု"

ကန်တော့နေသော ဇော်ထက်နှင့်မေသွယ့်ကို ကြည့်လိုက်၊ အသိသက်သေအပြည့်အစုံနှင့် လက်မှတ်ရေးထိုးပြီးသော လက်ထပ် စာချုပ်ကိုကြည့်လိုက်လုပ်ပြီး ဘိုးဘိုးက ပြုံးသည်။ထို့နောက်မေသွယ် တို့နှစ်ယောက်ကို ထခိုင်းလိုက်ပြီး လက်ထပ်စာချုပ်ကို ဇော်ထက် လက်ထဲ လှမ်းပေးရင်း .....

"မောင်ဇော်ထက်"

"ဟုတ်ကဲ့...ပြောပါဘဘ"

"မြေးကို တစ်ခါတည်း ခေါ်သွား၊ မြမြ အိမ်မှာ အားလုံး
အဆင်သင့် လုပ်ခိုင်းထားပြီးပြီ၊ မြေးလည်း လိုက်သွားလိုက်နော်"

"ဟုတ်ကဲ့ ဘဘ"

"နေပါဦးဘိုးဘိုး၊ မေသွယ်က ဘယ်လိုက်သွားရမှာလဲ"

"ဟာ. . မေသွယ်ကလည်း ကိုယ့်အိမ်ကိုပေါ့၊ စိတ်ချဘဘ၊
အားလုံး ကျွန်တော်အဆင်ပြေအောင် လုပ်လိုက်မှါမယ်၊ ဘဘ
ားတော့၊ ဘာမှစိတ်မပူနဲ့"

ဘိုးဘိုးက ခေါင်းညိတ်၍ မျက်လုံးပြန်မှိတ်သွားသည်။ မေ
သွယ်က ပျာပျာသလဲနှင့်. . .

"နေပါဦး"

ဆိုပြီး ဇော်ထက်ကို တစ်ခုခုမေးရန် ပြင်သည်။

"ရှူး"

ဇော်ထက် စကားမပြောတော့ရန် သတိပေးပြီး မေသွယ့်ကို
ဘိုးဘိုးနားမှ ဆွဲခေါ်လာခဲ့သည်။ အပြင်ရောက်သည်နှင့် အန်တီမြ
က. .

"မမမြအိမ်မှာ အားလုံးအဆင်သင့် လုပ်ခိုင်းထားပြီးပြီ
မောင်ဇော်ထက်၊ မောင်ဇော်ထက် သမီးကိုခေါ်ပြီး အိမ်သွားလိုက်
တော့"

"ဟုတ်ကဲ့ မမမြ"

"နေပါဦး အန်တီမြ၊ သမီးက ဘာဖြစ်လို့ လိုက်သွားရမှာလဲ၊
ပြီးတော့ ဘိုးဘိုးကျန်းမာရေးကလည်း ရှိသေးတယ်"

အန်တီမြက ပြုံးပြီး . . . . .

"သမီး လိုက်သွားလိုက်ပါ၊ ဘိုးဘိုးကိစ္စ မပူနဲ့၊ အန်တီမြရှိ



တယ်၊ အကြောင်းရှိရင် သမီးတို့ဆီ ဖုန်းဆက်လိုက်မယ်၊ အော်. . ဒီ
ကိစ္စ အန်တီမြလည်း အရမ်းဝမ်းသာတယ်၊ သမီးတို့ အိုအောင်မင်း
အောင် ပေါင်းရပါစေကွယ်"

"ကျေးဇူးတင်ပါတယ် မမမြ၊ ကဲလာ မေသွယ်၊ ကိုယ်တို့
မေသွယ့်အိမ်အရင်သွားရအောင်"

ခုထိ အိပ်မက်လိုလို၊ တကယ်လိုလိုနှင့် ယောင်ဝါးဝါးဖြစ်
နေသေးသော မေသွယ်၊ ဇော်ထက် ဆွဲခေါ်ရာနောက် ပါသွားပြန်
သည်။ မေသွယ့်ခေါင်းထဲ ပထမဆုံး သတိရမိသည်က ချောချော။
ချောချောကို ကမန်းကတန်း လိုက်ရှာ၏။ ဘယ်အချိန်က ချောချော
ပျောက်သွားသည်မသိ။ ဆေးရုံပေါ်မှာ မရှိတော့။

✦ ✦ ✦ ✦ ✦ ✦

## (၈)

ဆေးရုံရှေ့မှနေကာ မောင်းထွက်လာသည်အထိ လက်ရှိဖြစ်နေသော အခြေအနေများကို မေသွယ်တစ်ယောက် မယုံကြည်နိုင်အောင် ဖြစ်နေသည်။

ဘာမှ မကြာလိုက်သော အချိန်ပိုင်းလေးတစ်ခုအတွင်းမှာ ဘဝအတွက် အရမ်းအရေးကြီးသည့် အခြေအနေတစ်ခု အပြောင်းအလဲဖြစ်သွားနိုင်သလား။ မယုံနိုင်ခြင်းများစွာဖြင့် ဇော်ထက်ကို စကားစလိုက်သည်။

"ဦးဇော် 'ဘိုးဘိုးရှေ့မှာ လုပ်ပေးခဲ့တာက တကယ်လား၊ ဒါမှမဟုတ် ဘိုးဘိုး စိတ်ကျေနပ်အောင် လုပ်ပေးခဲ့တာလား"

ဇော်ထက်က ရယ်သည်။ သို့သော် ရယ်သံကတစ်မျိုးတော့ ဖြစ်နေသည်။

"ဒါ ကလေးကစားတာမှမဟုတ်ဘဲ မေသွယ်၊ တကယ်ပေါ့"

"ဒါဖြင့်ရင် ဦးဇော်နဲ့ မေသွယ်"

"ဟုတ်တယ် မေသွယ်၊ ကိုယ်နဲ့မေသွယ်က တကယ့်ကို တရားဝင် လင်မယားတွေ ဖြစ်နေကြပြီ၊ ဒါကြောင့် ကိုယ့်အိမ်ကို တစ်ခါ



တည်း ခေါ်သွားဖို့ အခုပစ္စည်းတွေ လိုက်ယူတာပေါ့"

"မေသွယ်က ရန်ကုန်လိုက်ခဲ့ရမှာလား"

"မဟုတ်ပါဘူး၊ မန္တလေးမှာ ကိုယ့်အိမ်တစ်လုံး ရှိတာပဲ၊ ကိုယ်တစ်ခုတော့ မေသွယ့်ကို တောင်းပန်ပါတယ်"

"ဘာလဲ"

"အမှန်တော့ ကိုယ် မေသွယ့်ကို ဒီလိုပုံစံမျိုးနဲ့ ကတိုက်ကရိုက် ယူချင်တာမျိုး မဟုတ်ပါဘူး၊ ဦးဘသွယ်ရဲ့ ဆန္ဒဆိုတော့"

"သိပါတယ်၊ ဘိုးဘိုးက အတင်းပေးစားလို့ မလွှဲမကင်းသာ ယူလိုက်ရတာ မဟုတ်လား"

"မေသွယ် ဘယ်လိုအဓိပ္ပါယ် နားလည်သွားတာလဲ၊ ကိုယ်ပြောချင်တာက ဆေးရုံပေါ်မှာ ကမန်းကတန်း လက်မှတ်ထိုးလိုက်ရတာမျိုး မယူချင်ဘူးပြောတာ၊ ကိုယ်ယူချင်တဲ့ပုံစံက ဟိုတယ်တစ်ခုခု ဒါမှမဟုတ် ခမ်းခမ်းနားနားနေရာတစ်ခုမှာ ကျကျနနမင်္ဂလာဆောင်ချင်တာကို ပြောတာ၊ ဒါပေမယ့် ဒီကိစ္စလဲ ခုထက်ထိ မလျှော့သေးပါဘူး၊ ဦးဘသွယ် နေကောင်းသွားရင် မင်္ဂလာဧည့်ခံပွဲ တစ်ခု ကျကျနန လုပ်ဦးမှာပါ"

မေသွယ် လိုချင်သည်မှာ ထိုကဲ့သို့ ပကာသနတွေမဟုတ်ဆိုသည်ကို သူဘယ်လိုမှ နားလည်မည် မဟုတ်။ တဖြည်းဖြည်းနှင့် စဉ်းစားရင်း ခုကိစ္စကိုလည်း ဝင်းကျော်တုန်းက ဘိုးဘိုးထည့်ပေးသလို ထည့်ပေးလိုက်တာမျိုးဟု ခံစားလာရသည်။

ကုမ္ပဏီကိစ္စ ဇော်ထက်ဆီက အကူအညီရဖို့ ချစ်တီးလက်ထိုးအပ်သလို အပ်ပေးလိုက်တာပဲဖြစ်သည်ဟု သဘောပေါက်လာသည်။

"ကိစ္စမရှိပါဘူး ဦးဇော်၊ ဘာမှ ကြီးကြီးကျယ်ကျယ်တွေလည်း
ပုပ်မနေပါနဲ့၊ ခုဟာက ဘိုးဘိုးဆန္ဒအရ လက်ထပ်ကြတာပဲ၊ ဦးဇော်လို
ျင်လို့မှ မဟုတ်တာ၊ နောက်တော့လည်း အခြေအနေကြည့်ပြီး
ွာရှင်းလိုက်ကြမှာပဲ မဟုတ်လား"

"မေသွယ်. . မင်းကို ကိုယ်လိုချင်ပါတယ်လို့ ဘယ်နှစ်ခါ
ပြာရမလဲ၊ ကွာရှင်းဖို့စကား လာမပြောနဲ့၊ ဘယ်တော့မှ ကွာရှင်း
ာယ် ဆိုတာ ရှိမှာမဟုတ်ဘူး"

"ဟင့်အင်း. . မယုံဘူး၊ ယုံလည်း မယုံဘူး၊ ဦးဇော်နဲ့ ပေါင်း
ာည်း မပေါင်းနိုင်ဘူး၊ ဦးဇော် မေသွယ့်ကို လုံးဝထိပါးဖို့ မကြိုးစားနဲ့"

မေသွယ့်စကားအဆုံးမှာ ဇော်ထက် တဟားဟားရယ်
ာည်။ဘာမှတော့ ထပ်မပြော။ မကြာမီကားက ဘိုးဘိုးအိမ်ကြီးရှေ့
ရာက်လာ၏။

✦ ✦ ✦ ✦ ✦ ✦

"အန်တီမြ ဖုန်းဆက်ထားလို့ ကျွန်တော်တို့ ပစ္စည်းတွေ
ဆင်သင့် လုပ်ထားတယ် မမလေး၊ အဲ့ဆွဲထဲက ရတနာပစ္စည်းတွေ
တော့ သီးခြားသေတ္တာတစ်ခုနဲ့ အန်တီမြက ထည့်ထားခိုင်းပါတယ်၊
ဒါတွေကိုတော့ မမလေးစစ်ပြီးမှ ယူသွားပါလို့လဲ မှာထားပါတယ်"

အိမ်ရောက်ချိန်မှာ အိမ်တံခါးဝတွင် အိမ်မှုအိမ်ဖော်နှင့်
လုပ်သမားလေးများ တန်းစီစောင့်ရပ်နေသည်။ အဝတ်အစား
ည့် သားရေအိတ်ကြီးများကိုလည်း ဧည့်ခန်းကြမ်းပြင်မှာ တန်းစီ



ချထားသည်။

စားပွဲပေါ်မှာတော့ ရတနာပစ္စည်းများ ထည့်ထားဟန်တူ
သည့် အတက်ချိုကေ့စ်တစ်ခု။

"ဟုတ်ပြီ. . ရတနာသေတ္တာကလွဲရင် ကျန်တာတွေ ကား
ပေါ်တင်လိုက် ကောင်လေး"

"ဟုတ်ကဲ့"

အမိန့်ပေးသူက မေသွယ်မဟုတ်၊ နောက်မှ ကပ်ပါလာသော
ဇော်ထက်က ဝင်အမိန့်ပေးလိုက်ခြင်းဖြစ်သည်။

မေသွယ် ဒေါသဖြင့် ချာခနဲလှည့်ကြည့်သည်။ ဇော်ထက်
က သူမ ဒေါသကို နည်းနည်းလေးမှ အသိအမှတ်မပြု။ ခပ်အေး
အေးပင် ပြန်ကြည့်ရင်း. . .

"ပစ္စည်းတွေ မေသွယ် သွားစစ်လိုက်၊ အဲဒီသေတ္တာကို
သတ်သတ်ဖယ်ထား၊ နောက်နေ့ကျရင် မမမြဆီ ပြန်ပို့ပေးလိုက်မယ်၊
အဲဒါတွေ မလိုဘူး၊ မေသွယ်ဝတ်ဖို့ ကိုယ်ဆင်မယ်"

မေသွယ် တင်းသွားပြန်သည်။ မျက်စောင်းထိုးပြီး. . .

"မလိုပါဘူး၊ ကိုယ့်ပစ္စည်းနဲ့ကိုယ် ရှိနေတာပဲ၊ ပြန်လဲ မပို့နိုင်
ဘူး"

ခပ်ဆတ်ဆတ်ပြော၍ ဆောင့်ဆောင့်နှင့် အပေါ်ထပ် တက်
ခဲ့သည်။

"အဲဒါ ဘယ်သွားဦးမလို့လဲ"

"အခန်းထဲ ခဏသွားမလို့"

"အခန်းထဲမှာ ဘာမှမရှိတော့ဘူး မမလေး"

အရေးထဲ အလိုက်ကမ်းဆိုး မသိသော အလုပ်သမားလေး

ဝင်လျှာရှည်ပြန်သည်။ မေသွယ် ဆတ်ခနဲလှည့်ကြည့်ပြီး. . .
"ရှိရှိမရှိရှိ ငါ့ဟာငါ၊ ငါ့အခန်း ငါကြည့်ချင်လို့သွားတာ၊
စပ် ဝိတ်ထား၊ ဘယ်သူမှ ဘာမှမရှည်နဲ့"
တစ်ခါမှ အဲလောက်မဟောက်စဖူး၊ မကြမ်းစဖူး ပွဲကြမ်း
မိသည်။ လျှာရှည်လိုက်သည့်ကောင်လေးလည်း အသာဇက်ပု
း၏။ ဇော်ထက်က ဘာမှဝင်မပြောတော့ဘဲ တဟားဟားရယ်၍
့်ခန်းဆိုဖာပေါ် ထိုင်ချလိုက်သည်ကို မေသွယ် လှမ်းမြင်လိုက်ရ
ည်။
မေသွယ် လှေခါးအတိုင်း တက်လာခဲ့၏။ ဖြစ်ပုံတော့ ပြော
မပြောချင်။ လှေခါးပေါ်တက်လာရင်းကျမှ သူမကိုယ်သူမ သတိ
းမိ၏။
သည်နေ့လို ကလေးကလားဝတ်စုံ၊ ခပ်နွမ်းနွမ်း၊ ခပ်
ဘင်းဟောင်း ဝတ်မိသည့်နေ့ကျမှ နယ်စုံဘုရားတွေလည်း လှည့်
ရသည်။ ပြီးတော့ နေ့မကူးခင် မင်္ဂလာလည်း ဆောင်လိုက်ရသေး
ည်။
ကောင်းရော. . မိမေသွယ်။ နင့်ဘဝကြီးက ဘာလဲ၊ အရူး
ရုံကြီးထဲ ရောက်နေတာနဲ့ မတူဘူးလားဟု စိတ်နာနာနှင့် တွေး
က်မိ၏။

\+ + + + + +

(၉)

အခန်းထဲပြန်ရောက်ချိန်မှာ ရင်ထဲ ဟာသွားသည်။
ဘာကြောင့်မှန်းမသိ။ ဟာလာဟင်းလင်းဖြစ်နေသော
အခန်းကြီးကို ကြည့်ပြီး ငိုချင်လာသည်။
အိမ်ကနေ သုံးနှစ်ကျော် လုံးဝ အဆက်ဝေးကွာသွားချိန်က
တောင် သည်အခန်းလေးက ပုံစံမပြောင်းခဲ့။ အိမ်သားတစ်ယောက်
ိသားစုဝင်အဖြစ် တည်ရှိနေသည့် သဘောဖြစ်သည်။ ခုတော့ အိမ်
သားတစ်ယောက်အဖြစ်မှရော၊ မိသားစုဝင်အဖြစ်မှလည်းကောင်း
အပြီးဖယ်ထုတ်လိုက်လေပြီ။
အလှပြင်ပစ္စည်းများ ကင်းနေသည့် မှန်တင်ခုံလေးရှေ့မှာ
ထိုင်ရင်း မျက်ရည်တွေတွေ ကျမိသည်။ ထိုစဉ် အခန်းတံခါးပွင့်လာ
သည်ကို မှန်ထဲမှာ မြင်လိုက်ရသည်။ ဇော်ထက် လိုက်လာပြန်ပြီထင်
သည်ဟု တွေး၍ ဒေါသနှင့် ဆတ်ခနဲလှည့် ကြည့်သည်။
"ဟင်. . . ချောချော"
အခန်းထဲဝင်လာသူမှာ ချောချောဖြစ်၏။ ချောချောအိမ်မှာ
ရှိနေသည်ပဲ။ ချောချောက အခန်းထဲရောက်သည်တွင် အခန်းတံခါး

ကို ကျောနှင့်ဖိပြီး ပြန်ပိတ်လိုက်သည်။

"ဟုတ်တယ်၊ ငါပဲ မေသွယ်၊ ဒါရိုက်တာဦးဘသွယ် ရိုက်ကူးပြီး နင်နဲ့ ဇော်ထက်တို့ ပါဝင်သရုပ်ဆောင်ခဲ့ကြတဲ့ အရှက်မရှိ မင်္ဂလာအခမ်းအနားကြီးမှာ ငါမပါဘဲ အိမ်ပြန်ခဲ့တာကို တောင်းပန်ဖို့ လာခဲ့တာပါ"

"မေသွယ် သဘောပေါက်ပါတယ် ချောချောရယ်၊ အဲဒါကြီး ဖြစ်လာတဲ့အချိန်မှာ ချောချောအတွက် မေသွယ် တကယ် စိတ်မကောင်း ဖြစ်မိတာပါ"

ချောချောက နာကျင်စွာ တစ်ချက်ရယ်သည်။

"စိတ်မကောင်းဖြစ်မိတယ်ဟုတ်လား၊ နင်တော်တော် ပလီနိုင်တဲ့ မိန်းမပဲ မေသွယ်၊ နင့်ရုပ်လေးနဲ့ မလိုက်အောင် အင်မတန် ဉာဏ်များပါလား"

"အထင်မလွဲပါနဲ့ ချောချောရယ်၊ ဒီကိစ္စ မေသွယ် ဘာမှ မသိပါဘူး၊ ဘိုးဘိုး ခုလိုဖြစ်နေတဲ့အချိန်မှာ မငြင်းသာလို့"

"တော်စမ်းပါတော့ မေသွယ်၊ နင် ငါ့ကို ဘာမှ လာသရုပ်ဆောင်ပြမနေနဲ့၊ ဒီပွဲမှာ ဘယ်သူမှ နင့်ကို အကယ်ဒမီမပေးဘူး၊ ဒီကိစ္စတစ်ခုလုံး ဖြစ်လာခဲ့တာဟာ နင့်အကြံချည်းပဲ၊ အဘိုးကြီး ဒီလိုဖြစ်ပြီဆိုတာနဲ့ နင့်အကွက်ပဲဆိုပြီး ပြန်လာ၊ အဘိုးကြီးကို အရမ်းချစ်တဲ့ပုံစံနဲ့ အနားက မခွဲဘဲ ပြုစု၊ အဘိုးကြီးကလည်း နင့်ကို အဟုတ်ထင်၊ ငါသေသွားရင်တော့ ငါ့မြေးလေး ဒုက္ခရောက်တော့မှာပဲဆိုပြီး သူ့ကုမ္ပဏီနဲ့အတူတူ နင့်ကို တစ်ပါတည်း ထည့်ရောင်း၊ ဟိုတစ်ယောက်ကလည်း ကုမ္ပဏီလိုချင်တော့ နင့်ကိုပါ ထည့်ဝယ်"

"နေပါဦး ချောချော၊ အဲဒါ ဘာတွေလဲ၊ မေသွယ် ဘာမှ



မသိဘူး"

"ဘာလို့မသိရမှာလဲ မေသွယ်၊ နင် ဒီလောက်အစရာအကြောင်း မရှိဘူး၊ အေး. . မသိရင်လဲ ပြေပြလိုက်မယ်၊ ခုကိစ္စက ရှင်းရှင်းလေး၊ အဘိုးကြီးက အဲဒီကုမ္ပဏီနဲ့လုပ်ငန်းအားလုံး ဇော်ထက်ကို ရောင်းလိုက်ပြီးရင် ကျွေးတွေဆပ်တာနဲ့ သူ့မှာဘာမှ ကျန်မှာမဟုတ်ဘူး"

"အဲဒါ တကယ်အမှန်ပဲလား ချောချော"

"မှန်လွန်းလို့ ဟိုဘက်တောင် လွန်နေသေးတယ် မေသွယ်၊ ဒီထက်မှန်တာ ပြောရဦးမလား၊ အဲကယ်၍သာ သူ့နှလုံးပြဿနာ ထမတက်ရင် အဲဒါတွေရောင်းတဲ့ပစ္စည်းဟာ နင်မဟုတ်ဘူး. . ငါ။ ဒါကြောင့် ဇော်ထက်က ငါ လက်ထပ်ရမယ့်သူလို့ နင့်ကိုပြောခဲ့တာပေါ့၊ ဒါပေမယ့် သူလည်း နှလုံးထဖောက်လို့ နင်လည်းရောက်ရော၊ နင် အပြုစု အချွဲအပြစ်ကောင်းတာနဲ့ ငါ့နေရာမှာ နင့်ကို ချက်ချင်း အပြောင်းအလဲ လုပ်ပစ်လိုက်တယ်၊ ငါ့ကိုတော့ ဘာဖြစ် ဖြစ်ပေ့ါလေ"

"မလုပ်ပါနဲ့ ချောချောရယ်၊ ဘိုးဘိုးက တို့အဘိုးပါ"

"အဘိုးဆိုရင် အဘိုးလို စဉ်းစားပေါ့၊ မြေးချင်းအတူတူ ငါ့ကျတော့ သူက ဘာဖြစ်လို့ နင့်လို သဘောမထားလဲ"

"မဟုတ်ဘူး ချောချော၊ မေသွယ် ရှင်းရှင်းပဲပြောမယ်၊ ချောချော ကိုဇော်ထက်ကို ချစ်လား"

"ချစ်လား. . ဟုတ်လား၊ အချစ်ဆိုတာ နင်တို့လို အရူးမတွေပဲ ပြောတဲ့စကား၊ ငါ ဒါတွေစိတ်မဝင်စားဘူး၊ ငါ စိတ်ဝင်စားတာ ဇော်ထက်နဲ့ယူရင် ငွေရှိမယ်၊ ဩဇာရှိမယ်၊ လက်ရှိ ငါ့အမေပိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေထက် အများကြီးသာတဲ့ လုပ်ငန်းတွေ ငါလုပ်

ဒ္ဓိရမယ်၊ ငါ့အပိုင်းက ဒါပဲ"
"မဟုတ်ပါဘူး၊ ကိုဇော်ထက်ကို ချောချော တကယ်ချစ်တာ
ဝိုရင် မေသွယ် ခုချက်ချင်း ဘိုးဘိုးကော ကိုဇော်ထက်ကိုကော
ပြောပြီး မေသွယ်နဲ့ ချောချော လူချင်းပြန်လဲလိုက်မယ်၊ ကိုယ့်ကိုမ
ျစ်တဲ့ လူတစ်ယောက်ကို တစ်သက်လုံးလက်တွဲဖို့ မေသွယ် လုံးဝ
စဉ်းစားပါဘူး"
"မလိုပါဘူး မေသွယ်၊ ငါ့ဘက်ကလဲ အဲလောက် သိက္ခာ
ခကျမခံနိုင်ပါဘူး၊ ခုလဲ နင့်ကို မကျေနပ်လို့သာ ပြောနေတာပါ။
ဇာ်ထက်ကို ငါ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ငါ ရအောင်ပြန်ယူပြဦးမှာ
ါ၊ များများစောင့် စရာမလိုဘူး၊ ခဏပါပဲ"
"ချောချော ဘာကိုဆိုလိုတာလဲ"
"ရှင်းပါတယ်၊ သူကလည်း နင့်ကိုလိုချင်လို့ ယူထားတာမှ
ဟုတ်တာ၊ ငယ်ငယ်ရွယ်ရွယ် ချောချောလှလှ နင့်ကို ခဏတဖြုတ်
းလိုက်လို့လဲ သူ့မှာ အရှုံးရှိတာမှ မဟုတ်ဘဲ၊ ကုမ္ပဏီလဲရ နင့်ကိုလည်း
ဘ်ကြိုက်သုံးပြီးရင် နင့်ကို သူခေါက်ထားလိုက်မှာပဲ။ မသကာ
ာ်မ်တစ်လုံးနဲ့ မယားစရိတ်လောက်ပဲ သူပေးရမှာပေါ့၊ ပြီးရင် ဒီလူ
းနေပါဘူး၊ ငါ့ဆီပြန်ကိုလာဦးမှာပဲ၊ အဲဒီအခါကျတော့ ငါ့အလှည့်ပေါ့
လ"
မဟုတ်ဘူးဟု ပါးစပ်က ပြောချင်သော်လည်း မေသွယ့်
ာ်ထဲမှာ ချောချောပြောသည့်အတိုင်း ဖြစ်မှာအမှန်ဟု ယုံကြည်
င်မြင်နေမိသည်။ မေသွယ့်မျက်နှာကို ကြည့်ရင်း ချောချောက
ကျေနပ်စွာ ပြုံးသည်။
"အဲဒါပါပဲ၊ ခုချိန်မှာ ဇော်ထက်ကိုရလို့ သိပ်ပျော်နေမယ့်



နင့်ကို ဖြစ်သမျှဇာတ်ကြောင်းလေး အသိပေးချင်လို့ ငါ တမင်စောင့်နေတာပါ၊ အသိပေးလိုက်ရလို့လဲ ကျေနပ်သွားပြီ၊ ကျန်တဲ့အပိုင်းကတော့ ကိုယ့်ဇာတ်ညွှန်းနဲ့ကိုယ် ဆက်ကကြတာပေါ့လေ။ ဂွတ်နိုက် မေသွယ်၊ ကံကောင်းပါစေလို့ ဆုတောင်းပါတယ်"

ပြောရင်းနှင့် ချောချောက အခန်းထဲမှ ထွက်သွားသည်။ မေ သွယ် စိတ်ထဲကြေကွဲလွန်းသဖြင့် မျက်နှာကို လက်ဖြင့်အုပ်ရင်း ငိုချ လိုက်မိ၏။

\+ + + + + +

လို့ရမယ်၊ ငါ့အပိုင်းက ဒါပဲ”

“မဟုတ်ပါဘူး၊ ကိုဇော်ထက်ကို ချောချော တကယ်ချစ်တာဆိုရင် မေသွယ် ခုချက်ချင်း ဘိုးဘိုးကော ကိုဇော်ထက်ကိုကော ပြောပြီး မေသွယ်နဲ့ ချောချော လူချင်းပြန်လဲလိုက်မယ်၊ ကိုယ့်ကိုမချစ်တဲ့ လူတစ်ယောက်ကို တစ်သက်လုံးလက်တွဲဖို့ မေသွယ် လုံးဝ မစဉ်းစားပါဘူး”

“မလိုပါဘူး မေသွယ်၊ ငါ့ဘက်ကလဲ အဲလောက် သိက္ခာအကျမခံနိုင်ပါဘူး၊ ခုလဲ နင့်ကို မကျေနပ်လို့သာ ပြောနေတာပါ၊ ဇော်ထက်ကို ငါ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ငါ ရအောင်ပြန်ယူပြဦးမှာပါ၊ များများစောင့် စရာမလိုဘူး၊ ခဏပါပဲ”

“ချောချော ဘာကိုဆိုလိုတာလဲ”

“ရှင်းပါတယ်၊ သူကလည်း နင့်ကိုလိုချင်လို့ ယူထားတာမှ မဟုတ်တာ၊ ငယ်ငယ်ရွယ်ရွယ် ချောချောလှလှ နင့်ကို ခဏတဖြုတ် သုံးလိုက်လို့လဲ သူမှာ အရှုံးရှိတာမှ မဟုတ်ဘဲ၊ ကုမ္ပဏီလဲရ၊ နင့်ကိုလည်း စိတ်ကြိုက်သုံးပြီးရင် နင့်ကို သူခေါက်ထားလိုက်မှာပဲ။ မသကာ အိမ်တစ်လုံးနဲ့ မယားစရိတ်လောက်ပဲ သူပေးရမှာပေါ့၊ ပြီးရင် ဒီလူ မနေပါဘူး၊ ငါ့ဆီပြန်ကိုလာဦးမှာပဲ၊ အဲဒီအခါကျတော့ ငါ့အလှည့်ပေါ့ လေ”

မဟုတ်ဘူးဟု ပါးစပ်က ပြောချင်သော်လည်း မေသွယ် စိတ်ထဲမှာ ချောချောပြောသည့်အတိုင်း ဖြစ်မှာအမှန်ဟု ယုံကြည် ထင်မြင်နေမိသည်။ မေသွယ့်မျက်နှာကို ကြည့်ရင်း ချောချော ကျေနပ်စွာ ပြုံးသည်။

“အဲဒါပါပဲ၊ ခုချိန်မှာ ဇော်ထက်ကိုရလို့ သိပ်ပျော်နေမယ့်



နင့်ကို ဖြစ်သမျှဇာတ်ကြောင်းလေး အသိပေးချင်လို့ ငါ တမင်စောင့်နေတာပါ၊ အသိပေးလိုက်ရလို့လဲ ကျေနပ်သွားပြီ၊ ကျန်တဲ့အပိုင်းကတော့ ကိုယ့်ဇာတ်ညွှန်းနဲ့ကိုယ် ဆက်ကကြတာပေ့ါလေ။ ဂွတ်နိုက် မေသွယ်၊ ကံကောင်းပါစေလို့ ဆုတောင်းပါတယ်”

ပြောရင်းနှင့် ချောချောက အခန်းထဲမှ ထွက်သွားသည်။ မေ သွယ် စိတ်ထဲကြေကွဲလွန်းသဖြင့် မျက်နှာကို လက်ဖြင့်အုပ်ရင်း ငိုချ လိုက်မိ၏။

✦ ✦ ✦ ✦ ✦ ✦

## အပိုင်း(၅)

## အချစ်ကြောင့်သာ

### (၁)

ဇော်ထက် တိုက်ကြီးက ယခုအစိုးရလက်ထက်ကျမှ တိုးချဲ့ထားသည့် မြို့ကွက်သစ်မှာရှိသည်။

စိတ်ကြိုက်မြေကွက်·ဘယ်နှစ်ကွက်ဝယ်၍ ပေါင်းဆောက်ထားသည်မသိ။ ခြံဝင်းကြီးက အတော်ကျယ်သည်။ ကျယ်ဝန်းလှသော ခြံကြီးကို အပေါ်ပိုင်းမှ ကွန်ကရစ်ပန်းကွက်များ ဖော်ထားသည့် အုတ်တံတိုင်းမြင့်ကြီးဖြင့် ကာရံထားသည်။

ရှေ့ဘက်မှာ မြေကွက်လပ်ချန်၍ ပန်းပင်သစ်ပင်များနှင့် မြက်ခင်းစိမ်းကြီး အလှစိုက်ထားသည်။ အိမ်ကို နောက်ဘက်ကပ်၍ ဆောက်ထားသည်။ သူဌေးရာမအိမ်ကြီးကလည်း ဆောက်ပြီးထားတာ သိပ်မကြာသေးသည့် အိမ်သစ်ကြီးဖြစ်သည်။

နှစ်ထပ်ဆောက်ထားပြီး အိမ်ရှေ့မှာ ဆင်ဝင်တိုင်ကြီးရှိလျှက် အမိုးပေါ်ထပ်မှာ ပွတ်လုံးတိုင် လက်ရမ်းဘောင်ဖြင့် လုပ်ထားသည်။

ခြံဝင်းဝတွင် ကားရပ်လိုက်သည်နှင့် ဇော်ထက်က ကားဒက်ရှ်ဘုတ်ထဲမှ ရီမုဒ်ကွန်ထရိုးလေးတစ်ခုထုတ်ပြီး တံခါးဘက်ချိန်၍ နှိပ်လိုက်သည်။ ဝင်းတံခါးကြီးက အလိုလို ပွင့်သွား၏။ ခြံဝင်းထဲကားဝင်လာသောအခါ သံတံခါးကြီးက အလိုလိုပိတ်

သွားသည်။ ဆင်ဝင်အောက်၌ ကားရပ်လိုက်သောအခါ အသင့်စောင့်နေဟန်တူသော အစောင့်လင်မယားက ကားနောက် ရောက်လာသည်။

ယောကျ်ားလုပ်သူက ဇော်ထက်ဘက် တံခါးကိုဖွင့်၍ မိန်းမလုပ်သူက မေသွယ်ဘက်တံခါးကို လာဖွင့်ပေးသည်။ နှစ်ယောက်စလုံး အိမ်အဝင်တံခါးနား ရပ်မိသောအခါ ဇော်ထက်က လင်မယားဘက်ကို လှည့်ပြီး. . .

"ပစ္စည်းတွေ အပေါ်ထပ်တင်ပြီး နေရာချထားလိုက် ကိုထွန်း၊ မအေးက ကျွန်တော်တို့ စားဖို့သောက်ဖို့ တစ်ခုခုစီစဉ်ပေး"

"ဟုတ်ကဲ့"

အားလုံးညွှန်ကြားပြီးသည်နှင့် ဇော်ထက်က မေသွယ့်ခါးလေးကို သိုင်းဖက်သည်။

"လာ. . . မေသွယ်၊ သူတို့ပစ္စည်းတွေ နေရာချနေတုန်း ကိုယ်တို့ ဧည့်ခန်းမှာထိုင်ပြီး တစ်ခုခု စားရအောင်"

မေသွယ်က ဘာမှမပြောဘဲ အသာလိုက်လာခဲ့သည်။ အထဲရောက်တော့ မေသွယ် ပို၍ပင် အံ့ဩသွား၏။

အိမ်ကြီးက အပြင်ကနေကြည့်လျှင်သာ ခန့်ညားထယ်ဝါလှပသည် မဟုတ်၊ အိမ်ထဲမှာ ပို၍ သားနားလှပသည်။ ကြည့်ရတာသည်အိမ်ကြီးတစ်ခုလုံးကို ကုန်ချင်သလောက်ကုန်ဟု သဘောထားပြီး စိတ်ကြိုက် မွမ်းမံထားပုံရသည်။ ဇော်ထက် ဘယ်လောက်အကောင်းကြိုက်သည်ဆိုခြင်းက ခုမှ ပို၍ပို၍ ပေါ်လွင်လာ၏။

"ဆရာကတော် ဘာသုံးဆောင်ချင်လဲ မသိဘူး"

ပထမဆုံး ကြားဖူးသော အခေါ်အဝေါ်မို့ မအေး စကား



အဆုံးမှာတော့ မေသွယ်၏တစ်ကိုယ်လုံး ဖိန်းရှိန်းသွားသည်။ 'ဆရာကတော်' ဆိုပါလား။ မလုံမလဲစိတ်ဖြင့်လည်း ဇော်ထက်ကို လှမ်းကြည့်လိုက်သည်။

ဇော်ထက်ကတော့ မေသွယ် ဘာလုပ်မလဲဆိုသည်ကို စောင့်ကြည့်အကဲခတ်နေသော မျက်နှာပေးဖြင့် ပြုံးကြည့်နေသည်။ ဒါလောက်တော့ မေသွယ်မည့်၊ ခုထိ ကလေးကလားအဝတ်တွေ မလဲရသေးသော်လည်း လူကြီးဆန်ဆန်မျက်နှာပေးသို့ ပြောင်းလိုက်ပြီး. .

"ကော်ဖီပူပူလေးတစ်ခွက်ပဲ သောက်တော့မယ် မအေး"

"ဟုတ်ကဲ့. . ဆရာကတော်၊ ဆရာကကော. ."

"ကျုပ်ကတော့ ကော်ဖီနဲ့ မရတော့ဘူး၊ အရမ်းကို ပင်ပန်းနေတယ်၊ ဖန်ခွက်နဲ့ ဝီစကီလေးနည်းနည်း ထည့်လာခဲ့၊ ရေခဲနဲ့ ရေပါယူခဲ့နော်"

"ဟုတ်ကဲ့ဆရာ"

ထို့နောက် ဆိုဖာနောက်ကျောမှာ ခြေပစ်လက်ပစ် မှီချလိုက်သည်။ မေသွယ်က အိမ်ကြီး၏ ခမ်းနားမှုနှင့် ပရိဘောဂများ၏ လှပအဖိုးတန်မှုတွေကို လျှောက်ကြည့်ရင်း. . .

"ဒီအိမ်ကြီးက ဆုံးသွားတဲ့ ဦးဇော်မိန်းမနဲ့နေဖို့ ဆောက်ထားတာလား"

ဆိုဖာပေါ် မှီပြီး နားနေရာမှ ဇော်ထက် ငုတ်ခနဲထထိုင်သည်။ မေသွယ့်ကို မျက်မှောင်ကျုတ်လျှက်ကြည့်ပြီး. . .

"ဘာဆိုင်လို့လဲ မေသွယ်၊ ဒီအိမ်ကြီးဆောက်ပြီးတာ ခြောက်လတောင် မပြည့်သေးဘူး"

"မပြောတတ်ပါဘူး၊ သူနဲ့နေဖို့များ ဒီလောက်ပြင်ထားတာ

လားလို့”

“ဘယ်လိုဖြစ်ပြီး ဒီလောက် အဝေးကြီးကျန်ခဲ့တဲ့ အတိတ် အကြောင်းတွေကို စိတ်ဝင်စားနေတာလဲ မေသွယ်”

“ဦးဇော် သူ့ကို အရမ်းချစ်မှာပဲပေါ့နော်”

“ရော်. . ဒီမှာ ကိုယ်ပြောပြမယ်မေသွယ်၊ အဲဒီတုန်းက ကိုယ်က ခုထက်အများကြီး ငယ်တယ်၊ ခုလောက်လည်း လောက အကြောင်း၊ လူတွေအကြောင်း မသိသေးဘူး၊ ရှင်းရှင်းပြောရရင် အချစ်ဆိုတာဘာ၊ ကိုယ် လိုချင်တဲ့အရာဟာ ဘာဆိုတာ ဘာမှ ခုလို တိတိကျကျမသိသေးဘူး၊ ယူတဲ့အချိန်မှာတော့ ချစ်တယ်လို့ အောက်မေ့ခဲ့တာပဲ”

ဇော်ထက်အသံက နည်းနည်းမာနေသည်။ သူ့စကားအဆုံးမှာ မေသွယ်က ဘာမှ မပြောတော့။ အခန်းထဲမှာ တိတ်ဆိတ်ခြင်းက လွှမ်းမိုးသွားသည်။ထိုစဉ် မအေးက ဓာစောကမှာထားသော ပစ္စည်းများ စားပွဲပေါ် လာချသည်။ ကိုထွန်းဆိုသောပုဂ္ဂိုလ်ကလည်း အပေါ်ထပ်မှ ပြန်ဆင်းလာသည်။

“ပြီးသွားပြီလား ကိုထွန်း”

“ပြီးပါပြီ ဆရာ”

“ကောင်းပြီ၊ ခင်ဗျားတို့လင်မယား နားကြတော့၊ မအေးလည်း ဒါတွေ မနက်မှသိမ်း၊ အဲဒီသံတံခါး သော့ခတ်သွား၊ သော့ကို ခင်ဗျားတို့ ယူထားလိုက်”

“ဟုတ်ကဲ့”

“ကဲ. . သွားတော့”

လင်မယားနှစ်ယောက် ခပ်ယို့ယို့ပုံစံဖြင့် ထွက်သွားသည်။



ခဏကြာသောအခါ သံတံခါးသော့ခတ်သံ ကြားရ၏။ တစ်အိမ်လုံးမှာ သူတို့နှစ်ယောက်တည်းသာ ရှိတော့သည်လေ။

✦ ✦ ✦ ✦ ✦ ✦

“အဓိပ္ပါယ်မရှိဘူး၊ ဘာမှ အဓိပ္ပါယ်မရှိဘူး”

“မေသွယ် ဘာပြောတာလဲ၊ ဘာအဓိပ္ပါယ်မရှိတာလဲ”

နှစ်ယောက်တည်းကျန်ခဲ့ချိန်မှာ ရုတ်တရက် ထပြောလိုက်သော မေသွယ့်စကားကြောင့် ဇော်ထက်က နားမလည်စွာ ပြန်မေးလိုက်သည်။ မေသွယ်က. . .

“ကျွန်မ ဒီမှာမနေနိုင်ဘူး ဦးဇော်ထက်၊ ကျွန်မ ရှင့်နားမှာ ဒီပုံစံနဲ့ ဘယ်လိုမှ တစ်သက်လုံး မနေနိုင်ဘူး”

ဇော်ထက်က ပြုံးသည်။

“မဆိုးပါဘူး၊ မင်း ကိုယ့်နားမှာ တစ်သက်လုံးနေရတော့မယ်ဆိုတာကို သဘောပေါက်သွားတာ ငါ ဝမ်းသာပါတယ်”

“ဒီမှာ ကျွန်မဆန္ဒမပါဘဲ ရှင် ဒီမှာ ကျွန်မကို လှောင်ပိတ်ထားလို့ မရပါဘူး”

“မှန်တယ်လေ၊ မင်းဆန္ဒမပါရင်တော့ ဟုတ်တာပေါ့၊ ဒါပေမယ့် တရားသူကြီးတွေ မေးတုန်းက မင်းဘာပြောခဲ့လဲ၊ အဲဒီမှာ လက်မှတ်ထိုးတုန်းကကော မင်းကို ဘယ်သူက အတင်းအကျပ်ထိုးခိုင်းခဲ့တာလဲ”

မေသွယ် ဘာမှ မပြောတတ်တော့၊ ဘာမှမပြောတတ်သဖြင့် ပြောတတ်တာပဲ ပြောလိုက်သည်။

“ကျွန်မ ရှင့်ကို မုန်းတယ် ဦးဇော်ထက်၊ ရှင် ကျွန်မကို လက်ဖျားနဲ့ ထိကြည့်၊ ထိတာနဲ့ ရှင့်ကို ကျွန်မသတ်မယ်၊ တကယ် ပြောတာနော်၊ ဘုရားစူး”

ဇော်ထက်က ဝီစကီတစ်ငုံသောက်ရင်း ရယ်သည်။ ပြီး တော့ မေသွယ့်မျက်လုံးများကို စိုက်ကြည့်ရင်း. . .

“မင်းကြည့်ရတာ ခပ်ဆိုးဆိုး ကြောင်မလေးတစ်ကောင်နဲ့ ပိုတူလာတယ် မေသွယ်”

“ဟုတ်တယ်၊ ကျွန်မမှာ ကြောင်နဲ့တူတဲ့ လက်သည်းတွေ လည်း ရှိတယ်၊ ရှင် ကျွန်မကို ထိတာနဲ့ ရှင့်မျက်လုံးတွေကို ကျွန်မ ဖောက်ထုတ်ပစ်မှာပဲ”

“ခက်ပါလား မေသွယ်၊ မင်း အခု ကိုယ့်မိန်းမဖြစ်နေပြီ”

“လာမပြောနဲ့၊ အဲဒါ ဟာသတွေ”

“ဘာ. . ဟာသဟုတ်လား၊ ဘာဆိုင်လို့လဲ”

“ဟုတ်တယ်လေ၊ ဒါ ရှင်တို့အရောင်းအဝယ်ကိစ္စမှာ ကျွန်မ က ကြားညှပ်ပါသွားတဲ့ တွဲကုန်ပဲ၊ အဲလောက် ရယ်စရာကောင်းတာ ဘာရှိသေးလဲ၊ ဒီမှာ ဦးဇော် ရှင်နဲ့ဘိုးဘိုးနဲ့ ဘာတွေဘယ်လို လုပ်ခဲ့ တယ်ဆိုတာ ကျွန်မ သိပြီးပြီ၊ ကျွန်မကို လာမညာနဲ့”

ဇော်ထက် ငြိမ်သွားသည်။ အတန်ကြာအောင် ငြိမ်စဉ်းစား နေပြီးမှ. . .

“နေဦး မေသွယ်၊ အဲဒီကိစ္စ ဘယ်သူပြောလဲ”

“ဘယ်သူပြောလဲဆိုတာ အရေးမကြီးပါဘူး၊ အချက် အလက် မှန်ဖို့က အဓိကပါ”

“မဟုတ်ဘူး မေသွယ်၊ အဲဒါ ဘယ်သူပြောလဲ၊ ဘဘ ဦး



ဘသွယ်လား”

“ဒါ မမေးပါနဲ့”

သို့သော် မေသွယ့်ရင်ထဲမှာတော့ ထိုကိစ္စ အမှန်ဖြစ်နေပြီ ဖြစ်ကြောင်း သိလိုက်ပြီးဖြစ်သည်။ သူမ မျှော်လင့်ထားသလို ဒါမှ မဟုတ်ဘူး ဘာညာငြင်းဆန်မှုတွေ အရိပ်အယောင်ပင် မတွေ့ရ။

ဇော်ထက်က အမူအယာပြောင်းလိုက်သည်။ ခေါင်း တစ်ချက် ဆတ်ညိတ်လိုက်ပြီး. . .

“ထားပါတော့လေ၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့၊ လက်ထပ်တယ် ဆိုတာကတော့ လက်ထပ်တာပါပဲ၊ လင်နဲ့မယားဖြစ်သွားပြီဆိုမှ တော့ ဘယ်လိုပုံစံနေရမယ်ဆိုတာ အာမှ ထွေထွေထူးထူးပြောနေစ ရာ မလိုဘူး၊ လူတိုင်းသိတယ်”

“ကျွန်မ မသိဘူး၊ အချစ်မပါဘဲ ဒီလိုမျိုးနေဖို့ လုံးဝ စိတ်မကူး ဘူး”

“မင်း စိတ်ကူးရမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ မင်း ကိုယ့်ကို မချစ်တာမှ မဟုတ်ဘဲ၊ မင်းကိုယ့်ကို ချစ်တယ်၊ ကိုယ်သိတယ်”

ပြောရင်းနှင့် ဇော်ထက်က မေသွယ့်အနား ထသွားသည်။ ထို့နောက် မေသွယ့် ကိုယ်လေးကို ပွေ့ချီလိုက်သည်။

“အို့. . . မဟုတ်ဘူး မဟုတ်ဘူး၊ ရှင် ဖယ်ဖယ်. . . လွှတ် လွှတ်”

အော်တော့ အော်၏။ ပြီးတော့ သူ့ရင်ဘတ်ကိုလည်း ထု၏။ သို့သော် သူအပေါ်ထပ်သို့ ပွေ့ချီလျှက် တက်သွားချိန်မှာတော့ မေသွယ် သူ့လက်ကလွတ်အောင် ရုန်းမထွက်နိုင်တော့။

(၂)

အိပ်ခန်းမှပြတင်းရှည်ကြီးများလို့ နေရောင်နုလေးများက ရောက် ထိခတ်ချိန်မှာ မေသွယ် အိပ်ရာက နိုးလာသည်။

မျက်လုံးဖွင့်ကြည့်ပြီး အချိန်အတော်ကြာသည်အထိ မိမိ ရောက်နေသော နေရာသစ်၏ တည်နေရာအမှန်ကို မဖော်ထုတ်နိုင်သေး။ ခဏကြာမှ သူမ ဘယ်နေရာရောက်နေသည်ဆိုသည်ကို မှတ်မိသည်။ ပြီးတော့ ညက ကြုံခဲ့ရသည့်အဖြစ်များ။

မေသွယ် ကမန်းကတန်းနှင့် ဇော်ထက် ခေါင်းအုံးရှိရာဘက်သို့ လှည့်ကြည့်သည်။ ဇော်ထက်ကတော့ နေရာမှာမရှိ။ သို့သော် ပတ်ဝန်းကျင် အနေအထားများကို သုံးသပ်ခြင်းဖြင့် ညက ကြုံခဲ့သော အဖြစ်များသည် အိပ်မက်မဟုတ်ကြောင်း လူးလဲထလိုက်၏။

မေသွယ် အိပ်ရာပေါ်မှ လူးလဲထလိုက်၏။ ခဏကြာသော အခါ မေသွယ် အဝတ်အစားအပြည့်အစုံဖြင့် မှန်ပြတင်းရှည်ကြီးနားရောက်သွားသည်။ ဇော်ထက်သည် အိမ်ကြီးအတွင်းမှ မြင်ကွင်းအကောင်းဆုံး မြင်တွေ့နိုင်သောနေရာကို ရွေးချယ်၍ သူ့အခန်းကို ဖန်တီးထားမှန်း သိသာသည်။ မြင်တွေ့ရသော ပတ်ဝန်းကျင်မြင်ကွင်းသည် စိတ်ချမ်းသာစရာ ကောင်းလှသည်။



အဝေးဆီမှ ရှမ်းရိုးမတောင်တန်းကြီးများကို အပြာရောင်မှိုးသားနောက်ခံဖြင့် မြင်တွေ့နေရသည်။ အနီးဘက်မှာတော့ ခြံဝင်းအတွင်းရှိ သေချာစနစ်တကျ အကွက်ချစိုက်ပျိုးထားသော ပန်းပင်သစ်ပင် အလှအပများ။

မေသွယ် တွေ့ပြီးသမျှ သည်အိမ်ကြီးမှာ ဘာတစ်ခုမှ အပြစ်ပြောစရာမရှိ။ နေချင့်စဖွယ်ကောင်းသော အိမ်ဆိုသည်မှာ သည်လိုအိမ်မျိုးပဲဖြစ်မည်။ သည်အိမ်ကြီးအတွင်းမှာ အချစ်ဖြင့်ဖွဲ့စည်းထားသော အိမ်ထောင်စုလေးတစ်ခုသာ တည်ရှိပါက ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲဟု တမ်းတမ်းတတ တွေးလိုက်မိသည်။

ခုကတော့ ဘာပဲပြောပြော အိမ်ထောင်တစ်ခုကတော့ အထမြောက်သွားတာ အမှန်ဖြစ်သည်။ သို့သော် အချစ်ကတော့.

အချစ်ကတော့ သူမဘက်မှသာ ရှိနေသည်။ မေသွယ် သူ့ကို ချစ်နေတာအမှန်ဖြစ်ကြောင်း ခုတော့ သိသာလာပြီဖြစ်၏။ ဘယ်လိုမှ လှည့်စားမရနိုင်သော သူ့ကိုလည်း ဘယ်လိုမှ ဖုန်းကွယ် မထားနိုင်တော့။ သို့သော်. . . သူ့ဘက်ကကျတော့. . .။

ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ မနေ့ညက ချောချော ပြောခဲ့သည့် ရင့်သီးသောစကားသံတွေက နားထဲမှ မထွက်။

မေသွယ်က ကျလာသော မျက်ရည်များကို လက်ဖြင့် သုတ်ဖယ်လိုက်သည်။ ထို့နောက် တတ်နိုင်သလောက် ဣန္ဒြေမပျက်စေဘဲ အောက်ထပ်သို့ ဆင်းလာခဲ့၏။

အောက်ထပ် တစ်နေရာမှာ သူရှိနေမှာအမှန်။ သူက မေသွယ့်ကို တွေ့လျှင်လည်း မျက်ရည်စတွေနှင့် ပူးတွဲ မြင်မသွားစေချင်။ မျက်ရည်သည် အရှုံး၏သင်္ကေတ။ သူနှင့်ပတ်သက်၍ မေသွယ့်

ဘက် ရှုံးနိမ့်နေပြီ ဖြစ်ကြောင်း သူ လုံးဝ မသိစေရ။

\+ + + + + +

အောက်ထပ်ထမင်းစားခန်းစားပွဲတွင် ကော်ဖီ၊ မုန့်စသော နံနက်ခင်းစာများဖြင့် သတင်းစာတစ်စောင်ဖတ်နေသော သူ့ကို တွေ့ရသည်။ မေသွယ့် လှုပ်ရှားသံကြောင့် သူက သတင်းစာမှ မျက်နှာကို ခွာလိုက်ပြီး. . .

"ဟော. . မေသွယ်နိုးလာပြီလား၊ လာမေသွယ် ကော်ဖီ သောက်"

မေသွယ် ဘာမှမပြောဘဲ စားပွဲမှာဝင်ထိုင်သည်။ သူက လက်ထဲက သတင်းစာကို ဖြန့်လျက်သားကနေ တစ်စုံတစ်ရာကို ထောက်ပြသည်။ မန္တလေးထုတ် ရတနာပုံသတင်းစာ၏ ကြေငြာစာ မျက်နှာမှ ကြော်ငြာတစ်ခု။

"လက်ထပ်ပြီးစီးခြင်း"

အောက်ဘက်စာသားများတွင် ဇော်ထက်အမည်နှင့် မေ သွယ့်အမည်ကို တွေ့ရသည်။

"အဲဒါ ဘယ်လိုလုပ် ပါလာတာလဲ"

မေသွယ့်အမေးကို ဇော်ထက်ရယ်ရင်း ဖြေသည်။

"ညကတည်းက မမမြကို အဲဒါထည့်ပေးဖို့ ကိုယ် မှာထားခဲ့ တယ်၊ ရန်ကုန်က သတင်းစာတွေမှာလဲ အချိန်မီရင် ဒီနေ့ပါလာ မယ်၊ မမီရင်တော့ မနက်ဖြန်ပေါ့"

"အဲဒါတွေ ဘာစိတ်ကူးနဲ့လုပ်တာလဲ ဦးဇော်"



"ဘာဖြစ်လို့လဲ မေသွယ်၊ မေသွယ်နဲ့ကိုယ် လင်မယားဖြစ် သွားတာမသိဘဲ ကျန်နေတဲ့သူ မြန်မာပြည်မှ မရှိစေချင်လို့ပေါ့"

တစ်မျိုးတော့ တစ်မျိုးပဲဟု အောက်မေ့မိသည်။

"အဲဒါတွေထက်စာရင် အချစ်ဆိုတာကို ရှင်ထည့်စဉ်းစားဖို့ ပိုကောင်းတယ် ဦးဇော်"

ဇော်ထက်ရယ်သည်။

"ကောင်းပြီလေ၊ အဲဒါဆို ကိုယ်တစ်ခုမေးမယ်၊ ကိုယ်က ချစ်တယ်လို့ ပြောလိုက်ရင် လောကကြီးမှာရှိတဲ့ အရာအားလုံး ပြေလည် ချောမွေ့သွားမယ်လို့ မေသွယ်က ကိုယ့်ကိုပြောနေတာလား၊ ဟုတ်လား မေသွယ်၊ ပြော"

"မဆိုင်ပါဘူး"

"အဲဒါဆို ကိုယ့်ကို ဘာဖြစ်လို့ အဲဒီစကားတွေ ပြောနေလဲ၊ ဒါဖြင့် ပြဿနာက ဘာလဲ"

"ပြဿနာကတော့ ရှင့်ကို ကျွန်မ မပေါင်းချင်တာပဲ"

ဇော်ထက် မျက်နှာ တင်းခနဲဖြစ်သွားသည်။

"ကိုယ်လည်း အဲဒီစကားကို မကြားချင်ဆုံးပဲ မေသွယ်"

နံနက်ခင်းကော်ဖီဝိုင်းသည် ခဏတော့ တိတ်ဆိတ်သွား ပြန်သည်။

\+ + + + + +

"တယ်လီဖုန်း ဘယ်နားမှာလဲ"

"ဘာလုပ်မလို့လဲ"

"ဆေးရုံကို ဖုန်းဆက်မလို့၊ အဲဒီမှာ အန်တီမြရှိတယ်၊ ဘိုးဘိုး

အခြေအနေကို သိချင်လို့"

တိတ်ဆိတ်ခြင်းကို မေသွယ်က ဖြိုခွင်းသည်။ အသံတွေမှာ တင်းမာမှုလေးတွေ ကိုယ်စီပါနေ၏။

"ကိုယ်ဆက်ပြီးပြီ၊ ကိုယ် အိပ်ရာက နိုးနိုးချင်း ပထမဆုံးလုပ်တဲ့ အလုပ်ဟာ အဲဒါပဲ၊ ဘဘ ကျန်းမာရေးကို ကိုယ်လည်း စိတ်ဝင်စားတယ်"

"ဘိုးဘိုး ဘယ်လိုနေလဲ"

"ဆရာဝန်က စိတ်ငြိမ်ဆေးပေးပြီး အိပ်ခိုင်းထားတယ်၊ လောလောဆယ်တော့ အားနည်းနေတုန်းပဲတဲ့၊ ဒါပေမယ့် ဆရာဝန်ကြီးက မပူနဲ့၊ ဒီတစ်ခါလဲ ဘဘ သေတွင်းက လွတ်သွားပြန်ပြီ၊ မကြာခင် ပြန်ထူလာမှာပါတဲ့"

မေသွယ့် မျက်နှာမှာ စိတ်သက်သာရာရသွားသည့် အရိပ်အယောင်များ ထင်းခနဲ မြင်တွေ့လိုက်ရသည်။

တကယ်လည်း မေသွယ် စိတ်အေးသွား၏။ တစ်ကိစ္စ စိတ်အေးသွားသဖြင့် နောက်တစ်ကိစ္စဘက် ဦးလှည့်ရန် ဖြစ်သည်။

"မေသွယ် ဦးဇော်နဲ့ စကားပြောချင်တာတွေရှိတယ်"

ဇော်ထက်က ခေါင်းခါသည်။

"မပြောပါနဲ့ မေသွယ်၊ မေသွယ်ပြောမယ့်စကားတွေဟာ ကိုယ်စိတ်ညစ်ရမယ့်စကားတွေပဲဆိုတာ ကိုယ်သိတယ်၊ အဲဒါတွေ ကိုယ်မကြားချင်ဘူး"

"မကြားချင်လို့ဖြစ်မလား ဒီကိစ္စ"

"ကရင်. . . ရင်. . . . ရင်. . . . ရင်"

မေသွယ်စကားဆုံးအောင် မပြောလိုက်ရ။ ဧည့်ခန်းထောင့်



မှာ ရှိနေသည့် တယ်လီဖုန်းက အသံထမြည်သည်။ ဇော်ထက်က မလှုပ်။ ဇော်ထက်မလှုပ်သဖြင့် မေသွယ် လှုပ်ရှားဖို့ ထသည်။

"ထားလိုက်ပါမေသွယ်၊ မကိုင်ပါနဲ့"

"မကိုင်လို့ ဖြစ်မလား၊ ဆေးရုံက ဖြစ်နေတော့ ဘယ့်နှယ်လုပ်မလဲ"

ပြောရင်းနှင့် မေသွယ်က တယ်လီဖုန်းဆီ လျှောက်သွားပြီး ဖုန်းခွက်ကို မယူလိုက်သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါ"

"မေသွယ်လား"

မေသွယ်ကိုယ်ထဲမှ လှည့်ပတ်နေသော သွေးများတန့်ခနဲ ထင်မိသည်။ ဒေါသလည်းထောင်းခနဲထွက်သည်။ ဝင်းကျော်အသံဟု အလိုလို သိလိုက်၏။

"ရှင် ဒီနံပါတ်ကို ဘယ်လိုလုပ်ရလဲ"

"လွယ်ပါတယ်၊ ချောချောကို မေးလိုက်တာပေါ့၊ ဒါတွေ ထားပါလေ၊ မေသွယ်နဲ့ကိုယ် တွေ့ချင်တယ်"

"အမိပ္ပါယ် မရှိဘူး"

"လုပ်ပါ မေသွယ်၊ မနေ့က မေသွယ့်ကို ကိုယ်တွေ့လိုက်တဲ့ အချိန်မှာ ကိုယ့်မျက်လုံးတွေကိုယုံတောင်မယုံမိဘူး၊ မေသွယ် ဟိုတုန်းကထက်တောင် ပိုလှနေသေးတယ်၊ ကိုယ် မင်းနဲ့ အရမ်းတွေ့ချင်နေတယ်"

မေသွယ် အံကြိတ်လိုက်သည်။

"ဟင်း"

ဒေါသဖြစ်ဖြစ်နှင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်သည်။

ထိုစဉ် သူမလက်ထဲက ဖုန်းကို ဇော်ထက်က အသာခွာယူလိုက်သည်။ ထို့နောက် ဖုန်းခွက်ကို လုံးဝနားမထောင်ဘဲ နေရာမှာ ပြန်ချလိုက်သည်။ ထို့နောက် ကြောင်ငေးငေးရပ်နေသော မေသွယ့်ဘက်လှည့်၍-

"ဝင်းကျော် မဟုတ်လား"

မေသွယ် ခေါင်းညိတ်ပြလိုက်သည်။

"မေသွယ် မန္တလေးကထွက်သွားတာ၊ သူ့ကိုစွဲနဲ့ ဆက်စပ်နေတယ် မဟုတ်လား"

"ဟုတ်တယ်"

"သူနဲ့ မင်းက ဘယ်လိုပတ်သက်လို့လဲ"

"ဘာမှ မပတ်သက်ဘူး"

"မလိမ်ပါနဲ့ကွာ၊ မင်းမနေ့က သူ့ကိုတွေ့တွေ့ချင်း မင်းမျက်နှာ ဘယ်လိုဖြစ်သွားတယ်ဆိုတာ ကိုယ် သေသေချာချာ မြင်လိုက်တယ်။ မင်း ဘယ်ယောကျ်ားကိုမှ ဒီလိုမဖြစ်ဖူးဘူး၊ မင်း သူနဲ့ ချစ်ခဲ့ကြတာလား"

"သေလိုက်ပါလား"

ပက်ခနဲပြောပြီး မေသွယ် ထွက်လာခဲ့သည်။ ဟုတ်သည်၊ ဒီဝင်းကျော်ဆိုသည့်ကောင်နှင့် ပတ်သက်၍ ဘာစကားမှ ပြောချင်စိတ်မရှိ။ ပါးစပ်သနဏ။

\+ + + + + +

(၃)

"တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနှစ်၊ ရှစ်၊ ရှစ်၊ ခုနှစ်၊
ခြောက်၊ ငါး၊ လေး၊ သုံး၊ အသက် ရှူ တစ် နှစ်"

မေသွယ်က ဇော်ထက်ဝယ်ပေးထားသည့် ဆိုနီရေဒီယို
ကက်ဆက်လေးမှ ပေါ်ထွက်နေသည့် ကိုယ်လက်ကြံ့ခိုင်ရေး အမှတ်
စဉ်အတိုင်း မနက်ပိုင်း ကျန်းမာရေးလေ့ကျင့်ခန်း လုပ်သည်။

ဒါတွေမလုပ်လို့လည်းမဖြစ်၊ ဇော်ထက်ကသာ မနက် မနက်
အလုပ်ရှိရာ ထသွားသည်။ သူမမှာ မနက်မိုးလင်းကနေ နေဝင်ချိန်
ဇော်ထက်အိမ်ပြန်လာသည်အထိ ဘာလုပ်စရာမှ မရှိ။

သည်အတိုင်း အိမ်ထဲမှာကုပ်နေလျှင်လည်း ကြာလျှင်ချိုလျှင်
ချို၊ မချိုလျှင် ခန္ဓာကိုယ်ပုံစံ အချိုးအဆစ်တွေ ပျက်သွားနိုင်သည်။

သို့အတွက် မနက်ပိုင်းမှ ကျန်းမာရေးလေ့ကျင့်ခန်း
ညနေပိုင်းမှာ အေးရိုးဗစ်ကစားဖို့ လွန်ခဲ့သည့်လေးရက်ကတည်းက
ဆုံးဖြတ်ခဲ့ခြင်းဖြစ်၏။ အသက်ရှူ လေ့ကျင့်ခန်းအပြီးမှာတော့ ကျန်းမာ
ရေး လေ့ကျင့်မှုက ပြီးဆုံးသွားသည်။ မေသွယ် အမောဖြေထိုင်ရင်း
ဆင်ဝင်အပေါ် ထပ် လသာဆောင်မှာပင် လေကောင်းလေသန့်ရှူ

ရင်း ဆက်ထိုင်နေသည်။

ထုံးစံအတိုင်း နည်းနည်းလေးအားအားရသည်နှင့် ဇော်ထက်နှင့် ပတ်သက်သော အတွေးများက ခေါင်းထဲဝင်လာသည်။

ဇော်ထက်နှင့်မေသွယ် အိမ်ထောင်ရေးအခြေအနေက နေ့တိုင်း ရင်ဆိုင်တိုက်ပွဲအသေးစားလေးတွေနှင့် လုံးချာလိုက်နေတုန်းပင်ဖြစ်သည်။

အထူးသဖြင့် ဝင်းကျော်ဆီမှ ဖုန်းလာပြီးနောက်ပိုင်းမှာ တိုက်ပွဲပွဲစဉ်က ပိုစိတ်လာသည်။ သည်အခြေအနေကို မေသွယ်ဘက်မှ မကျေနပ်တာအမှန်၊ ဘာပဲဖြစ်ဖြစ် အိမ်ထောင်တစ်ခု ထူထောင်မိကြပြီ။

တကျက်ကျက်သာ ဖြစ်နေသည်။ မပေါင်းဘဲလည်း နေကြသည် မဟုတ်၊ ပေါင်းသင်းနေထိုင်ကြပြီဆိုကတည်းက သံယောဇဉ်အစွယ်အပွားတွေ တိုးပွားလာနိုင်မည်၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းကြားမှာလည်း ဆက်နွယ်ပတ်သက်မှုတွေနဲ့ များပြားလာတော့မည်။

ခုအချိန်မှာ နှစ်ယောက်အကြားရှိ အကျိတ်အခဲ၊ အဖုအထစ်၊ ပြဿနာတွေကို ပြေပြစ်ချောမောသွားအောင် ရှင်းနိုင်လျှင်ရှင်း၊ မရှင်းနိုင်လျှင်လည်း စောစောစီးစီး လမ်းခွဲလိုက်ကြတာမှ ပိုကောင်းဦးမည်။

ဟုတ်သည်လေ။ မေသွယ့်ဘက်ကကြည့်တော့ ကိုယ်က သာနဂိုချစ်စာတ်အခံဖြင့် ပို၍သံယောဇဉ်တွယ်ငြိလာရသည်။ တုံ့ပြန်အချစ် နွေးထွေးမှုကို မခံစားရ။ သို့အတွက် တစ်ခါတလေ မခွဲချင်တော့အောင် ချစ်မိသွားသလို၊ တစ်ခါတလေကျတော့လည်း သတ်ပစ်ချင်လောက် အောင်ကို မုန်းသွားမိသည်။



အချစ်နှင့် အမုန်းကြားတွင် အလွှာပါးပါးလေးတစ်ခုသာခြားလျှက်ရှိသည်ဆိုသော စကားသည် မှန်သည်၊ တစ်ခါတစ်လေ နာရီပိုင်းအတွင်းမှာပင် မေသွယ် ထိုအလွှာလေးကိုဖြတ်၍ ဟိုဘက်ဒီဘက် ခေါက်တုံ့ခေါက်ပြန် ကူးနေမိသည်။

"ဟင်း"

တွေးလိုက်တိုင်းစိတ်မောလှသဖြင့် သက်ပြင်းတစ်ချက်ချမိသည်။ ပြီးတော့ စိတ်ပျက်လက်ပျက်နှင့် ပွတ်လုံးတပ် လက်ရမ်းပေါ်လက်ထောက်ရင်း ဟိုသည်ဦးတည်မဲ့ လျှောက်ကြည့်နေမိ၏။

+ + + + + +

"ဟင်"

ဟိုကြည့်သည်ကြည့်လျှောက်ကြည့်ရင်း မျက်လုံးများက ဝင်းတံခါးဆီ ရောက်သွားသည်။ ဝင်းတံခါးဝမှာ ကားတစ်စီးရောက်နေသည်ကို မြင်ရ၏။ ကားထဲမှယာဉ်မောင်းသူက ဟွန်းတီးလိုက်သည်၊ ခြံစောင့်တာဝန်ပါတွဲယူရသော ကိုထွန်းက အတွင်းမှနေခလုတ်ဖိ၍ တံခါးဖွင့်ပေးလိုက်သည်။

ကားက ခြံထဲမောင်းဝင်လာသည်၊ အဝေးမှာတုန်းကတော့ မောင်းသူကို သေသေချာချာမမြင်ရ၊ မနီးမဝေးရောက်မှ ကားမောင်းလာသူကို မြင်ရသည်။ တစ်ခြားလူမဟုတ်၊ မသိင်္ဂီ။

မသိင်္ဂီ ဆင်ဝင်အောက်အထိ ကားမောင်းဝင်လိုက်သည်။ မေသွယ့် မြင်ကွင်းထဲက ကားပါပျောက်သွား၏။

"ဟင်း"

မသွယ် သက်ပြင်းတစ်ချက်ချသည်။ နဂိုကမှ စိတ်ဓာတ်ကျနေရသည့်အထဲ သည်ဟာတွေက ရောက်လာတော့ ပိုစိတ်ပျက်မိသည်။ မသိဂ္ဂီဆိုသည်ကလည်း ဇော်ထက်နှင့် မလွတ်မကင်း ငြိစွန်းနေသူတစ်ယောက်ဟု သမုတ်နေသည့်မိန်းမတွေထဲမှာ ထိပ်ဆုံးကပါသူတစ်ယောက်. . ။

အမှန်တော့ သူတို့နှင့် မသွယ်မျက်နှာချင်းကို မဆိုင်ချင်။ သို့သော် သူကတောင် ရဲရဲတင်းတင်း မျက်နှာပြောင်တိုက် ဝင်လာနေပြီ ဆိုမှတော့ ကိုယ်က ထွက်ရင်မဆိုင်လို့မဖြစ်။ မခိုးမခန့်တွေပြော မထိတထိတွေ လုပ်လာရင် ရန်တွေ့နှင်လွှတ်ရုံမက ပါးပါရိုက်ပစ်မည်ဟု ခပ်မိုက်မိုက်ရှိုင်းရှိုင်းပင် တွေးလိုက်သည်။ ထိုအတွေးနှင့်အတူ မောင်းတင်၍ အောက်ထပ် ဆင်းလာခဲ့၏။

\+ + + + + +

အောက်ထပ်ရောက်သွားသောအခါ ဖွင့်ထားသော အိမ်မကြီး တံခါးဝမှာရပ်နေသော မသိဂ္ဂီကို တွေ့သည်။

မသိဂ္ဂီက မသွယ့်ကို ပြုံးပြ၍. . .

"ကိုဇော် ရှိမလားလို့ ဝင်လာတာ၊ ရှိလား"

"မရှိဘူး၊ မြို့ထဲသွားပြီ"

"အော်. . ကိစ္စတော့ မရှိပါဘူး၊ ကိုယ် တကယ်တွေ့ချင်လို့ လာတာက မင်းဆီပါ . ."

ပြောရင်းနှင့် မသိဂ္ဂီက အားကစားဝတ်စုံ ဝတ်ထားသော မသွယ့်ခန္ဓာကိုယ်ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ မသွယ်က



ခပ်တင်းတင်းပင် ပြန်ကြည့်ရင်း. . .

"ဒေါ်သိဂ္ဂီနော်"

"အင်း မသိဂ္ဂီပဲ ခေါ်ပါ၊ ဒေါ်ဆိုတာကြီးက ရင့်လွန်းလို့"

ဒေါ်သိဂ္ဂီက ရယ်ရင်းပြောသည်၊ မသွယ်က လိုက်မရယ်

လိုက်မပြုံးပဲ. . .

"မသိဂ္ဂီ ကျွန်မကို တွေ့ချင်တယ်ဆိုတာက"

"ဘာရယ်မဟုတ်ပါဘူး၊ ကိုယ်နဲ့ မသွယ်နဲ့က ဒီထက်ပိုပြီ

ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ရှိသင့်တယ် ထင်တယ်လေ၊ ဒါနဲ့ ကိုဇော်

က ဘာမှ မပြောဖူးဘူးလား"

"ဘာကိုလဲ"

"ကိုဇော်က ကိုယ့်အစ်ကိုအရင်း မသွယ်ရဲ့၊ တစ်ခါမှ မသိ

ဟာ သူ့ညီမအရင်းလို့ မပြောဖူးဘူးလား၊ ကိုယ့်အစ်ကိုကတော့

တကယ်အံ့ဩဖို့ ကောင်းတယ်ကွာ"

"အစ်ကိုအရင်း၊ မသိဂ္ဂီက ကိုဇော်ရဲ့ညီမအရင်း ဟုတ်လား

"ဟုတ်တယ် မသွယ်၊ ကိုယ်တို့မှာ စုစုပေါင်း ဒီမောင်နှမနှ

ယောက်ပဲရှိတာ"

"ဟာ. . . မသွယ် အားနာလိုက်တာ မသိဂ္ဂီရာ၊ ကိုဇေ

မသွယ့်ကို တစ်ခါဆို တစ်ခါမှ မပြောဖူးဘူး၊ ကဲ. . ထထ မသိ

အထဲဝင်၊ မသွယ် မသိဂ္ဂီကို ဘယ်လိုတောင်းပန်ရမှန်းတောင် မသ

တော့ဘူး"

အံ့ဩ အားနာသွားတာလည်း ပါပါသည်။ မရှက်တမ်း ဝန်

ရလျှင် သည်လိုကြားလိုက်ရသဖြင့် အရမ်းဝမ်းသာသွားတာလည်း

သည်။ မသွယ် မသိဂ္ဂီကို အခုမှ လှိုက်လှဲအားရ ကြိုဆိုနိုင်တော့၏

"အားမနာပါနဲ့မေသွယ်. . .။ ကိုယ့် အစ်ကိုအကြောင်း ကိုယ်သိပါတယ်၊ သူ အဲ့လို နှုတ်နည်းလို့လဲ စီးပွားရေးလောက လူတော်တော်များများက မသီဂီနဲ့ သူ့ကိုပေးတောင်ပေးစားပြီး သမုတ်ကြတာ၊ ဒါတွေလည်း သူက ရှင်းရလေမှန်း မသိဘူး၊ ဂရုလဲ မစိုက်ဘူး. ခပ်တည်တည်ပဲ"

"မှန်တာပြောရရင် မေသွယ်လည်း အဲလို အထင်လွဲတဲ့အထဲမှာ ပါမိပါသော် မမသီဂီ၊ ဒါကြောင့်သည်း စောစောက မေသွယ် မမသီဂီကို မချေမငံ ဆက်ဆံနေတာပါ"

"မမ ရိပ်မိပါတယ်၊ ဒါကြောင့် မောင်နှမလို့ စောစောထုတ်ပြောလိုက်တာ"

"ဒါနဲ့ မေသွယ်. . မမသီဂီအတွက် တစ်ခုခု သွားလုပ်ခိုင်းလိုက်ဦးမယ်၊ မမသီဂီ ဘာသုံးဆောင်မလဲ. . အပူလား၊ အအေးလား"

"ကော်ဖီပဲ ပေးပါကွယ်၊ ငါ့ညီမ မလုပ်ပါနဲ့ တစ်ယောက်ယောက်ကို ဖျော်ခိုင်းလိုက်ပါ၊ မမ. . ငါ့ညီမနဲ့စကားပြောတဲ့အချိန်ပိုရချင်လို့"

"ဟုတ်ကဲ့ မမ"

မေသွယ်က အတွင်းခန်းဘက် ပြေးသွားသည်၊ နောက် သိပ်မကြာခင်ပဲ ပြန်ပြေးဝင်လာ၏။ မသီဂီက ပေါ့ပေါ့ပါးပါး ပြေးလွှားနေသော မေသွယ့်ကို သဘောကျစွာ ကြည့်ဆည်၊ ပြီးမှ. .

"မေသွယ် အသက်ဘယ်လောက်ရှိပြီလဲ၊ မေးတာစိတ်မရှိနဲ့နော်"

"ဟာ. . မမကလဲ၊ အသက်သိချင်လို့ အသက်မေးတာပဲ ဘာစိတ်ရှိစရာ ရှိမှာလဲ၊ မေသွယ် နှစ်ဆယ့်တစ်နှစ် ပြည့်သွားပြီမမ၊



ပြီးခဲ့တဲ့လက ပြည့်ခဲ့တာ"

"အင်း. . ညီမလေးကို သူ စိတ်မချနိုင်အောင်ဖြစ်နေလို့ အိမ်တွင်းအောင်းခိုင်းထားတာဆိုရင်လည်း သိပ်တော့ အံ့ဩစရာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲမမ၊ မေသွယ်က ဦးဇော်နဲ့စာရင် သိပ်ငယ်လွန်းလို့လား"

မသီဂီက ရယ်သည်။

"မေသွယ် သူ့ကို ချစ်တယ်မဟုတ်လား"

"ချစ်ပါတယ် မမ"

"အဲဒါဆိုရင် ငယ်လွန်းတယ်လို့ ပြောလို့မရဘူး၊ မမယောက်ျားနဲ့ မမကလည်း ဆယ့်ငါးနှစ်တောင် ကွာတာပဲ၊ ဒါပေမယ့် ချစ်ကြတော့လည်း တစ်ယောက်နဲ့တစ်ယောက်ကြားမှာ သိပ်ခြားနားမှုတွေ မရှိပါဘူး"

"မမတို့က ရန်ကုန်မှာ နေတယ်နော်၊ အခု မန္တလေး အလည်လာတာလား"

"အင်း. . . မမအလုပ်က ဒီလိုပါပဲ။ ရန်ကုန်မှာ နေတယ်ဆိုပေမယ့်လည်းမန္တလေးကို အိမ်ဦးနဲ့ကြမ်းပြင် သွားနေရတာ၊ ဟိုတလောကတောင် တစ်ခေါက်ရောက်သေးတယ်လေ၊ ကိုဇော့်ကို ညီမလေးတို့အိမ် လိုက်ပို့တာ"

"မေသွယ် မှတ်မိတယ်"

"အဲဒါက တစ်ခေါက်၊ ခုတစ်ခေါက်က ခုမှ ရန်ကုန်ကတက်လာတာ မတ္တရာမှာ ရိုက်ကွင်းရှိနေလို့၊ မမက စကားနည်းနည်းများစပ်လည်း စပ်စုတယ်နော်၊ စိတ်တော့ မပျက်နဲ့ဦး"

"ဟာ. . မပျက်ပါဘူး မမရဲ့၊ မမကို ပိုတောင် ချစ်သွားသေးတယ်၊ အိမ်မှာက သိတဲ့အတိုင်း သူက ဘာမှ ပွင့်လင်းတာမဟုတ်ဘူး အားလုံးမြုံထားတော့ သူနဲ့ပတ်သက်လို့ ဘာမှကို မသိဘူး"

"အင်း. . မမထင်တာ မလွဲတော့ဘူး"

"ဘာကိုလဲ"

"ကိုဇော်ဟာ အိမ်ထောင်ဘက်တစ်ယောက် အရွေးမှန်ဖို့ အချိန်အကြာကြီး ယူခဲ့တယ် မေသွယ်၊ အနည်းဆုံး လေးငါးခြောက်နှစ်၊ ခုနှစ်နှစ်လောက်ရှိမယ်၊ ကိုယ်သိတယ် သူရွေးပြီးဆိုရင်တော့ ခုခေတ်စကားနဲ့ ပြောရင် ရှယ်. . ရှယ်မှ ဝွတ်ရှယ်ပဲ ဖြစ်ရမယ်လို့"

မေသွယ် ရှိန်တိန်တိန်ဖြစ်သွားသည်၊ ဘာပြောလို့ ပြောရမည်မှန်း မသိဖြစ်သွား၏။ ကိုယ့်ဝမ်းနာ ကိုယ်ပဲသိမည် မဟုတ်ပါလား။

သို့သော် မေသွယ်လည်း သရုပ်ဆောင်သင်တန်းဆင်းပဲ ထိုရှိန်ဖိန်းခြင်းကို ဖုံးကွယ်ရန် ရယ်လိုက်ပြီး. . .

"အတော်ပဲ မမနဲ့တွေ့မှ သူ့အကြောင်းတွေ မေးရမယ်၊ အဲဒီလေးငါးခြောက်နှစ်၊ ခုနှစ်နှစ်ဆိုတဲ့ အကြောင်းတွေ ပြောပြစမ်းပါ မမရယ်၊ မမပဲ သူနဲ့ အနီးဆုံးရှိတာ"

မသီဂီကရယ်သည်။

"မမ ငယ်ငယ်ကတည်းက သူ့ကို လေးစားတာပါ၊ ဒါပေမယ့် သူက အရမ်းသီးခြားဆန်တယ်။ စိတ်ကောကိုယ်ကော မာတယ်၊ တကယ် ရွတ်ရွတ်ချွံချွံသမား၊ အဲဒီလိုလူမျိုးတစ်ယောက် လုပ်သမျှကို မမ အကုန် လိုက်သိနေဖို့ကတော့ ဘယ်လိုမှမဖြစ်နိုင် ဘူး၊ မေသွယ် သူနဲ့နေရတာ အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ်"



"အဲဒါ အဓိကပါပဲ၊ ကိုယ်သိသလောက် အဲဒီအတောအတွင်းမှာ သူ့ကို ဝိုင်းဝိုင်းလည်နေတဲ့ မိန်းကလေးတွေ အများကြီးပဲ၊ ဒါပေမယ့် သူ့စိတ်ကြိုက် တစ်ယောက်မှပါမလာဘူး၊ ဘယ်သူနဲ့မှလဲ အငြိအစွန်းမရှိဘူး၊ အဲဒါတော့ မမ အသိဆုံးပဲ၊ အခုမှ သူ့စိတ်ကြိုက်တွေ့သွားပြီး အခြေကျတာ"

"သူ့ အရင် မိန်းမနဲ့ကော မမသိလား"

"ချစ်ချစ်လား၊ချစ်ချစ်အကြောင်း ကိုဇော်က ပြောပြလား"

"အင်း. . သူနဲ့ လက်ထပ်ခဲ့တယ်ဆိုတဲ့အပြောနဲ့ ကလေးမီးဖွားရင်း အမေကော ကလေးကော ဆုံးသွားတယ်ဆိုတာပဲ ပြောပြတယ်"

"အဓိကကတော့ အဲဒါပါပဲ၊ အဲဒီလောက် ပြောတာတောင် ညီမလေးကို သူသိပ်ချစ်လို့ ဖုံးကွယ်မထားပဲ ပြောပြတာနေမှာ၊ သူက နောက်ကြောင်းတွေ ဘယ်တော့မှ ပြန်ပြောတတ်တာ မဟုတ်ဘူး၊ ချစ်ချစ်နဲ့သူက သူ့အသက် နှစ်ဆယ်ကျော်ကျော်မှာ ယူခဲ့တာ၊ နှစ်ယောက်စလုံး စိတ်ကစားပြီး ယူခဲ့တဲ့ပုံစံပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ချစ်ချစ်က မမ သူငယ်ချင်းပဲ၊ မမ သေချာသိတာပေါ့"

"ချစ်ချစ်ကို ဦးဇော် အရမ်းတော့ ချစ်မှာပေါ့"

"အင်း. . သေသွားတဲ့လူအကြောင်း မမ အတင်းမပြောချင်ဘူး၊ ချစ်ချစ်ဆုံးတော့ ကိုဇော် အရမ်းစိတ်မကောင်းဖြစ်တာ အမှန်ပဲ၊ သူ့မှာ ဘာစွဲသွားလဲဆိုတော့ သူ့မှာ ပိုက်ဆံမပြည့်စုံလို့ ချစ်ချစ်ကို သမားကောင်း၊ ဆေးကောင်းတွေနဲ့ မကယ်နိုင်ခဲ့တာဆိုပဲ၊ ဒါကြောင့် နောက်ပိုင်းမှာ စီးပွားရေးကို ဒလမန်းကြမ်းလုပ်တော့တာ၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ မမ"

"ဒါပေမယ့် ချစ်ချစ်မဆုံးခင် တစ်နှစ်လောက်ကတည်းက ကိုဇော် စိတ်အရမ်းညစ်နေတာ မမသိတယ်၊ ချစ်ချစ်က ဝတ်ချင် စားချင်၊ လှချင်ပချင်စိတ် သိပ်များတော့ အဲဒီအချိန်တုန်းက ဆင်း ဆင်းရဲရဲ ရုန်းကန်နေရတဲ့ဘဝကို ခံနိုင်ရည်ရှိပုံ မရဘူး၊ နဂိုကလည်း ချစ်ချစ်က အသုံးအဖြုန်းကြီးတယ်"

"အင်း"

"မမတို့မောင်နှမက ငယ်ငယ်က အရမ်းဆင်းရဲတယ်မေ သွယ်၊ အဖေနဲ့အမေ ရှေ့ဆင့်နောက်ဆင့်ဆုံးသွားပြီး မိဖမဲ့ ကျန်နေရတဲ့ မောင်နှမနှစ်ယောက်မှာ မမက ဆယ့်ငါးနှစ်၊ ကိုဇော်က ဆယ့်ခုနစ် နှစ်ပဲ ရှိသေးတယ်။ အဲဒါကို ကိုဇော်က ဘာလုပ်တယ်မှတ်လဲ"

"ပြောပါမမ"

"ကိုဇော် ကျောင်းထွက်တယ်။ လမ်းမတော်က ပွဲရုံမှာ ပစ္စည်းထမ်းတဲ့ အလုပ်လုပ်တယ်၊ မမကို ကျောင်းဆက်ထားတယ်၊ အလုပ်ကို သူဘယ်လောက် ကြိုးစားလဲဆိုရင် သုံးနှစ်အတွင်းမှာ ပစ္စည်းထမ်းဘဝကနေ ဒီပွဲရုံ သူဌေးရဲ့ မန်နေဂျာတစ်ယောက် ဖြစ် လာတယ်။ အဲဒီအချိန်မှာ ချစ်ချစ်နဲ့ ယူတာပေါ့၊ ပွဲရုံသူဌေးက စာရင်း ဖယားကအစ အကုန်လုံး သူ့ကို မျက်နှာ လွှဲထားနေပြီ၊ ဒါပေမယ့် သစ္စာကလည်းရှိတယ်၊ သူဌေးမသိအောင် ငါးပြား ယူမသုံးဘူး၊ သူ့ လစာထဲကပဲ မမကိုထောက်ပံ့တယ်၊ သူ့ အိမ်ထောင်ကို လဲ သူပေး တယ်၊ အဲဒါတွေကို ချစ်ချစ်က သိပ်မကျေနပ်တာလည်း ပါမှာပေါ့"

စိတ်ပါလက်ပါ ပြောနေရင်းကနေ ရုတ်တရက် အရှိန်တန့် ပြီး မသီဂီရယ်သည်။



"အင်း. . ကိုဇော်သိရင်တော့ သူ့အကြောင်းတွေပေါ် အောင် လုပ်ရမလားဆိုပြီး၊ မမကို သတ်ချင်မှာ"

"ဒါပေမယ့် မမရယ်၊ မမပြောမှပဲ မေသွယ်လည်း အဲဒါတွေ သိရ မှာ။ သိတော့လည်း ဦးဇော်ကို ပိုနားလည်လို့ ရတာပေါ့"

"ဟုတ်ပါတယ်၊ မမလဲ အဲဒီသဘောနဲ့ ပြောပြတာပါပဲ၊ ကိုယ့်အစ်ကိုအကြောင်း ကိုယ်ပဲသိတယ်လေ၊ တော်ရုံတန်ရုံ အချစ်နဲ့ သူ့ဆိုးပုံမျိုး ခံနိုင်ဖို့ မလွယ်ဘူး"

မေသွယ်က ပြုံးရယ်လိုက်သည်။ ဘာပြောပြော ဒီနေ့သည် သူမအဖို့ အရမ်းကို ထူးခြားသော နေ့တစ်နေ့ ဖြစ်သွားခဲ့ပေပြီ။ မသီဂီကိုလည်း တကယ်ပဲ ကျေးဇူးတင်မိသည်။

မေသွယ်တစ်ယောက် ဇော်ထက်ကို ချစ်သည့်စိတ်၊ မုန်း သည့်စိတ် နှစ်စိတ်ပြိုင်လွန်ဆွဲပြီး ချစ်လိုက်၊ မုန်းလိုက် ဖြစ်နေရချိန်မှာ သီကြားမင်းကဲ့သို့ရောက်လာပြီး ချစ်စိတ်ဘက်ကို ပိုလုဆွဲပေး သွားသောကြောင့်ပင်။ မေသွယ် မသီဂီကို လိုက်လိုက်လဲ့လဲ့ ပြော လိုက် သည်။

"မမ လောလောဆယ်တော့ မပြန်ရဘူးနော်၊ အိမ်မှာထမင်း စားသွား. .၊ မေသွယ်ကိုယ်တိုင် ချက်ကျွေးမယ်" ဟု ဖြစ်၏။

\+ + + + + +

## (၄)

ဇော်ထက်ပြန်လာတော့ ညခုနစ်နာရီ ထိုးလုနေပြီဖြစ်သည်။

ခြံဝင်းထဲ ကားဝင်လာပြီး ဆင်ဝင်အောက် ရပ်လိုက်ချိန်မှာ ဇော်ထက်သည် အလွန်အံ့သြစရာ မြင်ကွင်းတစ်ခုကို တွေ့လိုက်ရ၏။ သူကားရပ်လိုက်သည်နှင့် . . .

"ဟော ဦးဇော်ပြန်လာပြီ"

အိမ်ထဲကနေ မေသွယ် အပြေးကလေးထွက်လာသည်။ ပြုံးရွှင်သောမျက်နှာဖြင့် ကားနား ရောက်လာပြီး ကားတံခါးကို ဖွင့်ပေးသည်။

"အဲဒီအိတ် မေသွယ့်ပေး ဦးဇော်၊ မေသွယ်ကိုင်ခဲ့မယ်"

ဇော်ထက် ခါတိုင်းဆွဲဆင်းလာနေကျ အတတ်ချိကေ့စ်ကို လှမ်းယူသည်။ ဇော်ထက်က အံ့သြနေသောမျက်နှာဖြင့် ကြည့်ရင်း ကားပေါ်မှ ဆင်းလိုက်သည်။ မေသွယ်က ဘယ်လက်ဖြင့် အတတ်ချိကေ့စ် ကိုဆွဲ၍ ညာလက်ဖြင့် ဇော်ထက်လက်မောင်းကို ဖက်တွယ်ထားလိုက်သည်။



ဇော်ထက်က ကျန်လက်တစ်ဖက်ဖြင့် ကားတံခါးကို နောက်ပြန်ပိတ်ပြီး အိမ်ရှေ့လှေကားအတိုင်း တက်လာသည်။ မေသွယ်က အနားမှ ဖက်တွယ်လိုက်ပါရင်း. . .

"ဒီနေ့ အလုပ်ကိစ္စတွေအားလုံး အဆင်ပြေတယ် မဟုတ်လား ဦးဇော်"

ဇော်ထက်က သတိထား၍ခေါင်းညိတ်ရင်း. . .

"အဆင်ပြေပါတယ်၊ မေသွယ်ကော. . ."

"ဒီနေ့ မမသီဂီ အိမ်ကိုလာတယ်"

"အင်း. . ထင်တော့ထင်ပါတယ်၊ ရန်ကုန်က သတင်းစာတွေမှာပါတဲ့ လက်ထပ်သတင်း တွေ့သွားလို့နေမှာပေါ့"

"မေသွယ်နဲ့ အကြာကြီး စကားပြောသွားတယ်၊ အိမ်မှာလည်း ထမင်းစားသွားတယ်၊ မမသီဂီစားတဲ့ဟင်းကို မေသွယ် ကိုယ်တိုင် ချက်ကျွေးလိုက်တာ၊ အဲဒါရှိသေးတယ် ဦးဇော်စားဖို့. ."

"အင်း. . တယ်ဟုတ်ပါလား"

နှစ်ယောက်သား အပေါ်ထပ် အခန်းထဲသို့ရောက်လာသည်။ မေသွယ်က စားပွဲပေါ်တွင် အတတ်ချိကေ့စ်တင်လိုက်သည်။ ထို့နောက် ဇော်ထက်အင်္ကျီကို ကူချွတ်ပေးသည်။

"ဦးဇော်"

"အင်း. . ပြော. . မေသွယ်"

"မေသွယ်တို့နှစ်ယောက် တစ်ယောက်အကြောင်း တစ်ယောက် သေချာမသိဘူး ဖြစ်နေကြတာပါ၊ အဲဒါ ဘယ်သူ့အပြစ်လဲ"

"မသိဘူးလေ"

"နေဦး မေသွယ်၊ မင်း ဘာဖြစ်နေလဲ၊ ကိုယ့်ကို ပွင့်ပွင့်လင်း

လင်း ပြော၊ မင်းလိုချင်တာ ဘာလဲ"

ဇော်ထက်အေးစက်စက်အသံက ရင်ဝကိုလာကန်သလို ခံစားရသည်။ စောစောက ရွှင်လန်းတက်ကြွနေသောစိတ်လေးဝင် ပျက်စီးချင်လာသည်။

"မပြောတော့ဘူး ဦးဇော်၊ ဦးဇော်ဆီက ကြင်နာယုယမှု တွေများလားပဲ"

"အော်. . ကိုယ်က အခုတော့ မကြင်နာဘူးလို့ မင်းပြောချင် တာပေါ့လေ. . ."

မေသွယ်ရင်မောသွားသည်။ ဘာမှပင် ပြန်ဖြေချင်စိတ် မရှိ တော့၊ သက်ပြင်းသာချလိုက်မိ၏။

\+ + + + + +

"ဟင်း"

ဇော်ထက်က တစ်ချက်လှမ်းကြည့်ပြီးပြုံးသည်၊ ပြီးမှ ပြောင်စပ်စပ်လေသံဖြင့်. . .

"ကိုယ်တို့နှစ်ယောက်ကြားမှာ သိစရာ သိပ်မရှိတော့ပါဘူး ကွာ၊ အကုန်လုံး သိပြီးကြပြီပဲ"

မေသွယ့်မျက်နှာ ရဲကနဲဖြစ်သည်။

"မဇော်ပြောနေတာ ရုပ်ပိုင်းဆိုင်ရာတွေမှာ မဟုတ်ဘူး ဦးဇော်၊ ရုပ်ပိုင်းလိုအပ်ချက် ပြည့်စုံရုံနဲ့ အားလုံးပြည့်စုံပြီလို့ မပြော နိုင်ဘူး"

"ဒါဖြင့် ဘာလိုသေးလဲ ပြောလေ၊ ဒီမှာမေသွယ် ကိုယ်ပြော



ပြမယ်။ ခုဖြစ်နေတဲ့အခြေအနေတွေဟာ မေသွယ် ဖန်တီးခဲ့တာတွေ ချည်းပဲ၊ လက်မထပ်ခင်ကတည်းက မေသွယ့်ကို ကိုယ်ပြောခဲ့ဖူးသား ပဲ. . မေသွယ်က သံမဏိရေခံပြန် သံချပ်ကာအင်္ကျီအောက်မှာပုန်း နေတာလို့၊ ခုလဲ ဘာထူးလဲ တလျှောက်လုံး မာရေကျောရေနဲ့ အေး က်စက် လုပ်နေတာ ဘယ်သူလဲ"

"ဦးဇော်က အဲဒီထက် ပိုလိုချင်တယ် မဟုတ်လား"

"ကိုယ်လိုချင်တာ ဇနီးမယားတစ်ယောက်ပဲ မေသွယ်"

"မေသွယ်က ဦးဇော် ဇနီးမယား မဟုတ်ဘူးလား"

"အဲဒါက မေသွယ်အပေါ် မူတည်တာပဲ၊ ခုချိန်ထိ ဘာ စ်ခုကိုမှ ကိုယ် တွက်မလုပ်ပဲ ကြည်ကြည်သာသာရတာ မရှိသေး ူး"

"ဒါကတော့ လောကမှာ အယူချည်းပဲ ရှိနေလို့ မရဘူးလေ၊ အပေးအယူဆိုတာ ရှိရမှာပေါ့"

ဇော်ထက်ရယ်သည်၊ ရယ်ရင်းနှင့်ထပြီး. . . . . . .

"ကိုယ်က အယူသမားပဲထားပါတော့ မေသွယ်၊ ခုလဲကိုယ် ူရဦးမှာပဲ"

မေသွယ်ကို ဖက်ခနဲ ပွေ့သည်။ သည်အခါတော့ မေသွယ် ်ကြမ်းကြမ်းပင် ရုန်းကန်တွန်းထိုးပစ်လိုက်သည်။

"ဦးဇော် အဲလို အနိုင်ကျင့်ဖို့ပဲ မကြိုးစားပါနဲ့၊ လင်မယား ဘာဝဆိုတာ မေသွယ် နားလည်တယ်၊ မေသွယ်လည်း သွေးနဲ့ ်ယ် သားနဲ့ကိုယ်ပဲ၊ ကိုယ့်ယောက်ျားနဲ့ကိုယ် အတူနေချင်တာပဲ၊ ဒါပေ ယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

“ဒါပေမယ့် သူ့ဆန္ဒ၊ ကိုယ့်ဆန္ဒ လေးစားရမှာပေါ့၊ တစ်
သတ် အနိုင်ကျင့်တယ်ဆိုတာ ချစ်တာမှမဟုတ်ပဲ၊ ရက်စက်တာ
စိတ်တူ၊ သဘောတူ ကြည်ဖြူတယ်ဆိုတာ ဘယ်လောက်လှ
အိမ်ထောင်ရေးဘဝလဲ”

“အဲဒီဘဝကို မင်းလိုချင်တာ အမှန်ပဲလား”

“အမှန်ပဲ သိပ်ကိုလိုချင်တယ်”

“ကောင်းပြီလေ၊ ဒါဖြင့် ဝင်းကျော်နဲ့ ပတ်သက်တဲ့
ပြောပြ”

မသွယ် ထောင်းကနဲ ဒေါသဖြစ်သွားသည်။ စူးရဲ
မျက်လုံးကြင့် ဆက်ကနဲလှည့်ကြည့်သည်။

“အဲဒါနဲ့ ဘာဆိုင်လဲ”

“ကိုယ် သိချင်တယ်”

“သိစရာမလိုဘူး ဦးဇော်၊ အဲဒါနဲ့ ဘာမှ မပတ်သက်

“ဒါဖြင့် ဘာနဲ့ပတ်သက်လဲ”

“ဦးဇော် မသွယ့်ကို ဘာအတွက် လက်ထပ်လဲ”

“ဒါ မေးစရာမလိုဘူး၊ မင်း မသိဘူးလား”

“သိတယ်၊ အဲဒီကိစ္စက မန်းရွှေပြည်နဲ့ ပတ်သက်နေတ

ဇော်ထက် ဖြတ်ကနဲလှည့်ကြည့်သည်။ အတန်ကြာ
စိုက်ကြည့်သည်။ ပြီးမှ-

“ကိုယ် သိချင်တာပြောပါ မသွယ်၊ မင်းကို သူဘာလုပ်

“အဲဒီအကြောင်း မပြောချင်ပါဘူးလို့ ဘယ်နှစ်ခါ
မလဲ”

မသွယ် အသံကုန်နီးပါး အော်ထည့်လိုက်သည်။ သို



ဇော်ထက်က ပုံစံမပြောင်း။

“သူနဲ့မင်း ဘယ်လောက်အထိ ပတ်သက်ခဲ့တယ်ဆိုတာ
ကိုယ်မသိလို့ ဖြစ်ကိုမဖြစ်ဘူး၊ ပြော. . မသွယ်”

“ဦးဇော်. . မသွယ်တောင်းပန်တယ်၊ အဲဒီကိစ္စမမေးနဲ့”

“ကိုယ်. . သိချင်တယ် မသွယ်၊ ပြော. . ”

“မပြောဘူး”

“ကောင်းပြီလေ၊ အဲဒါဆိုလဲ ပြီးရောပေါ့”

“ဒါကဘယ်လဲ”

ဇော်ထက်က အဝတ်အစားလဲပြီး ခုတင်ပေါ်ပြန်ထိုင်နေရာ
က အခန်းတံခါးဘက် ထွက်သွားသည်။ မသွယ်က လှမ်းမေး
သောအခါ လှည့်မကြည့်ပဲ သံပြတ်ဖြင့်ဖြေသည်။

“အောက်ထပ်”

ဇော်ထက်အပြင်ရောက်ချိန်မှာ အခန်းတံခါး ဝုန်းကနဲ ပိတ်
သွား၏။

✦ ✦ ✦ ✦ ✦ ✦

(၅)

"သမီး . . . နေကောင်းရဲ့လား"

ကားနှင့်ရောက်ရောက်ချင်း အန်တီမြက မေးသည်။ မေသွယ် ခေါင်းညိတ်၍ . . .

"ကောင်းပါတယ် အန်တီမြ၊ သမီး ညည ကောင်းကောင်း အိပ်မပျော်လို့ပါ"

"မောင်ဇော်ထက်နဲ့ရော အဆင်ပြေရဲ့လား"

"ပြေပါတယ် အန်တီမြရဲ့၊ အဲဒါနဲ့ မဆိုင်ပါဘူး"

မေသွယ် ခပ်တည်တည်ပင် ညာလိုက်ရသည်။

အမှန်က သည်နေ့ဆိုလျှင် ဇော်ထက်နှင့် ပြဿနာတက်ပြီး တစ်ခန်းစီ အိပ်နေကြသည်မှာ သုံးရက်တောင် ရှိပြီဖြစ်သည်။

ဝင်းကျော်အကြောင်း မေးရင်းနှင့် စိတ်ဆိုးပြီး ထွက်သွားသော ဇော်ထက်က တစ်ညလုံးပြန်မလာ၊ နောက်နေ့ မိုးလင်းတော့လည်း မေသွယ် မနိုးခင် အပြင်ထွက်သွားသည်။

ညဘက်ပြန်ရောက်တော့လည်း အပေါ်ထပ်ကို မတက်။ အောက်ထပ်ရှိ ပထမနေ့က သူအိပ်သည့် အခန်းမှာပဲ အိပ်သည်။



မနက်ကျတော့ အစောကြီးထွက်။ သည်နေ့တော့ သည်အိမ်ကြီးထဲ နေရမှာပင် မေသွယ်စိတ်ပျက်လာသည်။

သို့အတွက် ဘိုးဘိုးဆီ သွားချင်လို့ဆိုတာ အန်တီမြကို ဖုန်းဆက်ခေါ်သည်။ အန်တီမြက ကားနှင့်ရောက်လာသည်။ ရောက်လျှင်ရောက်ချင်း စိုးရိမ်မကင်းသောအမူအရာဖြင့် အန်တီမြက စူးစမ်းတော့သည်။ ကားနှင့်အတူ ထွက်လာတော့လည်း ထပ်မေးသည်။

"မဆိုင်ဘူးသာ ပြောတာ၊ သမီးကို ကြည့်ရတာ အန်တီမြ စိတ်ထဲတစ်မျိုးပဲ၊ သမီးတို့ အိမ်ထောင်ရေးကော အဆင်ပြေရဲ့လား"

မေသွယ့်စိတ်ထဲ ခုလို ဟန်ဆောင်မနေတော့ပဲ အန်တီမြ ရင်ခွင်မှာ မျက်နှာအပ်၍ ရှိုက်ကြီးတငင် ငိုပစ်လိုက်ချင်စိတ်ပင် ပေါ်လာသည်။

သို့သော် စိတ်မချမ်းသာမှုတွေကို ဘယ်သူ့ကိုမျှ မပေးချင်၊ အန်တီမြကတစ်ဆင့် ဘိုးဘိုးသိသွားလျှင် ဘိုးဘိုး တတိယအကြိမ် နှလုံးရပ်မသွားဟု မပြောနိုင်။ မေသွယ်က ရယ်လိုက်ရင်း-

"မဟုတ်တာ အန်တီမြကလည်း သမီးတို့ အဆင်ပြေပါတယ်"

"အေးလေ . . . အဆင်ပြေတယ်ဆိုရင်လည်း ဝမ်းသာပါတယ်၊ အန်တီမြလည်း အဲဒီစကားပဲ ကြားချင်တာပါ"

ဆေးရုံရောက်သည့်အထိ ဘာစကားမှ ထပ်မပြောဖြစ်တော့။

ဘိုးဘိုးကလည်း မေသွယ့်ကို မြင်သည်နှင့် အိမ်ထောင်ရေး အဆင်ပြေ၊ မပြေပဲ မေးသည်။ မေသွယ်ကလည်း ထပ်လိမ်ရသည်။

ဘိုးဘိုးက ခေါင်းညိတ်၍ . . .

"ကောင်းတယ်မြေး၊ ဒီအနေအထားက အကောင်းဆုံး အနေအထားပဲ၊ သမီးဘအတွက်လဲ အရမ်းစိတ်ချရသွားတာပေါ့"

ထို့နောက် ဘိုဘိုးက သူဆေးရုံက ဆင်းချင်သည့်အကြောင်းတွေပဲ ဆက်ပြောသည်။ ထုံးစံအတိုင်း မေသွယ်ကလည်း ချော့မော့ပြောရလေသည်။

ထိုအချိန်မှာ အန်တီမြက မေသွယ့်လှုပ်ရှားမှု မှန်သမျှ တစ်ချက်လေးမှအလွတ်မပေးပဲ မေသွယ့်ကို တစ်ချိန်လုံး လေ့လာနေသည်။

မေသွယ်ကတော့ မသိ။ ကိုယ့်ဟာကိုယ်လုံလှုပြီဟု ထင်နေမိ၏။

\+ + + + + +

အပြန်လမ်းမှာ အန်တီမြက ဗိုက်ဆာသည်ဟုအကြောင်းပြပြီး မေသွယ့်ကို စားသောက်ဆိုင်ခေါ်သွားသည်။

အစားအသောက်များ မှာပြီးမှ အန်တီမြက-

"အမှန်ကတော့ ခုနက အစ်ကိုကြီးပြောသလိုပဲ သမီးဘဝ လုံခြုံမှုကို အဓိကထားပြီး မောင်ဇော်ထက်နဲ့ လက်ထပ်ပေးခဲ့တယ် သမီး၊ အဲဒီကိစ္စမှာ အန်တီမြလည်း တာဝန်ရှိတဲ့ နေရာမှာ ပါတယ်။ ဒါပေမဲ့. . "

အန်တီမြစကားအသွားအလာ၏ ဦးတည်ရာအရပ်ကို မေသွယ် ရုတ်တရက် မှန်းဆ၍မရ။ သို့သော် ရင်ထဲမှာတော့ စိုးရိမ်



မှုတစ်ခုဖြင့် ထိတ်သွားသည်။ မေသွယ့်ဘက်မှ ဝင်မပြောခင် အန်တီမြက ဆက်ပြောသည်။

"ဒါပေမဲ့ တစ်ခုတော့ရှိတာပေ့ါ၊ ပေ့ါစေလိုလို့ ကြောင်ရုပ်ထိုးဆေးအတွက်ပိုလေးဆိုတာမျိုး ဖြစ်သွားမှာတော့ သမီးဘိုးဘိုးကော၊ အန်တီမြကော အရမ်းစိုးရိမ်တာပဲ။ ဒါကြောင့် သမီးတို့အိမ်ထောင်ရေး အခြေအနေကို အမြဲဦးစားပေး မေးတာပါ။"

"အခု ဘာဖြစ်နေလို့လဲ အန်တီမြ"

"ဘာမှတော့ မဖြစ်ပါဘူး၊ ဒါပေမဲ့ သမီးမျက်နှာနဲ့ သမီးအမူအရာတွေက သမီးပြောတာနဲ့ တစ်ခြားစီဖြစ်နေတယ်၊ သမီးမှာ အိမ်တွင်းရေးသောကတွေရှိနေတယ်၊ အန်တီမြ ဗေဒင်ဆရာမ၊ အကြားအမြင် ဆရာမတော့ မဟုတ်ဘူး၊ အိမ်ထောင်လဲ မပြုဖူးဘူး၊ ဒါပေမယ့် အန်တီမြ သိတယ်"

"ဟင်း. . "

အန်တီမြကို လိမ်ညာဖို့ အတော်ခက်ခဲပါလားဟု ခုမှ မျက်ဝါးထင်ထင် သဘောပေါက်သွားသည်။ သိပ်တော့ ပြင်းမနေချင်သို့သော် ဝန်လည်းမခံချင်သဖြင့်. . .

"ကိစ္စမရှိပါဘူးအန်တီမြ၊ သမီးအတွက်တော့ ဘာမှ မပူပါနဲ့၊ ဘိုးဘိုးနဲ့ ပတ်သက်ပြီး မေမေတုန်းကတစ်ကြိမ်၊ သမီးကလည်း တစ်ကြိမ် ဘိုးဘိုးစိတ်မချမ်းသာအောင် လုပ်ခဲ့ကြတယ်၊ ခုနကိစ္စမှာ သမီးမှာ ဘာတွေပဲ ခံစားရခံစားရ ဒါဟာ ဘိုးဘိုးကို တုံ့ပြန်ပေးဆပ်တာပဲလို့ခံယူပါတယ်"

"ဆက်ပြောပါ. . သမီး"

"ခုချိန်မှာ သမီးရဲ့ မာနတွေကို ဟိုးအောက်ဆုံး အဆင့်အထိ

အချခံထားရတယ်၊ ဒါပေမယ့် သမီးဒါတွေကို လိုက်မခံစားတော့ဘူး လိုက်ခံစားရင်လည်း ဘိုးဘိုးကို သမီး ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး ဖြစ်သွားလိမ့်မယ်"

"နေဦးသမီး၊ သမီးစကားတွေက မျက်စိလည်စရာ ဖြစ်နေတယ်၊ အဲဒါ သမီး ဘာပြောတာလဲ"

"မသိချင်ယောင်ဆောင်မနေပါနဲ့ အန်တီမြရယ်၊ ချောချော ပြောပြလို့ သမီးအကုန်သိပြီးပါပြီ၊ သူ့ကုမ္ပဏီကိစ္စနဲ့ သူ့ပိုင်ဆိုင်မှုတွေ ပြန်အဖတ်ဆည်နိုင်ဖို့အတွက် ဦးဇော်ကိုပဲ နောက်ပိုင်း အားကိုးရ တော့ သမီးကို တွဲကုန်ပစ္စည်းအနေနဲ့ ထည့်ပေးခဲ့တာ မဟုတ်လား သမီးဘဝအတွက် စေတနာနဲ့လုပ်တယ်ဆိုတာကိုတော့ သမီးနားလည် ပါတယ်၊ ဒါပေမယ့် ဦးဇော် လိုချင်တာက ကုမ္ပဏီပဲ၊ သမီးကိုမှမဟုတ် တာ အဲဒီတော့ ဒီအိမ်ထောင်ရေးကလည်း ဘယ်လိုလုပ် သာယာ တော့မှာလဲ"

မေသွယ့်စကားများ၏ အနက်အဓိပ္ပာယ်ကို အန်တီမြ မနည်း ခြေရာကောက်ပြီး လိုက်ဖမ်းနေရသည်။ ပြီးမှ သက်ပြင်းချ၍. .

"အင်း. . ချောချောက တော်တော့်ကို ဆိုးတဲ့ မိန်းကလေးပဲ၊ အန်တီမြတောင် အံ့သြတယ်၊ တော်တော်မကောင်းတာပဲနော်"

"ချောချောကို အပြစ်မတင်ပါနဲ့ အန်တီမြ၊ သူသာ မပြောရင် သမီး အဲဒီအမှန်တရားတွေကို ဘာတစ်ခုမှတောင် သိလိုက်ရမှာ မဟုတ်ဘူး"

"အမှန်တရား. . ဟုတ်လားသမီး၊ ကဲပါလေ အဲဒါခဏထား ပါဦး၊ အခု အဲဒီလို သမီးနားလည်ထားတဲ့ 'အမှန်တရား' ဆိုတာရော



သမီးနဲ့ မောင်ဇော်ထက်ကြားမှာ ပြဿနာပေါ်ရပြီပေါ့. . ဟုတ် လား"

"သူက သမီးကို ချစ်လို့ယူခဲ့တာမှ မဟုတ်ဘဲ၊ ကုမဏီကို လိုချင်ရင် သမီးကို တွဲယူရမယ်ဆိုတဲ့ ဘိုးဘိုး အကျပ်ကိုင်တာခံရလို့ သူက ကုမ္ပဏီနဲ့အတူတူ သမီးကို ယူလိုက်ရတာပဲ။ သူ သမီးကို ရေရှည် ဘယ်ပေါင်းဖို့ စဉ်းစားမှာလဲ အန်တီမြရယ်၊ သမီးက အဲဒါကို ဘယ်လိုလုပ် ပျော်ရမလဲ"

"အဲဒါက ချောချောပြောတာ မဟုတ်လား"

"ဟုတ်တယ် အန်တီမြ"

"ကောင်းပြီ၊ ဒါဖြင့် အန်တီမြ တစ်ခုမေးမယ်၊ မောင်ဇော် ထက်ဆိုတဲ့လူက အရူးလား၊ ဒါမှမဟုတ် ကလေးလေးလား၊ အားလုံး အကျပ်ကိုင်တာနဲ့ပဲ သမီးကို ယူရရောလား"

"အော်. . သူက ကုမဏီကို အသဲအမဲ လိုချင်နေတာကိုး"

အန်တီမြက ဟားတိုက်ရယ်သည်။ တစ်ကယ့်ပျက်လုံး ကောင်းကြီးတစ်ခု ကြားလိုက်ရသလိုလို ဟက်ဟက်ပက်ပက်ရယ်ခြင်း ဖြစ်၏။ ပြီးမှ နာကျင်ထိခိုက်သောလေသံဖြင့် ပြန်ပြောသည်။

"ကဲ. . အဲဒီလိုဆိုရင်တော့ အန်တီမြပြောတာကို နားထောင် သမီး၊ သေသေချာချာ နားထောင်နော်"

"တော်ပါတော့ အန်တီမြရယ်"

"နားထောင်စမ်း. . သမီး၊ အစက သမီး သူများလှည့်ဖျား တာကို ယုံကြည်လွယ်တတ်မှန်း မသိဘူး။ အဲဒီစကားတွေဟာ ချော ချော သမီးကို သက်သက် ယုတ်မာပြီးပြောတာ။ မောင်ဇော်ထက်ဂ သူ အရမ်းလိုချင်တယ်၊ မောင်ဇော်ထက်ကိုရရင် သူ ဘယ်လောဂ

ချမ်းသာသွားမယ်ဆိုတာ သူတွက်တတ်တယ်။ ဒါကြောင့် မောင်ဇော်ထက်ကို ဘာကြွေးမှ မရှိအောင် ကပ်တယ်၊ ဒါပေမယ့် မောင်ဇော်ထက်က သူ့ကို လုံးဝ စိတ်မဝင်စားဘူး၊ မရိုင်းချင်လို့ အလိုက်သင့်ဆက်ဆံနေတာပဲရှိတယ်"

"ဒါပေမယ့် သမီးသိတာက"

"သမီးသိတာ ခဏထားပါဦး ၊ အန်တီမြသိတာ အရင်ပြောပြ မယ်၊ အဲဒါက တစ်ခြားမဟုတ်ဘူး၊ မောင်ဇော်ထက်ကကျတော့ သမီးကိုပဲ အရမ်းလိုချင်တယ်"

"မဟုတ်ဘူးထင်တယ် အန်တီမြ"

"ဟုတ်တယ်သမီး၊ သမီးဘိုးဘိုးဟာ ဒီလောက် အောက်တန်း မကျဘူး၊ သူ့မြေးဖြစ်တဲ့သမီးကို သိပ်တန်းဖိုးထားတယ်။ ဘာအတွက် သူက သမီးကို ဟင်းရွက်ကန်စွန်းလိုသဘောထားပြီး အဲလိုလျှော့ဈေးနဲ့ သူများလက်ထဲ ထိုးထည့်ပေးရမှာလဲ၊ ဒီမှာသမီး အဲဒီကိစ္စနဲ့ အစ်ကိုကြီးနဲ့ မောင်ဇော်ထက်စကားပြောတုန်းက အဲဒီစကားဝိုင်းမှာ အန်တီမြ ကိုယ်တိုင်ပါတယ်"

"ပါတော့"

အန်တီမြစကားထဲမှာ မေသွယ် စိတ်ဝင်စားဆုံးဖြစ်သွားသည်က သည်နေရာပဲဖြစ်သည်။

"ပါတော့၊ ဘယ်သူက ဘာပြောတယ်ဆိုတာ အန်တီမြထက် ဘယ်သူက ပိုသိဦးမှာလဲ၊ တစ်ကယ်တမ်းပြောရရင် အဲဒီအချိန်မှာ မန်းရွှေပြည်က ဒုက္ခတွေ ပင်လယ်ဝေနေတာ ဘာဈေးမှ ကိုင်လို့မရဘူး၊ တကယ်တမ်း အကြပ်ကိုင်တာက မောင်ဇော်ထက်၊ ကုမ္ပဏီကို သူလက်လွှဲပြီး ထူထူထောင်ထောင်ဖြစ်အောင် ပြန်လုပ်ပေးမယ်၊ ဒါပေ



မယ့် သမီးကို သူနဲ့ သဘောတူရမယ်လို့ တောင်းဆိုတာသူ၊ ဘိုးဘိုးက
ထိုးထည့်တာ မဟုတ်ဘူး၊ အဲဒါကို ကပြောင်းကပြန် လုပ်ပစ်တာက
ချောချော"

"အဟုတ်ပြောတာလား အန်တီမြ"

"ဒီမှာသမီး၊ အဲဒီအချိန်တုန်းက ဘိုးဘိုးက ဘာပြောခဲ့တယ်
မှတ်လဲ"

"ဘာပြောလဲ အန်တီမြ"

"ကုမ္ပဏီကို ဘာမှ လုပ်မပေးရင်နေ၊ သူ့မြေးက မကြိုက်ရင်
တော့ ဒီကိစ္စ မစဉ်းစားနိုင်ဘူးလို့ အပြတ်ပြောတာ"

"အဲဒီတော့ ဦးဇော်က ဘာပြောလဲ"

"အဲဒါဆို သမီးလက်ခံလာအောင် သူ ကြိုးစားမယ်၊ သမီးက
လက်ခံမယ်ဆိုရင် သဘောတူမလားတဲ့၊ အဲဒီတော့မှ အစ်ကိုကြီးက
သမီးလက်ခံရင်တော့ သူမငြင်းဘူး၊ ပေးစားပါမယ်လို့ ကတိပေးတယ်
အဲဒါပဲ သမီး"

"အဲဒါသဘောတူတြတာ ဘယ်အချိန်ကလဲ အန်တီမြ"

"လွန်ခဲ့တဲ့ လေးလလောက်ကတည်းက ဒီအတိုင်း ဆုံးဖြတ်
တာ အန်တီမြပါတယ်၊ အဲဒီအချိန်မှာ သမီး မောင်ဇော်ထက်ကိုမြ
တောင် မမြင်ဖူးသေးဘူး"

"ဟား. . ."

မေသွယ့်ခေါင်းထဲသို့ နောင်တများသည် အလုံးအရင်း
ဝင်လာသည်။ မှားခဲ့တာက ဇော်ထက်မဟုတ်ဘဲ၊ သူမသာ မြ
ကြောင်း ချက်ချင်း ဇာတ်ရည်လည်သွားသည်။

ဆုံးဖြတ်ချက်တစ်ခု ချက်ချင်းချသည်။

"အန်တီမြ"

"ပြော. သမီး"

"သမီးကို လိုက်မပို့နဲ့တော့၊ သမီးဖာသာ သမီးပဲ ကားတစ်စီး ငှားသွားတော့မယ်၊ သမီး ဦးဇော်ဆီ အခုသွားမှဖြစ်မယ်"

အန်တီမြလည်း ခုမှ ပြုံးနိုင်သည်။ ပြုံးရင်းနှင့်. . .

"အန်တီမြ လိုက်ပို့ပေးမယ်လေ"

"ဟင့်အင်း. . .၊ သမီးတစ်ယောက်တည်းပဲ သွားမယ်"

ပြောပြောဆိုဆိုနှင့် စားသောက်ဆိုင်ထဲမှ ထွက်ခဲ့၏။

ဦးတည်ရာအရပ်က ဦးဇော်ထက်-ရုံးခန်းသို့. . .။

+ + + + + +

(၆)

"ဒီမှာ ရပ်ပေးရမှာလား တူမကြီး"

စားသောက်ဆိုင်ရှေ့မှ ငှားလာသော လေးဘီးကားဆ
ကြီးက မေးသည်။ မေသွယ်က ကားရှေ့မှန်ကို ဖြတ်၍လှမ်းကြ
ရင်း. . .

"ဟုတ်တယ် ဦးလေး၊ ရပ်. . ရပ် ဒီနားမှာပဲ ကျွန်မဆ
မယ်"

ပြောရင်းနှင့် ပိုက်ဆံအိတ်ထဲမှ ကားငှားခ ထုတ်ပေးသ
ကားဆရာကြီးထံမှ ပြန်အမ်းငွေကို စောင့်နေဆဲ လှမ်းမြင်နေရေ
မြင်ကွင်းကြောင့် မျက်လုံးများ ပြာကနဲဖြစ်သွားသည်။

"ချောချော. . ."

ဟုတ်သည် ချောချောမှ ချောချောအစစ်။ သို့ေ
ချောချော တစ်ယောက်တည်းမဟုတ်၊ ချောချောနှင့်အတူ ဇော်ထ
ပါ ပါလာသည်။

ကုမ္ပဏီရုံးခန်းတံခါးကို ဖွင့်ထွက်လာသော ဇော်ထက်

မောင်းကို ချောချောက ကိုင်ထားသည်။

သူတို့နှစ်ယောက်က မေသွယ်ရှိသည့် လေးဘီးကားနှင့် ခပ်လှမ်းလှမ်းမှာရပ်ထားသည့် ဇော်ထက် ပရာဒိုကားကြီးဆီသို့ လျှောက်သွားသည်။ ထို့နောက် ကားပေါ်ကို နှစ်ယောက်သား တက်လိုက်ကြသည်။

မေသွယ် တအံ့တသြကြည့်နေဆဲမှာပင် ပရာဒိုကားကြီးက စက်နှိုး၍ မောင်းထွက်သွားသည်။

မေသွယ့်ရင်တစ်ခုလုံး ပွင့်ထွက်သလို ခံစားလိုက်ရသည်။ သွားပြီ၊ သူမ မျှော်လင့်ချက်တွေအားလုံး တစ်ချက်တည်းနှင့် ပျက်စီးသွားပြီဖြစ်၏။

+ + + + + +

(၃)

"ဒေါက် . . . . ဒေါက် . . . . ဒေါက်"

အိမ်ပြန်ရောက်ကတည်းက မေသွယ်ငိုခဲ့သည်မှာ ဘ

လောက် ကြာသွားသည် မပြောတတ်၊ အခန်းတံခါးခေါက်သံကြာ

သတိပြန်ဝင်လာသည်။

"ဘယ်သူလဲ"

"မလေးပါ. . ဆရာကတော်"

"အော်. . မလေး . . ပြော၊ ဘာကိစ္စလဲ"

"ကိစ္စမရှိပါဘူး၊ ဧည့်သည်တစ်ယောက် ရောက်နေလို့"

ဧည့်သည်. . . ဘယ်က ဧည့်သည်များ ရောက်နေပါလ

အမှန်ကတော့ ခုချိန်မှ ဘယ်ဧည့်သည်မှ ထွက်မတွေ့ချင်။ ကုမ္ပ

ရုံးခန်းရှေ့မှာ ချောချောကို ဇော်ထက်နှင့်တွဲလျှက် တွေ့လိုက်ကထ

က အမှန်တော့ မေသွယ့်ဝမ်းထဲမှာ ရှိုက်ကြီးတစ်ငင် စငိုနေမိပြ

သည်။ သူတို့နှစ်ယောက် ကားတစ်စီးနှင့် ထွက်သွားသောအခါ

သွယ့်နှလုံးသားတွေ ကြေမွသွားခဲ့ပြီ။

လေးဘီးဆရာကြီးကို တောင်းတောင်းပန်ပန်နှင့် ဆက်

ပြီး အိမ်သာပြန်ခဲ့ရသည်။ မေသွယ့်ကိုယ်ထဲမှာ အသက်ဝိဥာဉ်ပါ
မလာတော့။

အိမ်ပေါ်ရောက်သည်နှင့် အခန်းထဲဝင်ပြီး ငိုနေခဲ့သည်မှာ
နာရီပေါင်း မနည်းတော့။ မျက်လုံးတွေ၊ မျက်နှာတွေ၊ ခုချိန်ဆို
ဖူးယောင်မောက်ကြွနေမှာမလွဲ။ သို့သော် ဧည့်သည်က အိမ်ထဲရောက်
နေပြီ။

"အေး. . အေး. အခုဆင်းလာခဲ့မယ်"

မအေးကို လှမ်းပြောရင်း စိတ်ပျက်လက်ပျက်ထသည်၊
မျက်နှာသစ်ပြီး တကယ်ပင် နီရဲမို့မောက်နေသောမျက်နှာကို တို့ပတ်
နှင့် အသာဖို့ပြီး အောက်ထပ် ဆင်းလာခဲ့၏။

✦ ✦ ✦ ✦ ✦ ✦

"ဟင်"

နဂိုကမှ စိတ်ဓာတ်တွေ အားငယ် ခြောက်ခြားနေသည့်
ကြားထဲ ဧည့်သည်ဆိုသောသူကို မြင်လိုက်ရသောအခါ ချက်ချင်း
ပျို့အန်မိတော့မတတ် ရွံရှာသွား၏။

"ဝင်းကျော်. . ."

ဘဝမှာ ခုထက်ထိ လိုက်ဒုက္ခပေးနေသေးသော လူယုတ်မာ
ဝင်းကျော်။

"ဘယ်လိုလဲ မေသွယ့်မျက်နှာတွေ မို့အစ်လို့ပါလား၊ နေ
မကောင်းဘူးလား"

ရွံသည်၊ အသံကိုလည်းရွံသည်၊ ရုပ်မြင်ရတာလည်း ရွံသည်။



မေသွယ် ဘယ်လိုမှ ထိုမုန်းတီးရွံရှာမှုကို မြိုသိပ်မထားနိုင်တော့။

"ရှင်. . . ဒီကို ဘာကိစ္စနဲ့မှ လာစရာအကြောင်း မရှိဘူး
ကိုဝင်းကျော်၊ ရှင် အခုထွက်သွားပါ"

ဝင်းကျော်က ရယ်သည်။

"ဘယ်နဲ့ တွေ့ချင်လွန်းလို့ ရောက်လာတဲ့သူကို ဘယ်နှင်
လွှတ်နေတာလဲမေသွယ်၊ ကိုယ့်မှာတော့ မေသွယ့်ကို ရှာလိုက်ရတာ
မောနေတာပဲ၊ မေမြို့ကနေ ထွက်သွားပြီးကတည်းက ရှာမတွေ့တော့
တာ ခုမှ ကံကောင်းထောက်မလို့ ပြန်တွေ့ရတာ၊ ကိုယ့်ကို ချိုချိုသာသာ
လေးတောင် ခရီးဦးကြို မပြုနိုင်တော့ဘူးလား"

"ဒီမှာ. . ရှင် ဘာစကားမှမပြောနဲ့၊ ရှင့်မျက်နှာကိုလဲ မကြည့်
ချင်ဘူး၊ ရှင့်အသံလည်း မကြားချင်ဘူး၊ ရှင် အခုထွက်သွားပါ၊ ရှင်နဲ့
ကျွန်မနဲ့ ဘယ်တုန်းကမှ ဘာမှပတ်သက်ခဲ့တာ မဟုတ်ဘူး၊ ရှင့်ကို
ဧည့်ထောက်ခံနေစရာ အကြောင်းမရှိဘူး"

ပြောပြောဆိုဆိုနှင့်ပင် ဧည့်ခန်းထဲမှ လှည့်ထွက်ရန်ပြင်
သည်။ ဝင်းကျော်က အိမ်ထဲကို ကပျာကယာအကဲခတ်သည်၊ တခြား
ဘယ်သူမှ မမြင်ရတော့၊ ခုနသွားခေါ်သည့် အိမ်ဖော်အမျိုးသမီးလည်း
နောက်ဖေးဝင်သွားပြီ၊ အစပျောက်နေပြီ။

ဖြတ်ကနဲ ဝင်းကျော် လှုပ်ရှားသည်။ ကျောလှည့်ထားပြီ
ဖြစ်သော မေသွယ့်နား ရောက်သွား၏။ မေသွယ့်လက်မောင်း တစ်
ဖက်ကို ဖမ်းဆွဲလိုက်သည်။

"နေဦး မေသွယ်"

မေသွယ်က ဝင်းကျော်လက်ကို ဆွဲဖယ်သည်။

"ရှင်. . ရှင် အတော်အတင့်ရဲပါလား၊ ဖယ်. . ရှင် ကျွန်မ

အသားကို မထိနဲ့၊ အရမ်းသနတယ်"

"အော်. . မင်းက ဒီလောက်ဖြစ်နေလား၊အေး၊ ငါကလဲ တို့တစ်ခါက မအောင်မြင်ခဲ့တဲ့ကိစ္စကို ခုအောင်မြင်အောင် အကောင်အထည် ဖော်ပေးရမှာပေါ့"

ပြောရင်းနှင့် မေသွယ့်ကို ကျောဘက်မှ သိုင်းဖက်သည်။

"ဟင်. . နင်ဘာလုပ်တာလဲ ဝင်းကျော်၊ နင် လူမဟုတ်ဘူးလား၊ သူများအိမ်ထဲမှာ မိုက်ရိုင်းလှချည်လား၊ ငါ့မှာ လင်ရှိတယ်၊ နင် နားမလည်ဘူးလား"

"နားမလည်ဘူး မေသွယ်၊ နင့်ဟာနင် ဘာရှိရှိ ငါ ဂရုမစိုက်ဘူး"

"လွှတ်. ဝင်းကျော်၊ နင်ငါ့ကိုလွှတ်၊ မအေးရေ. . ကိုထွန်း"

ရှန်းရင်းကန်ရင်း ငယ်သံပါအောင် အော်သည်။ ဝင်းကျော်က မေသွယ့်ပါးစပ်ကို လှမ်းပိတ်သည်။ ထိုစဉ်မှာပင် မမျှော်လင့်မထားသော အသံတစ်ခုကို ကြားလိုက်ရသည်။

"မင်းကို ပြောနေတယ် ဝင်းကျော်၊ ဖယ်တဲ့၊ လွှတ်တဲ့။ မင်းက ဘာဖြစ်လို့ ဒီလောက်ခေါင်းမာပြီး ပြောစကား နားမသောင်တာလဲ"

ဇော်ထက်အသံဖြစ်သည်။ မေသွယ် အရမ်းဝမ်းသာသွားမိ၏။

+ + + + + +

(၈)

ဝင်းကျော် အလန့်တကြားနှင့် မေသွယ့်ကို လွှတ်ပေးလိုက်သည်။ ထို့နောက် ဇော်ထက်ဘက် ပြန်အလှည့် ဇော်ထက်က ဝင်းကျော် အကျီရင်ဘက်ကို လက်နှင့် ဆွဲကိုင်လိုက်၏။

"ကို. . ကိုဇော်ထက်၊ ကျွန်. . ကျွန်တော်"

"မင်း ဘာမှပြောစရာမလိုဘူး ဝင်းကျော်၊ မင်းတို့ပြောတဲ့ စကားတွေအကုန်လုံး ငါကြားတယ်၊ မင်း ဘာလုပ်တယ်ဆိုတာလဲ ငါမြင်တယ်၊ မင်းသေသွားမယ် ဝင်းကျော်၊ မင်း ငါ့ကို ဘာမှတ်နေလဲ"

"မ. . မလုပ်ပါနဲ့ ကိုဇော်ထက်၊ ကျွန်တော်သွားပါ့မယ်၊ နောက်. . . နောက်ကိုလည်း ဒါမျိုး မဖြစ်စေရပါဘူး"

"တော်. . သွားစမ်းကွာ၊ ထွက်သွားစမ်း၊ ကြာကြာနေရင် မင်းကို ငါသတ်မိမယ်"

ပြောရင်းနှင့် ဆောင့်တွန်းလိုက်သည်။ ဝင်းကျော် ယက်တန်ယက်ကန်နှင့် ပက်လက်လန် လဲကျသွားသည်။ထို့နောက် အိမ်ထဲကနေ တချိုးတည်း ထွက်ပြေးသွားတော့၏။

+ + + + + +

"ရှင်. . အစောကြီးပြန်လာတယ် ဟုတ်လား"

မေသွယ့်အမေးကြောင့် ဇော်ထက်က ဖျက်ကနဲ လှည့်ကြည့်သည်။

"ဘာလဲ၊ မင်းက ငါပြန်လာတာ မကြိုက်ဘူးလား"

"ရှင် ဘာစကားပြောတာလဲ၊ ရှင်ပြန်လာလို့ ကျွန်မ ကံကောင်းသွားတာ ရှင့်ကို ကျေးဇူးတင်တဲ့အကြောင်း ပြောမလို့ မကြိုက်ဘူးလား"

"နားလည်ပါတယ်၊ ဒါပေမယ့် ငါ့ရင်ထဲမှာ မရှင်းဘူး"

"ကောင်းပြီလေ၊ အဲဒါဆိုလဲ ရှင်းအောင် လုပ်ရမှာပေါ့၊ ရှင် အခု ဘာသိချင်လဲပြော၊ ကျွန်မ ဘာပြောရမလဲ"

"မင်းနဲ့ ဝင်းကျော် တစ်ချိန်က ဘာဖြစ်ခဲ့တယ်ဆိုတာ ပြောပြ ခုကိစ္စကတော့ ဘာမှ မဖြေရှင်းနဲ့၊ အားလုံး ငါမြင်တယ်၊ ငါကြား တယ်. . အရင်တုန်းကအကြောင်းတွေပဲ ပြော. . ."

"ရတယ် ရှင်သိချင်တာကို၊ တစ်ခုမှ မချွင်းမချန်ပြောပြ မယ်၊ ထိုင်"

မေသွယ်က ဧည့်ခန်းကုလားထိုင်တစ်ခုကို လက်ညှိုးနှင့် ထိုး ပြသည်။ ဇော်ထက်ဝင်ထိုင်သည်။ မေသွယ်က ဖြစ်သမျှ အကြောင်း အားလုံးကို ပြောပြလိုက်သည်။

"ဒါဖြင့် မင်းနဲ့ဝင်းကျော်က ဘာမှမဖြစ်ခဲ့ဘူးပေါ့"

မေသွယ့် ရှင်းပြချက်အဆုံးမှာ ဇော်ထက်ကမေးသည်။

"ကျွန်မ အကုန်ပြောပြပြီးပြီ၊ ဒီမေးခွန်းကို ဘာကိစ္စ ရှင်ထပ် မေးရတာလဲ"

မေသွယ့်စကားအဆုံးမှာ ဇော်ထက်ကရယ်သည်၊ ပြီးမှ. .



"ဖြစ်မှဖြစ်ရလေကွာ၊ အဲဒါကို စောစောကတည်းက ပြောပြ လိုက်ရင် ပြီးနေရဲ့သားနဲ့ ဘာဖြစ်လို့ မပြောတာလဲ မေသွယ်၊ အဲဒါ လေးလည်း ကိုယ့်ကို ရှင်းပြစမ်းပါဦး"

"ရှင့်ကို အမြင်ကတ်လို့ ဦးဇော်ထက်၊ ရှင်ကျတော့ ရှင့် အကြောင်းတွေပြောဖို့ သိပ်ဝန်လေးတယ်၊ ဒါတွေက ပြီးခဲ့ပြီ ပြီးခဲ့ တာတွေမမေးနဲ့၊ မပြောနဲ့၊ စိတ်မဝင်စားတော့ဘူးဆိုတာတွေနဲ့ ပတ်တော ပိတ်ပစ်တယ်၊ ကျွန်မကိုကျတော့ မယုံသင်္ကာပုံစံမျိုးနဲ့ ဒါပဲ ထပ်တလဲလဲမေးတယ်၊ ကျွန်မကို ရှင် ဒါမျိုးဆက်ဆံလို့မရဘူး၊ မေသွယ် က လမ်းပေါ်က ရှင်ကောက် လာတဲ့ မိန်းကလေးမဟုတ် ဘူး၊ ရှင် လိုချင်လွန်းလှလို့ဆိုပြီး ယူထားတဲ့ မိန်းမ"

ဇော်ထက်က ရယ်ပြုံးနေသည်ကိုရပ်၍ မျက်နှာပိုးသတ် သည်။ ပြီးမှ တကယ်ခံစားရသောလေသံဖြင့် အလေးအနက်ပြော သည်။

"ကိုယ် တောင်းပန်ပါတယ် မေသွယ်၊ အဲဒီကိစ္စ ကိုယ်မှား သွားတယ်၊ အမှန်ပြောရရင် ကိုယ် စိတ်တိုသွားမိတာပါ၊ ကဲပါလေ. နောက် ဒါမျိုး မဖြစ်စေရတော့ပါဘူး၊ ကိုယ့်ဘက်က ဆင်ခြင်ပါ့မယ်"

"နောက်ကျသွားပြီ ဦးဇော်ထက်၊ မနက်လောက်ကသာ ရှင် ဒီစကားမျိုးပြောရင် ကျွန်မ အရမ်းဝမ်းသာမိမှာ၊ ခုတော့ ကျွန်မစိတ် ထဲက ဆုံးဖြတ်ပြီးပြီ"

"ဆုံးဖြတ်ပြီးပြီ. . ဟုတ်လား၊ မေသွယ် ဘာကို ဆုံးဖြတ် တာလဲ"

"ရှင်နဲ့ ကွာရှင်းဖို့"

"ဘာ"

"ဟုတ်တယ်၊ ကျွန်မ ဒီမှာမနေတော့ဘူး၊ ကျွန်မကို ကွာရှင်းပေးပါ"

"မဖြစ်နိုင်ဘူး မေသွယ်၊ ကိုယ် မင်းကို လုံးဝ မကွာပေးနိုင်ဘူး"

"ရှင် ကျွန်မကို အနိုင်ကျင့်ပြန်ပြီလား ဦးဇော်ထက်၊ ကျွန်မ ရှင်နဲ့ မပေါင်းနိုင်တော့ဘူး၊ ကျွန်မဆန္ဒမပါပဲ ရှင်ဇွတ်ပေါင်းရင် ရှင်လည်း ဝင်းကျော်နဲ့ ဘာထူးတော့မလဲ"

"မင်း ငါ့ကို အဲဒီခွေးသူတောင်းစားနဲ့ မယှဉ်နဲ့၊ ဒါအနိုင်ကျင့်တာလည်း မဟုတ်ဘူး၊ မင်းပြောသလိုပဲ ပြောရရင် ငါလည်း မင်းကို လမ်းပေါ်က ကောက်လာခဲ့တာ မဟုတ်ဘူး၊ လိုချင်လို့ယူထားတဲ့ မိန်းမ၊ ကွာဖို့ ဒီတစ်သက် မစဉ်းစားနဲ့"

"ကျွန်မမှ မနေချင်တော့တာ"

"မင်းက ဘာကိစ္စ မနေချင်ရတာလဲ"

"ဒီမှာဦးဇော်ထက် ကျွန်မ ဒီအိမ်ပြန်မလာခင် ရှင့်ရုံးခန်းရှေ့ ရောက်ခဲ့ပြီးပြီ၊ ရှင် ဘယ်သူနဲ့အပြင်ထွက်သွားလဲ၊ ကားပေါ်မှာ ရှင်နဲ့ ဘယ်သူပါသွားလဲ"

ဇော်ထက် ဖြတ်ကနဲ လှမ်းကြည့်သည်။

"မင်းလာတာ ဘယ်အချိန်လဲ၊ ဘာလို့မင်းငါ့ကို မတွေ့တာလဲ"

"ဟင်း. . ဟင်း တွေ့ရအောင် ရှင်က ရုံးမှာမှ မရှိတော့ပဲ၊ ရှင့်လက်မောင်းကို ကိုင်ထားတဲ့ မိန်းမတစ်ယောက်နဲ့ ရှင် ကားပေါ်တက်သွားတယ်လေ"

ဇော်ထက် မျက်မှောင်ကျုံ့လိုက်သည်၊ ပြီးမှ. . .



"အဲဒါ ချောချောပဲ"

"ဟုတ်ပါ့ရှင်. . . ချောချောမှ ချောချောအစစ်ပါ၊ ကျွန်မ မကန်းဘူး"

"ကန်းစရာလည်း မလိုဘူး၊ ချောချောက ဘာဖြစ်လဲ၊ ချောချောက မင်းအစ်မ မဟုတ်လား၊ မင်းအစ်မဆိုတော့ ငါ့မရီး မတော်ဘူးလား၊ သူ အလုပ်ကိစ္စတစ်ခုနဲ့ ငါ့ဆီလာတယ်။ သူ့ကား ပြန်လွှတ်လိုက်လို့ သူ့ကို မင်းတို့ အိမ်ကို ပြန်ပို့ပေးတယ်။ အဲဒါ ဘာများမှားလဲ"

"ချောချောက ကျွန်မကို အရင်က ပြောဖူးတယ်၊ ရှင်နဲ့သူနဲ့ ချစ်သူတွေတဲ့"

"ဟား. . ရူးနေလား မေသွယ်၊ ချောချောကို ငါကြိုက်မှတော့ ရန်ကုန်ဆင်းလာပြီး မင်းကို တကူးတက လိုက်ရှာနေမလား၊ မန္တလေးမှာပဲ ငါ့သူ့ကို ယူထားလိုက်ပြီပေါ့၊ သူနဲ့တွေ့တာ နှစ်နဲ့ချီနေပြီ၊ ငါသူ့ကို လုံးဝ စိတ်မဝင်စားဘူး"

"ကဲပါ. . စိတ်မဝင်စားတာတွေ၊ ဝင်စားတာ ရှင့်ကိစ္စပဲ၊ ကျွန်မကိစ္စက အခု ရှင့်ကို ကွာချင်တယ်၊ ကွာပေး"

"တစ်သက်လုံး မကွာဘူးလို့ ပြောပြီးပြီ"

"ဘာကိစ္စ ရှင်က မကွာပေးရတာလဲ၊ ရှင်က ကျွန်မကို ချစ်လည်းမချစ်ဘဲနဲ့"

"မင်းကကော ငါ့ကို ချစ်လို့လား"

"ချစ်တယ်၊ ချစ်လွန်းလို့ ဒီလောက်သည်းခံပြီး နေလာနိုင်တာပေါ့၊ ရှင့်လိုလူမျိုးက ဘယ်သူကများ ဒီလောက် သည်းခံနိုင်မယ်ထင်လဲ"

"အဲလိုတော့ မပြောပါနဲ့၊ ငါ့ကို လိုချင်တဲ့ မိန်းမတွေ အများကြီး. . ရိုက်သတ်လို့တောင် မကုန်ဘူး"

"အဲဒါဆို အဲဒါတွေ သွားယူလေ၊ ကျွန်မကို ကွာပေး"

"မပေးဘူး၊ ဘာကိစ္စ ကွာပေးရမှာလဲ၊ ငါ မင်းကိုချစ်လို့. . ရှင်းလား မသွယ်၊ မင်းဘက်ကပဲ ငါ့ကို ချစ်နေရတယ်လို့ မထင်နဲ့၊ ငါကလည်း မင်းကို ချစ်လွန်းလို့ တကူးတက ရန်ကုန်အထိ လိုက်ရှာပြီး မရရ အောင်ယူခဲ့ရတာ၊ တော်ပြီကွာ။ ယောကျ်ားကြီးတန်မဲ့ အဲဒီလို ချစ်ကြောင်းကြိုက်ကြောင်း ပြောရတာ ရှက်တယ်။ မင်းတစ်ခုပဲ မြဲမြဲ မှတ်ထားပါ"

"ဘာမှတ်ရမှာလဲ"

"ငါ. . မင်းကို ဘယ်တော့မှ လွှတ်မပေးဘူး၊ တစ်သက်လုံး ယူထားမှာ ရှင်းလား"

ပြောပြောဆိုဆိုနှင့် မျက်နှာကြီးရဲထွက်ပြီး အပေါ်ထပ် တက်သွားသည်။ ခဏအကြာတွင် အပေါ်ထပ်အခန်းတံခါးပိတ်သံ ကြားရသည်။

"ဟား. . . ဟား. . . ဟား"

မသွယ် သဘောကျလွန်းသဖြင့် ဘယ်လိုမှ ထိန်းမထားနိုင်တော့ဘဲ တဟားဟား ထရယ်သည်။ ရယ်ရင်းနှင့် မှတ်ချက်တစ်ခုချလိုက်၏။

"အော်. . . သူက ယောကျ်ားဆိုတာ ချစ်တယ်လို့ မပြောရဘူး၊ ပြောရင် ရှက်စရာကြီးလို့ မှတ်နေတာကိုး၊ ဟားဟားဟား"ဟု။

+ + + + + +

အဆုံး

"မေသွယ့်ကို ကိုယ်အစောကြီးကတည်းက တွေ့ပြီးပြီလေ၊ ကြည့်ပြီးပြီ၊ လေ့လာပြီးပြီ မေသွယ် မသိအောင်တော့ ကိုယ်လေ့လာရတာပေါ့"

"ဘာကိစ္စ ကိုယ်က လေ့လာရတာလဲ"

"စိတ်ဝင်စားလို့ပေါ့၊ ဦးဘသွယ်ရဲ့ မန်းရွှေပြည်အပါအဝင် ကြွယ်ဝချမ်းသာမှုအားလုံးကို တစ်စက်မှ မလိုချင်ပဲ ထွက်သွားတဲ့ မိန်းကလေးမျိုးပဲ ကိုယ် အရမ်းလိုချင်တယ်၊ ဒါကြောင့် တမင်ကို လိုက်ရှာပြီးကြည့်တာ"

"တွေ့တော့"

"တွေ့တော့ ပိုသဘောကျသွားတယ်"

"ဘာကို သဘောကျတာလဲ"

"အဲဒီ ရေခဲမျက်လုံးတွေပေါ့၊ အနားကို ချဉ်းကပ်ကြတဲ့ ယောကျ်ားမှန်သမျှကို အဲဒီမျက်လုံးနဲ့ အေးစက်စက်မာကျောကျော ကြည့်ကြည့်ပစ်တဲ့ မိန်းကလေးကို ကိုယ်အရမ်းသဘောကျသွားတယ်၊ ကိုယ်နှစ်နဲ့ချီပြီးရှာနေတဲ့ မိန်းကလေးဟာ ဒါပဲဆိုတာ ကိုယ်တန်းသိတယ်"



"လိုချင်သွားတယ်ပေါ့"

"အရမ်းလိုချင်တယ်၊ ဒါပေမယ့် ကိုယ်က အိမ်ထောင်ရှိခဲ့ဖူးတယ်၊ အသက်ကြီးတယ်. . .

အဲဒီအချက်တွေကြောင့် ဘဘက သဘော မတူမှာလည်း စိုးတယ်၊ ဒါကြောင့် မန်းရွှေပြည်ကိစ္စပေါ်လာတဲ့အခါ အကွက်ရပြီး မေသွယ့်ကိစ္စကို ကိုယ် ထည့်ပြောခဲ့တာ"

"မန်းရွှေပြည်ကို လိုချင်လို့ မဟုတ်ဘူးပေါ့"

"မန်းရွှေပြည်ကို ကိုယ်က ဘာလို့ လိုချင်ရမှာလဲ ချာတိတ်ရယ်၊ အဲဒီအချိန်မှာ မန်းရွှေပြည်က တပ်ပျက်ကြီးဖြစ်နေပြီ၊ ကိုယ် ပိုလ်သွားလုပ်ရလို့လည်း ဘာအရသာရှိမှာလဲ၊ ကိုယ်လိုချင်တာ မင်းကိုပါ"

"အဲဒါဆိုလည်း စောစောစီးစီးက အဲဒါကို ပွင့်ပွင့်လင်းလင်း ပြောပါလား၊ ဘာလို့ခုမှ ပြောလဲ"

"ကိုယ် ရှက်လို့မပြောတာ"

"ရှက်လို့၊ ဘာကိုရှက်တာလဲ"

"မိန်းမတစ်ယောက်ရဖို့ ကိုယ့်မှာ စီးပွားရေး လုပ်ငန်းကြီးတစ်ခုလုံးနဲ့ချီပြီး သိုင်းဝိုင်းကြိုးစားနေရတာကို လူမသိခံရဲဘူး၊ ရှက်တယ်"

"အော်. . ရှင်က ကျွန်မကို ဘယ်လောက် မက်မောတယ်။ တန်ဖိုးထားတယ်ဆိုတာ လူသိခံရမှာ ရှက်တယ်ပေါ့လေ"

"ဟိုတုန်းကပါကွာ၊ ခုတော့ မရှက်တော့ဘူး၊ ကိုယ်အရင်ကလည်း အဲလိုပြောရမှာရှက်တာ၊ မေသွယ် ယောကျ်ားတစ်ယောက်ယောက်နဲ့ ရယ်ရယ်မောမောစကားမပြောနဲ့၊ ပြောတာတွေ့တာနဲ့

ကိုယ်အဲဒီလူကို သတ်ချင်နေပြီ၊ ခုလည်း ဝင်းကျော်ကို တစ်မျိုးကျေးဇူးတင်ပါတယ်”

“ဘာဖြစ်လို့လဲ”

“အစကလဲ အဲလောက် မြန်မြန်ဆန်ဆန်ကြီးလက်ထပ်ဖို့ မဟုတ်ဘူး၊ အဲဒီနေ့က ဝင်းကျော်နဲ့ကို မြင်ဖြစ်ပြီး မေသွယ် မျက်နှာပျက်ပျက်နေလို့ စိတ်ထဲမှာ အရမ်းစိုးရိမ်သွားပြီး ချက်ချင်းကောက်ယူလိုက်ခဲ့တာ”

“အဲဒါ ဘိုးဘိုး စီစဉ်တာ မဟုတ်ဘူးလား”

“မဟုတ်ဘူး၊ အဲဒီစားပွဲကထလာပြီး မေသွယ့်ကို ကားပေါ်တင်ပေးတယ်။ ပြီးတော့ ကိုယ် ကားနောက်ဘက်က ပတ်လာတော့ နည်းနည်းလေး ကြာသွားတယ် မဟုတ်လား”

“အင်း. . .”

“အဲဒါ မမမြကို ဖုန်းဆက်ပြီး၊ ချက်ချင်းလက်ထပ်ပေးဖို့ ဘဘကို ပြောခိုင်းလိုက်တာ”

“တကယ်”

“တကယ်ပေါ့”

“ဟာ. ဘယ်လိုလူကြီးမှန်းလည်း မသိဘူးကွာ၊ သူချစ်တာကလည်း မားပြတိုက်တာ ကျနေတာပဲ။ လျှို့ဝှက်ချက်တွေ တစ်ပုံကြီး ရှုပ်ရှက်ခတ်နေတာပဲ”

“ကိုယ်လည်း စိတ်ကူးရှိသလောက် ကြံရတာကိုး၊ ဒါပေမယ့် ကိုယ်ညံ့ပါတယ်ကွာ၊ တကယ်လုပ်ရမယ့်အလုပ်တော့ မလုပ်ဘဲ မဟုတ်တာတွေ လျှောက်လုပ်နေတယ်”

“ဘာလဲ တကယ်လုပ်ရမယ့် အလုပ်ဆိုတာ”



“တကယ်လုပ်ရမယ့်အလုပ်က မေသွယ့်ကို ‘ချစ်တယ်’လို့ ပြောဖို့ပေါ့၊ အဲဒါကို ကိုယ် လုံးဝ သတိမရဘူး”

“ကောင်းတယ်၊ အဲဒါသတိမရလို့ ဒီကမိန်းမလည်း သေချင်အောင် စိတ်ညစ်ခဲ့ရတာပဲ”

“အဲဒါ ကိုယ့်ကြောင့်ပေါ့ ဟုတ်လား”

“ဟုတ်တယ်၊ ကိုယ့်ကြောင့်၊ မေသွယ်သိပ်ချစ်ရတဲ့ ချစ်သူကြောင့်ပေါ့”

မေသွယ်က ဇော်ထက်ရင်ဘက်ကို လက်နှင့်ထောက်ပြီး ပြောလိုက်သည်။ ဇော်ထက်က သဘောကျလွန်းသဖြင့် တဟားဟား ရယ်သည်။

သူတို့ခမျာမှာလည်း ရည်းစားစကား၊ ချစ်စကားကို ခုမှ ပြောနေရသဖြင့် လင်မယားသက်တမ်း နှစ်ပတ်နီးပါး ရှိနေသည်ကို ပင် မေ့နေမိလေသည်တကား . . . . . . . ။ ။

**စာဖတ်ပရိသတ်များကို ချစ်ခင်လေးစားစွာဖြင့်. .**
**ကြိုးစားပါဦးမည်။**

**နှမ်ဂျာသိုင်း**